
# ငထွန်းကားတို့ညီအစ်ကို

ဆင်ဖြူကျွန်းအောင်သိန်း



ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းစင်တာ
ဆရာစံလမ်း၊ ရန်ကင်းမြို့နယ်
ရန်ကုန်မြို့

(10.7.2010)

| | | |
|---|---|---|
| စာမူခွင့်ပြုအမှတ် | • | ၅၁၁၄၂၉၀၉၀၉ |
| မျက်နှာဖုံးခွင့်ပြုအမှတ် | • | ၅၁၀၆၀၃၀၅၁၀ |
| ပုံနှိပ်ခြင်း | • | ပထမအကြိမ်၊ ၂၀၁၀၊ ဩဂုတ် |
| အုပ်ရေ | • | ၁၀၀၀ |
| မျက်နှာဖုံး | • | ရန်နိုင်ဦး |
| ဖလင် | • | ထွန်းဆိုင် |
| တန်ဖိုး | • | ၁၈၀၀ ကျပ် |

ဒေါ်နီနီနိုင် (၀၇၁၃၅)၊ သီရိမေခရောင်စုံပုံနှိပ်တိုက်
အမှတ် ၁၅၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်
ရန်ကုန်မြို့တွင် ရိုက်နှိပ်သည်။

ဒေါ်နိုင်နိုင်ဦး (၀၄၁၃၈)၊ ပုဂံစာအုပ်တိုက်
၄ (A) ၅၊ ရန်ကင်းစင်တာ၊ ဆရာစံလမ်း၊
ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့မှ ထုတ်ဝေသည်။
ဖုန်း – ၀၉ ၅၁၁၀၀၃၈၊ ၅၄၄၃၂၁

၈၉၅.၈၃
အောင်သိန်း၊ ဆင်ဖြူကျွန်း
ငွေနှင်းကားတို့ညီအစ်ကို / ဆင်ဖြူကျွန်းအောင်သိန်း။ – ရန်ကုန်၊ ပုဂံစာအုပ်တိုက်၊ ၂၀၁၀။
၂၉၈ – စာ၊ ၁၂ × ၁၈ စင်တီ
(၁) ငွေနှင်းကားတို့ညီအစ်ကို


## မာတိကာ


၁။ စပါးတစ်စေ့ ပဲတစ်စေ့ ... ၇
၂။ ငွေနှင်းကားတို့ညီအစ်ကို ... ၄၁
၃။ ကိုဆေးရိုးတို့သမီးယောက်ဖတစ်တွေ ... ၁၄၉

## စပါးတစ်စေ့ ပဲတစ်စေ့

"ဟော လာကြပါပြီကော"

ဂျီးကျီးဒန်သည် မည်မျှပင် မျက်စိမှုန်စေကာမူ နှင်းမှုန်ထဲ၌ တရွေ့ရွေ့လာနေသော ကလေးတန်းကြီးကို တစ်ချက်ကြည့်ရုံဖြင့် သူ့မြစ်တွေဟု သိ၏။ မြစ်များကလည်း အဘေး ဂျီးကျီးဒန် ပြောစရာဖြစ်၏။ သူတို့အဘွား ဒေါ်ချောစိန်၊ ဒေါ်လှမေတို့အိမ်သို့ မသွား။ လင်းပြီဆိုလျှင် အဘေး ဂျီးဆေးရိုး ဂျီးကျီးဒန်တို့အိမ်သို့သာ တန်းပြီးလာကြတော့သည်။

အချမ်းပေါ့စေရန် ခါးကို ကုန်းထားသော လူတန်းကြီး၏ ရှေ့ဆုံးတွင် သူရကျော်နှင့် သူရသန်း၊ သူရထွန်း ညီအစ်ကိုသုံးယောက်ဖြစ်သည်။ ဦးဘညိန်း၊ ဒေါ်လှမေတို့၏ သမီးဦး မကြည်၏ သားများဖြစ်ကြသည်။ သည်သုံးယောက်၏နောက်မှ ကုပ်ကုပ်ကလေး လိုက်ပါလာကြသူများမှာ ဦးဘညိန်း၊ ဒေါ်လှမေတို့၏ဒုတိယသား ကိုခင်မောင်ငြိမ်း၊ မရီရီပြုံးတို့၏ သမီးများ။ ပြုံးပြုံးငြိမ်းဦးနှင့် ပြုံးပြုံးရည်ငယ်။

သည့်နောက်တွင်ကား ဦးထွန်းရ၊ ဒေါ်ချောစိန်တို့၏ မြေးများဖြစ်သော ပေါက်ကြီး၊ သတ္တိခဲနှင့် ရွှေရည်ဝင်းတို့ပေတည်း။

သူတို့က အမေကြီးဟုခေါ်သော သောမကြီး ရီးကျီးဒန် ကြည်ဖြူသည်ဖြစ်စေ၊ မကြည်ဖြူသည်ဖြစ်စေ၊ မြစ်များကား မီးဖိုကို ဝိုင်းထိုင်ကြချေပြီ။

"ရော့ ရော့ ဒါနဲ့ထိုင်"

ရီးဆေးရီးသည် 'ထန်းဖုံးဖတ်' များကို အလောတော်ဖြစ်အောင်ဖြတ်ထားသော ထိုင်စရာများကို ထိုးပေး၏။

"အဝတ်စကို သိမ်းဦးလေ ဖုန်ထဲ မကျပစေနဲ့" ဟူ၍လည်း ပြောသေး၏။

ထိုင်မိကြသည်နှင့် မျက်လုံးတွေက မီးဖိုအောက်ခြေကို မျက်တောင်မခတ်ဘဲ ကြည့်နေကြပြီ။ မီးဖိုကို ပတ်ချာလှည့်လျက် ထိုးထားသောထန်းပင်မြစ်များဖြစ်ချေသည်။ ထန်းပင်မြစ်များကို မီးတောက်ထဲသို့မထည့်၊ မီးကျီးခဲပေါ် မတင်ပါ။ ပူနေသော မြေကြီးနှင့် အပူဓာတ်အားကောင်းနေသော မီးဖို၏ကြားတွင် ထိုးထားခြင်းဖြစ်သည်။

"ကြည့်ကြည့်မနေကြနဲ့။ ဘနဲ့ မကြီး မစားရသေးဘူး"

မီရင်းဖရင်းနှင့် ဘိုးအေဘွားအေများကို ကျော်ပြီး၊ သောများထံသို့ရောက်လာသည့်အတွက် ကောင်းစွာ မကြည်ဖြူသော ရီးကျီးဒန်၏ ရှစ်ခေါက်ချိုးမျက်နှာကြီး ပြေပြစ်ကြည်လင်လာအောင် လုပ်လိုက်သောသူမှာ သတ္တိခဲဖြစ်သည်။

မီးဖိုဝန်းကျင်တွင် ထန်းပင်မြစ်အနံ့သီညစ်ညစ်နှင့် မဲမဲသဲသဲတွေပေပွမနေပေ။ ဖြူဖွေးသော အူတိုင်တွေ၊ အမျှင်တွေ မရှိသေးသဖြင့်သည်နံနက်တွင် မည်သူမျှ ထန်းပင်မြစ် မစားရသေးကြောင်း ထင်ရှားသည်။



ဘ၏ ဘေးတွင် အကြွမ်းအိုး မရှိသေး။ အကြွမ်းအိုး လက်ခံကရားမှာဘ၏ ကျောဘက်ရှိ မန်ကျည်းပင်ရင်းတွင်သာ ရှိသေးသည်။ မီးဖိုပေါ်တွင်သံခနောက်(ခုံလောက်)ဖြင့် တည်ထားသော 'တည်ကရား'မှာ နှုတ်သီးမှအငွေ့များ ထွက်စေသာရှိသေး၏။

ဤသည်တို့ကိုကြည့်ပြီး သတ္တိခဲက သူ၏ညီအစ်ကို မောင်နှမများအား ဆရာလုပ်လိုက်သည်။ ရီးဆေးရီး ပြုံးသည်။

"မင်းက တော်တော်လာတဲ့ကောင်ပဲကွ ဟော။ မင့်အမေကြီးမကျေးချင်တာကို ကျေးချင်အောင် ပြော်တာမဟုတ်လား"

"သတ္တိခဲက လူလည် ဘရဲ့"

ဝင်ပြောသူမှာ ညီအစ်ကိုတစ်ဝမ်းကွဲ ပေါက်ကြီး ခေါ် အောင်ကျော်ထိဦး ဖြစ်သည်။ အကောင်သေးသော်ငြား အသံက အသံဩကြီး။

"ဘရေ စက်ရပြီဗျို့"

အိမ်ခြေရင်းအကွယ် နှင်းကမ္ဘလာထဲမှ ဘွားခနဲထွက်လာရင်းပြေးပြေး ပြောပြော ပြေးလာသူမှာ မောင်ကိုကြီးဖြစ်သည်။ ရှပ်ကျယ်ချိုင်းပြတ်လေးနှင့် ချမ်းဟန်တူသည်။ တုတွေ တုစတွေကြားသို့ အတင်းပြေးဝင်သည်။ မီးဖိုနားသို့ အတင်းကပ်သည်။

သူက သမီးကြီး မချောစိန်၏ သားကြီးဖြစ်သည်။ ဘောအေ၏အိမ်နောက်ဖေးတွင် အဖီဆွယ်ပြီးနေရင်း၊ ဘောအေကြီး၏ လယ်ကိုလုပ်ပေးနေသူဖြစ်သည်။

"ဒါလောက်ချမ်းတာကို ရှပ်ကျယ်ကလေးနဲ့ သေတော်ခေါ်ချင်လို့"

ရီးကျီးဒန် ငေါက်ငမ်းငြား မောင်ကိုကြီး မျက်နှာမပျက်။ အစီအရီထိုးထားသော ထန်းပင်မြစ် သုံးချောင်းကို ဆွဲထုတ်သည်။ ထန်းပင်မြစ်အနံ့များမှာ မည်းခြစ်မနေပေ။ မူလအရောင်လည်း မပျက်ချေ။ သို့ရာတွင်

ကြွပ်ရွနေသည်။ သည်ထန်းပင်မြစ်များကို မောင်ကိုကြီးသည် နီးစကလေး တစ်စဖြင့် ခြစ်ခြလိုက်ရာ ထန်းပင်မြစ်သားသည် ဖွေးခနဲပေါ်လာ၏။ နှစ်ချောင်း ခြစ်အပြီးတွင် ဘနှင့် အမေကြီးထံသို့ တစ်ချောင်းစီ လှမ်းပေးပြီးမှ သူ့အတွက် တစ်ချောင်းကို အခွံခွာသည်။

"ဘကြီးက ကိုယ့်ဖို့ပဲသိတယ်"

မကြည်မပြ အသံတစ်သံ ထွက်လာတော့မှ မောင်ကိုကြီးသည် တူတွေ တူမတွေအတွက် သတိရသည်။

"ဟဲ ဟဲ ဟဲ ဆောရီး ဆောရီး"

နောက်ထပ် ထန်းပင်မြစ် ငါးချောင်း ထပ်မံဆွဲထုတ်စဉ် ရီးကျီးဒန်က သူ့ဘက်လှည့်လာသော မီးခိုးညွန့်ကို ရှောင်တိမ်းရင်း မြေးအား မေး၏။

"ခုနက နင်ပြောလိုက်ပါတယ်။ ဘာစကတ်တုံး"

"ကောက်ရိတ်စက်ပါ အမေကြီးရာ"

"စည်းတွေ မအားလို့ စက်ငှားတာလား လူလေး"

"စက်ရလို့ စည်းမငှားတာ အမေကြီးရေ့။ ကောက်ရိတ်စည်းကို ငှားလို့ရရင် စပါးတွေ ကျွမ်းအောင်စောင့်ရမယ်။ ကောက်ရိတ်စက်ငှားတော့ ခြွေစက်ပါ တစ်ခါတည်း ပါလာတယ်ဗျ"

မောင်ကိုကြီးသည် အမေကြီး၏ အမေးကိုလည်း ဖြေ၏။ ထန်းပင်မြစ် ငါးချောင်းကိုလည်း အခွံခွာ၏။ အခွံခွာပြီးသော ထန်းပင်မြစ်များကို ထက်ခြမ်းခွဲပြီး တူတွေ တူမတွေကို ဝေလိုက်ရာ တစ်ချောင်းသာ ကျန်တော့သည်။

"ငချိပ်ပေါင်း ကုသိုလ်ပြုပါတယ်"

အိမ်ရှေ့ နှင်းမှောင်ထဲမှ ပေါ်လာသော အသံဖြစ်သည်။



"တစ်ဆိတ် လှမ်းလိုက်ကြပါဦး" အော်သံ ဆက်လက်ထွက်ပေါ် နေစဉ်တွင် မောင်ကိုကြီးသည် အသံလာရာသို့ ရောက်ရှိသွားပေပြီ။

"သာဓုတော် သာဓု သာဓု။ ခိုးခိုးခါခါတော် ငချိပ်ပေါင်းတဲ့"

ကောက်ဦးကောက်ဖျားကို အမြတ်တနိုးဖြင့် ဘုန်းတော်ကြီးကျောင်းများသို့ လှူဒါန်းရုံမက၊ တစ်ရွာဝင် တစ်ရွာထွက် ဝေငှတတ်သည်မှာ သည်အရပ်၏ဓလေ့ဖြစ်သည်။ အချို့မှာမူ ကောက်ညှင်းပေါင်းကို ရိုးသည် ဆိုကာ ကောက်ညှင်းဖြင့်လုပ်သော 'မုန့်ပေါင်း' များ လိုက်လံဝေငှတတ်သည်။ မောင်ကိုကြီးသည် ငှက်ပျောရွက်ဖြင့်ထည့်ထားသော ချိပ်ပေါင်းများကို ယူပြီး မီးဖိုဘေးသို့ အပြေးရောက်လာ၏။ တစ်စလယ် ချက်ခန့် ရှိမည်။

"အင်း ဆီကုန်ဦးမှာပါကလား"

ရီးကျီးဒန် မြည်တမ်းနေဆဲမှာပင် မောင်ကိုကြီးသည် အိမ်ပေါ်သို့ ပြေးတက်သွားသည်။ မှုတ်တပ်ထားသော ဆီအိုးနှင့် ဆားပုလင်း ပြင်၊ သံဇလုံတစ်လုံးနှင့် ပန်းကန်ပြားများပါ ယူချလာသည်။

မောင်ကိုကြီးသည် ဖက်ထဲမှ ကောက်ညှင်းပေါင်းများကို လုံထဲသို့ သွန်ချပြီး ရီးကျီးဒန်သို့ လှမ်းပေး၏။

"အမေကြီး စားနိုင်မှာ မဟုတ်ပါဘူး သားရယ်။ မင်းပဲ ဆီဆမ်း၊ ားဖြူး နယ်ဖတ်ပြီး မင်းအမျိုးတွေကို ဝေငှပေးလိုက်ပါ"

"ငချိပ်ပေါင်းက ရင်မခံပါဘူး အမေကြီးရ"

"ခံခံ မခံခံဟယ်"

မောင်ကိုကြီးသည် ကောက်ညှင်းပေါင်းပေါ်သို့ ဆားသာဖြူး၏။ မေကြီး၏ပါးစပ်ကို သိသောကြောင့် ဆီမှုတ်ကို မကိုင်။ အမေကြီး က်ထဲသို့ အိုးပါ ကမ်းသည်။

အမေကြီးသည် ပုန်းညက်သီးကို အရိုးတပ်ထားသော မှုတ်ဖြင့် တစ်မှုတ်ခပ်ကာ ဆမ်းပေး၏။

မြစ်များအတွက် ထန်းပင်မြစ် တစ်ခြမ်းသည် နံမစွတ်ပေ။ ငချိပ်ပေါင်းနှံ့ သင်းပျံ့သောအခါ ပါးစပ်တပြင်ပြင် လက်တကမ်းကမ်း ဖြစ်နေကြပြီ။

မောင်ကိုကြီးသည် အမေကြီးနှင့် ဘအတွက် တစ်ဆုပ်စီ ဦးချသည်။ ပန်းကန်တစ်ချပ်စီဖြင့် ထည့်ပေးသည်။ ကလေးတွေကိုကား သည်အတိုင်း တစ်ဆုပ်စီ ဝေသည်။

"ပဲတွေလည်း အများကြီးပါကလား"

ဘသည် သွားဖုံးဖြင့် ကြိတ်မြုံ့ရင်းက ကျေနပ်စွာပြော၏။ အမေကြီးကမူ အလောသုံးဆယ် မျိုချနေသော မြစ်များအား မျက်လုံးဝေ့ကြည့်၏။ "သပ်သပ်ရပ်ရပ်စားကြ။ အောက်ကို တစ်စေ့ကျရင် တစ်စေ့ ကောက်စားရမယ်" ဟု လှမ်းမာန်၏။

မောင်ကိုကြီးသည် ဆီအိုးနှင့် ဆားကို မန်ကျည်းပင်၏ခြေရင်းတွင် ကျကျနနထားပြီးမှ ကောက်ညှင်းပေါင်းဇလုံကို တင်ပျဉ်ခွေထဲ ထည့်လိုက်သည်။ ကောက်ညှင်းပေါင်းတစ်ဆုပ်ကို ဆုပ်ရာက လှည့်ပြော၏။

"မြေကြီးပေါ် ဖျာပေါ် ကြမ်းပေါ် ကျပြီးသားကို ကောက်စားခိုင်းတာ မကောင်းပါဘူး အမေကြီးရာ။ သန့်မှ မသန့်တာ"

ထိုအခါ ရီးဆေးရိုးသည် ကောက်ညှင်းပေါင်းပန်းကန်ကို ခုံငယ်ပေါ်သို့ တင်ထားပြီး၊ ရေနွေးကြမ်းပန်းကန်ကို ကောက်ကိုင်၏။ "ဒါက သည်လိုကွ လူလေးရ" ဟု အစချီ၏။

မောင်ကိုကြီး မော့ကြည့်ငြား ရီးဆေးရိုးသည် ရေနွေး တရှုပ် ရှုပ်ယူလိုက်သေး၏။



"ကိုယ်စားတဲ့ ထမင်းကို အသက်သခင်အဖြစ် ရိုသေစေချင်လို့ကွ။ ပြီးတော့ နှမ်းတစ်စေ့ ပဲတစ်စေ့ စပါးတစ်စေ့ဖြစ်လာဖို့အရေးဟာ ကနေ့ ခေတ်လို လွယ်တာမဟုတ်ဘူး။ မင်းတို့ခေတ်မှာ ဆည်တွေ မြောင်းတွေနဲ့၊ လယ်ကွင်းတွေနဲ့ အသာကလေး စိုက်ကြရတာ။ ငါတို့အဖေများ လက်ထက်တုန်းက လင်းဇင်းမြောင်းတောင် မရှိသေးဘူး။ သာဒွန်းဝ မြောင်းဆိုတာပဲ ရေမမှန်တစ်ချက် မှန်တစ်ချက်နဲ့"

*

"တစ်အိမ်ကို ဆန်တစ်ပြည်၊ ဓားတစ်ချောင်း၊ မီးတုတ်တစ်ခု၊ ဒကပ် (ထွန်ကပ်)နဲ့ နွားတစ်ရှဉ်းဟေ့။ ကနေ့ည သန်းခေါင်အချိန်မှာ ဆည်တက် ကြရမယ်ဟေ့"

သာဒွန်းဝမြောင်းသောက် လယ်သမားများသည် မြောင်းခေါင်း၏ အသံကို နားစွင့်နေခဲ့ကြသည်မှာ သုံးရက်ရှိပြီ။ မြောင်းရေပြတ်သွား ကတည်းကဖြစ်ပေသည်။ ဆန်တစ်ပြည်မှာ ဆည်တက်သော လယ်သမား ချက်စားရန်ဖြစ်သည်။ ဆန်တစ်ပြည်ကုန်အောင် ကြာမြင့်မည်ဆိုသော ကြောင့် ဆည်သည် များစွာ ပျက်စီးသွားခဲ့သည်ဟု နားလည်ကြ၏။

မီးတုတ်မှာ ညအချိန်တွင် ထွန်းညှိရန်ဖြစ်သည်။ တုတ်မီး [illegible]ါ လက်နှိပ်ဓာတ်မီးသော်မှ ကျေးလက်သို့ မရောက်သေး။ ထွန်ကပ် (ထွန်ကပ်)ကား ထွန်သွားများကို ထန်းပလပ်ပြားဖြင့် ရက်ထားသော ကပ် ဖြစ်သည်။ မြောင်းထဲသို့ စီးဝင်ပို့ချထားခဲ့သော သဲတွေ ယက်ထုတ်ရန်၊ ဆည်ပေါက်ကို ဖို့ရန် ဖြစ်သည်။

ဆင်းရဲသားမြောင်းသည် ကိုယ့်အားကိုယ် ကိုးစားသော မြောင်း ဖြစ်သည်။ ဘုရင်မင်းမြတ်ကိုယ်တော်တိုင်ကြွရောက်ကာ ကြပ်မတ်ပြီး ဆည်ဖို့ တည်ဆောက် ဖောက်လုပ်ထားခြင်းမဟုတ်။ သို့ကြောင့် ထိုဆည်နှင့်

ထိုမြောင်းကို စောင့်ရှောက်သည့် 'ဘင်သား' မရှိပါ။ မြောင်းခေါင်းတွေသာ အလှည့်ကျ ကြီးကြပ်ရသည်။ ရေညာဘက်သို့မျှော်ကာ သဲပေါင်ကို မျှောထားသော သည်ဆည်တွင် ဆည်တိုင်တွေ တစ်လန်ကွာ တစ်တောင်ခြားပြီး သုံးထပ် ရိုက်ထားသည်။ ဆည်တိုင်တွေကြား၌ သစ်ကိုင်းသစ်ခက်တွေ ထည့်ထားသည့်အတွက် 'သစ်ခက်ဆည်'ဟူ၍လည်း ခေါ်၏။

ချောင်းရေသည် သင့်တင့်ရုံသာ လာ၏။ သစ်ခက်ဆည် ခံထားသော မြောင်းထဲသို့ ကောင်းမွန်စွာ စီးဝင်၏။ လယ်သမားတွေ တေးတကြော်ကြော်ဖြင့် ထွန်ကြစိုက်ကြ။ ချောင်းရေသည် ဒေါသတကြီး စီးဆင်းလာပြီး ကမ်းပါးတွေကို ဖြိုချပြီး သစ်ပင်တွေကို သယ်ပိုးလာ၏။ သစ်ခက်ဆည်ဝတွင် ဒိုက်သရောတွေ ဆို့ကုန်ပြီ။ သဲပေါင်ကြီးနှင့် ဆည်တိုင်များလည်း ရေစီးနောက်သို့ ပါသွားပြီ။ ပျိုးခင်းထဲက တေးသံ ဆိတ်သွားပြီ။

"ဆည်တက်ကြရမယ်ဟေ့"

သစ်ခက်ဆည်ကား မရေရာမှု လွန်ကဲသည်။

ဆည်တက်သူများ အိမ်သို့ပြန်ရောက်၍ ဖင်မှ မနွေးသေး၊ မြောင်းခေါင်း ရောက်လာပြီး "မောင်တို့ရေ၊ ထမခြောက်ရှိရင် ထမခြောက်၊ ထမခြောက် မရှိရင် ဆန်တစ်ခွက်ထည့်ပြီး ဆည်တက်ဖို့ ပြင်ကြပေဦး မောင်တို့ရေ" ဟု အားနာသံဖြင့် ဆင့်ဆိုသည်။

သည်ကဲ့သို့သောအချိန်တွင် ကိုကျန်ကြီး၊ မကြွယ်စိုးတို့က သာဒွန်းဝ မြောင်းသောက် လယ်သမားဖြစ်လာကြသည်။ သူတို့လုပ်စကပိုင်ရှင်မရှိသော တစ်ယောက်စိုက် နှစ်ယောက်စိုက် မြေများပေါ်တွင် စမ်းသပ် လုပ်ကြည့်ခြင်းဖြစ်သည်။ သူတို့ အစမ်းလုပ်ကြည့်သောနှစ်တွင် မြောင်းရေက မှန်သည်။ ရာသီဥတုက သင့်သည်။ သို့ကြောင့် ဝမ်းစာ စပါးဆယ်တောင်းခန့် ရလိုက်သည်။ စပါးဈေးသည် တစ်တောင်းခေါင်း



သုံးမတ်လော တစ်ကျပ်လော မယ်ကြွယ်စိုးတို့ မသိပါ။ ဝမ်းစာဖူလုံလုနီးပါး ရသည့်အတွက် လယ်လုပ်သည့်အရသာကို ချိုမြိန်သည် ထင်ကြခြင်း ဖြစ်ပေ၏။

ကိုကျန်ကြီး၊ မကြွယ်စိုးတို့ လောဘ နားရွက်တက်လာပြီ။ မတက်၍လည်း မဖြစ်။ ကြုံရာကျပန်း လုပ်ကိုင်စားသောက်နေရငြား ကလေး သုံးယောက် ရနေပြီ။ အကြီးဆုံးကောင် ငထွန်းကား၊ အလယ်လူ ဆေးရိုး၊ သားနှောင်းမှာ မယ်မျှင်။

လယ်မြေသစ်ရှာဖွေရင်းဖြင့် ကိုကျန်ကြီးနှင့် မကြွယ်စိုးတို့သည် သာဒွန်းဝမြောင်းဖျား၌ မြေအသစ်တွေ့သည်။ တောရှောက်နှင့် ညောင်ပင်ကြီး တစ်ပင်၊ ကုက္ကိုပင် နှစ်ပင်၊ ကသစ်ပင် တစ်ပင် ဖုံးလွှမ်းနေသည်။ မယ်ကြွယ်စိုးက သားနှောင်းကို ခါးထစ်ခွင်လျက် ကူလီလုပ်စဉ် ကိုကျန်ကြီးက ဓားမတစ်ချောင်းဖြင့် တောတိုးသည်။ သားနှစ်ယောက်ကို ဘုန်းကြီးကျောင်းတွင် ထားသောကြောင့် ထမင်းဆာ၍ ငိုယိုမည်ကို မပူပန်ရပေ။ သို့သော် လယ်တီကျင်းရာတွင် ကိုကျန်ကြီးတစ်ယောက်တည်းဖြင့် အလုပ်မတွင်လှ။ သားနှစ်ယောက်သည် ငယ်ပင် ငယ်ငေါင်းသော်ငြား 'ငမန်းစွယ်' တစ်ဖက်ကို ထိန်းပေးနိုင်၏။ ကိုင်းဖျား၊ ကိုင်းနားတွေ ခုတ်ထွင်နိုင်၏။ ရေနွေးအိုးတည်၊ ထင်းရှာ၊ ဟင်းရှာ။ သို့အတွက် ကိုကျန်ကြီးမှာ ဆရာဘုန်းတော်ကြီးထံ၌ မရဲတရဲ လျှောက်ရ၏။

"တပည့်တော် သာဒွန်းဝမြောင်းဖျားမှာ တောတိုးပြီး လယ်တည်နေပါတယ် ဘုရား။ ကလေးတွေကို တောက်တိုမယ်ရ ခိုင်းဖို့အတွက် ခေါ်ပါရစေဘုရား"

ဘုန်းကြီးသည် မငေါက်ငမ်းပါ။ သူ့တပည့် အဘယ်မျှ ကသီကြောင်း သိပါသည်။

"သာဒွန်းဝမြောင်းဖျားမှာ ရောက်တောပဲ ရှိ မဟုတ်လားဟ"

"မှန်ပါတယ် ဘုရား"

"မြစ်ရေဝင်တဲ့ ဧရိယာပါကလား။ မုရင်းပဲ စိုက်နိုင်မှာပေါ့"

"မြစ်က တစ်သမတ်တည်း နေမှာမဟုတ်ဘူး ဘုရား။ သူ ရေကြောင်းပြောင်းသွားရင် တပည့်တော်ရဲ့လယ်ဟာ အဖိုးတန်စရာ ရှိပါတယ် ဘုရား"

မြော်မြင်တတ်ပါပေသည်ဟု ချီးမွမ်းလိုသော အကြည့်ဖြင့် ကြည့်သော်ငြား ဆရာတော်သည် တစ်ဖက်လှည့်ပြီး မိန့်ပြန်၏။

"ငထွန်းကားက သင်္ဂြိုဟ် ကိုးပိုင်း ကုန်တော့မှာဟ"

"တပည့်တော် မတတ်သာလို့ လျှောက်ရတာပါဘုရား"

ကိုကျန်ကြီး ရင်ဆို့ပြီး ငိုသံကြီးဖြင့် တုံ့ပြန်သောအခါ ဆရာတော်သည် ဆက်လက်မတားမြစ်တော့ပေ။ ကလေးနှစ်ယောက်ကို ခေါ်ကာ ထမင်းခြောက် နှစ်ပြည်၊ ထန်းလျက် တစ်ပိဿာ၊ သကာရည် တစ်အိုးနှင့် ငှက်ပျောသီး၊ အုန်းသီးများ စွန့်တော်မူလိုက်သည်။

အဖေ၊ အစ်ကိုနှင့်တန်းတူ ငုတ်စူးခံ ဆူးခြစ်ခံပြီး တောတိုး ရစဉ်က ဆေးရိုး၏အသက်က ဆယ်နှစ်သားသာရှိသေး၏။ ဆယ်နှစ်သား ပေမင့် သစ်ပင်တက် ကျွမ်းကျင်၏။ သစ်ပင်ကြီးတစ်ပင်ကို လှဲမည်ကြံလျှင် လဲစေလိုသောဘက်တွင် အကိုင်းတွေချန်ပြီး၊ ကျန်သောဘက်ကို အပြောင် အစင် ခုတ်ချိုင်ပစ်ရသည်။ သားအဖသုံးယောက် ဓားသုံးချောင်းဖြင့် တော်ရုံ သစ်ပင်မှာ တစ်ခဏဖြင့် ပြီးသည်။

တစ်ခါတစ်ရံတွင် သစ်ပင်ပေါ်၌ ဆေးရိုးတစ်ယောက်တည်း ထားခဲ့ကာ အဖေနှင့် အစ်ကိုက ပင်ခြေကို စတင်ခုတ်ထစ်နေကြပြီ။ ဓားရာပေးပြီးနောက် ငမန်းလွှသံ တရွှမ်းရွှမ်းပေါ်လာငြား ဆေးရိုးမှာ



ကြောင့်ကြပါ။ သစ်ခေါင်းတွင်းရှိ ငှက်သိုက်ကို နှိုက်နေဆဲ။ သို့ရာတွင် ယကံရှင် မပူပန်စေကာမူ ဖအေက စိတ်မချ။

"ဟေ့ လူလေး၊ သစ်ပင်လဲသွားတော့မှ အေးအေးဆေးဆေး မြေကြီးပေါ်မှာ နှိုက်စမ်းပါကွာ။ လာလာ ဆင်း၊ တစ်ဝက်ကျော်ကျော် ပြတ်သွားပြီ"

"မပူစမ်းပါနဲ့ အဖေရာ"

"ညီလေး ဆင်းမလား၊ မဆင်းဘူးလား ဒါပဲပြော"

အဖေကို မထီသော ဆေးရိုးသည် အစ်ကိုအားမူ ဖြို၏။ သစ်ပင် ပေါ်မှ လျှောဆင်းလာပြီး ငမန်းစွယ်ကို ဝင်ဆွဲ၏။ ဤအလုပ်ကို ကိုကျန်ကြီး မခိုင်းရဲပါ။ လွတ်ကျိုးသွားသော် လျော်စရာမရှိ။ သို့အတွက် အဖေနှင့် အစ်ကိုတို့ သစ်ပင်လှဲသည်ကို ဆေးရိုးမှာ ထိုင်ကြည့်နေရ၏။ အမှန်မှာ ဆေးရိုးအား ခိုင်းစရာတွေရှိ၏။ ရှိသော်ငြား လှဲဆဲသစ်ပင် မလဲသေးသဖြင့် အထိုင်ခိုင်းထားရခြင်း ဖြစ်ပေသည်။

လှဲဆဲသစ်ပင်သည် အကိုင်းများများ ချန်ထားသောဘက်သို့ အိချင်၏။ လွှကြောင်းကို ဟပေးသည်သို့ ရှိ၏။ ဖြတ်ရာတွင် အဆင် ပြေငြား၊ လေပြည်ကလေး ဝေ့ရုံဖြင့် လွှညပ်၏။ သို့ကြောင့် လွှကိုငုံပြီး 'သပ်' ရိုက်ရသည်။ သစ်ပင်၏အနှစ်ကိုလုပ်ထားသော သပ်ဖြစ်စေကာမူ သစ်အချင်းချင်းညှပ်သောအခါ ကြေသည့်အတွက် 'သံသပ်' ကူရသည်။

ဆယ်နှစ်သား ဆေးရိုးအတွက် လုပ်ဆောင်ဖွယ်တွေ များပြား လှ၏။ ကိုင်းဖျားကိုင်းနားတွေကို ဓားမတိုတစ်ချောင်းဖြင့် ရှင်းရသည်။ လက်မောင်းလက်ရုံးအရွယ်ရှိ အကိုင်းတွေကို သီးခြား ပုံထားရသေးသည်။ ရှင်းလင်းခုတ်ထွင်ရသည်ကို ဆေးရိုး မကြိုက်။ ကိုင်းဖျားကိုင်းနား ရှင်းစဉ်တွင် ပျားအုံ ရပါ၏။ သစ်ခေါင်းထဲမှ ရှဉ့်ပေါက်စကလေးတွေ၊

ငှက်ဥတွေ ရပါ၏။ သို့သော် နကျယ်အုံရှိသောအကိုင်းကို ခုတ်မိလျှင်ကား အဖေလည်း မကယ်နိုင်၊ အစ်ကိုလည်း အကာအကွယ်မပေးနိုင်။ ပုဆိုးခြုံပြီး လုံအောင်ထိုင်နေမှ လွတ်တော့သည်။ နကျယ်အတုပ်ခံရ၍ ဖျားသော်ငြား အိမ်တွင် မနေချင်။ ဖျားလျက်နှင့် တောတိုးရာသို့ လိုက်လာသည်။ လွတ်လွတ်ကင်းကင်းနေရာရှိ သစ်ပင်တစ်ပင်အောက်တွင် အိပ်လိုက် ထိုင်လိုက်နှင့် လုပ်ရဖန် များသောအခါ ပျင်းရိငြီးငွေ့လာသည်။

တောသည် တဖြည်းဖြည်း လင်းလာ၏။ သစ်ပင်တစ်ပင် လဲပြို ခါနီးတွင် တဖျစ်ဖျစ် အသံမြည်လာ၏။ သစ်ပင်သည် နေ့ကွေးစွာ ယိုင်လာ၏။ ယိုင်ရာက ဝေါခနဲအသံမြည်ပြီး လဲကျသွားချိန်တွင်၊ တစ်တောလုံးရှိ ရှဉ့်တွေမြည်သံမှာ 'ငါတို့ မှီခိုတဲ့ အရိပ်အာဝါသတစ်ခု သွားပါပြီကော' ဟု ကြေကွဲဝမ်းနည်းစွာဖြင့် မြည်တမ်းခြင်းဖြစ်ငြား၊ ဆေးရိုး၏နားထဲတွင် အလွန်နားထောင်၍ ကောင်းလှသည်။ သို့ရာတွင် ကိုကျန်ကြီးနှင့် ငထွန်းကားတို့မှာ တစ်နေ့လျှင် နှစ်ပင်ထက်ပိုပြီး မလှဲနိုင်။ ဆေးရိုးမှာ ငြီးငွေ့ချိန်က များနေသည်။ များနေသောကြောင့် သူ့အရပ် ထက်ရှည်သော ငန်းပြားကြီး ယူပြီး သစ်ငုတ်ဖော်သည်။ အဖေ ပင်ခြေ ရှင်းနေစဉ် ငထွန်းကားသည် သစ်ငုတ်ဖော်ထားခြင်းဖြစ်သည်။ သည် လုပ်လက်စ တန်းလန်းကို ဆေးရိုးက ဝင်ပြီး လုပ်ခြင်းဖြစ်၏။

ထိုင်မနေချင်သောကြောင့် ကိုယ်နှင့်မတန်သော အလုပ်ကို လုပ်ရကောင်းလားဟု ဆေးရိုးအား အဖေ မတား။ အစ်ကို မငေါက်ငမ်း။ သို့လျှင် အလိုလိုက်သဖြင့် အကျိုးတစ်ခု ဖြစ်ပေါ်လာ၏။ ဤသည်မှာ သစ်ငုတ်ထုတ်သော မြင်ကွင်းဖြစ်သည်။ လယ်ဖြစ်လာမည့် မြေပေါ်တွင် လက်သန်းရွယ်သစ်မြစ်သော်မျှ မကျန်စေရ။ သစ်မြစ်များ ပြေးသလောက် လူက လိုက်တူးရသည်။ နောက်ဆုံးတွင် သစ်ငုတ်ကြီးသာ ငေါင်းစင်းစင်း



ဲ့တော့သည်။ သည်အငုတ်စိုကြီးကို မီးတိုက်ပစ်၍မရနိုင်၊ အောက်ခြေ အောင် တူးရသည်။ အမြစ်တစ်မျှင်မျှ မကျန်အောင် ဖြတ်ရသည်။ ထဲမှ ငုတ်ကြီးကို 'ကုတ်' ဖြင့် ကော်ရသည်။ သားအဖနှစ်ယောက်၏ းဖြင့် မရသောအခါ လက်တောက်လောက်ကောင် ဆေးရိုးလည်း ရသည်။ ငုတ်တစ်ခုကို လွတ်ရာကျွတ်ရာသို့ ပို့အပြီးတွင် ဆေးရိုး၏ တ်ကူးထဲ၌ အကြံတစ်ခု ပေါ်လာသည်။

"အဖေး အဖေး"

ဖုန်လူးနေသော ကျောပြင်တစ်ပြင်လုံး ချွေးဖြင့် ဖုံးနေသည့် ိုကျန်ကြီးမှာ ဟောဟဲလိုက်နေရာက သားငယ်ကို လှည့်ကြည့်၏။

"အဖေ သစ်ပင်ကို လွှနဲ့မတိုက်ဘဲ အမြစ်တွေတူးရင် ဘယ့်နှယ် နေမတုံး"

အဖေ မျက်မှောင်ကြုတ်ပြီး ကြည့်သည်။

"သည်လိုလေ အဖေရ၊ အမြစ်တွေ တူးပစ်ရင် သစ်ပင်က သူ့အားနဲ့ သူ ကော်လဲသွားတော့ ငုတ်အဖော်ရ မသက်သာဘူးလား"

"အေးကွ" ဟု ကိုကျန်ကြီး စိတ်ဝင်တစားပြော၏။

"ညောင်ပင်ကြီးကျရင် စမ်းကြည့် အဖေရာ"

ညောင်ပင်မှာ ငမန်းလွှတစ်ပြန်ထက် ကြီးမား၏။ လွှဖြင့် ဖြတ်ရန် မလွယ်။ မည်သို့လုပ်ရပါမည်နည်းဟု ကိုကျန်ကြီး အကြံရခက်နေတုန်း မမျှော်လင့်သော သားငယ်ထံမှ အကြံရသည်။ သားအဖတစ်တွေ ညောင် မြစ်တွေ ကုန်အောင်တူး၊ ကုန်အောင်ဖြတ်ရသည်မှာ ဆယ်ရက်ခန့် ကြာသည်။ သို့သော် ညောင်ပင်က မလဲပြို။ ငထွန်းကား စိတ်ပျက်စကား ဆိုသည်။

"နပ်ချေးတွဲလောင်းကောင်ရဲ့စကားများ အဖေမို့ နားယောင် ရတယ်လို့ဗျာ"

ညောင်မြစ် တစ်မြစ်မျှ မြေကြီးနှင့် အငြိအတွယ် မရှိတော့။ သို့ပါလျက်နှင့် မလဲသောကြောင့် ပြောခြင်းဖြစ်၏။

"အေးပါကွာ နက်ဖြန်ကျမှ ကြည့်လုပ်ကြတာပေါ့"

သားအဖသုံးယောက် ထင်းကိုယ်စီ၊ ငမန်းလွှ၊ ပဲခွပ်နှင့် ဓား၊ ပေါက်ပြား၊ ငန်းပြား ထမ်းလျက် ပြန်လာကြသည်။ ဆေးရိုးသည် ငမန်းလွှကြီး ညွတ်ပဲ့ညွတ်ပဲ့ကို မနိုင်မနင်းထမ်းလျက် ရှေ့မှသွားနှင့်ရာက ဖအေနှင့် အစ်ကို ပါလာသလော၊ ကျန်ခဲ့သလော လှည့်ကြည့်သည်။

"အဖေရေ ပြေးပြေး ညောင်ပင်ကြီး လဲလာပြီ"

ဆေးရိုး ငယ်သံပါအောင် အော်သည်။

ကိုကျန်ကြီးသည် ထင်းကို ပစ်ချပြီး သားကို လက်ဆွဲလျက် ပြေးသည်။ လှည့်မကြည့်။ လှည့်မကြည့်သောကြောင့် မည်သည့်ဘက်သို့ သစ်ပင် လဲသနည်း မသိ။ သစ်ပင်က သူတို့သားအဖဘက်သို့ တဖြည်းဖြည်း ယိုင်ကျလာ၏။

"အဖေရေ ဘေးကပ် ဘေးကပ်"

ဘေးဘက်သို့ကပ်မှ လွတ်မည်ဟု သိသော်ငြား ဆေးရိုးသည် ဘေးသို့ မကပ်။ အလျားလိုက် ပြေးသည်။ ဘယ် ညာ အလေးချိန် မျှနေသောကြောင့် ဣန္ဒြေကြီးနေခဲ့သော ညောင်ပင်သည် လေပြည်အသွေးတွင် လှုပ်လာ၏။ ဆေးရိုးမြင်စတွင် လဲစသာရှိသေးသည်။ ဆေးရိုးအော်ချိန်တွင် တစ်တောင်ခန့် ယိုင်လာပြီး တစ်လံမျှ ယိုင်မိချိန်တွင်ကား ရှဉ့်တွေ ဝမ်းနည်းကြေကွဲစေရန် ပေးသော အသံဖြင့် အော်မြည်ပြီး အရှိန်ဖြင့် လဲကျလာပြီ။ ကိုကျန်ကြီးသည် သားငယ်အော်သံကြောင့် ဘေးဘက်သို့ ခုန်ရင်း လှည့်ကြည့်သည်။ ငထွန်းကား အွတ်ခနဲမြည်ကာ ပစ်လဲသည်။ ညောင်ပင်ကြီးက ဆူညံစွာအော်လျက် ပြေးလာပြီ။ ကိုကျန်ကြီးသည်



ကို ကုပ်မှဆွဲပြီး လွှင့်ပစ်၏။ သူ ပြေးချိန်မရတော့ပါ။ ညောင်ရွက် ပ်များ အခက်များ အောက်သို့ တစ်ခဏချင်းရောက်သွားလေ၏။ ပြီ' ဟု ကိုကျန်ကြီး ထင်လိုက်၏။

"လာကြပါဦးဗျို့၊ အဖေ သေပါပြီဗျ" ဟူသည့် ဆေးရိုး၏ အော်ဟစ် ိုသံကိုကြားရမှသာ 'ငါမသေပါကလား' ဟု ကိုကျန်ကြီး သိသည်။

ငထွန်းကားမှာ ထင်းပုံကြားထဲ၌ ညှပ်နေသဖြင့် ထမလာနိုင်သေး။ "ဟော့ညီလေး တစ္ဆေပါတတ်တယ် မအော်ရဘူး" ဟု လှမ်းပြောသော်ငြား ဆေးရိုး နားမလည်ပါ။

"အဖေရေ အမယ်လေး အဖေရဲ့"

ဆေးရိုးသည် ညောင်ရွက်တွေကို ဆွဲလှန်သည်။ ဦးစွာ လက် ာစ်ဖက်၊ ထို့နောက် မျက်နှာမည်းမည်း ရဲရဲကြီး။

"ဟော့ လူလေး၊ အဖေ မသေပါဘူးကွ"

"အမယ်လေး အဖေရဲ့"

ဆေးရိုးသည် ဖအေကို တအားဖက်ငို၏။

ကိုကျန်ကြီးကို ကျိုးပဲ့သေကြေလောက်သော အကိုင်းများက မရိုက် မဖိ။ အရွက်များနှင့် အခက်များကသာ ရိုက်မိသည်။ သို့ဖြစ်ငြား မည်းမှောင်နေသော မျက်နှာတစ်ပြင်လုံး သွေးချင်းချင်းနီ၏။ အခက်များ စူးခြင်း၊ ညောင်ရွက်စောင်းရှခြင်းများဖြစ်၏။

"ငကျန်သားအဖ ညောင်ပင်ပိလို့တဲ့"

နားစွန်နားဖျားကြားသော တစ်စုံတစ်ယောက်က ကားလိုက် သည့်အတွက် မယ်ကြွယ်စိုးမှာ ရေဖြောင့်ဖြောင့် မခပ်ရ၊ နွားစာ ကောင်းကောင်း မစဉ်းရ။ သတင်းမေးရန် လာသူများအား ဖြေရှင်းနေရသည်။

"အသေတောင် နည်းသေး၊ ညောင်ပင်ကိုမှ လုပ်တာကိုး"

မသေကြေ မကျိုးပွဲပါဘဲလျက် အပြစ်ဆိုသူက ဆိုသေး၏။ စင်စစ်မှာမူ ညောင်ပင်ကို ကိုကျန်ကြီး မလှဲလို။ ခေါင်းတုံး တုံးပြီး ညောင်ငုတ်တိုအဖြစ် ထားလိုသည်။ သို့တစေ ညောင်ပင်မှာ လယ်ပွဲ၏ဗဟိုသို့ ရောက်နေသည်။ ရှင်နေသော ညောင်ပင်၏အမြစ်တွေက ထွန်သွားတွေကို ချိုးပစ်လိမ့်မည်။

အခြားလယ်သမားတွေ 'အခြောက်ထွန်ရေး' ထွန်ကြပြီ။ ကိုကျန်ကြီးတို့ သားအဖသုံးယောက် ယခုမှ 'ကန်သင်း' ဆည်ရသည်။ အူတကြွတ်ကြွတ်မြည်နေပါလျက်က၊ ရင်တုန်ပန်းတုန်ဖြစ်နေပါလျက်က အိမ်မပြန်နိုင်။ လရောင်ဖြင့် ကန်သင်းဖို့ကြရသည်။

သည်မျှအပင်ပန်းခံသော ကိုကျန်ကြီးသည် သံဖြင့် သွန်းလုပ်ထားသူ မဟုတ်ရကား၊ သကြံန်လက်ဆေးမိုးမရွာမီ တစ်ရက်တွင် အိပ်ရာထဲ၌ လဲလေ၏။ ထန်းရွက်ပေါ်သို့ မိုးပေါက်တွေ ကျလေလေ၊ ကိုကျန်ကြီး တောက်ခေါက်လေလေဖြစ်သည်။ တံစက်မြိတ်မှကျသော မိုးပေါက်တွေကို ကြည့်ပြီး ကိုကျန်ကြီး ဒေါသဖြစ်ရသည်။

"အရေးထဲမှာ ဘာပြုလို့ ဖျားရတာတုံး"

မယ်ကြွယ်စိုး ပြုံးရ၏။

"တော့်တစ်ကိုယ်လုံးမှာ ဒဏ်ရာဒဏ်ချက်တွေ ဒါလောက်များနေမှတော့ အနာရှိန် တက်တာပေါ့တော်"

သည်နှယ်ပြောသူရှိသောအခါကျမှ ကိုကျန်ကြီးသည် သူ့ကိုယ်ကို ပြန်ကြည့်ရန် သတိရသည်။ ခြေဖဝါးတွင် ငုတ်ထိုးသောဒဏ်ရာ၊ ခြေမမှာ မြေကြီးခဲ ညပ်သောအနာ၊ ခြေ လက် ကျောနှင့် ရင်ဘတ်တွင်လည်း ခြစ်မိသဖြင့် ဖြစ်သော အနာသည် အစင်းလိုက် ထင်နေ၏။ ထိုးမိဆောင့်မိရာက ရသော အနာများမှာ ဝိုင်းဝိုင်းတွေ။



သာဒွန်းဝမြောင်းသောက်လယ်တွေ ထွန်တုံးပိတ်ကုန်ပြီ။ ကိုကျန်ကြီး၊ မယ်ကြွယ်စိုးတို့၏လယ်ပွဲမှာ ရေ ခါးလောက်ရှိသည်။ သာဒွန်းဝမြောင်းမှ ပိုလျှံသောရေသည် မြစ်တွင်းသို့ မဆင်းနိုင်။ မြစ်ရေခံနေသည့်အတွက် ဆိနေသည်။ သူတစ်ပါးလယ်တွေ စိမ်းမှောင်မဲသဲလာသည့်နည်းတူ ကိုကျန်ကြီး၊ မယ်ကြွယ်စိုးတို့၏ သုံးယောက်စိုက် လယ်ကလေးမှာလည်း ဟာရိပ်ရိပ် တက်နေပြီ။

ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်းလတွင် ကောက်ဦး ပေါ်ပြီ။ ထိုအခါတွင်မှ ကိုကျန်ကြီး၏လယ်မှာ နွားမောင်းသံတဟဲ့ဟဲ့ဖြင့် စတင်ထွန်ယက်ရသည်။ ဆယ်ဇကမဲ့လယ်သည် နတ်တော်လဆန်းတွင် မစိုက်နိုင်သေး။ လပြည့်ကျော်မှ ထွန်တုံးပိတ်သည်။ ကိုကျန်ကြီး ဟင်းမချနိုင်သေးပါ။ သာဒွန်းဝမြောင်းတွင် ရေ မရှိတော့ပါ။ လက်ရှိရေသည် ဖုံးချိန်လုံးချိန်အထိ နေပါမည်လော။ သို့ဖြစ်က မည်သည့်ရေဖြင့် အောင်ရေယူမည်နည်း။

နွားချေး တစ်မှုန်မျှ မထည့်နိုင်ငြား၊ ကိုကျန်ကြီး၏လယ်မှာ မြေရိုင်းမို့ ကောင်းလှသည်။ အပင်တွေ 'ဟုန်' ပြီး အသီး မလိုက်မည်စိုးရိမ်သဖြင့် နွားတွေကို လယ်ထဲသို့ မောင်းချ၏။ နွားတွေကလည်း စားစေချင်သောအခါတွင် စပါးပင်ကို မမိမကမ်း ဟပ်၏။ စားစေချင်၍ မောင်းချသောအခါ တစ်ခဏဖြင့် ကန်သင်းပေါ်သို့ တက်လာသည်။

စပါးနှံတွေ ထွက်လာပြီ။ အနီးအနားတွင် စပါးခင်း မရှိ။ ကိုကျန်ကြီးမှာ တစ်ဦးတည်း ထီးထီးမားမားဖြစ်နေရာ စာမျိုးစုံတို့ အုပ်လိုက် ကျက်စားရာအရပ် ဖြစ်လာတော့သည်။

လယ်တစ်ပွဲလုံး စာခြောက်ရုပ်တွေ ပြည့်နေသည်။ ကြိုးဆွဲပါးလက်ခုပ်တွေ၊ ဝါးကလတက်တွေ အပြည့်ဆင်ထားပြီး မိုးမလင်းမီက

စတင်ပြီး စာနှင်ရတော့သည်။ တစ်ယောက်က ကြိုးဆွဲပြီး လှန့်သံပေးနေစဉ် တစ်ယောက်က ကောက်ပင်များကြားသို့ လောက်လေးတစ်ချောင်းဖြင့် ဝင်မွှေရသည်။ စာများသည် စပါးနှံကို နှစ်သက်၏။ လယ်ကန်သင်းတွင် ပေါက်ရောက်နေသော ပဲလွန်းပဲရင်း ပဲငပိနှင့် ပဲကြီးမောင်မခေါ်များကိုလည်း ခံတွင်းတွေ့ကြသည်။ စာမင်းမှုပုံများမှာ "အဖေရေ ကိုယ့်လုပ်စာမှ ကိုယ် စားရပါဦးမလား မသိပါဘူးဗျာ" ဟု ငွေနှင်းကား ညည်းတွားရသည်အထိပင်။

သို့သော် မြစ်အရှေ့ဘက်ကမ်းမှ လူနှစ်ယောက် ရောက်လာသောကြောင့် ကိုကျန်ကြီး ဟန်ကျသွား၏။ ထိုလူနှစ်ယောက်မှာ ကောင်းကင်ပိုက်ဖြင့် စာထောင်သူများဖြစ်သည်။ ကောင်းကင်ပိုက် နှစ်ဖုံကို တစ်နေ့လျှင် သုံးကြိမ်ထောင်ရာ၊ တစ်ကြိမ်လျှင် အကောင်ရေ ထောင်ချီပြီး မိသည်။ ထိုလူများထံမှ ဆေးရိုးညီအစ်ကိုရလိုက်သော နည်းနာများမှာ သိန်းစွန်၊ ငှက်ခါး၊ လင်းယုန်တို့ကို 'နဲကော' ထောင်နည်း ပေတည်း။

ကိုကျန်ကြီးမှာ တစ်ရန်အေးစတွင် မအေးစရာတစ်ခု ကြုံရချေပြီ။ မအေးစရာကား လယ်ထဲတွင် ရေခန်းသွားခြင်းဖြစ်၏။ ရေသည် များစွာ မလို၊ ဆယ်ရက်စာမျှသာ။ ရေရရန် သာဒွန်းဝမြောင်းထဲမှ မျှော်လင့်ချက်မရှိ။ ဘေးပတ်ပတ်လည်တွင် တောရောက်တွေ ဝန်းရံနေသည်။ သည်ထဲတွင် 'အဂ္ဂမ်း' အကျဆုံး နေရာ၌ ရေရှိသည်။ ကိုကျန်ကြီးသည် ကန်သင်းမဖို့မီ ကတည်းက ဆယ်တောင်ခန့်ရှည်သည့် ညောင်ကိုင်း နှစ်ကိုင်းနှင့် ကုက္ကိုကိုင်း တစ်ကိုင်းကို လယ်ပွဲ၏ အဖျားနေရာသို့ ပို့ထားခဲ့၏။ လယ်ထဲတွင် ရေပြတ်တော့မည့် ရှေ့ပြေးလက္ခဏာပေါ်ပေါက်သည်နှင့် လူ့ကိုယ်လုံးရွယ် ညောင်တုံးတစ်တုံးကို စတင် ထွင်းတော့သည်။

"အဖေ အဲဒါ ဘာလုပ်ဖို့တုံးဗျ"

"လယ်ထဲကို ရေသွင်းဖို့ 'ခူ' လကွာ"



ဆေးရိုးသည် ခူကို ကြားဖူးခြင်းမရှိ။ ယခုမှသာ မြင်ဖူးသည်။ ရေ ရရှိသောနေရာသို့ တလိမ့်တုံး သုံး၍ တစ်နည်း၊ ကုတ်ဖြင့်တစ်ဖုံ ရွှေ့ကြသည်။ ခူ၏ခါးလယ်တွင် 'ပိုတုံး' ခုထားပြီး ကိုကျန်ကြီးက ခြေဖြင့် နှင်းပြသည်။ ခြေနင်းခံရသော ခူထိပ်ဖျားသည် ရေထဲသို့ ရောက်လာ၏။ ခြေလွှတ်လိုက်သောအခါ ရေထဲရှိ ခူထိပ်သည် ထောင်တက်သွားကာ ခူမြောင်းတစ်လျှောက် ရေတွေ စီးသွား၏။ လူ့ခွန်၊ လူ့အားဖြင့်ကားသည့်ထက်ရှည်သော ခူကို မလုပ်နိုင်။ လယ်ထဲသို့လည်း ရေမရောက်သေး။ နောက်ထပ် ခူမောင်းတစ်ခု ခုတ်ထွင်း တပ်ဆင်လိုက်တော့မှ လယ်ထဲသို့ ရေရောက်တော့သည်။

ကိုကျန်ကြီး သားအဖသည် သည်လယ်ကို စတင် တီကျင်းစဉ်ကလည်း လရောင်ဖြင့် ကန်သင်းဖို့ခဲ့ကြရသည်။ ယခု သည်လယ်၏ လယ်သီးလယ်နှံများ အောင်မြင်ရေးတွင်လည်း လရောင်ဖြင့်ပင် ခူမောင်းနင်းကြရ ပြန်ချေပြီ။ ခူမောင်း၏မြောင်းတစ်လျှောက်တွင် တစ်ကြိမ် စီးဝင်သွားသော ရေသည် ရွက်အိုးတစ်လုံးစာမျှသာရှိသည်။ လယ် တစ်ဧကတွင် ရေနေ လက်သုံးလုံးစာ ရှိရေးအတွက် ရေဂါလံပေါင်း နှစ်သောင်းကျော် လိုအပ်သည်။ တစ်နည်းအားဖြင့် ရွက်အိုးဖြင့် လုံးရေ နှစ်သောင်းမက လိုအပ်သည်။ ဆယ်ဧက မဲ့မဲ့ဖြစ်သောကြောင့် ခူမောင်း တစ်ခုကို အကြိမ် နှစ်သိန်း၊ နှစ်ခုဖြစ်သောကြောင့် အကြိမ်ပေါင်း လေးသိန်းကျော် ငါးသိန်းမျှ နင်းရတော့သည်။ ကိုကျန်ကြီး သားအဖ အတွက် နေ့ဟူ၍ မရှိ။ နေပူလျှင် သစ်ခက်မိုးပြီး ခူနင်းသည်။ စားချိန် ရှိသော်ငြား၊ အိပ်ချိန် မည်မည်ရရမရှိ။ ဆေးရိုးမှာ ဖအေနှင့် အစ်ကို အတွက် ရေနွေးကျိုပေးရသည်။ ပို့ပေးရသည်။ စာလက်ကျန်များကို နှင်ရ လှန့်ရသည်။ အိမ်သို့ပြန်ပြီး ထမင်းယူရသည်။

တစ်ညနေတွင် ဆေးရိုးသည် ရမ်းဘိုကုန်းမှ ထမင်းထုပ်ရွက်လျက် ပြန်လာသည်။ စပါးပင်များ လေတိုးသံ ရပ်သွားသည်။ လယ်ပြင်တစ်ခုလုံး ငြိမ်သက်တိတ်ဆိတ်နေသည်။ အဖေနှင့် အစ်ကိုတို့ ရှုမောင်းနင်းသည့်နေရာမှ ဖြောခနဲအသံ ဗွမ်းခနဲအသံများလည်း မကြားရ။

"အဖေရေ"

ထူးသံ မကြားရ။

"ဟေ့ ငထွန်းကား"

သစ်ရွက်မိုး တစ်ဖက်ရပ် တဲကလေးထဲမှ အိမ်မြှောင်စုတ်ထိုးသံ ပေါ်လာ၏။ ဆေးရိုး အားငယ်လာသည်။

"အဖေရေ" ထပ်မံခေါ်သံတွင် ငိုသံပါလာ၏။

ဆေးရိုးသည် ထင်းတုံးကြီးမှ မီးကျီးများကို ထင်းစတစ်စနှင့် ရိုက်ခြွေလိုက်သည်။ သစ်ခက်ခြောက်များကို မီးကျီးပေါ်တင်လိုက်သည့် ခဏတွင် မီးထတောက်သည်။ မီးရောင်အောက်တွင် သစ်ရွက်တဲကလေး ထဲတွင် အဖေနှင့် အစ်ကို ရှိမနေပါ။

"အဖေရေ အစ်ကိုရေ"

ကိုကျန်ကြီးနှင့် ငထွန်းကား၏အသံများအစား လူမမာ ညည်းသံကြီး တဟီးဟီး ပေါ်လာ၏။ ဆေးရိုးမှာ ခေါင်းနားပန်းကြီး၏။ သရဲခြောက်ပြီလော၊ တစ္ဆေလော။ တိုင်ခြေတွင် စိုက်ထားသည့် ဓားမ တိုကို ပြေးဆွဲသည်။

"လာလို့ကတော့ အခုတ်ပဲ"

ဆေးရိုးသည် ဓားကို ဆုပ်ကိုင်ထားရသဖြင့် အကြောက်လျော့ သွားသည်။ ထန်းပင်ပေါက်များမှ ခုတ်ချိုင်ထားသော ထန်းရွက်တစ်ရွက်ကို မီးညှိသည်။ ခုနကထက် မြင်သာထင်သာ ရှိသွားပြီ။ ထန်းရွက်တစ်ဖက်



ဖျားတစ်ဖက်ကို ကိုင်လျက် ရှုမောင်းရှိရာသို့ ချဉ်းကပ်လာခဲ့သည်။

"အဖေတို့ အစ်ကိုတို့"

လူမမာညည်းသံကြီးသည် ဝေါက်ငမ်းသံဖြင့် အဆုံးသတ်၏။ အဖေ့အသံကို ကြားသယောင်လည်းရှိ၏။

ရေထဲသို့ ဆေးရိုး ဆင်းလာသည်။ ရှုမောင်းစင်တွင် အဖေနှင့် အစ်ကိုအား မြင်လိုက်ရသဖြင့် အားရှိသွားသည်။

"အဖေ၊ ဟေ့အစ်ကို ငထွန်းကား"

ရှုကို နင်းအားရှိစေရန် တိုင်စိုက်ထားသည်။ ရှုတိုင် နှစ်တိုင်ကို 'တန်း' ပစ်ထားသည်။ သည်တန်းပေါ် ခေါင်းတင်လျက် ကိုကျန်ကြီးရော ငထွန်းကားပါ အိပ်ပျော်နေကြသည်။

"အဖေး အဖေး"

အဖေ့ပခုံးကို ကိုင်လှုပ်သော ဆေးရိုး၏လက်သည် 'ဟင်'ခနဲ မြည်သံနှင့်အတူ နောက်သို့ဆုတ်သွားသည်။ ကိုကျန်ကြီး၏တစ်ကိုယ်လုံး အေးစက်နေသည်။

"ဟေ့ ငထွန်းကား၊ အဖေလေ အဖေ"

ဆေးရိုးသည် အစ်ကို့ထံချဉ်းကပ်ပြီး လက်ကို ဆွဲလိုက်ရာ ငထွန်းကားမှာ ကြိုးပြတ်သော အရုပ်တစ်ရုပ်အလား ပက်လက်လန်ပြီး ရေထဲသို့ ကျသွားလေ၏။

"ဟာ ဟေ့ အစ်ကို"

ဆေးရိုးသည် မီးထန်းရွက်နှင့် ဓားကို ပူးကိုင်ပြီး ငထွန်းကားကို ပြေးဆွဲသည်။

နှာခေါင်းထဲသို့ ရေဝင်သဖြင့် ငထွန်းကားသည် ကျယ်လောင်စွာ 'ချေဆတ်' ရင်း ထထိုင်သည်။ မျက်နှာကို လက်ဖြင့် သပ်သည်။

"အစ်ကို မင်းတို့ ဘာဖြစ်ကြတာတုံး"

"လက်ရန်းပေါ် ခေါင်းတင်ပြီး ခဏနားတုန်း အိပ်ပျော်သွားတာကွ"

"အဖေ့တစ်ကိုယ်လုံး အေးစက်နေပြီ၊ အသက် အသက်မှ"

"ဟာ သည်ကောင် မဦးမချွတ်"

ငထွန်းကားသည် ကုန်းထ၏။ ကိုကျန်ကြီးကို ပြေးဖက်၏။ ကိုကျန်ကြီးမှာ အေးစက်ပြီး တုတ်တစ်ချောင်းနှယ် တောင့်နေ၏။

"အဖေ အဖေ"

ကိုကျန်ကြီး ပြန်ထူး၏။ လေသံမျှသာ။

ချွေးနှင့် ရွှံ့များ လူးနယ်ထားသော ချော်ချော်ချွတ်ချွတ် ကိုယ်ကြီးကို ငထွန်းကား ထမ်းသည်။ ဆေးရိုးက မီးဖိုသို့ ပြေးပြီး မီးထည့်သည်။ တစ်ခဏသာကြာသည်။ ကိုကျန်ကြီး ပြူးတိပြူးကြောင် ထပြီး မေးသည်။

"ငါ့ကို မင်းတို့နှစ်ကောင် ဘာလုပ်ကြတာတုံး"

"ခုစင်ပေါ်မှာ အဖေ မှောက်လျက်ကြီး မေ့နေတာဗျ"

"မေ့တာတော့ မဖြစ်နိုင်ပါဘူးကွာ။ ခဏဆိုပြီး နားရာက အိပ်ပျော်သွားတာဖြစ်မှာပါ"

"အဖေ့တစ်ကိုယ်လုံး အေးစက်ပြီး တောင့်နေတာဗျ"

"ရေထဲမှာ တစ်နေ့လုံး စိမ်နေရတာကွာ၊ အေးမှာပေါ့"

ကိုကျန်ကြီးသည် တဟားဟား ရယ်မောသဖြင့် ဆေးရိုးသည် မီးဖိုဘေးသို့ ထမင်းထုပ်ယူလာကာ ဖြေရင်းက ပြော၏။

"အဖေ့လည်း ခေါ်လို့မရ၊ ငထွန်းကားအသံလည်း မကြားရနဲ့၊ အရေးထဲမှာ တောအုပ်ထဲက ဟီးဟီး ဟီးဟီးနဲ့။ ဟော ဟော ကြားလား အဖေ"

ဤအခါတွင် ငထွန်းကားပါ ရယ်မောသည်။



"ဒီးဒုတ်ကွ၊ ဒီးဒုတ်"

"ဟုတ်တယ်။ ဒီးဒုတ်က ဒီးဒီး ဒီးဒီးနဲ့မြည်ပြီးမှ ဒုတ် ဆိုပြီး ...ုံးသတ်တော့၊ လူမမာညည်းသံလိုလို"

"သြော် ဒါထက် လူလေး"

ကိုကျန်ကြီးသည် ထမင်း သုံးလေးလုတ်ကို ဟင်းမပါဘဲ ...းတော်ရေကျ မျိုချပြီးမှ အိမ်အကြောင်း မေး၏။

"အိမ်ရှေ့က ကောက်လှိုင်းတွေ တစ်ဝက်ကျိုးပြီလား"

"အမေလေ ကောက်လှိုင်းတွေကို အဖေတို့ အစ်ကိုတို့ လုပ်သလို ...ုန့်ဘူးဗျာ၊ ရိုင်ပတ်ကာပြီး အလယ်မှာ လှည်းဘီးကြီးချပြီး ကောက်လှိုင်း ...တွေနဲ့ ရိုက်သဗျား"

"ဒါလည်း ကောင်းတာပဲ။ နို့ ငါမေးတာ ဖြေဦးလေ"

"ကောက်လှိုင်းတွေ တစ်ဝက်ကျသွားပြီဗျ။ တစ်နေ့ပုတ်လို့ ...တာ တစ်နေ့သိမ်းတာ ငါးတင်းလောက်ရပြီတဲ့"

ငထွန်းကား ဆတ်ခနဲ ဖြစ်သွားသည်။

"နည်းတယ်၊ မဖြစ်နိုင်ဘူး" ဟု ပြောသည်။

"သည်ဟာမှာတော့ အဖေတို့က စိုက်ပြီးကတည်းက ပြန်စောင့်မှ ...ကြည့်တာဘဲ။ ရေယူမိုးယူတောင် မင့်အမေ ကလေးတစ်ဖက်နဲ့လုပ်ရတာ ...ိုတော့ စာ မစောင့်နိုင်ဘူးကွ"

ငထွန်းကား၏ခက်ထန်မျက်နှာ ပြေကျသွားငြား၊ ကိုကျန်ကြီးက ...မင်းလုတ်ကို မခွံ့သေး။

"သည့်ပြင်လယ်တွေမှာ စာနင်တဲ့လူ ရှိတယ်။ ငါတို့လယ်မှာ ...စောင့်မရှိဘူး။ စာတွေ အကြိုက်ကျသွားတာပေါ့ကွာ။ ဒါကြောင့် ...၅–၂၀ မှန်းထားတဲ့ လယ်က ၁၀–၁၅ ဖြစ်သွားဟန်တူပါရဲ့ကွာ"

ကိုကျန်ကြီးသည် ထမင်းလုတ်ကို လင်းတမျို မျိုချပြီးနောက် "အရသာခံမနေနဲ့၊ မျိုချ။ ဒီကနေ့ပြီးအောင် တင်ကြစို့ကွာ" ဟု ဆိုရာက ဆေးရိုးကို တစ်ဆက်တည်းပြောသည်။

"လူလေးက သိမ်းဆည်းပြီးရင် ထမင်းထုပ်ကို ချမထားနဲ့၊ ကျင်ကောင်တွေ ပေါက ပေါသနဲ့။ တဲအမိုးမှာ ဆွဲထား။ တစ်အောင့်တစ်နား နေပြီးရင် ထန်းရွက်တစ်ချပ်ကို မီးညှိပြီး ယူသွား။ သုံးလေးချပ်လည်း အပိုယူသွား။ အောက်ကို သေသေချာချာ ငုံ့ကြည့်"

"ကြည့်ပြီး ကျုပ်က ဘာလုပ်ရမှာတုံး"

"အထက်ဆုံး လယ်ကွက်က ထိပ်ကန်သင်းကို သွားကြည့်နေ။ လယ်ကွက်ထဲမှာ မင်းလက်နဲ့ လက်ငါးသစ်ရှိအောင် ရေများလာပြီဆိုရင် မီးတုတ်ကို အဝိုင်းကြီးဖြစ်အောင် လုပ်ပြလိုက်"

"သည်လိုလား အဖေ"

ညမှောင်မှောင်တွင် ဆေးရိုးတို့သည် မီးစများနှင့် ဆော့ကစားကြ၏။ မှောင်မည်းမည်းတွင် နီရဲနေသော ထင်းစကို ဝှေ့ယမ်းကစားရလျှင် ပျော်စရာကောင်း၏။ ထင်းစကို ယမ်းလျက် နီရဲသော မျဉ်းဖြောင့် မျဉ်းကွေးများ ပေါ်လာသည်။ လျင်မြန်စွာ ယမ်းပါက စက်ဝိုင်းနီကြီး ပေါ်လာ၏။ သို့ကြောင့် ဆေးရိုးက လက်ကို လျင်မြန်စွာ ဝှေ့ပြရာ ငထွန်းကား၏နဖူးကို လက်ခုံဖြင့် ရိုက်မိလေ၏။

*

ဆွမ်းခံပြန်ချိန် ရောက်ပြီ။

မယ်ကြွယ်စိုးသည် ရိုင်ပတ်တွင်း ပြေးဝင်လိုက်၊ လမ်းသို့ထွက်ပြီး ရွာတံခါးဘက်သို့ မျှော်လိုက် ဂနာမငြိမ်ဖြစ်နေသည်။ သားငယ် ဆေးရိုးသည် ကျွဲလော လူလော မသဲကွဲသောကိုယ်ဖြင့် ထမင်းထုပ်ကြီးရွက်လျက်



ရောက်လာနေကျ။ ယခု မရောက်သေး။ လမ်းတွင် နမော်နမဲ့သွားသဖြင့် မြွေကို တက်နင်းမိသလော။ ဆွမ်းခံပြန်ကလေးတွေနှင့် ရန်ဖြစ်နေသလော။

အိုးပုတ်သုံးလေးလုံးဖြင့် အလုပ်ရှုပ်နေသော ကလေးဘေးသို့ ရောက်သွားလိုက်၊ လမ်းသို့ထွက်လိုက် ဗျာများနေသည့် မယ်ကြွယ်စိုးအား 'ဘာဖြစ်နေသတုံး' မေးမည့်သူ မရှိ။ တစ်ရွာလုံး တလင်းသိုက်ထဲသို့ ရောက်နေကြသည်။

နေသည် မြင့်သည်ထက် မြင့်လာပြီ။ မယ်ကြွယ်စိုးသည် 'မီးဖိုကျင်း' ထဲသို့ ဆင်းလာသည်။ ထမင်းအိုး ဟင်းအိုးတွေကို 'ခံတောင်း' ထဲသို့ ထည့်သည်။ အိမ်တံခါးကို ဆူးခက် သုံးခက်နှင့် ဝါးနှင့်ကပ်ချ ဆုံးထားသော ဆူးတံခါးဖြင့် ဆို့သည်။ သမီးမယ်မျှင်ကို လက်ဆွဲပြီး ထွက်လာသော်ငြား မသွားနိုင်သေး။ အလက်မဖြတ်ရသေးသော ထန်းရွက်လေး ငါး ခြောက်ရွက်ဖြင့် ကာရံရသေးသည်။ သည်မျှဖြင့်လည်း မယ်ကြွယ်စိုး၏ပလိဗောဓ မကုန်တွင်သေး။ စပါးမှုန် ထောင်းထောင်း ထလျက် 'ကောက်ပေါက်' နေသော တလင်းစပ်သို့ သွားရပ်ရသေး၏။

"ရွှေအိမ်ရေ၊ အိမ်ကို နားထောင်လိုက်ပါဦး"

မရွှေအိမ်သည် ရင်ရှားကြီးဖြင့် အမော်ကြေးခြစ်နေရာက ထပြီး ရပ်သည်။

"ခါတိုင်း ဆွမ်းခံဝင်ချိန်ဆိုရင် ဆေးရိုး ထမင်းယူဖို့ လာနေကျ အေ့။ အခု ဆွမ်းခံပြန်ပြီ၊ ရောက်မလာပုံထောက်တော့ လိုက်ချေဦးမှ"

"လမ်းမှာ တစ်ခုခုဖြစ်နေရင် လယ်ပြင်ကလူလည်း မသိ၊ ညည်းလည်း မသိ ဖြစ်နေမယ်"

"ညည်းပြောသလိုလည်း တွေးပူရတာပဲအေ့။ လယ်ပြင်မှာပဲ သားအဖသုံးယောက်လုံး"

“ကောင်မ ပါးစပ်ပုပ်ကြီးနဲ့”

“ဒွေးလေး လယ်ပြင်သွားမလို့လား၊ ကျုပ်လည်း လိုက်မယ်”

ကောက်လှိုင်းဆိုင်ပေါ်မှ လျှောဆင်းလာသော ကျီးဒန်က ပြေးကပ်လာ၏။

“ဟဲ့ သမီး မလိုက်နဲ့”

“လိုက်ချင်တယ် အမေရဲ့”

“အပျော်သွားတာ မဟုတ်ဘူးဟဲ့။ မယ်မျှင်နေခဲ့၊ သည်မှာ အစ်မနဲ့ အရိပ်ထဲမှာ ကစားရအောင်”

မယ်မျှင်သည် မရွှေအိမ်ခေါင်ခါမှ အမေ့ခြေကို ဖက်ထား၏။

“ရွှေချုံဒီးဂျုတ် စားမို့”

လယ်ပြင်အရောက်တွင် ရွှေဖရုံသီးအပြုတ်စားမည်ဟု ပြောခြင်း ဖြစ်သည်။

မယ်မျှင်သည် လယ်သစ်သို့ သုံးလေးခေါက် ရောက်ဖူးပြီ။ တောထနေအောင် ကောင်းသော ကျောက်ဖရုံသီးခင်း၊ ရွှေဖရုံခင်းထဲမှ အဖေ ခူးဆွတ်ပြီး ပြုတ်ပေးသော ရွှေဖရုံသီးပြုတ်ကို လျှာလည်နေပြီ။

မြေသစ်မို့ စိုက်သမျှအပင် ဖြစ်ထွန်းသော်ငြား၊ မြေအသစ်မို့ မယ်ကြွယ်စိုး စိတ်ထင့်နေသည်။ ကျတ် စသော နာနာဘာဝများသည် ဤကဲ့သို့သောနေရာမျိုး၌ နေလေ့ရှိသည်ဟု ကြားဖူး၏။ သို့ကြောင့် တထိတ်ထိတ်ဖြင့် လာခဲ့ရသည်။ အရိတ်နောက်ကျသော လယ်ပွဲ တစ်ပွဲတလေမှအပ လယ်ပြင်ကြီးတစ်ခုလုံး ဆိတ်ငြိမ်နေသည်။ ရိုးပြတ် ငေါငေါသည် ကြည့်လေရာ၌ မင်းမူနေပုံမှာ ချောက်ချားစရာကောင်းသည်။ လေပွေတစ်ချက် မွှေ့လာချိန်တွင်ကား လယ်ပြင်ကြီးသည် တဝေါဝေါဖြင့် အသက်ဝင်လာ၏။



မယ်မျှင်ကား လေပွေကိုကြည့်ပြီး ပျော်နေ၏။ ဆီကန်တော့ကြီး ...ုံးကို ထောင်ပြီး လှည့်သကဲ့သို့ လည်နေသော လေပွေသည် ...လောင်သော အသံပေးလျက် ကြံုသမျှ အားလုံးကို စုပ်ယူ၏။ ...ကြွယ်စိုးမှာမူ သမီးကလေးကို လေပွေ ဆွဲယူသွားမည်စိုးသဖြင့် ... သစ်ပင်ကို ပြေးကပ်နေရ၏။ တစ်ခွင်တစ်ပြင်လုံး ခြောက်သယောင်း ...း၊ မြောင်းဖျား တောရှောက်များမှာ အစိမ်းပြယ်သေး။ ရှောက်တော၏ ...ဘက်ရှိ စပါးခင်းကြီးကို မြင်ရသောအခါ မယ်ကြွယ်စိုး အားတက်၏။

ထိပ်ဆုံးလယ်ကွက်၌ ရေပြည့်နေသည်။ မီးကျွမ်းထန်းရွက် ...ျပ်ကို တွေ့ရသည်။ သားအဖတစ်တွေ ရေယူပြီးသွားတန်ရာ၏ဟု ...ကြွယ်စိုး ခန့်မှန်း၏။ သို့ရာတွင် လူရိပ်လူယောင် မမြင်ရ။ ကောက်ပင် ...းကို လေတိုးသော အသံကသာ မယ်ကြွယ်စိုးသားအမိ၏ အဖော် ...နေသည်။

သစ်ရွက်မိုး တဲကလေးကို မြင်ရချိန်ဝယ် မယ်ကြွယ်စိုး ခြေလှမ်း ...က်လာသည်။ တဲရှေ့မီးဖိုကို လှမ်းကြည့်သည်။ ခြေလှမ်းတုံ့သွားသည်။ ...ကို လက်ဖြင့် ဖိမိသည်။ မီးဖိုတွင် မီးမပြတ်သော သစ်တုံးကြီးတစ်တုံး ...ည်။ ထိုသစ်တုံးကြီးကို ရံဝန်းလျက် သစ်တုံး သုံးလုံး။ သို့တစေ ...စ်တုံးများတွင် ခြေ လက်နှင့် ဦးခေါင်းပါသောကြောင့်သာ ငါ့လင်နှင့် ...သားတွေပါတကားဟု သိသော်ငြား ပကတိ သစ်တုံး။ ရွံ့မရှိသော ...ရာမှာ ပြေကျနေသော ‘တဘက်’ တွင်းရှိ သျှောင်ထုံးဖြစ်သည်။ ရွံ့စို ...ကက်များ ပိန်းပိတ်အောင် လုံးလျက် အိပ်မောကျနေသူများမှာ အိပ်၍ ...ာင်းဆဲ။

မယ်ကြွယ်စိုးသည် ခံတောင်းကို သမီးအကူအညီဖြင့် ချထား ...နောက် မီးဖိုကို မီးထည့်သည်။ မီးတောက်ကြီး ဟုန်းခနဲ ထသောအခါ

ငထွန်းကားက လှိမ့်သွား၏။ ဆေးရိုးက ထထိုင်ပြီးမှ ငထွန်းကား၏ ခါးကို ခေါင်းအုံးပြီး အိပ်သဖြင့် မအေက ဆွဲထူ၏။

"ဘယ်အချိန်ရှိပတုံး"

"ဟင် အမေ"

ဆေးရိုးမှာ တအံ့တသြဖြစ်လျက် မိခင်အား အထူးအဆန်း လုပ်ပြီး ကြည့်နေ၏။

"ညတုန်းက ဘယ်အချိန်မှ အိပ်ကြတုံး"

"တုံးကြီးခေါက်ပြီ အမေရ"

အရဏ်တက်မှလည်း အိပ်ရ၊ ပင်လည်းပင်ပန်းရကား သည်အချိန် အထိ အိပ်ခြင်းကို မလွန်ဟု မယ်ကြွယ်စိုး သဘောပေါက်သည်။

"နင့်ကိုယ်ကို ပြန်ကြည့်စမ်း"

အမေခိုင်းသောကြောင့် ကိုယ့်ကိုယ်ကိုယ် ဆေးရိုး ငုံ့ကြည့်၏။

"ဘာပြုလို့တုံး အမေရ"

"နင်က ရေထဲလည်း မဆင်းရ၊ ခူလည်း မနင်းရဘဲနဲ့ မျက်နှာပါ မကျန် တစ်ကိုယ်လုံး ရွံ့တွေပေနေတာ ဘာသဘောလဲ။ ငါမွေးထား တာက မင်းသား၊ အခုတော့ သရဲ"

"ထိပ်ဆုံးလယ်မှာ ထိုင်ပြီး ရေစောင့်တာ အမေရ။ ဖြုတ်ကိုက် ခြင်ကိုက် သက်သာအောင် ရွံ့သုတ်ထားတာ"

"ဖြစ်ရလေ သားရယ်။ ကဲ သွားသွား၊ ရေချိုးချင် ချိုး၊ မချိုး ချင်လဲ ခြေ လက် မျက်နှာ ဆေးချေ"

ဆေးရိုး၏အော်ကျယ်အော်ကျယ်အသံကြောင့် ဦးစွာ ထထိုင် သူမှာ သားကြီး ငထွန်းကား၊ သူလည်း မအေကိုမြင်ရသဖြင့် ဝမ်းသာ အံ့သြနေ၏။



"အမေ လိုက်လာတယ်"

"လာရတာပေါ့ သားရယ်။ မင့်ညီက ခါတိုင်းဆို ဆွမ်းခံဝင်ဆို ရောက်နေကျဟဲ့။ အခု ဆွမ်းခံပြန်တာတောင် ရောက်မလာတော့ စိတ်ပူ တာပေါ့ သားရဲ့"

အမေသည် သားကို စေ့စေ့ကြည့်ရင်း မျက်ရည်ဝဲ၏။

"အရွယ်နဲ့မလိုက်အောင် ပင်ပန်းလိုက်တာ သားရယ်"

"ဟော့ ဟော့ ဆင်းရဲသားဟာ ပင်ပန်းမှာပဲ"

ပြောပြောဆိုဆို ထထိုင်သူမှာ ကိုကျန်ကြီး။

"အဖေရေ ချုံဒီး ချွတ်ပေးပါ"

မယ်မျှင်သည် ပုစွန်လုံးတစ်ကောင်ကို စိတ်ဝင်တစား ဖမ်းနေ ရာက အော်ဟစ်လျက် ပြေးလာ၏။ ပြေးလာသော်ငြား ဖအေကို မြင်သော အခါ မအေကို ပြေးဖက်၏။

"တယ်ဂျီး"

"သရဲမဟုတ်ပါဘူး သမီးရဲ့၊ အဖေပါ"

ကိုကျန်ကြီးအတွက် မင်္ဂလာနံနက်ခင်းပါပေ။ သူသည် တဟားဟား ရယ်မောလျက် သူ့ကိုယ်မှ ရွံ့တွေကို ခွာပြီး သမီးနဖူးတွင် ကပ်၏။

"သားအဖတွေ ဆာကြမှာပဲဆိုပြီး ထမင်းအိုးတွေ ဟင်းအိုး တွေပါ သယ်လာခဲ့တယ်"

"ညည်းဟာ အလွန်တော်တဲ့ မိန်းမပြတ်ပဲ"

"ထမင်းစားရအောင် ရေချိုးချေစမ်းပါတော်။ ဒါလောက် မြှောက်ပြောရုံနဲ့ အမောပြေသွားပါပြီ"

*

"ဘတို့ရဲ့အဖေများမှာ စပါးတစ်စေ့ရအောင် အဲဒါလောက် အပင်ပန်းခံခဲ့ကြရတာ လူလေးရေ"

ဘဆေးရိုးသည် သူ့အဖေ ဦးကျန်ကြီး သာဒွန်းဝမြောင်းဖျား၌ လယ်တည်ခဲ့ပုံကို နိဂုံးချုပ်၏။

"ကျုပ်နဲ့ဆို အဘေးတော်မှာပေါ့နော် ဘ"

မောင်ကိုကြီးက ဘဆေးရိုး၏အကြမ်းပန်းကန်ထဲသို့ ရေနွေးထပ်ဖြည့်အပြီး၌၊ အမေကြီး ကျီးဒန်ထံ တစ်ပန်းကန် လှမ်းပေးသည်။

"မြောင်းဖျား လယ်သစ်က ဆန်ကို ထမင်းချက်ပြီး ဆွမ်းလောင်းတဲ့နေ့တုန်းက မင်း မြင်စေချင်တယ်"

ဘဆေးရိုး၏အပြောဖြင့်ပင် ရင်ဆို့နေခဲ့သော မောင်ကိုကြီးသည် လွန်စွာကြားချင်သွား၏။

"ကြုံချင်တော့ အဲသည်နေ့က ဆရာတော်ကိုယ်တိုင် ဆွမ်းခံကြွတဲ့နေ့နဲ့ ကြုံနေတာကိုး။ ဆွမ်းပန်းကန်ကို သပိတ်ထဲစောင်းပြီး ဆွမ်းလောင်းတဲ့ အဖေ့လက်ဟာ တုန်နေတယ်။ ဒါဟာ တပည့်တော်တို့သားအဖတစ်တွေရဲ့ သွေးတွေ ချွေးတွေပါ ဘုရားတဲ့"

"ဘေးက ဘနဲ့တူလားဟင် ဘ"

မြေးကြီး၏အမေးကို ရီးကျီးဒန်က "သူ့အစ်ကိုနဲ့မှ လေသံရော၊ ကိုယ်လုံးကိုယ်ပေါက်ရော၊ မျက်နှာပါ တူတာဟဲ့" ဟု ဝင်ပြောပြီးမှ နောက်ဆက်စကား ထည့်သေးသည်။

"သောက်လိုက်တဲ့ အရက်ကလည်း လွန်ပါရော"

"ဟုတ်လား ဘ"

ရီးဆေးရိုး ခေါင်းမညိတ်ချင်ပေ။ သို့သော် လေးပင်စွာဖြင့် ခေါင်းညိတ်မိသည်။



"ဘကြီးက ဘာပြုလို့ သောက်တာတုံးဘ"

"သောက်ချင်လို့ သောက်တာပေါ့ကွာ"

ရီးဆေးရိုးသည် ကသောကမျော ဖြေအပြီးတွင် တဟားဟား ရယ်မောပစ်၏။ ပွပြန့်နေသော ထန်းပင်မြစ်အခွံများကို တုတ်ချောင်းဖြင့် ပြစ်ပြီးစု၏။ စင်စစ် သူသည် အစ်ကို ငထွန်းကားအား မေ့ထားခဲ့သည်မှာ ကြာပြီ။ မုန်းသောကြောင့် နာကြည်းသောကြောင့် မဟုတ်။ သနားသောကြောင့် ဖြစ်သည်။ စပါးတစ်စေ့၏ တန်ဖိုး၊ ပဲတစ်စေ့၏ တန်ဖိုးနှင့်စပ်လျဉ်းလာသည့်အခါကျမှသာ ငထွန်းကားသည် မပါလျှင် ဖြစ်၍ ပါလာရသည်။ ဖြစ်နိုင်လျှင် ချန်ပစ်ခဲ့ချင်သည်။

ငထွန်းကား အရက်သမားဖြစ်သွားရာတွင် အဖေ၏ပယောဂ သော်မျှ ပါလေသလားဟု ရီးဆေးရိုး မရဲတရဲတွေးသည်။ မရဲတရဲ တွေးရခြင်းမှာ အဖေ့ကို မရိုမသေရာသို့ ကျရောက်မည်ကို စိုးရိမ်သဖြင့် ဖြစ်ပေသည်။ ငထွန်းကားသည် မိသားစုလုပ်ငန်းကို 'ကျွန်ကြီးငနွား' လုပ်သည်။ 'ညီလေးတော့ မခိုင်းဘူး။ ဒါလောက်တော့ အမေ့သမီးလည်း လုပ်နိုင်တာပဲ' စသော တွက်ကတ်စကား မည်သည့်အခါမျှ မဆို။ ပျင်းရိခြင်း၊ ဖင့်နွဲ့ခြင်း မရှိ။ လုပ်စရာရှိသမျှ ကုန်းရုန်းပြီးလုပ်သည်။

ဧရာဝတီမြစ်ကြောင်း ပြောင်းလွဲသွားသောအခါ ကိုကျန်ကြီး၏ ရောက်တောစပ်က 'မုရင်း' လယ်မှာ စပါးစိုက်လယ်ဖြစ်လာ၏။ ရေမြုပ်ဒေသ မဟုတ်တော့မူ၍ သာဒွန်းဝမြောင်းသောက် ဖြစ်လာချေ၏။ ထိုအခါတွင် သာဒွန်းဝမြောင်းကျိုး၍ မြောင်းဦးတက်လျှင် ကိုကျန်ကြီး ပါရတော့သည်။ ဆည်ဦးတက်လျှင်လည်း ဆင့်ဆိုခံရသည်။ သည်အခါများ၌ အဖေ့ကိုယ်စား ငထွန်းကား လိုက်သည်။ အရက်သောက်သော အတတ်ကို ဤနေရာမှ ငထွန်းကား တတ်မြောက်လာသည်။

ကိုကျန်ကြီးမျိုးရိုးတွင်လည်းကောင်း၊ မယ်ကြွယ်စိုးမျိုးရိုးတွင်လည်းကောင်း အရက်သမား၊ ထန်းရည်သမား မပါရှိချေ။ ငထွန်းကားသာလျှင် နှစ်မိပေါက်၍ ထွန်းသော တစ်ယောက်။

အဖေသည် သားကြီးအား မဆိုရက်ပေ။ အမေကလည်း မတားရက်ပေ။ သနားသောကြောင့်ဖြစ်သည်။ စတင်တည်စဉ်က ဆယ်ဧကမဲ့မဲ့ လယ်သည် ငထွန်းကား၏လုံ့လဝီရိယကြောင့် ၁၅ ဧကကျော် လယ်ကြီး ဖြစ်လာရသည်။ သို့ကြောင့် အဖေသည် အရက်သမားအား သွယ်ဝိုက်ပြီးသာ ဆုံးမခဲ့သည်။

"သူများသားသမီး သူများသားမယားကို မပြစ်မှားနဲ့၊ ကိုယ့်ကြောင့် သူတစ်ထူး မျက်ရည်ပေါက်ကြီးငယ် မကျစေနဲ့"

ငထွန်းကားသည် အိမ်တိုင်ကို ကျောမှီပြီး တစ်စုံတစ်ရာ စဉ်းစားတွေးတောပြီး ဘဝင်ကျဟန်ဖြင့် "အင်း အင်း" မြည်၏။ ထိုအခါတွင် ငထွန်းကား များစွာမူးလာပြီ။ သို့သော် ငထွန်းကားသည် အရက်ဖိုး အကြွေးထူလာလျှင် တလင်းထဲမှ စပါးကို ကျုံးပြီး အကြွေးဆပ်၏။ တလင်းချိန်ကုန်လျှင် 'စည့်' ထဲမှ ကျုံးယူသည်။ ဆေးရိုးနှင့် မယ်မျှင်ကလည်း အစ်ကိုကြီးအား ချစ်၏။ ချစ်သောကြောင့် အစ်ကိုကြီး ငထွန်းကား လုပ်သော မတော်တရော်အမှုများကို မသိယောင်ဆောင်နေကြ၏။ အဖေက မေးလာသောအခါ သူတို့ အဖြေရခက်၏။ ကိုကျန်ကြီးသည် ကောက်ပြန့်အောက်ရှိ စပါးထုကို ခြေဖြင့်နင်းကာ နှဲ့ကာ တစ်နေ့ တစ်ကြိမ် ခန့်မှန်းသည်။ ထိုတစ်နေ့ရာရာက ပါးသွားလျှင် ချက်ချင်းသိသည်။

"စပါးလျော့တယ်ဟေ့"

ဆေးရိုး မကြားဟန်ပြုနေ၏။

"ဟေ့ အလတ်ကောင်၊ ငါမေးနေတယ်ကွ"



"အဖေ ထင်လို့ဖြစ်ပါလိမ့်မယ်ဗျာ"

"ဘာထင်ရမှာလဲ နှစ်တင်းလောက် လျော့နေတယ်။ ပြောစမ်း ယ်သူခိုးတုံး"

သည်မျှ မေးရုံဖြင့် သူခိုးမပေါ်။ နှင်တံကိုဆွဲပြီး ရိုက်ဟန် က်ဟန် လုပ်မှသာ ပေါ်သည်။

"အစ်ကိုကြီးမှ သိမှာပေါ့ အဖေရာ၊ ကျုပ် တကယ်မသိတာပါ"

ပြီးပြီ။ ကိုကျန်ကြီး ဆက်မမေးတော့ပါ။ ကာယကံရှင် ထွန်းကားကိုပင် မမေးတော့ပါ။

"သူ့လုပ်စာ သူသုံးတာ ဒါလောက်လေးများ ပြောမနေပါနဲ့"

၍လည်း အမေက ကာဆီးလေ့ရှိရာ ဆက်ပြီးစစ်ဆေးနေလျှင် လင်မယား ကားများကိန်း ဆိုက်နိုင်သည်။

"ဘရဲ့ အဲ့သည်အစ်ကိုကြီး အခုရှိသေးသလား"

ရီးဆေးရိုး စကားအပြတ်တွင် မောင်ကိုကြီးက ဝင်မေး၏။

"ငါ့ထက် ငါးနှစ်ကြီးတာဆိုတော့ သေများသေပြီလား မသိပါ ဘူးကွာ၊ အင်း ရှိချင်လည်း ရှိနိုင်သေးရဲ့"

"ဘယ်မှာနေကြတာတုံး ဘရ"

"ပထမ မန်ကျည်းပင်ပုကွ၊ နောက် လက်မဲကွ။ တစ်နှစ်ဟာ ါ့အစ်ကိုကြီး မတွေ့ရတာ ကြာပြီဆိုပြီး လိုက်သွားတာ လက်မဲက ပြောင်းသွားကြပြီတဲ့။ ဘယ်ကိုပြောင်းသွားလဲ စုံစမ်းတော့ မရေမရာကွ။ ါနဲ့ စိတ်လျှော့ပြီး ပြန်လာလို့ နှစ်နှစ်အကြာမှာ သားနှစ်ယောက် မောင်ကျော်နဲ့ မောင်သော် ခေါ်ပြီး ရောက်လာသေးတယ်။ ရေနံချောင်းကို ရောက်နေတယ်တဲ့။ အဲသည်နောက် ဇာတ်မြုပ်သွားတော့တာပါပဲကွာ"

"ဦးကျော်တို့ ဦးသော်တို့ကော မလာဘူးလားဘ"

"သူတို့ မလာလို့ပေါ့ကွာ။ သူတို့လာရင် ဆွေခန်းမျိုးခန်
အခုလို ဘယ်မှာပြတ်လိမ့်မတုံး"

ထန်းပင်မြစ် ၁၅ ချောင်းနှင့် ငချိပ်ပေါင်း တစ်ဇလုံ စားအပြီးတွ
မြစ်တွေ ကျွက်စီ ကျွက်စီဖြင့် ထကြသည်။ ရီးဆေးရိုးလည်း ဘာဘ
စောင်ကြီးကို လုံးထွေးပြီး မန်ကျည်းပင် ခွကြားတွင် ညှပ်သည်။

"မင်းတို့ခေတ်မှာ လယ်လုပ်ရတာ လွယ်လွယ်လေးကွ။ ခိုင်ခံ့တဲ့
ဆည်ကြီးတွေ၊ ဖြောင့်တန်းတဲ့ မြောင်းကြီးတွေနဲ့ လုပ်ကြရတာ။ အဖေတို့
ခေတ်တုန်းက ရေကလေးတစ်ပေါက်ရမယ့်အရေး အသက်ထွက်မတတ်
လုပ်ရတာ"

"အဲသည်တုန်းက 'ခနွဲ' မသုံးဘူးလား ဘ"

"မရှိသေးလို့ ရှူမောင်းကြီးကို ပင်ပင်ပန်းပန်း နင်းကြရတာ
ပေါ့ကွာ။ တို့သာ မဟုတ်ဘူး၊ သည့်ပြင်လယ်တွေလည်း မြောင်းကျိုးပြီး
ရေပြတ်ရင် သည်လိုပဲ ရှူနဲ့ ရေယူကြရတာပဲ။ သည်တော့ စပါးတစ်စေ့
ပဲတစ်စေ့ဟာ စားရက်စရာမရှိဘူး။ ဒါကြောင့် အဖိုးတန်မှန်းသိအောင်
တစ်စေ့မျှမကျန်အောင် အစားခိုင်းပြီး အောက်ကို ကျသွားရင်လဲ ကောက်ပြီး
အစားခိုင်းတာဟေ့"

❑



ာက်က လက်မဲ
ာင်းသွား
ာင်း

# ငထွန်းကားတို့ညီအစ်ကို

"ပရိတ်မေတ္တာ ဘာဝနာ ကမ္မဋ္ဌာန်းစီးဖြန်းရွတ်ဖတ်သရဇ္ဈာယ်ရသော ကောင်းမှုအဖို့ကို ၃၁ ဘုံ၌ ကျင်လည်ကုန်သော သတ္တဝါအပေါင်းတို့အား အမျှ ပေးဝေပါ၏။ အားလုံး ကြားကြားသမျှ အမျှ ယူတော်မူကြပါကုန်လော့။ အမျှ အမျှ အမျှ"

စူးရှကြည်လင်သော အမျှပေးဝေသံအဆုံးတွင် ကြေးစည်သံနှင့် တုံးခေါက်သံများ တစ်ချက်ခြား ပေါ်လာသည်။ သည်အသံများ၏ကြား၌ ကြေးစည်သံလည်း လွင့်ပျံလာပြန်သည်။ ရေဒီယိုသံနှင့် ကက်ဆက်သံ၊ တီဗွီသံတို့ကို တဒင်္ဂ လွှမ်းမိုးလိုက်သော ထိုအသံမှာ ရွာလယ် ဝတ်ကျောင်းမှ ထွက်ပျံလာခြင်းဖြစ်သည်။ တုံးခေါက်သံနှင့် စည်ရိုက်သံ ကြေးစည်ခတ်သံများ ဆိတ်စဲသွားလျှင် ရမ်းဘိုကုန်းရွာ၏ညသည် မူလအခြေအနေသို့ ပြန်လည်ရောက်ရှိလာပြန်သည်။

"ကလေးမတွေ တုတ်မီးမပါ ဘာမပါနဲ့"

"ရပါတယ် ဘရ၊ လထွက်နေပါပြီ"

ရွာလယ်ဝတ်ကျောင်းမှ ပရိတ်ရွတ်သံ ဝတ်တက်အပြီး၌ တုံးခေါက် စည်ရိုက်ကာ အမျှဝေသော်ငြား ဝတ်တက်သူကား များများစားစား မရှိပါ။ အဘိုးကြီးနှစ်ယောက်နှင့် မိန်းကလေး လေးယောက်သာ ရှိသည်။ မိန်းကလေးလေးယောက်မှာ ရီးဆေးရိုး၏ မြစ်နှစ်ယောက်နှင့် ရီးသာဒွန်း၏ မြစ်နှစ်ယောက်။ အဘိုးကြီးနှစ်ယောက်မှာ ရီးဆေးရိုးနှင့် ရီးသာဒွန်း။

ဝတ်ကျောင်းပေါ်မှ မိန်းကလေးတွေ ဆင်းသွားသောအခါ မှောင်ကြီးမည်းကြီးထဲတွင် အဘိုးကြီးနှစ်ယောက်သာ ကျန်ခဲ့သည်။ သူတို့သည် 'ပုတီးပင်ဘုရား' ထီးကို ငုံလျက် ထွက်ပေါ်လာသော လပြည့်ကျော် ၁ ရက် လဝန်းကြီးကို ငေးကြည့်နေမိသဖြင့် မလှုပ်ရှားမိကြ။

အတန်ကြာမှ စတင်လှုပ်ရှားသူမှာ ရီးဆေးရိုး။ သို့သော် စတင်ပြီး အသံထွက်သူမှာ ရီးသာဒွန်း။

"သွားတော့မလို့လားကွ"

"မသွားလို့ ဘာလုပ်ရမှာတုံးဟ"

"လရောင်နဲ့ မြင်မြင်ထင်ထင်မှ ပြန်တော့ ရေနံဆီဖိုး သက်သာတာပေါ့"

သူတို့လည်း လက်နှိပ်ဓာတ်မီး မဆောင်ကြချေ။ ပိန်ရှုံ့ပြီး သံချေး လက်လေးသစ်တက်နေသော မုန့်သေတ္တာပုံးကို အလျားလိုက် တစ်မျက်နှာ ဖွင့်ထားသည့် သံပုံးတွင် ရေနံဆီမီးခွက် ထွန်းလျက် လာခဲ့ကြခြင်း ဖြစ်ပေ၏။

"အေးကွ၊ မင်းပြောသလိုဆိုတော့လည်း အဟုတ်သားပဲ"

"ဒါထက် ဟေ့ကောင်၊ သတိရတုန်း မေးရဦးမယ်၊ မင့်အစ်ကို ကိုထွန်းကား ရှိသေးလား၊ သေပြီလား၊ အခု ဘယ်မှာနေကြတုံး"



"လွန်ခဲ့တဲ့ နှစ်ပေါင်း ၄၀ က စလင်းတောင်ဘက်က လက်မဲ ...မှာဆိုလို့ ငါလိုက်သွားဖူးတယ်။ မန်ကျည်းပင်ပုကို ပြောင်းသွား ...။ ဒါနဲ့ မန်ကျည်းပင်ပုကိုလိုက်သွားတော့ ရေနံချောင်းကို ပြောင်း ...ပြီတဲ့"

"သူ့မိန်းမက အဲ့သည်အရပ်ကထင်တယ်"

"မဟုတ်ဘူးကွ၊ အသိအကျွမ်းပဲရှိတာ၊ ဇာတိက ရှောက်တောရဲ့ ...နာက်နားကကွ"

"နေပါဦး မင့်မရီးနာမည်က ဘယ်သူ၊ နှစ်ပေါင်း လေးငါးဆယ် ...တော့လည်း ရေးရေးပဲမှတ်မိတော့တယ်။ ငြိမ်းတော့ ပါဟန်တူရဲ့"

"မယ်ငြိမ်းစည်ပါကွာ"

"အေး ဟုတ်တယ်၊ ဟုတ်တယ်၊ ချောတယ်နော်"

"ချောတာမဟုတ်ပါဘူးကွာ၊ ကြာများတာပါ။ အမယ် ဒါပေမဲ့ ...အဖေရဲ့အဘိုးကတော့ ပြည်လုံးကျော်က မင်းကြီးဗိုလ်ဥတ္တမရဲ့တပ်က ...်ဆိုပါကွ"

"သူ့အဖေရဲ့အဘိုးဆိုတော့ မယ်ငြိမ်းစည်ရဲ့အဘေးပေါ့။ အေးလေ ...ဘားအရင်းက ရဲရဲတောက်ပေမဲ့ အဘေးတစ်ဝမ်းကွဲတွေ ဘာတွေက ...က်ပြန်ရင်လဲ မြစ်တွေမှာ လာပြီး အဲသည်ဇာတိ ပေါ်သတဲ့ကွ။ ...သင်းကွာ ကျောင်းစုရွာက လှဆောင်ကို ကြည့်ပါလား"

ရီးဆေးရိုးမှာ စကားမထောက်နိုင်။ မျက်လုံးမငြိမ် လူမငြိမ်သော ...းကို မြင်ယောင်လာသောကြောင့်ဖြစ်သည်။

"သူ့အဘေးအရင်း ဗိုလ်ရင်းထောင်က ပြည်လုံးကျော်နားမှာ ...လိပ်တွေ ကြိုးပေးသတ်တာ ခံသွားရပေမဲ့ ဗိုလ်ရင်းထောင်ရဲ့အစ်ကို ...ရင်းသောင်ကတော့ သစ္စာဖောက်ဆိုပဲ"

"မင်းကမှ မှတ်မိသေးတယ်"

"ငါကလည်း အခု ပြောရင်းဆိုရင်းမှ သတိရလာတာပါ။ ကိုရင်းသောင်က မင်းကြီးဗိုလ်ဥတ္တမရဲ့ မွေးစားသား မောင်ကြာညိုနဲ့ ပေါင်းပြီး မင်းကြီး ဘယ်မှာရှိတယ်ဆိုတာ အင်္ဂလိပ်ဆီကို သတင်းပေးတယ် ဆိုပဲကွ"

"အင်း အင်း၊ ဟုတ်ပြီ၊ မယ်ငြိမ်းစည်ရဲ့ အဘေးတစ်ဝမ်းကွဲပေါ့။ ကြည့်စမ်း ငါပြောတာ ဟုတ်နေပါကလား"

ရီးသာဒွန်းက အားတက်သရောပြောခြင်းသည် ရီးဆေးရီးအတွက် သိမ်ငယ်စရာဖြစ်သည်။ အကြောင်းမူ ရမ်းဘိုကုန်းရွာ တောင်ပိုင်းရှိ ဦးဘမုန်၏အိမ်ကို တိုက်ခိုက်လုယက်သော ဓားပြမှုကို ဖော်ထုတ်နိုင်သဖြင့် လက်ထောက် ချသူမှာ မယ်ငြိမ်းစည်ဖြစ်ကြောင်း ဘူးပေါ်သလို ပေါ်ပြီး ရမ်းဘိုကုန်းတစ်လွှား၌ ဟိုးလေးတကျော်ဖြစ်သွားသောကြောင့်ပေတည်း။

နှစ်ပေါင်းငါးဆယ်ပင် ကျော်လွန်ခဲ့ပြီဖြစ်ငြား ရီးဆေးရီးမှာ ယခုထက်တိုင် ရှက်နေဆဲဖြစ်သည်။

"မင့်အစ်ကိုရဲ့မျက်နှာ၊ မင့်မိဘရဲ့မျက်နှာကြောင့် ရွာက သည်းခံ ခဲ့ပါတယ်ကွာ"

"ဒါပေမဲ့ အမှုလိုက် အင်စပက်တော်နဲ့"

ရီးဆေးရီးမှာ ဆက်လက်ပြီး မပြောရဲသဖြင့် တန့်သွား၏။ သွေးမတော် သားမစပ်သော မိန်းမသားတစ်ယောက်ဖြစ်ငြား၊ အစ်ကို့ဇနီး ကိုယ့်မရီးဖြစ်လာသောအခါ 'အစ်မ' ဟု သဘောထားကာ ရိုသေ လေးစားမိသောကြောင့် ပါးစပ်ဖြင့်ပြောရန်ကိုပင် လျှာတွန့်နေခြင်းဖြစ်၏။ သို့တစေ ရီးသာဒွန်းကား ရိပ်မိဟန်မတူ။ သူပြောလိုရာကို လေရှည် ကြီးဖြင့် ဆက်ပြောပြန်၏။



"မင့်အစ်ကိုကတော့ တကယ်အလုပ်လုပ်တဲ့လူပဲ။ ငါတို့ရွာ ပြာနဲ့၊ အနီးအနားရွာတွေမှာကို သူ့မီတဲ့လူ မရှိဘူး။ ဒါပေမဲ့ ကနေ့လို နှ်စက်တွေ အလျှံပယ် ပေါ်နေတဲ့အချိန်ဆိုရင်တော့ တစ်မျိုးပေါ့လေ"

ဤအကြောင်းသို့ ရောက်လာပြန်သောအခါ ရီးဆေးရီးမှာ ယ်ဘဝကို သတိရသည်။ သေပြီလော၊ ရှင်သေးသည်လော မသိရသည့် စ်ကိုရင်း ထွန်းကားကို လွမ်းဆွတ်မိသည်။

ထွန်းကားသည် အမှန်ပင် အလုပ်လုပ်ရန် မွေးဖွားလာရသူ။

*

အချိန်က ဆေးရီးအသက်မှာ ၁၀ နှစ်။ အစ်ကိုထွန်းကား၏အသက်မှာ ၂ နှစ်။ အထွေးဆုံးမယ်မျှင်က ၅ နှစ်သမီး။ သူတို့အဖေ ကိုကျန်ကြီးသည် မယ် စာမမြောက်သော သားနှစ်ယောက်ကို အားကိုးပြီး လယ်တီ ျင်းသည်။ သာဒွန်းဝမြောင်းဖျားရှိ ရောက်တောကို တောတိုးကာ ည်သောလယ်သည် ကောင်း၏။ လယ်က စပါးရသောကြောင့် နို့စား းမတစ်ကောင် ဝယ်နိုင်သည်။ ဝယ်ယူစဉ်က ထိုနွားမမှ ပေါက်သော ားများကို မျှော်လင့်အားထားပြီး ဝယ်ယူခြင်းဖြစ်သည်။ သို့သော် ိုနွားမသည် သားမတင်။

ဟိုမှသည်မှ တံပိုးမှုတ်သံများသည် အရဏ်တက်ကာလ၌ ါလာပြီ။ ပျိုးနုတ်သမားတို့ကိုခေါ်သော ထိုအသံနှင့်ပြိုင်လျက် မောင်း လေးသံလည်း ပေါ်လာပြန်ပြီ။ ကောက်စိုက်သမတို့အား အချက် းသော အသံဖြစ်သည်။ သည်အချိန်မှာ ထွန်ရေးပူသောအချိန်။ မည်သူ့ ည်သူမှ လှည့်မကြည့်အားသောအချိန်။ လယ်ပွဲတိုင်းတွင် ထွန်ရေး င်သံများ ညံနေသည်။ အချိန်မီ ထွန်တုံးပိတ်နိုင်ရေးကလွဲ၍ အခြား ရေးကြီးသောအရာ မရှိ။

ကိုကျန်ကြီး မယ်ကြွယ်စိုးကား မြောင်းဖျားဖြစ်သောကြော
တစ်အိမ်လုံး ပြောင်းလာကြသည်။ ဆူးခက်နှင့် ထန်းရွက်ခြောက် ဆို့ထ
ခဲ့သော အိမ်ကလေးသို့ နှစ်ရက်တစ်ကြိမ် သုံးရက်တစ်ကြိမ် ပြန်ရသူမှ
ဆေးရိုးဖြစ်သည်။ မိုးကောင်းသောက် သုံးဧကလယ်ကလေးကို ရေ
ရေထား ကြည့်ရန် သွားရသူမှာလည်း ဆေးရိုးပင်။ ဆေးရိုးမှာ အမှိ
ကောက်၊ ရေကြည့် တာဝန်သာရှိသည်။ ထွန်တုံးကို မကိုင်ရသေး
သို့သော် မမျှော်လင့်သောနေ့တွင် ဆေးရိုးသည် ထွန်တုံးကိုင်ရ၏
အကောင်းကား မဟုတ်။

ပထမ ကိုကျန်ကြီး ဖျားသည်။ လုပ်ငန်းပူချိန်ကြီးမှာ ဖျား
ပါမည်လောဟု ကိုကျန်ကြီး တောက်တခေါက်ခေါက်ဖြစ်နေချိန်ဝယ
ထွန်းကားသည် နေ့မှန်းမသိ ညဥ့်မှန်းမသိ ထွန်၏။ အဖေဖျားပြီ
နှစ်ရက်အကြာတွင် အလှည့်နွားက ခွာနာလျှာနာ ဖြစ်တော့သည်
ထွန်းကားသည် စိုက်ရက်အပျက်မခံ၊ ရအောင်ထွန်မယ် ကြုံးဝါးက
နို့စားနွားမကို ထွန်တုံးတွင် တပ်သည်။ နွားဖြစ်သည့်နေ့မှစပြီး ထမ်းပိုးနှ
မတွေ့ဖူးသော နွားမမှာ မသွားတတ်မလာတတ် မနေတတ်မထိုင်တတ
ဖြစ်ပြီး ရန်းရသည့်နေရာက အလှည့်နွား၏နေရာမှာ။

"ညီလေး လာဟေ့၊ ထွန်တုံးနောက်ကလိုက်ပြီး မှတ်တိုင်အသစ်
အစပ်မှာစိုက်၊ အဟောင်းကိုနုတ်ပြီး ထွန်သန်ပေါ်မှာ ကန့်လန့်တင်
အဲ ဟုတ်ပြီ၊ မောင်း မောင်း၊ ရိုက်မောင်း"

နို့စားနွားမမှာ တမန်းပြင်ထဲ၌ မသွားတတ်။ ထွန်းကားက
အတင်းဆွဲခေါ်သည်။ နှာတမော့မော့ လျှာတတစ်တစ်ဖြင့် ထွန်ကိုဆွဲ၍
လိုက်ရသည်။ မည်သို့ဖြစ်စေ ထိုင်နေသည်နှင့်စာလျှင် အတန်အသင့်
ပြီးသည်။ သို့သော် သုံးယောက်စိုက်သာသာ တစ်ဧကမဲ့မဲ့ကလေးသာ



တမန်းပြန်ရန် ကျန်ချိန်တွင် အတိုင်နွားပါလဲတော့သည်။ သူလည်း
ခွာနာလျှာနာပင်။

"ဘယ်ရမတုံးကွာ၊ ထွန်းကားတဲ့ဟေ့၊ ညီလေးဆေးရိုး ထကွာ"

ထွန်းကားသည် နို့စားနွားမကို အတိုင်တွင်ထားကာ သူက
အလှည့်နွားနေရာတွင် ဝင်သည်။

"ညီလေး၊ ရိုက်မောင်းဟေ့"

မယ်မျှင်သည် မိသားစု၏ ဘေးကျပ်နံကျပ်အခြေအနေကို
ပျော်စရာဟု ထင်နေသည်။ ထွန်းကား ရုန်းသည်ကို သဘောကျစွာဖြင့်
"ဟိုအလှည့် နွားကြီးက သျှောင်ထုံးကြီးနဲ့တော့" ဟု အော်သည်။
ဤသည်ကို မကြည့်ရက်သော အမေသည် အပြေးအလွှားရောက်လာပြီး
လက်ဝါးစာကျွေးကာ ဆွဲခေါ်သွားလေ၏။

တမန်းပြန်ခြင်းမှာ အဖုအထစ်မရှိချေ။ အိပ်နေသော တမန်းကို
ပြန်ပြီးမွှေခြင်းသာဖြစ်သဖြင့် ထွန်တုံးထွန်သန်နှင့် ထွန်သွား ၄ ချောင်း၏
အလေးချိန်သာရှိသည်။ ကွေ့စရာရှိလျှင် ဆေးရိုးက နွားမ၏ကြိုးကို
တောင့်ပေးရန် မလို။ ထွန်းကား၏တွန်းအားကြောင့် နွားမခမျာ
ကွေ့ပြီးသားဖြစ်သွား၏။ သို့သော် နှစ်စပ်အရတွင် လူကခံနိုင်သော်ငြား
နွားမသည် ရေထဲ၌ ထိုးဝပ်လေ၏။

"သူ့ အမောပြေတော့ ထလိမ့်မယ်၊ မင်းတို့ တက်ခဲ့"

စောင်ခြုံထဲမှ အဖေလှမ်းပြောသောကြောင့် အမြီးလှန်ချိုးခံရမည့်
အဖြစ်မှ နွားမ သက်သာသွား၏။

အမေသည် တမန်းပုပ်နံ့ တထောင်းထောင်းထနေသော မဲမဲသဲသဲ
ပေပေကျံကျံ သားနှစ်ယောက်အား ထမင်းရည်နှစ်ဇလုံဖြင့် ဆီးကြို၏။

"ပင်ပန်းလှပါတယ် သားတို့ရယ်၊ လုပ်မနေပါနဲ့တော့"

မယ်ကြွယ်စိုး၏လေသံမှာ တီးတိုးမျှသာဖြစ်ငြား လူမဲမာ ကြားသွားသည်။

“ဘာပြုလို့မလုပ်ရမှာတုံး၊ ဒါဟာ ယောကျ်ားအလုပ်၊ ငါ့သား တွေဟာ ယောကျ်ား”

“ကျုပ်က မွေးတဲ့အမေရှင့်၊ မကြည့်ရက်ဘူး”

“မကြည့်ရက်ရင် မကြည့်နဲ့အေ၊ ဟော့ လူလေး၊ ဘယ်နှစ်ပ ရပြီလဲကွ”

“နှစ်စပ်အဖေ”

“ပြီးပြီပဲ၊ ထွန်စိတ်တုံးဆွဲမယ်၊ ကြမ်းပေါင်ရိုက်မယ်၊ ခေါင်းလောင်း ထိုးဆို ပြီးပြီပေါ့”

“ဟုတ်ကဲ့ အဖေ”

“ဒါပေါ့ကွ၊ ယောကျ်ားဆို သည်လိုမှပေါ့”

ကိုကျန်ကြီး၏အဖျားအနာသည် သားနှစ်ယောက်၏အားမာန် ကြောင့် ပျောက်ကင်းလုနေပြီ။

ကဆုန်နွေသည် ကုသိနာရုံဘုရားပွဲတော် ဈေးတန်းပေါ်သို့ ဖြန့်ဆင်းနေ၏။ ရေနံချောင်း ချောက်ရှိ ကုန်တိုက်ကြီးများမှပင် လာရောက် ဆိုင်ဖွင့်ရသော ဂေဇက်ဝင်ဘုရားပွဲ။

“အစ်ကိုသွားချင်သွား၊ ငါတော့ ဇရပ်ပေါ်မှာပဲ ထိုင်တော့မယ်”

ဆေးရိုးညွှန်ပြသောဇရပ်မှာ ရွှေကြာရုံဇရပ်ဖြစ်သည်။ ရေတွင်းရော ရေအိုးစင်ပါရှိသည့်အတွက် နားခိုသူများရှိနေသည်။ တစ်နံနက်လုံး လျှောက်ရသောကြောင့် ငထွန်းကားလည်း ခြေသလုံးတောင့်နေပြီ။ စင်စစ်မူ ဇရပ်သို့ ငထွန်းကား မလိုက်လိုသေး။ စောစောက မြင်လိုက် ရသော ပိုးရောချည်ပါ လုံချည်အနီကလေးနှင့် အထက်ဆင့် ဖြန့်ဝတ်



...သာ သနပ်ခါးဖွေးဖွေးရှင် အလှမယ်ကလေးကို တစ်ဖန်ပြန်၍ ...ျင်မြင်ချင်သေးသည်။ မည်သည့်ရွာကနည်း။ မည်သူနည်း။ သို့ပါ ...နှင့် ညီနောက်သို့ လိုက်လာခဲ့ရသည်။ ကိုယ်တိုင်လည်း ပင်ပန်း၊ ...က်နေပြီ မဟုတ်လား။

ဇရပ်၏ စနေထောင့်ရှိ လူပါးရာနေရာသို့ ငထွန်းကား ဦးတည် ...ား ဆေးရိုးမူ ရေအိုးစင်သို့ပြေးပြီ။ ငထွန်းကားသည် ဇရပ်ခါးပန်းကို ...ထောက်ပြီး နောက်ပြန်ခုန်တက်၏။ ဖုန်ခါပြီး ကျောခင်းရန် ...ခင်းမည့်နေရာကို စောင်းကြည့်သည်။ ဖုန်မရှိ။ ပြောင်သန့်နေသည်။ ...” ခနဲ လှဲအချတွင် “အို” ဆိုသော ရှက်ရွံ့သံ။

ငထွန်းကား ပြူးပြူးပျာပျာထသည်။ ဇရပ်အရိပ်သို့ဝင်လာသော ...ပ်ထဲမှ တစ်ယောက်ကို ခြေဖြင့်ကန်မိသဖြင့်ဖြစ်၏။

“ကန်တော့ ကန်တော့၊ ဟင် ဟုတ်ပေါင် မတော်လို့နော်၊ ...က်လို့ပါဗျာ”

“ဗိုက်ကို အောင့်သွားတာပဲ”

ရင်ထဲတွင် အေးသွားသော အသံကလေး။ သို့သော် အသံကြောင့် ...တ်။ မျက်လုံးကလေး ထောင့်ကပ်လျက် ဆော့ကစားသွားသော ...ူးသလို ပြုံးသလို အကြည့်ကြောင့် ဖြစ်သည်။ သည်အကြည့်ကို ...န်းကား၏ရင်ထဲ၌ သိမ်းဆည်းထားခဲ့ရသည်မှာ နံနက်ကတည်းက။ ...တုန်းက ဇရပ်ရိပ်မခိုဘဲ တွေ့လိုတွေ့ငြား လိုက်လံရှာဖွေရန် စိတ်ကူး ...မ်သူမှာ သူကလေးဖြစ်သည်။ ငထွန်းကား ဝမ်းသာလွန်းသဖြင့် ညီကလေး ...ရောက်လာပြီး သူ့ဘေး၌ လဲလျောင်းနေသည်ကို သတိမထားမိ။

သူကလေးတို့မှာ တစ်ကျိုပ်ရှိသည်။ မဒီကလေး ၄ ယောက်နှင့် ...နှးမရွယ် ၃ ယောက်၊ အမယ်အို ၂ ယောက်။ ငထွန်းကားထက် အသက်

အနည်းငယ်ကြီးပုံရသည့် လူရွယ်တစ်ယောက်။ ရေချမ်းစင်တွင် ရေသော ပြီးနောက် သူတို့တစ်တွေ ဝင်ထိုင်သော နေရာမှာ ထွန်းကားနှင့်မဝေးလ သို့ကြောင့် သူကလေး၏အမည် 'မယ်ငြိမ်းစည်' ဟု သိလိုက်ရသည်။ ဆေး နိုးလာသည်အထိ ထွန်းကားသည် ငုတ်တုတ်မှမရွေ့။ ရေတွင်းမှ ဆေး ပြန်လာသည်။ ထွန်းကားမှာ နဲကောမိနေသော ငှက်အဖြစ်မှ မပြောင်

"အမေက စောစောပြန်ခဲ့ပါလို့ မှာလိုက်တယ်လေ အစ်ကိုရဲ

"အေးပါကွာ ပူပါသေးတယ်"

ဆေးရိုးသည် ဟိုကြည့်သည်ကြည့် စူးစမ်းသည်။ ရှင်ငြိမ်းစည် ဝိုင်းကို တွေ့သည်။ ရှင်ငြိမ်းစည်၏ လှပတောက်ရွှဲသောမျက်လုံးကို သ ထားမိသည်။ တန်တော့ သည်လူအုပ်မရွေ့သမျှ ထွန်းကား ထမ မဟုတ်။ သူက သူ့အာရုံနှင့်သူမို့ ထိုင်နေနိုင်သော်ငြား ဆေးရိုး မနေနိုင်

"အစ်ကို ဆာတယ်"

ထွန်းကားသည် ညီကို ငုံ့မကြည့်။ အိတ်ထဲမှ 'ပဲ' စေ့ တစ် ထုတ်ပေးသည်။

"ညောင်ပင်အောက်မှာ မုန့်ပျားသလက်သည် ရှိတယ်ကွ အဲသည်မှာ ဝယ်စားပြီး လျှောက်သွားမနေနဲ့နော်"

ဆေးရိုး မျှော်ကြည့်သည်။ မြေအိုးကင်း သုံးချပ်ဖြင့် အလုပ်များ နေသော မုန့်ပျားသလက်သည်ကို လှမ်းမြင်ရသည်။

"ရွှေတိဂုံဘုရား ကျားတက်တာ ငါးရက်တောင် ကြာ၊ ဖူးချ စရာ သိင်္ဂုတ္တရင်ယယ်နဲ့ ကျိုက်ထီးရိုးဆိုတဲ့ ဆံတော်ရှင်၊ အဆန်းထွ ဘုရား တစ်ပါးပါခင်ဗျာ့"

သစ်သားသေတ္တာတွင် ကြေးအိမ်ကွပ် အပေါက် နှစ်ပေါက် တပ်ထားရာ ကလေးတွေ လူကြီးတွေ အုံနေသည်။ လူကြီးတွေက



ချင်းချင်း လှမ်းလှမ်းပြီး စကားပြောနေကြပုံမှာ တအံ့တသြလေသံ။ ကြေးကွင်းပေါက် ကြည့်သူများ၏ဘေးတွင် ရပ်နေသူက လက်ခတ် း တချွင်ချွင်တီးလျက် သံနေသံထားဖြင့် ရွတ်ဆိုနေသည်။ ထိုသူသည် တ္တာဘေးရှိ အတံကလေးကိုလည်း ဆွဲကာဆွဲကာ ချနေသည်။

"ဘာပါလိမ့်၊ ကြည့်ချင်လိုက်တာ"

ကြည့်ချင်ခြင်းထက် ဆာလောင်ခြင်းက ပိုသောကြောင့် န့်ပျားသလက်သည်ထံ ဆေးရိုး အရောက်ပြေးရ၏။ ဆီတွေရွှဲနေသော န့်ပျားသလက်ကို ကိုက်ကာကိုက်ကာစားရင်း ပိုက်ဆံ သုံးပြားကို ျစ်ကျစ်ပါအောင်ဆုပ်ထားသော ဆေးရိုးသည် 'ဓာတ်ရှင်သေတ္တာ' သို့ ရောက်။ "လာကြနော်၊ လာကြ၊ တောက်တဲ့စကြာ။ အမြီးတစ်ဆ ါင်းနှစ်ဆ ရမယ်" အော်နေသည့် လောင်းကစားဝိုင်းရှေ့တွင် တောင့် ာင့်ကြီး အဖမ်းခံနေရလေ၏။

စက္ကူတစ်ချပ်ပေါ်တွင် စက်ဝိုင်းရေးထားသည်။ မျဉ်းကြောင်း ွလည်း ပါသည်။ စက်ဝိုင်း၏ဗဟိုတွင် တဂျစ်ဂျစ်လည်ပတ်နေသော ာက်တဲ့ရုပ်။ အရုပ်တစ်ကြိမ် ရပ်သွားတိုင်း ကားချပ်ပေါ်မှ ပိုက်ဆံကို ာက်ယူသူလည်း ရှိ၏။ "ဟာကွာ" ဆိုပြီး လက်ဖျားခါသူလည်း ရှိ၏။

"မုဆိုးနဂါး တောင်းပန်ငြား၊ ဘုရားရွှေစက်တော်၊ ဖူးကြ နော်၊ ညာဘက်က ရှိခိုးနေတာက သစ္စဗန္ဓမုဆိုး၊ ဘယ်ဘက်က ါးမကလေးတွေ ခြံရံပြီး ဦးခိုက်နေတာကတော့ သစ္စဗန္ဓနဂါးမင်း ဗျာ့။ မုဆိုးနဂါး တောင်းပန်ငြား ဘုရားရွှေစက်တော် ဖူးကြစို့နော်၊ ျောင်းတော်ရာရယ်က"

လွင်သောအသံနှင့် စည်းသံသည် လွင့်ဝဲလာ၏။ သည်ခဏဝယ် ားရိုး၏ခြေအစုံသည် တောက်တဲ့ဘေးမှ ခွာ၏။

'ကျိုက်ထီးရိုးတဲ့၊ ရွှေတိဂုံတဲ့၊ ကျောင်းတော်ရာတဲ့၊ ဟုတ်တယ်၊ ငါ မဖူးဖူးဘူး'

သုတ်သုတ်လှမ်းလာပြီးမှ အစ်ကို့အား ဆေးရိုး သတိရသည်။ ဇရပ်သို့ လှမ်းကြည့်သည်။ ထွေန်းကား ကျောက်မနုတ်သေး။

"အဘ၊ ကျုပ်လည်း ကြည့်ချင်လို့"

"ကြည့်ချင်ရင် တစ်ပြားပေး"

ခတ်ရှင်သေတ္တာ၏ ကြေးကွင်းစွပ်သည့်အပေါက်တစ်ပေါက်ကို ဖွင့်ပေးသည်။ ကြေးကွင်းပေါက်၏ အတွင်းပိုင်း၌ မှန်ကာထားသည်။ ရွှေတိဂုံဘုရား ကျားတက်ခန်းဟု စာရေးထားသည်။ ရွှေရောင်ဝင်းလျှပ်နေသော စေတီတော်ကြီး အကြီးကြီးပါတကား။

ဆေးရိုး သဘောကျနေစဉ် သူ့ဘေးရှိအပေါက်သို့ ဆေးရိုးအောက်ငယ်သော ကလေးနှစ်ယောက် ရောက်လာသည်။ အပေါက်တစ်ပေါက်ကို နှစ်ယောက် ကြည့်ကြသည်။ အပေါက်နှစ်ပေါက်တွင် လူပြည့်သွားပြီဖြစ်ရကား ခတ်ရှင်သေတ္တာသမားသည် စည်းနှစ်လုံးကို ခတ်လိုက်၊ စည်းနှစ်လုံးဖြင့် သေတ္တာကို ခေါက်လိုက်လုပ်ကာ သံနေသံထားဖြင့် အော်ပါတော့သည်။

"ခတ်ရှင်ကားရယ်က စုံလင်စွာ၊ ဘုရားမြတ်စွာ ဆယ်ဆူဖူးတယ် ထူးတဲ့သမ္မာ၊ ကဲ သည်မျှနဲ့ နိဂုံးတာပါပြီ ခင်ဗျာ"

ပြောပြောဆိုဆို ကြေးကွင်းကို အဖုံးကြီးလာစွပ်သဖြင့် ဆေးရိုးမှာ မချင့်မရဲဖြင့် ထရပ်လိုက်ရသည်။ ချက်ချင်း ထွေန်းကားကို သတိတရ လှမ်းကြည့်သည်။ အစ်ကို ထွေန်းကားမှာ ဆေးရိုးဘက်သို့ ပီပီပြင်ပြင် ကျောပေးနေပြန်ပြီ။ မည်သို့ဖြစ်စေ ဆေးရိုးမှာ အစ်ကို့ထံ ပြန်ရတော့မည်။ တစ်ယောက်တည်းလည်း လျှောက်မလည်ရဲ၊ အဖော်ကွဲသွားသော ခက်ရချည့်။



လူတွေအုံနေသည်။ ဂိုးဂိုးဂေါက်ဂေါက်အသံလည်း ကြားရသည်။ ကိုယ်တစောင်းဖြင့် ဆေးရိုး ဝင်ကြည့်သည်။ ငါး ပုစွန် လိပ်နှင့် ကြက်ကျား ဆင်ရုပ်များရေးထားသော ဖယောင်းပုဆိုးတစ်ချပ်။

"လက်တွေ ရပ်ကြ ရပ်ကြ"

ဖယောင်းပုဆိုး၏ဟိုဘက်ဘေး၌ တင်ပျဉ်ခွေထိုင်နေသော လူကြီးက စက္ကူဘူးကို လက်ညှိုးဖြင့်တောက်ကာ မ လိုက်၏။ အံစာ သုံးလုံး ပေါ်လာသည်။ အံစာ၏ဘေးမှာရော အပေါ်မှာပါ ရောင်စုံအရုပ်ကလေးတွေ။

"ကြက်သုံးကောင်"

ထိုလူကြီးကပင် တစ်ဆက်တည်း အော်သည်။ သူပင်လျှင် ဆင်ရုပ် ကျားရုပ် ငါး ပုစွန် လိပ်ရုပ်များပေါ်ရှိ ပိုက်ဆံများကို ဆွဲယူပြီး ကြက်ရုပ်ပေါ်သို့ ပိုက်ဆံသုံးပြား ပစ်ချသည်။

"လာကြ လာကြ၊ ထိုးကြ၊ ရပ်ကြည့်လို့ အမြတ်မရှိဘူး၊ ထိုးကြည့်မှ အကျိုးရှိမှာ"

ဝိုင်းကြည့်နေသူများအား တစ်ချက်မော့ကြည့်ရာက အဖုံးပြန်ဖုံးသည်။ ဂလောက် ဂလောက် မြည်အောင် သုံးလေးချက်ခေါက်ပြီး ချထားလိုက်သည်။

ဆေးရိုးသည် ဆုပ်ထားသော လက်ကို ဖြေကြည့်သည်။ ချွေးစေးတွေ ရွှဲနေသော ပိုက်ဆံနှစ်ပြား။ ယင်းအနက်မှ တစ်ပြားယူပြီး ကြက်ပေါ်သို့ ချလိုက်သည်။ သူ့နည်းတူပင် ဆင်ပေါ် ငါးပေါ် ပုစွန်ပေါ် သည်ဖြင့် အရုပ် ၆ ရုပ်ပေါ်သို့ တစ်ပြားစီချသူလည်းရှိ၏။ အရုပ်ပေါ် တည့်တည့်မချဘဲ မျဉ်းကြောင်းပေါ်သို့ ချသူလည်း ရှိ၏။

"လက်ရှောင်၊ လက်ရှောင်၊ ပေါက်ကောင် ဖွင့်မယ်"

"ကြက်၊ ပုစွန်၊ လိပ်"

ဆေးရိုးမှာ တစ်ပြား အရော်ရလိုက်သဖြင့် ဝမ်းသာသွားကာ လိပ်ပေါ်သို့ တစ်ပြားပစ်ချသည်။ သည်တစ်ပြားကား အလျော်မရ။ "ပုစွန်နှစ်ကောင် ဆင်ပါခင်ဗျာ" ဆိုကာ စားသွားလေ၏။

"ကျားသေနေတယ်ကွ၊ သည်တစ်ခါ ကျားပေါ်ရမယ်"

ဒလန်ဟူသည်ကို ဆေးရိုး မသိပါ။ သူတစ်ပါးပြောသံကြားသဖြင့် ကျားရုပ်ပေါ်သို့ တစ်ပြားချသည်။ ဆင်သုံးကောင်ပေါ်လာပြီး ဆေးရိုး၏ ပိုက်ဆံတစ်ပြား ပါသွားသည်။

ဆေးရိုး စဉ်းစား၏။ ကြက်သုံးကောင် ပေါ်အပြီးတွင် ကြက်ကို ထိုးရာ ကြက်တစ်ကောင် ပေါ်သဖြင့် အလျော်ရခဲ့၏။ ယခုလည်း ဆင်သုံးကောင်ပေါ်သဖြင့် နောက်အလှည့်တွင် ဆင်တစ်ကောင် မုချ ပါတန်ရာ၏။ သည်အတွေးဖြင့် နောက်ဆုံးလက်ကျန် တစ်ပြားကို ဆင်ပေါ်သို့ ချ၏။

"လက်ရှောင်၊ ပေါက်ကောင်ဖွင့်မယ်"

"ကြက်ကွ"

"ပုစွန်ကွ"

အခြားသူများက မိမိတို့လိုရာကိုအော်သောအခါ ဆေးရိုးလည်း "ဆင်နှစ်ကောင်" ဟု အော်၏။

"အလွန်အစားစိတ်တဲ့ ပုစွန် ငါး လိပ်ပါ ခင်ဗျာ"

ဆေးရိုး၏ ရင်ထဲတွင် ဟာသွား၏။ ခြေတွေလက်တွေ မသယ်ချင်အောင်ဖြစ်လျက် ဇရပ်ကို လှမ်းကြည့်၏။ ငထွန်းကား မရှိတော့ပါ။

"ဆေးရိုးက ကုသိနာရုံဘုရားပွဲမှာ 'ခြောက်ကောင်' နှစ်ပြားဖိုး ရှုံးခဲ့သတဲ့"



ကိုယ့်အလုပ်ကိုသာ ရိုးသားအေးဆေးစွာ လုပ်ကိုင်နေခဲ့သော ...ကုန်းရွာသူရွာသားများအတွက် ခြောက်ကောင် ဟူသော ဝေါဟာရ ...အဆန်းဖြစ်နေ၏။ ထိုထူးဆန်းသော အရာကို ကာလသားပေါက်စ ...ဖြစ် ကောင်ကလေးက အဘယ်ကြောင့် ရှုံးရသနည်းဟု စဉ်းစား၍ ...။ စဉ်းစား၍မရတိုင်း ဆေးရိုးကို လာပြီးမေးကြ၏။ ဆေးရိုးမှာ ...မှုဖြင့် မပြီးသေး၊ ဓာတ်ရှင်သေတ္တာထဲတွင် ရွှေတိဂုံဘုရားနှင့် ...တော၊ ကျိုက်ထီးရိုးတို့ကိုပါ ဖူးခဲ့ရသည်ဆိုသောကြောင့် ကျီးဒန်တို့ ...သာတို့ကြားတွင် အကျော်ဒေးယျ ဖြစ်နေသေး၏။ ထိုကိစ္စသည် ...ရိုးအတွက် တစ်နှစ်စာ ဖူလုံသည်။ တစ်နှစ်အတွင်း ပြော၍မပြီး၊ ...၍ မဆုံးတော့ပေ။

သို့သော် နောက်နှစ် ကုသိနာရုံဘုရားပွဲတော်သို့ကား ငထွန်းကား ... ဆေးရိုးကို မခေါ်တော့ပေ။ ဆေးရိုးကား သူ့အား သူ့အစ်ကိုက ...ခဲ့သည်ကိုလည်း မသိ။ ဘုရားပွဲတော် ကျင်းပ ပြီးစီးသွားသည် ...ည်း မသိလိုက်ပါ။ "ဘုရားပေါ်မှာ ကျားကြီးဟာ နည်းတာမဟုတ်ဘူး၊ ...ပ်ကြီးကလည်း ပြုံနေတာပဲ" ဟူ၍ ပြောမဆုံးချေ။

တစ်နေ့သော်ကား ဆေးရိုးတို့မောင်နှမ ထမင်းပွဲတွင် ကျန်နေ ...စဉ် အိမ်ရှေ့မှ အမေ့အသံပေါ်လာ၏။

"အလိုလေးတော် ကျားသားမိုးကြိုး၊ ငါ့သား အရက်မသောက်ဘဲ ...စောစီးစီး ပြန်လာတယ်"

ပါးစောင်တွင် ကွမ်းသွေးတွေရဲလျက်၊ ခေါင်းပေါင်းတဘက်ကို ...ပေါ်တင်လျက်၊ သျှောင်ကလည်း ပြေအိနေကျ အစ်ကိုငထွန်းကားသည် ...ရုပ်သန့်ရှင်းစွာဖြင့် အဖေ့ရှေ့တွင် ဝင်ထိုင်သည်။

"အဖေ၊ ကျုပ်ကို မိန်းမတောင်းပေးပါ"

"မယ်ကြွယ်စိုးရေ ညည်းသားပါးစပ်က အရက်စော်နံပါတယ်
ညည်းက အချီးမွမ်း စောနေတာပါ"

အမေသည် ပဲကြီးစေ့အခွံများကို ရေထဲမှဆယ်ယူရင်း "အ
မရလို့ ဝမ်းသာအားရ ပြောမိတာပါတော်" ဟု ဆင်ခြေပေး၏။

"ဟုတ်ပါပြီ၊ လာစမ်းပါဦး"

သို့ကြောင့် မယ်ကြွယ်စိုးမှာ လက်ရေစက်လက်ဖြင့် သား
နှင့် လက်တစ်ကမ်းသို့ လာထိုင်ရ၏။

"ညည့်သားက ဆိုင်းမဆင့် ဗုံမဆင့်ဘဲ လာပြောနေတယ်

"ဘာတဲ့တုံး"

"မိန်းမတောင်းပေးရမတဲ့"

"အလိုလေးတော်"

သူ့သား ထွန်းကားသည် ကျွဲပေါက်ကြီးတစ်ကောင်နှယ် ရှိ၏
လယ်တစ်ကေကို သူတစ်ယောက်တည်း ဒိုင်ခံပြီးလုပ်၏။ သို့ပါလျက်
မယ်ကြွယ်စိုးသည် ရင်ကိုဖိ၏။ သားကိုတစ်လှည့်၊ လင်ကိုတစ်လှည့် မျက်
ပြူးကာ ကြည့်နေရင်းက ရင်ကို ဖိနေရုံဖြင့် မပြီးကြောင်း သတိရ၏

"မိန်းကလေးက ဘယ်ကတုံး၊ သူ့မိဘတွေကကော ဘယ်
တဲ့တုံး သားရယ်"

"ရှင်ငြိမ်းစည်တဲ့၊ လှသဗျာ၊ သူတို့နေတာက စိန်တစ်ဆုပ်ရွာ
ရှင်ငြိမ်းစည်ရဲ့မိဘက မင်းကြောင်ဆရာ ဦးရဲတင်၊ ဒေါ်မင်းဘော်တဲ့
မွေးချင်း သုံးယောက်ရှိတယ်"

"မင်းကြောင်ဆရာ ဦးရဲတင်၊ မယ်မင်းဘော်၊ စိန်တစ်ဆုပ်ရွာ

ကိုကျန်ကြီးက မျက်မှောင်ကြုတ်ကာစဉ်းစားရင်း ရေရွတ်၏
သားအမိသားအဖ သုံးယောက်ကြားတွင် တစ်အောင့်မျှ တိတ်ဆိတ်၏



"အဲသည်ရွာကို လူကလေး ရောက်ဖူးသလား"

"ဟုတ်ကဲ့အဖေ"

"ဘာလုပ်ကြသတုံး"

"ပျံကျပဲအဖေ။ လယ်ကူလီလုပ်တယ်၊ ထင်းခွေရောင်းတယ်၊
င်းရွက်ခူးရောင်းတယ်၊ ပျံကျပေါ့။ ရှင်ငြိမ်းစည်ရဲ့အဖေကတော့
တကာ ရွာတကာလည်ပြီး မင်းကြောင်ဆရာလုပ်သဗျ"

"မင်းကြောင်ဆရာဆိုတော့ မင်းပြစ်မင်းဒဏ်က လွတ်မှ လွတ်ပါ့
လား လူလေးရယ်"

သာယာဝတီဂဠုန်ဆရာစံ၏ အရေးတော်ပုံကြီးဝယ် ဂဠုန်
ပ်သားများကို (က) အဆင့် (ခ) အဆင့်သတ်မှတ်ခဲ့ရာ အမှတ်အသားကို
င်ကြောင်ထိုးနည်းဖြင့် ကိုယ်ပေါ်တွင် ရေးမှတ်ခဲ့၏။ ထိုမှတစ်ပါး
ျဆုံးနှင့် သို့ပန်းဂဠုန်အများစု၏ ရင်ဘတ်နှင့် ကျော စသော ကိုယ်ခန္ဓာ
နဲ့တွင် အင်းကွက်တွေ ဂါထာမန္တန်တွေ စမရုပ်တွေ တွေ့ရသည်။
ည်အရာများကိုလည်း ဆေးမင်ကြောင်ထိုးနည်းဖြင့် ထိုးရခြင်းဖြစ်သည်။
ိုလိုနီနယ်ချဲ့အစိုးရသည် ဤသည်ကို အကြောင်းပြု၊ ရမယ်ရှာလျက်
ဆေးမင်ကြောင်ဆရာများကိုပါ သိမ်းကျုံးဖမ်းဆီးသည်။ တိုင်းရင်း
ဆေးဆရာများပါ သိမ်းကျုံးအဖမ်းခံရသည်။ တိုင်းရင်းဆေးဆရာများတွင်
ခေါင်းကိုက် အကြောတက်များ ကုသရာတွင် ဆေးကို တို့ပြီး စုတ်နှင့်
ပေါက်ပြီး ကုသရာ၌ အသုံးပြုသော ခြောက်ခွစုတ်များပါသောကြောင့်
ဖြစ်သည်။ ထို နားစွန်နားဖျားသတင်းများကို အကြောင်းပြုကာ
ယ်ကြွယ်စိုးက 'မင်းကြောင်ဆရာ ဆိုတော့' ဟု ပြောခြင်းဖြစ်သည်။

"မင်းကြောင်ဆရာဟာ သူခိုးမှ ဓားပြမှ မဟုတ်တာဘဲ၊ ဘာပြုလို့
မင်းပြစ်မင်းဒဏ်က မလွတ်ရမှာတုံး"

ကိုကျန်ကြီးကား မင်ကြောင်ဆရာများကို ဝါးလုံးရှည်ဖြင့် သိမ်းရမ်းခြင်းကို မကြိုက်။ မဆီမဆိုင် ဆေးဆရာများအား ခြိမ်းခြောက်သည်ကိုလည်း မကျေနပ်ချေ။ ထို့ကြောင့် သူ့အသံက မာထန်သည်။

"ကျုပ်တို့က သူကြီးအိမ်တောင် မရောက်ဖူးတော့ ရုံးပြင်ကနား တွေသွားနေရမှာ စိုးလို့ပါတော်"

လေသံပျော့ကလေးဖြင့် တောင်းပန်တိုးလျှိုးရာက မယ်ကြွယ်စိုးသည် သားကြီး ငထွန်းကားအား လှည့်မေး၏။

"နင့်လို ငမူးငရူးကို ဘယ်မိန်းမက ကြိုက်မှာတုံး၊ သည်လို ငမူးငရူးကို ကြိုက်တဲ့မိန်းမဟာလဲ မိန်းမကောင်းမဖြစ်နိုင်ဘူး"

"ဟာဗျာ၊ အဲဒါတော့ မဟုတ်ပါဘူးအမေရာ၊ ရှင်ငြိမ်းစည်ဟာ မိန်းမကောင်းပါ အမေရ"

မယ်ကြွယ်စိုး၏ အထက်ပါစကားသည် များစွာတာသွား၏။ အကြောင်းမူ နောက်တစ်နေ့မှစတင်ပြီး ငထွန်းကား အရက်ပြတ်သွားသောကြောင့်ဖြစ်သည်။ သူ အရက်ဆက်သောက်နေလျှင် သူမြတ်နိုးသော ရှင်ငြိမ်းစည်သည် မိန်းမကောင်း မဟုတ်သူ ဟူ၍ အမေ စွဲမှတ်တော့မည်။ ရှင်ငြိမ်းစည်သည် မိကောင်းဖခင်သမီးဖြစ်ကြောင်း ငထွန်းကား ပြသရန်အတွက် အရက်ဖြတ်လိုက်ခြင်းဖြစ်သည်။

"ကလေးတွေလည်း အရွယ်ရောက်လာပြီ၊ သူတို့တစ်တွေ ရပ်ထဲရွာထဲမှာ မျက်နှာမငယ်ရအောင် အိမ်တစ်လုံးတော့ ဆောက်မှပဲ စိတ်ကူးနေပါတယ်၊ သားကြီးက မိန်းမတောင်းပေးပါ ပြောတော့မှပဲ သည်ကောင်တွေ ရှင်မပြုရသေးပါကလား သတိရတယ်"

ငထွန်းကား ပူဆာမှုကြောင့် ထိမ်းမြားမင်္ဂလာပွဲ ဖြစ်ပေါ်မလာသော်ငြား၊ သားရှင်ပြုမင်္ဂလာပွဲကား ရမ်းဘိုကုန်းရွာတွင် ခြိမ့်ခြိမ့်သဲအောင်



ျင်းပနိုင်ခဲ့သည်။ ဦးကျန်ကြီး ဒေါ်ကြွယ်စိုးတို့၏ သားရှင်ပြုအလှူတော် ဂ်လာကား ရမ်းဘိုကုန်းတွင်သာမဟုတ်၊ သည်နားတစ်ဝိုက် ရွာနီး ျုပ်စပ်တွင်ပင် မျက်နှာမငယ်သော အလှူပွဲဖြစ်သည်။

အလှူပွဲဖိတ်ပုံကိုကြည့်။ လက်ဖက်ထုပ်မကမ်း၊ ဗျို့မဟစ်၊ ပုံနှိပ် ာရိုက်ထားသော စာရွက်ကမ်းသည်။ အလှူမင်္ဂလာမဏ္ဍပ် ဆင်ယင်ရန်အတွက် သရက်ချင်ဆရာမုံးနှင့် တပည့် ပရပိုက်တန်း ကိုစိန်မောင်တို့ကို ှားရမ်းသည်။ စပ်ပန်းချီဆရာ၏ အနုပညာ မော်ကြိမ်လုံးဖြင့် ရိုက်ထားသော အလှူမဏ္ဍပ်ကြီးသည် ထန်းရွက်မိုးတဲစင်စစ်က ရွှေနန်းတော်ကြီး ဖြစ်နေသည်။ စိန်ရောင်ရွှေရောင်တဝင်းဝင်း မှန်ရောင်ဖန်ရောင်တလျှပ်လျှပ် ဖြင့်မို့ မယ်ကြွယ်စိုးမှာ သူ့အလှူအတွက် မုဋ္ဌစေတနာ ဖြာဝေမဆုံးလေ။

အလှူကြီးပေးသည်ဆိုသည်မှာ ဤအရာပင်ဖြစ်သည်။

မဏ္ဍပ်ထိုးပြီးပြီဆိုကတည်းက စပါးစည်သည် ဟင်းလင်းပွင့်၏။ အလှူတွင် ကုန်ကျမည့်ဆန်ကို ယခုကတည်းက အသင့်ဖြစ်အောင် စီမံသောအားဖြင့် စပါးထောင်းကြ ဆန်ဖွပ်ကြရပြီ။ မယ်ကြွယ်စိုးရော ဦးကျန်ကြီးပါ စပါးစည်ကို လှည့်မကြည့်နိုင်။ ရပ်ဝေးမိတ်ဆွေများ မကျန်ရအောင် စာရင်းပြုစုရ၊ မိကဆိုင်သော ဆွေမျိုးများ၊ ဘကဆိုင်သော ဆွေမျိုးများ အဖျားအနားကအစ မကျန်ရစ်ရေး စာရင်းပြုစုရသည်ကိုက တစ်ရက်ဖြင့် မပြီး။ နှစ်ရက်ဖြင့် မစုံ။

မဏ္ဍပ်အစပ်ရှိ မီးဖိုမှာ ရေနွေးအိုး အမြဲတည်ထားရ၏။ ရေနွေးအိုးဘေးရှိ မီးဖိုတွင် ထမင်းအိုးတည်သည်။ တစ်ပြည်ဝင်အိုးသည် တစ်ကြိမ်ဖြင့် မပြီး။ အနည်းဆုံး နှစ်ကြိမ်နှင့် ခွက်ဝင်အိုး တစ်လုံးကား တည်ရသည်။ တစ်ရွာလုံးတွင် မီးခိုးထွက်သောအိမ် မရှိ။ ထင်းခုတ်ရန် ထွက်သူများ၊ ရပ်ဝေး ဖိတ်စာအပို့ သွားသူများ၊ ရှင်လောင်းလှည့်ရန်

"တင် တင်ပါ့ဘုရား"

ဦးကျန်ကြီး ထစ်ထစ်ငေါ့ငေါ့ဖြစ်နေသောကြောင့် မယ်ကြွယ်စိုးက ဝင်ရောက်လျှောက်ထား၏။

"ကောင်းတော့ ကောင်းပါတယ်ဘုရား၊ ဒါပေမဲ့"

"ဒါပေမဲ့တွေ ဘာတွေလုပ်မနေနဲ့၊ ရတောင့်ရခဲအခွင့်အရေးဟာ တစ်သက်မှာ နှစ်ခါမလာဘူး။ လိုအပ်တာတွေ ပါတာဝန်ထား၊ နင်တို့သိအောင် လာပြောတာ"

မြင့်မြတ်သော ရဟန်းဘောင်သို့ မိမိတို့သားကြီး တက်ရောက်ခွင့်ရသွားသည့်အတွက် ဦးကျန်ကြီး ဒေါ်ကြွယ်စိုးတို့ အလွန်ဝမ်းမြောက်လှသည်။

"အဲသည်တော့ သန်ဘက်ခါမနက်မှာ ရှင်လောင်းနှစ်ပါးကို [illegible]တော်လေးရုံမကုတ်ဘူး၊ တစ်ပါးက သိမ်ဝင်ရမယ်၊ ဟုတ်ပြီလား"

[illegible]တော်သည် စကားဆုံးလျှင်ဆုံးချင်း ပြန်လည်ကြွမြန်းသွားတော်မူလေ၏။ မဏ္ဍပ်ထဲတွင် အုန်းအုန်းကျွက်ကျွက်ဖြစ်လျက် ကျန်ခဲ့သည်။ ထွန်းကားမှာ သာမဏေလောင်းလျာ ရှင်လောင်းအဖြစ်မှ ရဟန်းလောင်း အဖြစ်သို့ တစ်ခဏချင်း မြင့်တက်သွားသည့်အတွက် ထိုင်ရမည်သို့ ထရမည်သို့ဖြစ်နေစဉ် ဆေးရိုးသည် ချွေးတရွှဲရွှဲဖြစ်နေလျက်က [illegible] ကောက်ဝတ်၏။ ကျိုးဒန်၊ ငွေသောနှင့် အဖော်များကို ရိပ်ခနဲ လှမ်းမြင်လိုက်ရသဖြင့် ဖြစ်ချေသည်။

နေ့စဉ်နေ့တိုင်း မြင်တွေ့နေရသော ကျိုးဒန်သည် စပါးမှော်တွေ ပေကျံနေ၏။ အဆီတဝင်းဝင်း ချွေးတရွှဲရွှဲဖြင့်။ ဆံပင် အပြေပြေ အလျှော့လျှော့ ဖရိုဖရဲရှိနေသဖြင့် ထိပ်ပုတ်လိုက်၊ ဆံပင်ဆွဲလိုက် အမှတ်မဲ့နေခဲ့၏။ ယနေ့ကျိုးဒန်ကား ယမန်နေ့များက ကျိုးဒန်မဟုတ်။ မျက်နှာချေ



လိမ်းထားသည်။ ဆံရစ်ဝိုင်းကို ပန်းခက်ကလေး ခွေပန်လျက် ကျကျနနထုံးနှောင်ထား၏။ စပ်ထဘီကလေးကို အထက်ဆင့်ဖော်လျက် ဝတ်ထားပုံမှာ ယဉ်ကျေးလှသည်။

"ဆီးသီးစားမလား"

ဦးကျန်ကြီးနှင့် မယ်ကြွယ်စိုးတို့ တွတ်ထိုးထိုးဖြင့် အိမ်ပေါ်သို့ တက်သွားကြသဖြင့် ကျိုးဒန်က အနားကပ်လာပြီး မေး၏။ ဆေးရိုး စားလိုသော်ငြား ကျိုးဒန်ကို ကြည့်လိုက်သောအခါ လက်ထဲတွင် ဆုပ်မထား။ အထက်ဆင့်ထဲတွင် ထည့်ပြီး ခါးကြားတွင် လိမ်ထားခြင်းဖြစ်သည်။ သို့အတွက် ဆေးရိုး ခေါင်းခါ၏။

ကျိုးဒန် နှုတ်ခမ်းစူလျက်၊ ခြေဆောင့်ကာ ထွက်ခွာသွားသည်။

"ကြီးကျယ်လိုက်တာ"

*

"ကျွန်တော်တို့ရဲ့ သမ္မာဒိဋ္ဌိ မြန်မာဘုရင်မင်းမြတ်များ ရွှေလက်ထက်တော်မှာဆိုရင် သာသနာပိုင်ဆရာတော်က 'ဒါယကာ ရေမြေ့ရှင်၊ ဤအရပ် ဤဒေသတွင် မိုးခေါင်သောကြောင့် ကောက်ပဲသီးနှံများ ဆွံ့ရှားဆုတ်ယုတ်သည့်အတွက်၊ သို့မဟုတ် ပိုးမွှား ဖျက်ဆီးသောကြောင့် လုပ်ငန်းဆောင်တာများ ဆုတ်ယုတ်သည့်အတွက် အခွန်တော်ကောက်ခံပါက ဆင်းရဲသား ကျွန်တော်မျိုးများအား ညှဉ်းပန်းသကဲ့သို့ ဖြစ်ရာသည်' လို့ မေတ္တာရပ်ခံစာ သွင်းလိုက်ရင် အဲသည့်နယ်မြေမှာ အခွန်တော်လွတ်ငြိမ်းတာပဲ၊ အခုတော့ ဟုတ်ပေါင်ဗျာ"

ဦးကျန်ကြီးမှာ သားအတွက် မိန်းမတောင်းရန် လာရောက်နေပါတကား ဟူသည့် အသိပျောက်ကာ ဝံသာနုတရားပွဲသို့ ရောက်နေသည်ဟု ထင်နေမိ၏။ မကြာမီ ဦးကျန်ကြီးနှင့် ခမည်းခမက်တော်စပ်ရတော့မည့်

ဦးရဲတင်းမှာလည်း သမီး ရှင်ပြုံးစည်၏ကိစ္စကို မေ့ပျောက်နေတော့သည်။

“အခုတော့ ဟုတ်ပေါင်ဗျား၊ သည်ကွင်း သည်ကွင်းတွေဟာ မိုးကျတဲ့အတွက် မျိုးဆုံးပါတယ်ဆိုတာကို သူကြီး မြို့ပိုင်တွေက ဘယ်လောက်ပဲ ထောက်ခံပေစေ၊ အချိန်တန်ရင် မောင်းတဒူဒူနဲ့ အခွန်ကောက်ဖို့ ရောက်လာကာပဲ။ သည့်ကြားထဲမှာ ချစ်တီးက တစ်မှောင့်။ ပိုးဖျက်တာ မိုးခေါင်တာ မသိဘူး၊ စာချုပ်ထဲကအတိုင်း စပါးပေးရမယ်၊ မပေးနိုင်ရင် နွားနဲ့ လှည်းကို သိမ်းတယ်။ မပြေသေးဘူးလား အိမ်ဖျက်ယူတယ်။ မပေးဘူးလား၊ မပေးရင် ချစ်တီးနောက်မှာ ပုလိပ် ပါလာတယ်၊ သေနတ်ကြီးနဲ့”

“ကိုရဲတင်း၊ ရှင် မမှတ်မိသေးဘူးလား၊ မလျှော့သေးဘူးလား”

မယ်မင်းဘော်သည် ခြေဖဝါးကို ကုတ်၍မရ၊ ဆွဲဆိတ်၍ မရသည့်အဆုံးတွင် အော်ကြီးဟစ်ကျယ် ထပြောတော့သည်။

“ဘာမှတ်ရမှာတုံး၊ ဘာလျှော့ရမှာတုံး။ သုပဏ္ဏာက ဂဠုန်ရာဇာ ဆရာစံ ပေါ်ပေါက်လာတာဟာ အဲသည်လို နိုင်ငံ့ထက်စီးနင်း မတရားလုပ်မှုတွေကြောင့် ပေါ်လာတာပဲ၊ ငါပြောတဲ့အထဲမှာ မမှန်တာ တစ်ခုမှ မပါဘူး”

“ဧည့်သည်တွေကိုလည်း အားနာပါဦးရှင်။ အခုလာကြတဲ့ ဧည့်သည်တွေဟာ သားရေးသမီးရေးအတွက် လာကြတာရှင့်”

မယ်မင်းဘော်က အတင်းဖြတ်ပြောသဖြင့် ဦးကျန်ကြီးက ဖြေသိမ့်ပေးသည်။

“ရွာကို မင်ကြောင်ထိုးလာကတည်းက ကိုရဲတင်းနဲ့ သိပြီးသားပါ။ အားနာရမယ့် သူစိမ်းတွေ မဟုတ်ပါဘူး။ သူပြောတာကလည်း ဗဟုသုတရပါတယ်”



“ခမည်းခမက် မတော်ရသေးခင်ကတည်းက ဟော်တို့က တစ်စိတ်တည်း တစ်ဝမ်းတည်း ဖြစ်နေကြမှကိုး”

မယ်မင်းဘော်၏ညည်းတွားသံသည် ဧည့်သည်များအတွက် ဟာဒယရွှင်ဆေးဖြစ်သည်။

“တွေးမိတိုင်း အသည်းနာပြီး၊ ပြောမိတိုင်း ဒေါသထွက်လွန်းလို့ပါဗျာ။ အင်း ကျုပ်ကလည်း ကျုပ်ပါဗျ။ အဲသည်လိုပြောလွန်းလို့ နယ်နှင်လိုက်တာ။ သည်ရွာမှာလည်း ကျုပ် မပြောပါဘူး။ ပြောမိရင် ပါးစပ်ကို ချုပ်လို့ မရတဲ့အတွက်”

ဦးရဲတင်းသည် သူ့အကြောင်းကို သူ ဖော်ပြောပြီးနောက် ဒေါသကို ချုပ်တည်းသည်။ ဧည့်သည်များ၏ လာရင်းအမှုဖြစ်သော မင်္ဂလာကိစ္စကို ပြောသည်။

“ရှိပါစေတော့လေ၊ ဧည့်သည်တွေကို မလေးစားရာများ ကျသွားပြီလားတောင် မသိဘူး။ ကိုင်း ကိုင်း လာရင်းကိစ္စ ပြောကြစို့”

မင်္ဂလာကိစ္စအတွက် ထူးထူးထွေထွေ အကျိတ်အခဲမရှိ။ ဦးရဲတင်းမှာ ထွန်းကား ရဟန်းဝတ်နေခိုက် လေးထပ်ကျောင်းသို့ ရောက်လာစဉ်က ဦးကျန်ကြီးနှင့် ဆုံဖူးသည်။

“ကျုပ်တို့ကတော့ တစ်နယ်တစ်ကျေးက ပြောင်းလာတဲ့ လက်ဖဝါး ခြေဖဝါးသမားတွေပါ။ သမီးအတွက် လက်ဖွဲ့စရာ မရှိဘူးဗျာ”

“ကိစ္စမရှိပါဘူး၊ ကျွန်တော်တို့ကလည်း ရှိလှလို့ မဟုတ်ပါဘူး။ မပြောပလောက်တဲ့ လယ်ကလေး သုံးဧကပဲ လက်ဖွဲ့မှာပါ”

“အခုလို မိသားဖသားပီပီ နှစ်ဖက် လူကြီးစုံရာနဲ့ တောင်းရမ်းတာကို ကျေးဇူးတင်ကယ်ဗျာ၊ ဝမ်းလည်းသာတယ်ဗျာ။ ဘာပြုလို့တုံးဆိုတော့ ကာလမိန်းကလေးတွေဟာ ခိုးရာလိုက်ပြေးနေကြတယ်၊ မိဘ

မျက်နှာ မထောက်၊ ဆွေမျိုးဂုဏ်သိက္ခာကို မငဲ့နဲ့။ ခိုးရာလိုက်မပြေးရင် ယောကျ်ားမရတော့ဘူးများ ထင်နေကြသလားမသိဘူး"

ဤအရာတွင် ဦးကျန်ကြီး ဉာဏ်မမီသောကြောင့် "ခေတ်သဘော ထင်ပါရဲ့ဗျာ" ဟုသာ ဆိုနိုင်၏။

"ကောသလမင်း အိပ်မက် ၁၆ ချက်ထဲမှာ ဘူးသီးခြောက်ကြီးက ရေထဲနစ်ပြီး ကျောက်ဖျာကြီးက ရေပေါ်မှာ ပေါလောပေါ်နေတယ် မဟုတ်လားဗျ။ မျိုးခြား ဘာသာခြား မိစ္ဆာဒိဋ္ဌိတွေ တိုင်းပြည်ကိုလာပြီး အုပ်စိုးနေမှတော့ သူတို့ရဲ့အကျင့်စရိုက်တွေ အမူအယူတွေ လွှမ်းမိုးလာတာပေါ့ဗျာ။ အဲဒီလိုနဲ့ တကတိတတိနဲ့ ငါးပိ ကျီးချီဆိုတာလိုမျိုး မြန်မာတိုင်းရင်းသားတွေရဲ့ ဟိရိဩတ္တပ္ပတရားစောင့်ထိန်းမှုနဲ့ အမျိုးဂုဏ်ဇာတိဂုဏ်တွေ လျော့ပါးကုန်တာဗျ"

"ကိုင်း ကိုင်း၊ ရှင့်မှာလည်း ကုလားဖြူ မကောင်းကြောင်း ပြောနေရရင် ထမင်းမေ့ ဟင်းမေ့ပါ။ ဧည့်သည်တွေကို ထမင်းကျွေးကြစို့"

မယ်မင်းဘော် ဝင်ပြောတော့မှ ဦးကျန်ကြီးတို့လည်း နေကို မော့ကြည့်ရန် သတိရသည်။

"လုပ်မနေပါနဲ့ဗျာ၊ သည်နားနဲ့ သည်နား ဘယ်လောက်ဝေးတာ မှတ်လို့"

ဦးကျန်ကြီး ပြောနေဆဲမှာပင် မယ်မင်းဘော်၏ သားသမီးများက ထမင်းစား စားပွဲခုံများ လိမ့်လာပြီး အငွေ့တထောင်းထောင်းနှင့် ထမင်းတောင်းများ ယူလာကြပြီ။ ဦးရဲတင်းသည် ထမင်း ဤသို့ထည့်၊ ဟင်းကို ဤသို့ထည့်ဟု စီမံဆဲခဏသာ စကားပြတ်သွားပြီး၊ ဧည့်သည်များ ထမင်း စတင်စားသည်နှင့် တစ်ပြိုင်နက်တည်း "ကုလားဖြူအစိုးရ မကောင်းကြောင်း ပြောတယ်ပြောတယ်နဲ့ ကျွန်တော့်ကို စွပ်စွဲမယ့်သာ



စွပ်စွဲတာဗျာ၊ သူ့အဘိုးက ကုလားဖြူသတ်လို့ သေတာဗျ" ဟု အစချီလာ၏။

"ဘယ်လိုသတ်တာတုံး" ဟု ဧည့်သည်တစ်ယောက်က ထောက်သောအခါ မယ်မင်းဘော်က "မင်းကြီးဗိုလ်ဥတ္တမရဲ့တပ်က ဗိုလ် ဖြစ်လို့ပေါ့ရှင်" ဟု ဖြေသည်။

မင်းကြီးဗိုလ်ဥတ္တမကို ဦးကျန်ကြီး ကြားဖူးသည်။ မင်းကြီးဗိုလ်ဥတ္တမမှာ ဗျိုင်းကြီး၊ ဗျိုင်းကလေး၊ မြတောင်ဗိုလ်၊ ကိုရင်ကြီးဗိုလ်တို့နှင့် တစ်ခေတ်တည်း ထခဲ့သူမဟုတ်သလော။

"မင်းကြီးဗိုလ်ဥတ္တမဟာ ကုလားဖြူတွေရဲ့လက်ထဲရောက်နေတဲ့ စလင်းမြို့ကိုတောင် သိမ်းခဲ့သေးတာပဲဗျာ"

"ကျုပ်ဇနီး မယ်မင်းဘော်ရဲ့အဘိုး ဗိုလ်ရင်းထောင်ဆိုတာ စလင်းတိုက်ပွဲမှာ ပါခဲ့တာပေါ့။ ခုနတုန်းကပြောတဲ့ ကုလားဖြူသတ်လို့ သေရတယ် ဆိုတာကတော့ စလင်းကျပြီး မကြာခင်မှာပဲ မင်းကြီးဗိုလ်ဥတ္တမရဲ့ဇာတိ ပြည်လုံးကျော်ရွာဘက်မှာ အင်္ဂလိပ် စစ်ဗာရီတွေနဲ့ တိုက်ပွဲဖြစ်တော့ ဗိုလ်ရင်းထောင် အဖမ်းခံရပြီး စက်တိုင်တင်ပြီး ကြိုးပေးခံခဲ့ရတာကလား"

"တော်ပါတော့ရှင်၊ မပြောပါနဲ့တော့၊ ဘုရားတွေဖြို၊ ဘုန်းကြီးကျောင်းတွေ ဖျက်၊ ရွာတွေ မီးတိုက်တာ အဘွားတို့အပြောနဲ့ကို ကုလားဖြူ အင်္ဂလိပ်ကို ရွံလွန်းလို့။ သူတို့ရှင်ဘုရင်မရဲ့ပုံပါတဲ့ ဒင်္ဂါးတောင် မလွှဲသာလို့ သုံးနေရတာ"

'မယ်မင်းဘော်ကလည်း အလာကြီးပါကလား' ဟု ဦးကျန်ကြီး ကျိတ်ပြီး သဘောကျနေပြား၊ မယ်ကြွယ်စိုး သဘောမကျပေ။ မယ်ကြွယ်စိုး သဘောမတွေ့သူမှာ ဦးရဲတင်း၊ မယ်မင်းဘော် မဟုတ်ပေ။ ရှင်ငြိမ်းစည်

ဖြစ်သည်။ သူ့သား ထွေန်းကားအပါအဝင် ယောက်ျားတွေ၏ရင်ကို လှုပ်ခတ်သော မျက်လုံးရှိသည်။ မယ်ကြွယ်စိုး သဘောမတွေ့သည်မှာလည်း သည်မျက်လုံးဖြစ်သည်။ မယ်ကြွယ်စိုး အလိုရှိသည်မှာ မျက်လွှာချထားသော ဗိုင်းကောင်းကျောက်ဖိ မိန်းမမျိုးသာဖြစ်သည်။ 'သည်မိန်းမကို မယူချင်ပါနဲ့ သားရယ်' ဟု ပြောလိုငြား အမူက လွန်ခဲ့ပြီ။

"ထွန်ရေးပူဟုန်းမှာ နွားနှစ်ကောင် လျှာနာခွာနာဖြစ်နေလို့ ထွန်ထဲကို ထွေန်းကား ဝင်ရုံးသတဲ့"

ဝဲယာညှပ်နေသောလယ်ပွဲများ မရှိသော်ငြား သာဒွန်းဝမြောင်းဖျားရှိ ရောက်ပင်လယ်ပွဲထဲက အဖြစ်အပျက်ကို ရွာနီးချုပ်စပ်က ကြား၏။ ကြားသော သမီးရှင်တိုင်းက ထွေန်းကားကို သဘောကျ၏။ သူတို့အိမ်ရှေ့မှဖြတ်ပြီး ထွေန်းကား ယိုင်ထိုးယိုင်ထိုးနှင့် အမူးလွန်သွားသည်ကို မမြင်ယောင် ဆောင်နေကြ၏။ ရမ်းဘိုကုန်းရွာတစ်ခွင်၌ ဤသို့လျှင် အိမ်သူမရှားသော ထွေန်းကားသည် ရှာရှာဖွေဖွေ မျက်လုံးမကောင်းသော မိန်းမနှင့်မှ ဖူးစာဆုံရလေခြင်း။

သို့သော် မယ်ကြွယ်စိုးသည် မိမိကိုယ်ကို မိမိ ပြန်လည်အပြစ်တင်ပါ၏။ သား၏အိမ်ထောင်ရေးကို ကြိုကြိုတင်တင် မစီမံမိသော မိမိတို့၏အပြစ်သာ ဖြစ်သည်ဟူ၍။

စင်စစ်သော်ကား မယ်ကြွယ်စိုးသည် သားကြီး ထွေန်းကား၏ရှေ့ရေးကို ကြိုတင် စဉ်းစားကား စဉ်းစားဖူး၏။ စဉ်းစားချိန်တုန်းက ထွေန်းကားသည် မူးရူးသက်သက်ဖြစ်၏။ သမီးရှင်က ခြေဖြင့်ကန်ချမည့် အခြေအနေ။ မည်သို့ပင်ဖြစ်စေ မယ်ကြွယ်စိုးသည် ရှင်ငြိမ်းစည်အား ကြံဖန်ရှာဖွေပြီး ကျေးဇူးတင်ပါသည်။ သားကြီး အရက်ပြတ်သွားသည်မှာ ရှင်ငြိမ်းစည်ကြောင့်ဖြစ်သည်။ ထိုသို့ ကြံဖန်ပြီး ကျေးဇူးတင်ရ



စေကာမူ ရှင်ငြိမ်းစည်၏ ဂနာမငြိမ်သော မျက်လုံးချွတ်ယွင်းချက်သည် တစ်ခဏမျှသာ မှေးမှိန်သွား၏။ ယောက္ခမ (မိန်းမသူ) နှင့် ချွေးမတို့ အမိုးတစ်ခုတည်းအောက်တွင် အတူနေရသည်တွင် ပိုမိုဆိုးရွားလာသည်။

ရှင်ငြိမ်းစည်သည် ဆေးရိုးတို့မောင်နှမကို "မောင်လေး၊ မောင်လေး၊ ယောက်မ၊ ယောက်မ" ဟု ပါးစပ်ဖျားမှမချ။ အိမ်တွင်းမှုလုပ်သိမ်းထုပ်သေချာပါသည်။ သို့တစေ သူ့ကိုရှိသေရမည့် မတ်တော်မောင် ဆေးရိုးကို စကားပြောပုံက ကြာမျက်လုံးဖြင့်။

ရပ်သေးနှစ်ပါးသွားတွင် မင်းသားက မင်းသမီး၏အလှကို ဖွင့်ဆိုသံကို မယ်ကြွယ်စိုး တစ်စွန်းတစ်စ မှတ်မိ၏။

'မြင်ရသူ ဖေသက်သာတယ်၊ ရွှေမျက်နှာ ကြည်လွန်းလို့လေး'

သို့ရာတွင် ရမ်းဘိုကုန်းသို့ ဘေ့ျာင်နောက် ဆံထုံးပါလာခဲ့သည်မှာ တစ်နှစ်ပင် မပြည့်သေးသော သူ့ချွေးမမှာ မသိသောယောက်ျားမရှိအောင် ဖော်ရွေလွန်းသည်။ ရပ်သေးနှစ်ပါးသွားထဲကကဲ့သို့ ရွှေမျက်နှာ ကြည်လွန်းသူ မဟုတ်။ ရွှေမျက်နှာ ရွှင်လွန်းသော မိန်းမရွှင်။ ထိုသို့တွေးမိသည့် တစ်ခဏဝယ် မယ်ကြွယ်စိုးသည် သူ့အတွေးကို ချက်ချင်းရပ်ပစ်သည်။

"ချွေးမဟာ သားနဲ့စပ်ရင် သမီးပဲ၊ ငါ သည်လိုမပြောကောင်းဘူး"

ဤသို့ဖြင့် မယ်ကြွယ်စိုးသည် တစ်ဖက်စောင်းနင်း မဖြစ်စေရန် ကြိုးစားသည်။

"မိန်းမဆိုတာ ဣန္ဒြေသိက္ခာရှိရတယ်၊ သူများအထင်သေး ခံရအောင် မနေရဘူး"

သမီးရင်း မယ်မျှင်ကဲ့သို့ စိတ်သွင်းပြီး ဆုံးမသည်။ "ဟုတ်ကဲ့" ဟူ၍သာ ရှင်ငြိမ်းစည် တုံ့ပြန်သည်။ ချက်ချင်းပင် ကြာမျက်လုံးကို ထိန်းသိမ်းသည်။ 'တာ' ကား မရှည်။ ခံလှ တစ်ရက်သာ။

မယ်ကြွယ်စိုးမှာ ဦးကျန်ကြီးအား ဖွင့်ပြီး မတိုင်ပင်ရဲ။ အပြစ်မရှိ အပြစ်ရှာသည်ဟု တစ်ကြိမ် အဆိုခံရဖူးပြီ။

သားကြီး ထွေန်းကားသည် မောင်ဆေးရိုးနှယ် သွယ်သွယ်ပျောင်းပျောင်း မဟုတ်။ မည်းမည်းသည်းသည်း လေးလုံးခြောက်ဖက်ဖြစ်သည်။ အသားအရေမှာလည်း မောင်ဆေးရိုးက လတ်သည်။ ထွေန်းကားမှာ ချစ်တီးလို မည်းမှောင်မနေဘဲ အညာသား ပီသသည်။ သပြေသီး 'ရွှမ်းပြင်း' အလား ညိုမှောင်သည်။ မယ်ငြိမ်းစည်ကား ကိုယ်ပေါက်လက်ရောက် လှ၏။ ရုပ်အဆင်း ချော၏။ မြို့သားကို ရနိုင်သော ရုပ်။ သို့ပါလျက် အိမ်ခြေကလေး သုံးဆယ်မှဲ့မှဲ့သာရှိသော ရမ်းဘိုကုန်းသား 'အသား သပြေရောင်နဲ့ ခွေးဟောင်လှသေး' ကို ယူခြင်းမှာ လယ်နှင့် လှည်း နွား ရှိသောကြောင့်ဖြစ်သည်။ ဤသည်တို့ကို ထွေန်းကား စဉ်းစားမိပါလေစ။ ထွေန်းကားသည် လက်ဖွဲ့ လယ် သုံးဧကကို လုပ်ကိုင်သည်။ မိဘ၏လယ် ၁၅ ဧကကိုလည်း နေ့မှန်းမသိ ညမှန်းမသိ ဦးဆောင်ဦးရွက်ပြုကာ လုပ်ကိုင်သည်။ ညီက အစ်ကို့နောက်လိုက်။ ဖအေက ကန်သင်းပေါ်ရပ်လျက် လက်ညှိုးထိုးရုံသာ။

မယ်ကြွယ်စိုးသည် သားကြီးအား သနားသည်နှင့်အမျှ ချွေးမကို ကြည့်မရဖြစ်လာသည်။ ကြည့်မရခြင်းမှာလည်း မျက်လုံးမကောင်း၍ ဖြစ်သည်။

'ကြာရင် ငါ စိတ်ဆင်းရဲပြီး သေနိုင်တယ်။ ငါ သေရင် ငါ့သမီးလေး ဒုက္ခရောက်တော့မယ်'

မယ်ကြွယ်စိုးသည် အကောင်းဆုံးလမ်းကို ရှာကြည့်ရာ အိမ်ဝိုင်းထဲတွင် အိမ်ကလေးတစ်လုံး ဆောက်လုပ်ပေးခြင်းဖြင့် အိမ်ခွဲရန် နည်းလမ်းကို ရှာဖွေတွေ့ရှိသွားလေ၏။



"ဟော့ကောင်၊ ငါ ကျီးဒန်ကို စာပေးချင်လို့ကွ၊ ရည်းစားစာ ရေးပေးစမ်းကွာ"

သရက်တုံး သိမ့်ခနဲဖြစ်သွားသောကြောင့် လှည့်အကြည့်တွင် မြင်ရသော ငပု။ မြင်လျှင်မြင်ချင်း ပြောချလိုက်သော ငပု၏စကား။ မောင်ဆေးရိုးမှာ လက်ထဲကပုဆိန် လွှတ်ကျခမန်း ထိတ်ခနဲ ခံစားရသည်။

ဘုရားငါးဆူဘက်က သရက်ပင် တစ်ပင် သာဒွန်းဝမြောင်းဟောင်းကို ကန့်လန့်ဖြတ်လျက် ရွာဘက်သို့ လဲကျနေသည်။ လှည်းနှင့် မလွတ်သော ကိုင်းဖျားကိုင်းနားများကို ခုတ်ထွင်ထားလိုက်ကြသည်။ ကျန်သောအကိုင်းများကို တတိတတိဖြင့် ခုတ်ယူကြရာ အိမ်ရှင်မတွေ၊ ကလေးတွေ မခုတ်နိုင်သော အကိုင်းကြီး နှစ်ကိုင်းနှင့် ပင်စည်သာ ကျန်တော့သည်။ သည်အပင်ကြီးကို မောင်ဆေးရိုး မျက်စောင်းခဲနေခဲ့ဘြား အားလပ်ရက် မပေါ်။ ထွန်တုံးပိတ်ပြီးပါလျက် ကုန်းတန်းတွေ ထွန်ရ၊ နွားစာမြောင်း ကြဲရ၊ အစ်ကိုနှင့် မရီးတို့အား စိန်တစ်ဆုပ်သို့ လှည်းမောင်းပို့ရဖြင့် ယနေ့မှသာ သရက်တုံးပေါ်သို့ရောက်တော့သည်။ သရက်တုံး၏အဖျားကို ပုဆိန်ဖြင့် ပေါက်သည်။ ခါယမ်းနေသောကြောင့် ပေါက်အား မရှိ။ ခါးလယ်သို့ဆုတ်ပြီးပေါက်မှ ပေါက်၍ကောင်းသည်။ တစ်တောင်ခန့်ရှိ အကာတွေ လွှားခနဲ လွှားခနဲ ကွာကျသည်။

"မယ်မျှင်ရေ ထင်းလာသယ်ဟော့"

ရွာထဲသို့လှမ်းအော်စဉ်တွင် ရောက်လာသူမှာ ကျီးဒန်ဖြစ်သည်။

"ကိုရင် ကျုပ်ကို ထင်းတစ်ပွေ့လောက်"

ရှင်မီးအကျီဝတ်နေကျ မိကျီးဒန်သည် ယခု ရင်စေ့အကျီဖြင့် ဖြစ်လာပြီ။

"အမယ် ပန်းတွေဘာတွေ ပန်လို့ပါကလား၊ ရည်းစားထားရင် ငါ့ကိုထားနော်"

"ကိုရင်နော် ကိုရင်"

"ဘာကိုရင်လဲ အရင်ကတည်းက ငါပြောထားတာ"

"ဘာပြောထားလို့တုံး၊ ဘာမှမပြောဘဲနဲ့"

"ပြောပါတယ်ဗျာ၊ နင် ကြီးလာရင် ဘယ်သူ့မှမယူရဘူး၊ ငါ့ကိုပဲ ယူရမယ်ဆိုတာလေ"

"ကလေးတုန်းကပြောတာကို အတည်ယူလို့ရမလား"

သူ ဤကဲ့သို့နောက်ပြောင်ကျီစယ်နေသော မိကျီးဒန်အား ကြိုက်သူ ပေါ်လာပြီ။ ရင်တုန်ပန်းတုန်ဖြစ်လျက် ပုဆိန်ကို သစ်တုံးပေါ်တွင် စိုက်ရာ သုံးချက်ပေါက်မှ မြဲသည်။

"နော် ဟော့ကောင်၊ ငါ မရေးတတ်လို့ပါ"

ငပုက သူရပ်နေသည့်ဘေးတွင် လာထိုင်သဖြင့် မောင်ဆေးရိုးလည်း ဝင်ထိုင်ရငြား စိတ် ယောက်ယက်ခတ်နေသည်။

"သူများမဦးခင် ငါက စာပေးထားချင်လို့ပါ"

"ပါးရိုက်လွှတ်လိုက်တော့မှ ကျော်မကောင်း ကြားမကောင်း ဖြစ်နေပါ့မယ် ငပုရာ"

သို့စဉ်တွင် ထင်းသယ်ရန် မယ်မျှင်ရောက်လာသဖြင့် ညောင်ကုန်းရွာဘုရားပွဲအကြောင်းသို့ ရောက်သွားကြ၏။

မယ်မျှင်၏ထင်းစည်းကို ပင့်ပေးပြီးမှ ငပုထံမှ အသံထွက်လာ၏။

"အောင်သွယ်ကတစ်ဆင့် ပေးမှာပေါ့ကွ၊ ကိုယ်တိုင်တော့ ဘယ်ပေးပါ့မလဲ"

"အောင်သွယ် ဟုတ်လား ဘယ်သူတုံး"

"မလှငွေကွာ"



များသောအားဖြင့် သည်အလုပ်ကို အပျိုကြီးတွေသာ ဝါသနာပါကြသည်ဟု မောင်ဆေးရိုး ထင်ခဲ့၏။ ယခု ငပုပြောသော မလှငွေမှာ ကလေးတစ်ယောက်အမေ မုဆိုးမဖြစ်၏။

"ဟော့ကောင်နော်၊ ကျီးဒန်ကိုမရဘဲ မလှငွေနဲ့ ညားနေမှဖြင့်"

"ပါးစပ်ပုပ်ကြီးနဲ့ကွာ၊ နိမိတ်မရှိ နမာမရှိ၊ ဖွဟဲ့"

"ဖွဟဲ့၊ တည့်တည့်လာပါစေ"

ငပု၏လက်သီးသည် မောင်ဆေးရိုး၏နားထင်ဆီသို့ ပြေးလာ၏။ မောင်ဆေးရိုး ရှောင်ပေး၏။ ငပု အားလွန်ကာ သစ်တုံးပေါ်မှ လိမ့်ကျသောအခါ ရိုးရိုးမကျ။ မောင်ဆေးရိုးကို လှမ်းဆွဲသည်။

မောင်ဆေးရိုးနှင့် မောင်ငပုတို့ လက်ခုပ်တစ်ဖောင်အမြင့်မှ လိမ့်ကျချိန်ဝယ် ခံတောင်းတစ်လုံးဆွဲလျက်ရောက်လာသူမှာ မိကျီးဒန်။ 'ထင်းပေါက်' ကောက်ရင်း ရောက်လာသည်။

သရက်တုံးကြီးကို ပုဆိန်ဖြင့် ပေါက်သူများသည် အကာအဖတ်ကြီးများကိုသာ စည်းနှောင် ထမ်းပိုးပြီး ယူသွားကြ၏။ လေးသစ်တစ်ဝါး အစအနကလေးတွေကို ချန်၍ချန်၍ ပစ်ခဲ့ကြ၏။ ဤသည်တို့ကို ခုနက ထင်းတစ်ပွေ့ လာတောင်းစဉ်က မိကျီးဒန် မြင်သွားသည်။ ထို့ကြောင့် ယင်းတို့ကို ကောက်ရန် မိကျီးဒန် ရောက်လာခြင်းဖြစ်သည်။ ငပုမှာ မိကျီးဒန်ကို မကြည့်ရဲသဖြင့် ခိုးကြည့်နေ၏။ မောင်ဆေးရိုးလည်း ရှိုးတိုးရှန့်တန့်ပင်။

"ကိုရင်နော် မကြီးမငယ်နဲ့ တော်တော်ဆော့၊ အမြင့်ကြီးက ခုန်ချလို့ ကျိုးနေဦးမယ်"

"ငါကျိုးလည်း နင် လုပ်မကျွေးရပါဘူး"

"ဘာဆိုင်လို့ လုပ်ကျွေးရမှာတုံး"

"ခုနဟုန်းက ထောင်းဖော်မွှေ့ဆိုပြီး ဘယ်လောက်ယူသွားမှန်း မကြည့်လိုက်မိ[illegible] ယောင်းကြီးနဲ့လာပြန်ပြီ"

"ယင်းပေါက် ကောက်မလို့ပါ ကိုရင်ရဲ့"

ထိုအခါတွင် ငပုသည် အလိုက်သိစွာဖြင့် လေးသစ် တစ်ဝါး ယင်းပေါက်များကို လိုက်လံစုဆောင်းနေသည်။ သည်နည်းဖြင့် မိကျီးဒန်ကို သူ အာပြောင်မည့်ကို မောင်ဆေးရိုး မရှုစိမ့်။

"ခြော် ဒါထက် ကျီးဒန်၊ သည်ကောင်ငပုက နင့်ကိုပေးဖို့ ရှည်းစားစာ ငါ့ကို လာအရေးခိုင်းနေလို့"

"ဟာ ဟေ့ကောင်၊ ဆေးရိုး"

ငပုသည် ယင်းပေါက်ယက်ဟာစ်ဖုတ်ကို မိကျီးဒန်ထံသို့သယ်လာရာ လမ်းတစ်ဝက်တွင် လွှတ်ချပြီး ထွက်ပြေးလေ၏။

မောင်ဆေးရိုးကား 'မှတ်ကရော' ဟု စိတ်ထဲမှ ကြုံးဝါးရင်း [illegible]

"[illegible]"

မိကျီးဒန်မှာလည်း နားထင်နားရင်းမှော ယူမွှူးသွားရာက အရှက်ပြေ မြည်တမ်းမိ၏။

"နောက်တာမဟုတ်ဘူး၊ အဲဒါ တကယ်၊ ဒါကြောင့် သည်ကောင် ပြေးအောင် တမင်ပြောတာ"

"ရှက်စရာကြီး"

"ရှက်မနေနဲ့၊ နင် ဘယ်သူ့မှ မကြိုက်ရဘူး၊ နင့်ကိုကြိုက်တဲ့ အကောင် ငါနဲ့အတွေ့ပဲ"

"တော်" တစ်လုံးသာဆိုနိုင်ပြီး မိကျီးဒန်သည် မျက်ပုံးကြီး ပြူးလျက် တော့ကြည့်နေ၏။



မောင်ဆေးရိုးသည် တစ်ချက်မျှသာ ပြန်ကြည့်ပြီးနောက် သရက်တုံးပေါ်သို့ ပြန်တက်ခဲ့သည်။ သည်ထင်းကို မိမိ မပေါက်သော် အဖေ ပေါက်ရလိမ့်မည်။ မိမိမှာလည်း ယနေ့ တစ်ရက်သာ ထင်း ပေါက်ချိန် ရသည်။ ပေါက်ရုံမှ။

တစ်နေ့လျှင် ၁၄-၅ ကြိမ်မျှ ရေသောက်နေပါလျက် ကိုယ့်အိမ် ရေအိုးစင်က ရေမှုတ်ကို သတိမထားမိ။ တစ်ပါးသူက ရေမှုတ်ကို ချီးမွမ်း သောကြောင့် ကြည့်မိတော့မှ "ဟာ ရေမှုတ်ရိုးက နယားရုပ်ကလေး ပါကလား" အော်မိသည်။ ထိုနည်းလည်းကောင်းပင် မောင်ဆေးရိုးလည်း မိကျီးဒန်ကို ငပု ကြိုက်သည်ဆိုတော့မှ သတိထားမိသည်။ မိကျီးဒန်က လှလာပြီပဲ ဟု သူ အသိအမှတ်ပြုသည်။ အိပ်ပျော်နေခဲ့ဟန်တူသော တွယ်တာစိတ်လည်း လွန့်လူးလာ၏။ သို့ဖြင့် 'နင့်ကို ကြိုက်တဲ့ကောင် ငါနဲ့အတွေ့ပဲ' ကြုံးဝါးမိငြား၊ သည်မျှ ကြီးကျယ်လာလိမ့်မည်ဟု မောင်ဆေးရိုး မထင်မှတ်။

နောက်တစ်နေ့ ဆွမ်းခံဝင်ချိန်တွင် မိကျီးဒန်အမေ မယ်ရွှေအိမ် သည် မယ်ကြွယ်စိုး ထမင်းချက်နေသော မီးဖိုကျင်းအစပ်သို့ လာတိုင်၏။

"ကောင်မ၊ ကျက်ပြီလား၊ အာချက်ဟုံး"

မေးရိုးမေးစဉ် နှုတ်ဆက်စကားဖြစ်သည်။

"သည်အချိန်မှ မကျက်ရင် ဆွမ်းမမီဘဲ ရှိမှာပေါ့အေ၊ 'ဝတ်ခွက်' ကလည်း ရှိသေးတော့ သိုင်းခြောက်နဲ့ ငရုပ်သီးစပ်စပ်ကလေး"

"အမယ် ခိုးခိုးခါးခါး သိုင်းခြောက်တွေကာတွေ ချက်လို့ပါ ကလား၊ ငါတော့ ချဉ်ပေါင်ဖူးနဲ့ ပျောက်ပီးစိမ်းနဲ့ ထောင်းသအေ့"

"အရည်သောက်တော့ ပါမှပေါ့"

"သပြေရွက်ဟင်းချိုပေါ့အေ"

မယ်ရွှေအိမ်သည် အိမ်ပေါ် နောက်ဖေးအရပ်များသို့လှမ်းကြည့်ရင်း မီးဖိုကျင်းပေါ်သို့ ပျံလုကျခြင်းအထိ တိုးကပ်လာ၏။

"ညည့်သား ဆေးရိုးရယ်၊ ငါ့သမီးကို ပြောင်တာလား တကယ်လား မသိဘူး၊ 'နင့်ကိုကြိုက်တဲ့အကောင် ငါနဲ့အတွေ့ပဲ' လို့ပြောတယ်တဲ့ ကောင်မရဲ့"

"ဟဲ့ ညည်းရော ငါရောပဲ ကြားကြားနေတာပဲမဟုတ်လား၊ 'နင်ကြီးရင် ဘယ်သူ့ကိုမှ မယူရဘူး၊ ငါ့ကိုယူရမယ်' ဆိုတာလေ၊ အဲဒါမျိုး ဖြစ်မှာပေါ့အေ"

"ဟဲ့ အခါက ဟိုတုန်းကလေ၊ အခုဟာက နှစ်ယောက်လုံး အရွယ်ရောက်နေကြပြီ ကောင်မရဲ့၊ ပေါ့ပေါ့မနေကြနဲ့"

"နေပါဦး ညည်းသမီးက ငါ့သားနဲ့ ကြိုက်နေတယ် ပြောလို့လား"

"ပြောတော့ မပြောဘူးအေ့၊ ကြိုက်နေကြရင်လဲ သည်လို မအေကို တိုင်မှာမဟုတ်ဘူး"

"ကြိုက်ကြိုက် မကြိုက်ကြိုက် ပေးစားလိုက်ကြရအောင်ပါအေ"

မယ်ရွှေအိမ်သည် မယ်ကြွယ်စိုး၏ဒူးကို လိမ်ဆွဲလိုက်ကာ "ငါ့သမီးက အခုမှ ၁၆ နှစ်ပဲ ရှိသေးတယ်ဟဲ့" ဟု အံကြိတ်ပြီးပြောရာက "ညည့်သားကကော ရှိလှ ၁၈ နှစ်ပေါ့" ဟု အဆုံးသတ်၏။

"ငါကတော့ 'ခတ်သိ နဘတ်ချဉ်' ဖြစ်တဲ့ ညည့်သမီးလို ချွေးမ မျိုးကို လက်လွှတ်သွားမှာစိုးလို့ဟေ့၊ အလေနတော လျှောက်သွားရာက သူတို့ကြိုက်ရာ သူတို့ယူလာတော့ အခု ငါ့သားကြီး ထွန်းကားလို ဖြစ်မှာစိုးလို့"

မယ်ရွှေအိမ် မျက်လုံးပြူးရပြီ။

နောက်ဖေးဘက်ရှိ တဲကုပ်ကလေးသို့လည်း လှမ်းကြည့်၏။



"ထွန်းကားမိန်းမ ဘာဖြစ်လို့တုံး၊ အတော်သ...လှတ်လား"

"မိန်းမတစ်ယောက်ဟာ မီးဖိုချောင် လုံရင် တော်ပြီလို့ ညည်း ထင်သလား"

မယ်ကြွယ်စိုးက မျက်နှာထားကြီးဖြင့် ပြောခြင်းဖြစ်သည်။ မယ်ရွှေအိမ်မှာ ကောက်ကာငင်ကာ မဖြေနိုင်။ မယ်ကြွယ်စိုး၏မျက်နှာကို စိုက်ကြည့်နေမိ၏။

"မိန်းမတစ်ယောက်ဟာ အိမ်မှုကိစ္စ နိုင်နင်းဖို့လိုသလို၊ အနေ အထိုင် တတ်ဖို့လည်း လိုသအေ့"

ထိုအခါတွင်မှ မယ်ရွှေအိမ်မှာ ထွန်းကား၏ဇနီး မယ်ငြိမ်း စည်ကို မြင်အောင် နှလုံးသွင်းကြည့်၏။

"ဩော် ညည်းပြောတာ ငါသဘောပေါက်ပြီ၊ ညည်းချွေးမက တယ်လည်း မျက်လုံးကစားတာပဲ"

"အေးပေါ့ ပြီတီတီ ပရောပရီမျက်လုံးလေ။ အပျိုတုန်းက ဘယ်လိုပဲ နေခဲ့နေခဲ့၊ အိမ်ထောင်ရက်သားကျပြီးတဲ့နောက်မှာ သိက္ခာ ဆည်ရတော့မှာပေါ့"

"သည်တော့ ညည်းသားက မဆုံးမဘူးလား၊ မသွန်သင်ဘူးလား"

"မပြောချင်ပါဘူး အေ၊ ငါ့သားလည်း အဲသလိုပဲပေါ့၊ မယားက ကြာမျက်လုံးနဲ့ကြည့်ပြီး တစ်ချက် 'မှု' လိုက်ရင် နွားပြာကြီး အောက်သွားမရှိ"

သို့တစေ သူတို့၏စကားသည် ဆုံးခန်းမတိုင်ချေ။ "အမေရေ၊ ကျက်ပြီလား" အသံပေးလျက် ဆေးရိုး ရောက်လာသောကြောင့် ဖြစ်၏။ သို့ဖြစ်သောကြောင့် စကားဖြတ်လိုက်ရငြား မယ်ကြွယ်စိုးသည် "အဲဒါကြောင့် ငါကတော့ လက်မလွှတ်ချင်ဘူး" ဟု ကမန်းကတန်း ပြောလိုက်သေး၏။

လိမ္မော်ရောင် နေလုံကြီးသည် ရှားပေါ့ရွာအောင်ရှိ တောအုပ်ပေါ်တွင် မေးတင်ထားခဲ့၏။ [illegible]းချောင်းရေပြင်သည် လိမ္မော်ရောင်ဖြင့် ဝင်းနေ၏။ နေရောင်တွင် နားခိုသော ငှက်များမှသာ ရွှေရောင်တစ်ပြေးညီ လုပကြသည်မဟုတ်ပါ၊ သည်အချိန်တွင် စလင်းချောင်းတွင်းသို့ ဆင်းသက်လာသူများလည်း တစ်ညီတည်း ရွှေရောင်ဝင်းနေကြပေသည်။ ကြက်သွန်ခင်းများအောမှ တငြိမ့်ငြိမ့်စီးသွားသော ရေလျှဉ်စီးကြောင်းကလည်း ရွှေရောင်။ ယုပ်ပြွေးမဆုံး ကြက်သွန်ခင်းကို ကာရံထားသော 'သန်း'ပင် သန်းခက်များသော်မှ ရွှေရောင်လိမ်းနေ၏။ သည်အချိန်မှာ ရမ်းဘိုကုန်းသူတွေ လုပချိန်ဖြစ်သည်၊ ရေခပ်ဆင်းရာသို့ မည်သူမျှ ဖြစ်ကတတ်ဆန်းမလာကြ။ သနပ်ခါးကလေးပွတ်ပြီးမှ၊ ပန်းကလေး ပန်ပြီးမှ ရေခပ်ဆင်းကြသည်။ အပျိုတွေ ရေခပ်ဆင်းချိန်တွင် လူပျိုတွေလည်း ရောက်လာကြသည်။ အချို့က ရေထမ်းသော 'ဆိုင်း' ဖြင့်။ အချို့က ကြက်သွန်ခင်းထဲဝင်ပြီး [illegible]ယောင်။ အချို့သော်ကား ကမ်းပါးစောင်းရှိ [illegible]ကြ၍ ဖြင့် ရှိကြ၏။ ပေနှင့်ပြုလုပ်သောမျော၊ ထွန်းအုံ့ဟုံ့မှာ သုံးယောက်ပေါင်းမှ ပုလွေတစ်ချောင်းသာ ရှိ၏။ အရေးထဲတွင် ပုလွေထဲသို့ တံတွေးဝင်သဖြင့် အသံမထွက်တော့။ ထွန်းအုံ့မှာ ပုလွေကို ခါလည်းခါ၊ ပုဆိုးဖြင့်လည်း သုတ်နေရ၏။

"ဟော့ကောင် မှုတ်ပါဟ၊ ဟိုမှာလာနေကြပြီ"

ကမ်းပါးစောက်ကို ခုတ်ထစ်ထားသော လှေကားထစ်များ အတိုင်း မိန်းကလေး ၄ ယောက် ရေအိုးကိုယ်စီဖြင့် ဆင်းလာကြ၏။ ကျီးဒန်နှင့် မယ်ဖော့၊ ရွှေသစ်၊ ငွေသော့တို့ ဖြစ်ကြ၏။

"ရွှေကျီးညိုလာရင် ဒေါ်သနဲ့ အပြစ်တင်၊ မင့်သခင် ဘယ်မှာ"

"အိုပါဟ လာနေကြပြီ"



ပုလွေသံနှင့် တေးသံမှာ တခြားစီဖြစ်ပြီး [illegible]ကျော်ကာ အားတက်သရော တိုက်တွန်း၏။

"ရေရေလည်လည် ပြောစမ်းပါ ခင့်ရယ်၊ မောင်ယုံကြည်အောင် ပြောစမ်းပါခင်ရယ်၊ ချစ်တယ်ဆိုကာလေး၊ ပြောပြစမ်းပါ ခင်ရယ်"

"ဟုတ်ပေဗျို့"

မြတ်သာကျော်သည် သံကုန်ဟစ် လက်ခုပ်တီးလျက် ဖိုသံပေး၏။ သို့ရာတွင် မိန်းကလေးတွေက စောင်းငဲ့စွာသော်မှ မကြည့်ချေ။

ကြက်သွန်ခင်းများနှင့် ရေစီးကြောင်းများ၏ကြားတွင် ယက်ယက်တွင်းတွေ အစီအရီရှိ၏။ ကျီးဒန်တို့မိန်းကလေးတစ်သိုက်သည် ရေတွင်းတစ်တွင်းကို ဝိုင်းထိုင်သည်။ တွင်းထဲရှိ ရေဟောင်းတွေကို ရေမှုတ်ကိုယ်စီဖြင့် ခပ်ထုတ်ပစ်၏။

"ကောင်မလေး၊ နမ်းကြည့်ကြစမ်း"

ကျောက်စရစ်ခဲများကြားမှ စိမ့်ယိုလာသော ရေကို မှုတ်ဖြင့် ခံယူပြီးမှ နမ်းကြည့်သူက ရွှေသစ်။

"နွားချေးစော် နံတယ်ဟဲ့"

"ကြက်သွန်စော်လည်း ရတယ်"

လေးယောက်သား ပြိုင်ပြောသည်။ ရေအိုးကိုယ်စီ တန်းလန်းဆွဲလျက် ရေစီးကြောင်းကို ဖြတ်ကူးကြသည်။ ရေစီးကြောင်းသည် တစ်ထွာတစ်မိုက်မျှသာ နက်ပြီး၊ ထဘီနားကို ရေမစိုစေရန် သလုံးသားပေါ်ရုံမျှ မကြသည်။ သည်မြင်ကွင်းသည် ကုက္ကိုမြစ်ကြားရှိ ပုလွေတိုသမားများအတွက် ရှုမရဲစရာမြင်ကွင်း ဖြစ်နေတော့သည်။

ကျီးဒန်တို့လူစုသည် သဲကြမ်းရှိသောနေရာကို ရွေးပြီး ရေတွင်းတစ်တွင်း တူးကြသည်။ ရေနောက်တွေကုန်စင်အောင် ပက်ထုတ်ပြီးနောက်

တစိမ့်စိမ့်ထွက်လာသော ရေကြည်ကို တစ်မှုတ်စာရအောင် စောင့်ပြီးမှ ခပ်ထည့်ကြသည်။

ရွှေသစ်သည် ကျီးဒန်ဘက်သို့လှည့်ပြီး တွတ်ထိုးလိုက်၊ ငွေသော့ဘက်သို့ ခေါင်းငဲ့ပြီး တွတ်ထိုးလိုက်ဖြစ်နေ၏။ ကျန်လူများက တစ်ခွန်းတလေသာ ဝင်ပြောကြ၏။ သို့သော် ရေအိုးထဲသို့ ရေတစ်မှုတ်စာရောက်သွားသည့်အခါတိုင်း ရွှေသစ်၏အသံ ပျောက်သွား၏။

ရေအိုးထဲသို့ ရေကျသံသည် ပထမသော် မပီမသမျှသာ။ ထို့နောက် တဖြည်းဖြည်း ကျယ်လောင်လာသည်။ ရေအိုး၏ တစ်ဝက်ကျော်သွားချိန်တွင် ရေကျသံသည် ပတ်သံအလား ကြည်လင်ရာက တဖြည်းဖြည်း တိမ်၍တိမ်၍ သွားတော့သည်။

"ရေကလေး တစ်ပေါက်လောက်"

မယဟ်ယရာ အရက်နံ့ရသောကြောင့် မိန်းကလေးတွေ ဖျတ်ခနဲ လှည့်ကြည့်ရိုက် ထွက်ပေါ်လာသော အသံဖြစ်သည်။

လျှာလေးအေးလေး အသံရှင်ကို မိန်းကလေးတွေ မော့မကြည့်သော်ငြား သိုင်းကွက်နင်းနေသော ခြေလေးချောင်းကို စက်ဆုပ်စွာ ကြည့်နေကြ၏။

"ရေကလေးတစ်ပေါက်လောက် မသဒ္ဒါကြဘူးလား"

"ဟာပါကွာ၊ ချောင်းယဲက ရေလည်း ရေပါပဲ"

ရမ်းဘိုကုန်းရွာသားများ မဟုတ်သည်မှာ သေချာ၏။ ညောင်ကုန်းရှားတော၊ ငှက်ပျောတောမှပင် မဟုတ်။ အသံစိမ်းတွေ။

"အေး ဟုတ်တယ်၊ ချောင်းထဲကရေကို သောက်ရင်လည်း ရေငတ်ပြေတာပဲ၊ ဒါပေမဲ့ ဟောသည် 'စမူကလေး' ရဲ့ လက်နဲ့ပေးတဲ့ ရေကို သောက်ချင်လို့"



ကျေးရွာသူတို့၏လက်လောက်မျှ မကြမ်းတမ်းသော လက်ညှိုးတစ်ချောင်းက ကျီးဒန်၏ပါးမို့မို့ပေါ်သို့ ရောက်လာ၏။ ကျီးဒန်သည် ဆတ်ခနဲပုတ်ချရင်း ထရပ်၏။

"လူကို ဘာမှတ်တုံး၊ ပါးကျိုးသွားချင်သလား"

မွန်မွန်ထူထူဖြင့် တစ်ခွန်းပြောအပြီးတွင် ကျီးဒန်မှာ တဆတ်ဆတ် တုန်နေ၏။ အဖော်များလည်း မင်တက်နေမိပြီးမှ ထရပ်မိကြတော့သည်။

"အမယ် တောသူမက ဆတ်ဆတ်ကြဲပါကလား"

မကောင်းသော ရန့်လိုင်နေသောသူသည် ကျယ်လောင်စွာ ရယ်မော၏။ သည်အဖြစ်အပျက်ကို ကြက်သွန်ခင်းများထဲရှိ လူများက သတိမပြုမိကြ။ ကမ်းပါးစောက် ကုက္ကိုမြစ်များကြားရှိ ပေကို့ပှူးသိုက်က သတိထားမိသည်။ ချက်ချင်းခုန်ချကြသည်။

"ဟော့ကောင်တွေ မပြေးနဲ့"

ပေနှင့် မြတ်သာကျော်၊ ထွန်းအံ့တို့ ပြေးပြေးဆဲဆဲ အော်အော်ဟစ်ဟစ် ပြေးလာကြသည့်အခါကျမှသာ "လာကြပါဦး ဟောသည့်မှာ" ဟူသည့် ငွေသော့၏အော်သံ ပေါ်လာတော့၏။ ကြက်သွန်ခင်း တစ်နံတစ်လျားအတွင်းရှိ လူများမှာလည်း ဤအခါကျမှသာ အခြေအနေကို သတိမူမိကြသည်။ သူတို့တစ်တွေ ခက်ရင်းဆွဲ တူရင်းဆွဲဖြစ်နေကြချိန်တွင် ထွန်းအံ့နှင့် ပေ၊ မြတ်သာကျော်တို့က ရေစီးကြောင်းကို ဖြတ်ကျော်မိကြပြီ။

မြို့သားဖြစ်ဟန်တူသော ငမူးနှစ်ယောက်မှာ တောင်ပြေးရမည်သို့ မြောက်ပြေးရမည်သို့ ဖြစ်နေကြရာက ပြေးပေါက်ပိတ်နေပြီ။

"ဘာလဲ၊ ကိုယ့်လူတို့က ဘာလုပ်ချင်လို့လဲ"

ရေစီးကြောင်းအတွင်း လှော်တက်ဖြင့် ခပ်ပြီး ရေသောက်နေသူက ပြူးတူးပြဲတဲ ဟန်ရှိ၏။

"အဲဒါလုပ်ချင်လို့ဟေ့"

"သူ မဟုတ်ဘူး၊ သူ မဟုတ်ဘူး၊ ဟိုကောင် ဟိုကောင်"

ရွှေသစ်၏အော်သံအဆုံးတွင် ထွက်ပြေးစ ငမူးလည်း ယိုင်ဆင်းသွားလေ၏။ ကြက်သွန်ခင်းများထဲမှ ပြေးလာကြသူများတွင် ရပ်မိရပ်ဖများ ပါဝင်ကြသည်။ ဦးစံအေး၊ ဦးကံမောင်၊ ဦးသောင်း စသည်ဖြင့်။ သို့ကြောင့် ငမူးနှစ်ယောက်မှာ တစ်ချက်စီသာ အရိုက်ခံရ၏။

"မင်းတို့ကြိုက်လို့ သောက်ရင်လည်း ကိုယ့်လမ်းကိုယ် အေးအေးဆေးဆေးသွားကြမှပေါ့"

ဦးစံအေးက လူကြီးပီပီ ဤမျှသာပြောကြား၊ ပေကိုမူ ဝိုင်းဝန်းဆွဲလွှဲနေကြရ၏။

"ရမ်းကိုကုန်းသားအကြောင်းကို ပြပါရစေ၊ လွှတ်ကြစမ်းပါ၊ ဘလဲ့နယ်ကျွန်းငါ မြို့သားဆိုပြီး"

မြို့သားဟန် လူနှစ်ယောက်သည် အမူးပြေသွားဟန်ဖြင့် သုတ်ခြေတင်ကြ၏။ "တာလမ်းကပြန်ရင် အရိုက်ခံရမှာစိုးလို့ ချောင်းရိုးအတိုင်း ပြန်လာကြတာဖြစ်မယ်" ဟု ဦးစံအေးက ထင်မြင်ချက်ပေးသည်။

"ဒါဖြင့်လည်း အေးအေးပြန်ပေါ့ကွာ၊ အခုတော့ မိန်းကလေးတွေကို ထိကပါးရိကပါးနဲ့ သေမှာပေါ့"

"ဟုတ်တယ်၊ ကျုပ်တို့သာ ကြက်သွန်ခင်းထဲရောက်မနေရင် သည်သူငယ်တွေ မသေတောင် သေကောင်ပေါင်းလဲတော့ ဖြစ်မှာ"

ဦးသောင်း မှတ်ချက်ချနေစဉ်၊ ရွာထဲမှ လူတွေ အုပ်ချပြီး ဆင်းလာကြ၏။ ဦးကံမောင် ဦးစံအေးတို့မှာ ယိုလူအုပ်ကို ဆီးဆို့ထိန်းသိမ်း



နေရပြန်၏။ ထိုကိစ္စသည် ဤနေရာတွင်ပင် ဤမျှဖြင့် ပြီးပြတ်သွားသော်ငြား၊ အကြောင်းဆက်ကား ရှည်လျားစွာ ဖြစ်ပေါ်လာခဲ့လေ၏။

အကြောင်းသော်ကား ထိုညနေက လယ်ပြင်သို့ရောက်နေသော ဆေးရိုးက ကျိုးဒန်ကိုယ်အား ပေတို့အား ထန်းရည်တိုက်သောကြောင့်ပေတည်း။

ဆေးရိုးက ထန်းရည်တဲအနီးတွင် သောက်ပွဲစားပွဲ ကျင်းပမည်။ ပဲကြီးလှော် 'တစ်ခါးပိုက်' ယူလာမည်။ ထန်းရည် ငါးမြူ ကြိုတင်မှာထားပြီးပြီ၊ သို့သော် မြတ်သာကျော်က သဘောမတူ။

"တို့ဘာသာ တို့ ဘေးထွက်နေပေမဲ့ အသိက တစ်ယောက်မဟုတ်တစ်ယောက် ရောက်လာမှာပဲကွ။ ပြောချင်တာ လွတ်လွတ်လပ်လပ် မပြောရဘူး"

ထို့အတွက် ဆေးရိုးတို့ အိမ်နောက်ဖေးရှိ ကိုင်းတောထဲသို့ ထန်းရည်အိုးတွေ ကြိုတင်ပို့ထားသည်။ နေဝင်သည်နှင့်တစ်ပြိုင်နက်တည်း ကိုင်းတောထဲတွင် ဆုံကြသည်။

မယ်ကြွယ်စိုးသည် သူ့သားကြီး မူးပုံရူးပုံကိုကြည့်ပြီး သားငယ်ငမူးဖြစ်မလာစေရန် ကြိုတင်နှိုက်ကြွက်ထား၏။ ထို့ကြောင့် ဆေးရိုးမှာ ယခုထက်ထိ မသောက်ရသေး။ မသောက်တတ်သေးသော်ငြား သူ့ရှေ့တွင် ဝေပုံကျ အကြမ်းပန်ကန် ရောက်ရောက်လာသည်။ သူက အီလေးအာလေး လုပ်နေလိုက်၊ ဘေးကလူက ကောက်ယူမော့လိုက်ဖြင့် ဆေးရိုး၏ဝမ်းထဲသို့ ထန်းရည် တစ်ပန်းကန်စာပြည့်အောင် မရောက်သေးချေ။ ထန်းရည်တစ်မြူ ကုန်ခါနီးတွင် ပေ အာရွှင်လာ၏။

"ပကီးလိုက်ရတာ နာသကွာ၊ နောက်စေ့ကို ပင့်လှန်ပြီး ရိုက်လိုက်ရမှ"

"ဟော့ကောင် စကားကို တိုးတိုးပြော၊ အမေကြားလို့ ဆင်းလာရင် ငါကတော့ အပြေးပဲ မောင်"

မယ်ကြွယ်စိုးသည် ဝိုင်းထဲတွင် သူ့သားကို လက်ပူးလက်ကြပ် မမိငြား၊ ကျန်ခဲ့သူတွေကို သိမ်းကျုံးပြီး မဆဲဆို မရိုက်နှက်ပါဟု အာမ မခံနိုင်ပေ။ သို့အတွက် ငပု၏ ဖွာလောင်ဖွာလောင်အသံကြီးသည် နိမ့်ဆင်းသွား၏။

"မြို့သား ငမူးက ကျီးဒန်ရဲ့ပါးကို တို့သတဲ့ ဆိုတာလည်း ကြားရော၊ စိတ်ထဲမှ 'ဖျင်း' ခနဲ ဖြစ်သွားသကွ၊ ဒါပေမဲ့ သည်ကောင်မ ငါ့ကိုမှ မကြိုက်ကာ ကို့ပစေ့ဆိုပြီး ပြန်ထိုင်ချင်ပေမဲ့ 'ငါတို့ ရမ်းဘိုကုန်း ရွာသူပါကလား၊ ရမ်းဘိုကုန်းဟာ ငါတို့ရွာ' ဆိုတဲ့ စိတ်လည်းဝင်လာရော ကုက္ကိုမြစ်ကြားက ခုန်ချတော့တာပဲဟော့"

ဆေးရိုး လက်လွတ်သွားသော ညနေက ပွဲကြီးပွဲကောင်းကို ထွန်းအုံ့က စားမြုံ့ပြန်နေခြင်းဖြစ်သည်။

"တူလိုက်လေ အကောင်ရာ"

မြတ်သာကျော်က ပေါင်ကိုပုတ်ပြီး ထောက်ခံ၏။ "ဒါပေမဲ့" ဟူ၍လည်း စကားဆက်ရန် ပျိုးသေး၏။

"ဒါပေမဲ့ ခွေးတွေတောင်မှ ကိုယ့်ဝိုင်းကခွေးကို တခြားအပိုင်းက ခွေးစိမ်း လာကိုက်ရင် ဝိုင်းကိုက်ကြတာကွ။ ဝင်ကိုက်နိုင်လောက်အောင် အကောင်မကြီးသေးတဲ့ ခွေးကလေးတွေက ဟောင်တယ်။ အဲ တို့က လူ။ ခွေးလောက်မှ ညီညွတ်စိတ်မရှိရင် ခွေးအောက် ရောက်သွားတော့မှာပေါ့"

"ဒါပေါ့ ဒါပေါ့၊ ရမ်းဘိုကုန်းကလူကို စော်ကားတာဟာ ရမ်းဘိုကုန်းရွာကို စော်ကားတာပဲကွ။ ကိုယ့်ရွာကို စော်ကားတာတော့ ကြောင်တောင်ကြည့်မနေနိုင်ဘူးမောင့်"



မြတ်သာကျော်နှင့် ထွန်းအုံ့၊ ငပုတို့ ပလုတ်ပလောင်းပြောနေရာသို့ ဆေးရိုး ဝင်ပြောနိုင်သည်မှာ "ငါမရှိတာ နာသကွာ" ဟူ၍သာဖြစ်၏။

"အေး ဒါပေမဲ့"

မြတ်သာကျော်က စကားစလိုက်သဖြင့် ကျန်လူများက စိတ်ဝင်တစား နားစွင့်ကြ၏။ လရောင်ဟပ်သော အဆီပြန်မျက်နှာကြီးကို ဝိုင်းဝန်းပြီး ကြည့်နေကြ၏။

"အနောက်ဖျားက ဘချုပ်ကြက်သွန်ခင်း"

"ဘယ်က ဘချုပ်ရမှာတုံး၊ လင်းပင်စုကပါကွာ၊ ဘယ်သူတဲ့ သူ့နာမည် ပါးစပ်ဖျားတွင်ပါကွာ"

"ထားပါကွာ အနောက်ဖျားက ကြက်သွန်ခင်း ဘာဖြစ်သတုံး"

မြတ်သာကျော်နှင့် ထွန်းအုံ့၏အခက်အခဲကို ဆေးရိုးက ဝင်ရောက်ပြီး ဖြတ်ပေး၏။ မြတ်သာကျော်က သူ့စကားကို "နှစ်ယောက်ကတော့ ရမ်းဘိုကုန်းသားဖြစ်ပါလျက်နဲ့ ပြေးမလာဘူးကွ" ဟုဆက်၏။

"ဟော ဘယ်သူတွေတုံး"

ဆေးရိုးအပါအဝင် သုံးယောက်သား၏ အလောတကြီး မေးသံ။

"ကြွက်နဲ့ တင်မောင်လေ၊ ကြက်သွန်ခင်းခရိုးကို ခိုပြီး ချောင်းကြည့်နေကြပါရောလား"

စကားဝိုင်း တိတ်သွားသည်။ ထန်းရည်မျိုချသံ 'ဂွပ်' ခနဲ ပေါ်လာ၏။ သည်တစ်အောင့်မျှကြာမှ "လုပ်လေကွာ၊ မင့်အလှည့်" ဟူသည့်အသံ ခပ်အုပ်အုပ်ပေါ်လာ၏။

ငွေလဝန်းသည် မပြည့်ဝိုင်းသေးငြား ရွန်းရွန်းလက်လက် သာနေသည်။ လေးထပ်ကျောင်း ထန်းတောဆီမှ ဓိးကွက်တစ်ကောင်၏ ဒေါသတကြီးအော်သံ ပေါ်လာသည်။ ဆေးရိုးတို့အိမ်ဝိုင်း၏နောက်ဖေးဘက်

ရာဟုထောင့်ရှိ ထွေန်းကားတို့၏တဲကလေးမှာ လရောင်အောက်၌ ငြိမ်ဝပ်နေသည်။ ဓိးကွက်မြည်သံအစဲတွင် ချောင်းကမ်းပါးလှေကားထစ်ထိပ်သို့ လူတစ်ယောက် ကုန်းကုန်းကွကွဖြင့် ရောက်လာသည်။ ထန်းရည်ကို အာစွတ်ရုံမျှ ပါးစပ်နံ့ရုံမျှသာသောက်သော ဆေးရိုးက ဤအခြင်းအရာကို ကောင်းစွာမြင်သည်။ သူ့အစ်ကို ထွေန်းကား ချောင်းဟိုဘက်ရွာများမှပြန်လာလျှင်လည်း ယခုနယ် ပုန်းလျှိုးဝှက်လျှိုး ချဉ်းကပ်မလာရာ။ သို့ဆိုလျှင် သူခိုးလော။ သူခိုးဆိုလျှင်လည်း နွားသူခိုးဖြစ်ဖို့များသည်။ သို့သော် နွားသူခိုးသည် တစ်ယောက်တည်း မလာတတ်။

ကိုယောက်ျားစရာ မည်းမည်းပို ပမြားသူမတွေ့ မြင်သလောဟု ဆေးရိုး အကဲခတ်သည်။ မြင်ကာနဲ့မတူ။ သာတိကားသူမရှိချေ။ သို့ကြောင့် ဆေးရိုးလည်း ပုဆိုးကို မလျှော၊ ဟုယောင်ယောင် ယည်ဖယောင်ယောင် ထွက်လာပြီး ကမ်းပါးအခြေကို ကပ်လာသည်။ စောက်မတ်သည့်နေရာကများသောကြောင့် ဆေးရိုးမှာ တက်စရာ ရတ်တရက် မတွေ့။ ကုပ်ချောင်းကုပ်ချောင်း လူတက်သည့် ရေစပ် လှေကားအတိုင်း အပြေးတက်သည်။ ပဒိုင်းချုံထဲ ပြေးဝင်သည်။ တဲတံစက်မြိတ်အောက်မှ မည်းမည်းသဏ္ဍာန်တစ်ခု ထွက်လာသည်။ အမျိုးသမီးတစ်ယောက်၏သွင်ပြင်ဖြစ်သောကြောင့် သူ့မရီး ဟူ၍သာ ဆေးရိုး ယူမှတ်လိုက်သည်။

ဆေးရိုး မြင်လိုက်ရသည်မှာ ဤမျှသာဖြစ်သည်။ ပထမ အမျိုးသားတစ်ယောက်ဟုထင်ရသော မည်းမည်းသဏ္ဍာန်သည် ရဲရဲတင်းတင်း မရှိသော ဟန်ပန်ဖြင့် ဝင်သွားသည်။ ဒုတိယ သူ့မရီးဟုထင်ရသော မည်းမည်းသဏ္ဍာန်သည် တဲထဲမှ ထွက်လာ၏။ ထိုနှစ်ယောက်ဆက်စပ်မှု ရှိသလော၊ ပတ်သက်မှု မရှိသော တိုက်ဆိုင်မှုလော၊ ဆေးရိုး မသိပါ။ ထပ်မံပြီး စလယ်ဝင်အိုး တစ်လုံးချက်ကြာမျှ စောင့်ကြည့်



သေးသည်။ ထူးထူးခြားခြားလှုပ်ရှားမှုလည်း မပေါ်လာ။ နောက်ကြောင်းလည်း မအေးသေးသဖြင့် ဆေးရိုး ပြန်ဆင်းခဲ့ရ၏။

စင်စစ်အားဖြင့် မယ်ငြိမ်းစည်အား သင်္ကာယန မကင်းစရာကို ဆေးရိုးတစ်ယောက်သာ သိသည်မဟုတ်။ အခြေလည်း သိပုံရသည်။ သို့တစေ မယ်ကြွယ်စိုးလည်း ရိပ်ဖမ်းသံဖမ်းမျှသာ သိဟန်တူ၏။ ကွက်ကွက်ကွင်းကွင်း သိလျှင်မြင်လျှင် သည်လေသံ ထွက်မည်မထင်။

"မြတ်စွာဘုရားအလောင်းတော် နေမိမင်းကို မာတလိ နတ်သားက ငရဲပြည်ကိုလိုက်ပြတော့ ခါး ကျောက်ဆောင်ကြီးနဲ့အကြိတ်ခံနေရတဲ့ ငရဲသူတစ်ယောက်ကိုမြင်လို့ ဘာကြောင့်သည်လိုခံရတာတုံး မေးတဲ့အခါ 'မှန်လှပါ အရှင်မင်းကြီး၊ လူ့ဘဝမှာ သယောက် လင်မြှောင်ထားခဲ့သူတွေ ခံရတဲ့ ငရဲပါဘုရား' လို့ ပြန်လျှောက်သတဲ့ သိပ်ကြောက်ဖို့ကောင်းတာ"

သမီး မယ်မျှင်အား ဆုံးမလေဟန်ဖြင့် ချွေးမကြားအောင် အသံမြှင့်လျက်ပြောသော မယ်ကြွယ်စိုးအသံ။

"အင်း မျောက်မွေးတဲ့မိန်းမများ သေမှ ငရဲခံရတာ မဟုတ်ပါဘူးလေ။ အခုဘဝမှာလည်း လူတကာအထင်သေးခံရ၊ လူတောမတိုး သူတောမတိုးနဲ့ ရှက်စရာပါ"

ဆေးရိုးသည် ဘုန်းကြီးကျောင်းမှ ဇာတ်ကြီးဆယ်ဘွဲ့ မသင်ရမီ ထွက်ခဲ့ရသောကြောင့် အမေပြောသော ငရဲခန်းသည် လွဲချော်သလော မှန်သလော မသိပါ။ မသိသော်ငြား မရီးကို သံသယဝင်သည်။ သံသယစိတ် အခံရှိထားသဖြင့် အမေ့စကားသည် မရီးကို စောင်းမြောင်း သတိပေးသည်ချည်း ထင်မှတ်နေလေ၏။

ရမ်းဘိုကုန်း ရွာသူရွာသားများသည် ရွာတောင်ပိုင်း၌ ဦးဘမှန်၏ အိမ်ကြီး တည်ရှိနေသည့်အတွက် လွန်စွာဂုဏ်ယူသည်။ ဦးဘမှန်ရဲ့

အိမ်ကြီးကိုလည်း မြင်ဖူးကယ်ရှိအောင်၊ လမ်းကြုံတဲ့အခါ ဝင်ခဲ့ပါလားဟု ဝင့်ဝါစရာမရှိ ကြုံဖန်ပြီး ဝင့်ဝါကြသည်။

မယ်ငြိမ်းစည်မှာလည်း ယခု သည်အိမ်ကြီးနှင့် သုံးအိမ်ကျော်ရှိ မြေကွက်သို့ ပြောင်းရမည်ဖြစ်သောကြောင့် ရွှင်နေ၏။ သို့သော် မယ်ကြွယ်စိုးနှင့် သား ထွန်းကားမူ မရွှင်။ အဘယ်မှာ ရွှင်ပါမည်နည်း။ အမေပြောပုံကို ကြည့်။

"ကောင်းပါ့တော်၊ ကောင်းပါ့၊ မိဘပြော တစ်လ၊ မယားပြော တစ်ည ဆိုသမှတ်လား။ မယားက 'ပလပ်တတ်တတ်ညပ်တတ်တတ်' ပြောလိုက်တာ၊ ယမ်းပါတော့နည်း ဓိဘရင်ကို စုံကန်တော့တာပဲ"

အမေ မယ်ကြွယ်စိုး ပြောမည့်သာ ပြောရသည်။ စိတ်ထဲတွင် သဘောကျနေသည်။ အမေ ဆင်းလာပြီး ရိုက်မည်ဆိုးသောကြောင့် ကျိတ်ပြီး ရန်ဖြစ်နေသံကို မကြာခဏကြားရသည်။ "လင်နဲ့ မယား ကြိုင်ကြိုင်နာနာ ရယ်ရယ်ပြုံးပြုံးမရှိရင် စီးပွားမဖြစ်ဘူးတဲ့" ဟု အမေ ပြောသော်ငြား 'ပြော' သာ ဖြစ်သည်။ ကျိတ်ပြီးရန်ဖြစ်မှုကား ရပ်စဲ မသွားပေ။ အကယ်၍ ထွန်းကားလင်မယား ရွှေ့ပြောင်းသွားကြပါက နားချမ်းသာပြီ၊ စိတ်ချမ်းသာရာ၏ဟု ဒေါ်ကြွယ်စိုး မှတ်ထင်ခဲ့စေကာမူ အမှန် ပြောင်းတော့မည်ပြင်ဆင်သောအခါ ရင်ထဲ၌ ဟာနေ၏။

"ဒါပေ့လေ သည်မှာကော့ ယောက္ခမတွေကို ကြောက်ရ၊ မတ်နဲ့ ယောက်မကို အားနာရ မှတ်လား။ တောင်ပိုင်းကိုပြောင်းသွားတော့ ခေါင်းထဲက မြင်းကို လွှတ်လိုက်သလို"

ဒေါ်ကြွယ်စိုးသည် မြင်းတစ်ကောင်ဟီသည့်အသံဖြင့် ဟီပြ လိုက်သေးသည်။ မယ်မျှင်မှာ မရယ်ဘဲမနေနိုင်။ ပါးစပ်ကို လက်ဝါး အုပ်လျက် ချောင်းစပ်သို့ပြေးကာ ဟားတိုက်ရယ်မောရသည်။



"လမ်းခေါ် ပျော်မှည့် ဆိုတာ ဒါမျိုးပေါ့။ ငါ့သား ငနံ့ငအခများ ပွဲအသွားကောင်းလို့ မိန်းမလည်နဲ့တွေ့လာတာ၊ ဆေးခတ်ပြီး ဖမ်းသလား၊ တံစူးဝါးနဲ့လုပ်တဲ့ လေးကိုပဲ အတင်အချ လုပ်သလားမှ မသိတာ"

အမေ၏သည်အပြောသည် ထွန်းကားအား ပိုနှိပ်စက် နေသည်။ အိမ်ဆောက်ရာသို့လာပြီး 'အဲ' သူများ တဟီးဟီးတဟားဟား ဖြစ်နေငြား ထွန်းကား မရွှင်ပြချေ။ မတတ်သာစွာ ခေါင်းညိတ် ခေါင်းခါ ပြုံးပြရငြား၊ အပြုံးသေကြီးဖြင့်။ အမှန်မှာ ထွန်းကား မရွှေ့ချင်။ မိဘ အရိပ်ကို ခိုနေရသဖြင့် လုံခြုံသည်ထင်၏။ "အမေရေ၊ ငါးပိ တစ်ခါ ခတ်လောက်၊ အမေရေ ကြက်သွန်ကလေး တစ်ဥလောက်" ဟု လေချို ကလေးဖြင့် ပြောကာပြောကာ နိုက်၍ ရနိုင်သည်။

မယ်ငြိမ်းစည်တွင် ကလေးရှိနေပြီ။ "ရှက်သောကြောင့် မည်သူ ကိုမျှ မပြောပါနှင့်" ဟု မယ်ငြိမ်းစည်က တောင်းပန်ထားသဖြင့် မိဘကိုပင် အသိမပေးရသေး။ မည်သို့ဖြစ်စေ ကိုယ့်တွင် ကလေးမွေးငယ်ရှိနေပါက ကိုယ်ပူသည်ကအစ 'အမေရေ' အစ ချီကာ မေးမြန်းနိုင်၏။ မိဘက တခြား၊ ကိုယ်က တခြား နေရသောအခါ အိမ်နီးချင်းသာရှိသည်။ အိမ်နီးချင်း ဆိုရာ၌ ကိုယ့်ထက် သိဦးမှ။ ထို့ပြင် စိတ်ကောင်းရှိဦးမှ။ သို့ဖြစ်၍ မိဘ အရိပ်မှ ထွန်းကား မခွာချင်။ မခွာချင်သော်ငြား မယ်ငြိမ်းစည်က အနေအထိုင်မတတ်။ အမေ့ပါးစပ်နှင့် တစ်နေ့မဟုတ် တစ်နေ့ တွေ့ တော့မည်။ ယောက္ခမနှင့် ချွေးမ မခေါ်နိုင်မပြောနိုင်ဖြစ်မှ ပြောင်းရသည့် အနေသို့ ထွန်းကား အရောက်မခံနိုင်။ ဆေးရိုးသည်ပင် ဟီလာတိုက် နေသော မရီးကို ကြည့်၍မရ။ ကြည့်၍မရခြင်းမှာ အစ်ကိုနှင့် ဖီလာ ဖြစ်နေသော်ကြောင့်ပင်။ မရီး မြူးသည်နှင့်အမျှ အစ်ကို ထွန်းကား သည် မည်သည့်အတွက်ကြောင့် မမြူးရသနည်း။

အိမ်ကလေးသည် လူတစ်ကျိပ် အဲသောကြောင့် တစ်နံနက်ဖြင့် အကောင်အထည်ပေါ်လာသည်။ တွင်းတူး တိုင်ထူရန် ကြိုးစားသူ ကြိုးစားနေချိန်ကတည်းက ဝါးခွဲကာ ထရံရက်နေသူက ရက်နေခဲ့ကြသည်။ ခေါင်တန်း ချုပ်တန်း ရိုက်ပြီးချိန်၊ အခြင်တန်း ချသူက ချနေချိန်တွင် ဇလီသပ်ချထားသော ထရံများက သူ့နေရာနှင့်သူ ကာနေကြပြီ။ သို့အတွက် အမိုးကို သက်ကယ်မိုးပြီးချိန်တွင် ဆင့်ဝါးစီပြီး ဝါးကြမ်းခင်းပြီး ဖြစ်သွားတော့သည်။

ကျန်လူများ ချောင်းထဲပြေးပြီး ရေချိုးသော်ငြား ဆေးရိုး မချိုးနိုင်သေး။ ခေါင်းနဲ့မလွတ်သော သက်ကယ် တံစက်မြိတ်များကို စုစည်းတန်သည်ကို စည်း၊ ဖြတ်တန်သည်ကို ဖြတ်သည်။ ထွေန်းကားကလည်း တံစက်မြိတ်အောက်တွင် မြောင်းရာ ပေးနေသည်။

"အစ်ကို နေမကောင်းဘူးလား"

"ကောင်းပါတယ်ကွာ"

"ကောင်းတယ်သာ ဆိုတယ်"

ဆေးရိုးသည် စကားဆက်ရန် ဘေးဘီသို့ ကြည့်သည်။ မရီး လာနေသဖြင့် စကားမဆက်ဖြစ်။

"မောင်လေးရေ 'ဗျပ်ခွက်' နှစ်ခွက်လောက် ငှားပေးပါဦး"

ဆေးရိုး စိတ်တိုသွားသည်။ 'ခင်ဗျား တစ်နေ့လုံး ဘာလုပ်နေတာတုံး' ဟု အော်ငေါက်ပစ်ချင်စိတ် ပေါ်လာသည်။ သို့သော် ဆေးရိုးအစား ထွေန်းကားက ငေါက်သည်။

"ထမင်းကျွေးဖို့ ချက်အပြီးမှာ ဗျပ်ခွက်အသင့် ရှိရမယ်ဆိုတာ ညည်း မသိဘူးလား"

"ဘယ်အိမ်မှာ ဗျပ်ခွက်ရှိမှန်းမှမသိတာ"



"မသိရင်မေးပေါ့၊ ညည့်မှာရှိတဲ့ပါးစပ်ဟာ အတင်းပြောဖို့ချည်း မဟုတ်ဘူး၊ မသိတာကို သိအောင်မေးရာမှာလည်း အသုံးဝင်တယ်"

မယ်ငြိမ်းစည် နှုတ်လှန်မထိုးဘဲ ဟီးခနဲ ငိုချလိုက်လေ၏။

"မရီးတို့ဟာကဗျာ၊ မင်္ဂလာယူရမယ့်အိမ်သစ်မှာ ငိုရတယ်လို့၊ ကိုင်း တိတ် တိတ် ကျုပ် သွားငှားပေးပါ့မယ်"

ထမင်းကျွေးသော အလှူ မင်္ဂလာဆောင်များတွင် 'စားပွဲခုံ' ကို အသုံးပြုနေပြီဖြစ်ငြား အိမ်များတွင်မူ ဗျပ်ခွက်များဖြင့်သာ ထမင်းစားကြဆဲ ရှိသေး၏။ ထို့ကြောင့် အိမ်အဲသူများကိုလည်း ဗျပ်ခွက်ဖြင့်ပင် ထမင်း ကျွေးကြသည်။ ဆေးရိုးသည် တဟီးဟီး တဟားဟား စားသောက်နေကြသော သူငယ်ချင်းများအတွက် ဟင်းလိုက်ရင်းက အစ်ကိုနှင့် မရီးအား မကြာခဏ လှည့်ကြည့်သည်။

အမေပြောလည်း ပြောစရာပါတကား။ ထွေန်းကားသည် လယ်ထဲတွင် ကျွဲကြီးတစ်ကောင်နှင့်မခြား စွမ်းပကားထက်သော်ငြား၊ လူမှုရေးတွင် ငနုံအကြီးပါတကား။ ယခုပင် ကြည့်၊ မယားက မျက်ရည်ဖြင့် အနိုင်ယူသည်ကို ခံနေရပါပြီကော။ ဆေးရိုးသည် မရီး မယ်ငြိမ်းစည်အား စေ့စေ့စပ်စပ်ကြည့်မိသည်မှာ ဤအကြိမ်သည် နောက်ဆုံးအကြိမ်ဖြစ်၏။ သည့်နောက်တွင်ကား အစ်ကို့အိမ်ရှေ့မှ ဖြတ်သွားသော်ငြား မဝင်ဖြစ် သောကြောင့် မရီးနှင့် မျက်နှာချင်း မဆုံရတော့ချေ။ မဆုံရသော်ငြား သိနေသည်။ ကြားနေသည်။ အမေ ကြိုတင် ဟောကိန်းထုတ်ခဲ့သည့်အတိုင်း မယ်ငြိမ်းစည်သည် ခေါင်းထဲမှ လွတ်သော မြင်း ဖြစ်နေပုံမှာ ထန်းရည် (ထည့်) ခြင်း၊ အရက်ချက်ခြင်း ဖြစ်သည်။ မယ်ငြိမ်းစည်၏ အကြောင်းပြချက်မှာ 'ကျွန်မယောကျ်ား သောက်ဖို့ကလေးပါ' ဟူ၏။

ငထွန်းကားသည် မယ်ငြိမ်းစည်အား အကြောင်းပြုလျက် မယ်ငြိမ်းစည့်နှင့် အကြောင်းမပါမိကတည်းက အရက်ပြတ်ခဲ့သည်။ ယခု မယ်ငြိမ်းစည်ကို အကြောင်းပြု၍ပင် အရက်ပြန်သောက်နေချေပြီ။ အကြောင်းသော်ကား မယားကို ပြောမရသောကြောင့်တည်း။ ထန်းတဲသို့ မသွား၊ အရက်ဖိုသို့ မသွားဘဲ လွယ်လင့်တကူ သောက်ရသည့်အတွက် ငထွန်းကားမှာ အရက်နံ့ အမြဲနံနေသည်။ သူသည် အိမ်ထောင် ခွဲသွား သော်ငြား မိဘလယ်ကို ပစ်မထား။ သူ့ညီထံသို့ နေ့စဉ်လာသည်။ ဆေးရိုးနှင့် နေ့စဉ် ဆုံကြသည်။

"အစ်ကို့ဟာကဗျာ မနက်အစောကြီးလည်း သောက်တာပဲ"

"ညီလေးရာ မနေ့ညတုန်းက အနံ့ပါ"

အရက်နှင့် ပလုတ်ကျင်း၊ အရက်နှင့် မျက်နှာသစ်သူများ၏ လက်သုံးစကားကို ဆေးရိုး ရယ်မောရ၏။

"အစ်ကိုတို့အရက်သမားတွေရဲ့ ကာရာတည်းက သင်ပေး လိုက်တဲ့ ဂါထာကလေး ... ပုဒ်တည်းပါကလေး"

"ညီလေး မင်း မသိဘူးနော်၊ ငါ့ရင်ထဲမှာ ဘာဖြစ်နေမှ ဆိုတာ"

"ဘာပြုလို့တုံးအစ်ကို"

"ဘာမှမဟုတ်ပါဘူးကွာ"

ထိုစကားအဆုံးတွင်မှ ငထွန်းကားသည် လယ်ထဲဆင်းပြီး 'တမန်း စမ်း' သည်။ ဘယ်နှစပ် ထပ်မံထွန်ရန် ညွှန်ကြားသည်။ ကောက်စိုက်မတွေ၏ အဆဲမခံ မည်သည့်နေရာ၌ 'ကျွန်း' ခံနေသည်၊ ကောက်စိုက်မတွေ၏ အဆဲမခံ မည်သည့်နေရာ၌ ... ညီ ရစေရန် ငန်းပြားဖြင့် တူးပစ် စသည်ဖြင့် အကြံပေးတတ်သည်။ ညီ ထမင်းစားနေစဉ် သဘောမတွေ့သော နေရာများကို ကိုယ်တိုင်ဆင်းပြီး



ထွန်လား ထွန်တတ်၏။ ထောင့်ကွေးနေရာများမှာ ထွန်မဝသောကြောင့် ခုံကြီးဖြစ်နေလေ့ရှိရာ ငန်းပြား ဆွဲပြီး တူးလား တူးတတ်၏။ ဝင်လုပ်၊ ထမင်းဝင်စားကြွင်း ဆေးရိုးရှိနေလျှင် ကန်သင်းနားဖြတ်သည်ကအစ ... ကိုရိပ်ခနဲ မမြင် လိုက်နှင့်၊ တစ်ချိုးတည်း ပြေးတော့သည်။ မနက်အစောကြီးတောင် မရှောင်တော့ဘူးလား မေးကာ တစ်ကြိမ် ရိုက်ထားဖူးသောကြောင့် ဖြစ်သည်။ ထိုသို့ မူးမူးရူးရူးဖြင့် အမူးစက်ဝန်းကို ငထွန်းကား ပတ်ပြေး နေစဉ် ဖုံးတုန်းလုံးတုန်း တန်ဆောင်မုန်း မကုန်မီတကုန်တွင် မယ်ငြိမ်းစည် မျက်နှာမြင်သည်။ သားယောက်ျားကလေးဖြစ်သဖြင့် ငထွန်းကားမှာ ရူးနေအောင် ချစ်သည်။

မယ်ကြွယ်စိုးလည်း ချွေးမကို မျက်နှာကြောမတည့်သော်ငြား ရောက်လာရသည်။ တိုင်းသူပြည်သားတို့၏ အကျိုးစီးပွားကို ပြန်စောင်း မကြည့်သော အင်္ဂလိပ်အစိုးရ၏ လက်အောက်တွင် အမျိုးသမီးများ 'မီးနေ' ရခြင်းသည် အသက်ကို ဖက်ဖြင့်ထုပ်ထားရသော အလုပ်ဖြစ်၏။ ထို့ကြောင့် မယ်ကြွယ်စိုး လာရသည်။ ရမ်းဘိုကုန်းနှင့် နှစ်နာရီပြင်းပြင်းခရီးမျှသာ ဝေးသော ရွာတစ်ဆုပ်ရွာနေ မယ်ငြိမ်းစည်၏ သားချင်းများ မလာနိုင်ပါ။ လက်လှုပ်မှ ပါးစပ်လှုပ်ရသော လက်ဖဝါး ခြေဖဝါးသမားတွေမို့ ဖြစ်ပေသည်။

မယ်ကြွယ်စိုးနှင့် သမီး မယ်မျှင်တို့ မယ်ငြိမ်းစည်ထံ၌ အလုပ် များနေကြသည့်အတွက် ဆေးရိုးထံသို့ ထမင်းပို့သူမှာ ဦးကျန်ကြီး ဖြစ်လာသည်။ ဖအေက သားထံသို့ ထမင်းလာပို့နေချိန်ဝယ် မိကျီးဒန်လည်း လယ်ပွဲ သုံးပွဲကျော် တစ်ခေါ်သာသာဝေးသော လယ်ပွဲရှိ ဖအေထံသို့ ထမင်းပို့ လာနေချိန်ဖြစ်သည်။ ဤတွင် ကျီးဒန်နှင့် ဆေးရိုးတို့ မယူလျှင် မပြီးသော အကြောင်းတစ်ရပ်သည် မမျှော်လင့်ဘဲ ပေါ်ပေါက်လာခဲ့လေ၏။

ရမ်းဘိုကုန်းရွာ၏ ရွာဦးကျောင်းဖြစ်သော လေးထပ်ကျောင်းမှ ခေါင်းလောင်းထိုးသံ စည်ဝေစွာ လွင့်ပျံလာပြီ။ မရေးမနှောင်းတွင် သရက်တောကျောင်းနှင့် တောင်ပလူကျောင်းတို့မှာလည်း လွင်လွင် ဝေဝေ ထွက်ပေါ်လာသည်။

သို့ပါလျက်နှင့် နေသည် မပူ။ ဆောင်းလယ်နွေပေကိုး။

မြောင်းလက်တံကြီး၏ဝဲယာရှိ စပါးခင်းများမှာ နှင်းသီးနှင်းစက်ကလေးများပင် မကုန်စင်သေးချေ။ နို့ရည်ခဲစပါးနှံများ ငိုက်ယမ်းနေသော စိမ်းမှောင်မှောင်လယ်ကွက်များကြားမှ မိန်းကလေး ၄ ယောက် [illegible]ကြသည်။ သူတို့ခေါင်းပေါ်တွင် ထမင်းထုပ်ကိုယ်စီ ရွက်ယားကြသည်။

"ဒေါ်သမူအရာမှာ လေလေ့၊ ဒေါ်သမူအရာမှာ၊ ယောယုဝ အရောက်သွားပါမဗျ၊ ယောကျ်ားအာဇာနည်မို့"

"သွားပေ သွားဟဲ့၊ ယောယုဝ မကလို့ မဟာတာပန္နပဲ သွားသွား၊ ပြန်မလာခဲ့နဲ့။ နားညည်းလွန်းလို့"

တေးသံရှင်၏ အသံမြင့်နွန်းနှင့်ထပ်တူ မြင့်ပြီး အော်လိုက်သူမှာ ရွှေသစ်ဖြစ်သည်။

"ကောင်မ မြူးမနေနဲ့၊ ဟိုကကြားသွားလို့ ကျုပ်ကို ထမင်းလာပို့တာလားခင်ရဲ့ အော်လိုက်မှ ဟုတ်ပေ့ဖြစ်နေမယ်"

မယ်သုန်၏ သတိပေးသံအဆုံးတွင် ရွှေသစ်၏လက်ဝါးကြီးက မယ်သုန်၏ကျောပေါ်သို့ ဖြန်းခနဲ ရောက်သွားလေ၏။

"သူ့လင်ကြားရင် အားရအောင်လို့ ငါ့ကို ရိုက်သတော့"

"ငါ့လင်မဟုတ်ဘူးဟဲ့၊ နင့်လင်"

"ညည့်လင် ညည့်လင်"



မယ်သုန်သည် နောက်တစ်ကြိမ် အရိုက်မခံရစေရန် မိဖော့နှင့် ကျီးဒန်ကို တွန်းတိုက်ပြီး လူအုပ်၏ရှေ့ဆုံးသို့ရောက်အောင် ပြေးသည်။

"ကောင်မတွေနော်၊ ကောင်မတွေ"

မိဖော့က ထိုမျှသာအော်ပြော၊ ကျီးဒန်ကမူ ကန်သင်းပေါ်မှ ချော်ကျလုလုကိုယ်ကို ထိန်းမတ်ရင်း ဆုံးမသည်။

"မိန်းကလေးမြင်ရင် အလိုလိုနေရင်းက ပြိတ်တိလုပ်ချင်နေတဲ့ လူတွေကို ဆင်အိပ်ရာ ဆိတ်နှိုး သွားမလုပ်ရဘူးဟဲ့ ကောင်မတွေရဲ့"

"မသိလို့ပါ အစ်မကြီးရယ်၊ ပြောပါဦး"

ရွှေသစ်က သရော်တော်တော် ချော်တော်တော်ပြောသော်ငြား ကျီးဒန် မတုံ့ပြန်တော့ပါ။ ရှေ့တွင် 'မြောင်းကူး ရေကျော်' ရှိသောကြောင့် ထဘီကို ပြင်ဝတ်နေရသောကြောင့်ဖြစ်သည်။ သူတို့လျှောက်လာသော လမ်းသည် သာဒွန်းပမြောင်းပေါင်းတစ်ဖြစ်လဲ လင်းဇင်းမြောင်းဖြစ်သည်။ ထိုမြောင်းသည် အနောက်မှ အရှေ့သို့ စီးဆင်းလာခဲ့ရာ ဤနေရာတွင် တောင်မှ မြောက်သို့ စီးဆင်းနေသော 'မဲဇလီ' မုန်းမြောင်းက ကန့်လန့်ခံနေသည်။ မုန်းမြောင်း၏အရှေ့ဘက်ကမ်းတွင် လင်းဇင်းသောက်လယ်တွေ ရှိနေသေးသည်။ မုန်းမြောင်းရေ မတက်နိုင်။ ထို့ကြောင့် သံရေတံလျှောက်ဖြင့် မုန်းမြောင်းကို ဖြတ်ကူးပေးထားရသည်။ ဟာစ်ပေါင်ခန့်ကျယ်သော ထိုရေတံလျှောက်၏ ဝဲ ယာ တစ်ဖက်တစ်ချက်တွင် ဗြက် တစ်ထွာခန့် ကျယ်သော သံပြားတွေ ခင်းပေးထားသည်။ ဤအရာပေါ်တွင် ဖြတ်သန်းလျှောက်လှမ်းရန်အတွက် ကျီးဒန် ထဘီပြင်ဝတ်ခြင်းဖြစ်ချေ၏။ အပြန်အလှန်ဆဲဆိုနေသော ရွှေသစ်နှင့် မယ်သုန်တို့လည်း တိတ်ဆိတ်သွားကြပြီ။ ရေတံလျှောက်အတိုင်း လျှောက်ရန် သတိထားနေကြသည်။ ရေတံလျှောက်ကို ခွပြီးလျှောက်ရသည်မှာ ကွတကွတ ဖြစ်သည်ဆိုကာ

ရေတံလျှောက်ထဲသို့ ဆင်းပြီးမလျှောက်ရဲ။ ချော်လဲသော် ခေါင်းကွဲနိုင်သည်။ ခေါင်းကွဲပြီး အောက်ရှိ မြောင်းထဲသို့ ကျသွားခဲ့သော် ရေနစ်ဦးမည်။ 'ချေးကူး'မှု သို့သော် စလင်းချောင်းနံဘေးတွင် နေသူများဖြစ်သဖြင့် 'ချေးကူး'မှု ကူးတတ်ရကား ရေနစ်မည်ကို မစိုးရိမ်။ လယ်ပြင်မှ အူတကြုတ်ကြုတ် လည်တရှည်ရှည်ဖြင့် မျှော်ငံ့နေသူ ထမင်းငတ်မည်ကိုသာ စိုးရိမ်နေသည်။

"ကောင်မတွေ ရှားပင်ပေါင်းက သွားကူးကြရအောင်ဟယ်"

ရွှေသစ်သည် ဤနေရာကို ကူးရတိုင်း အသည်းယား၏။ ထို့ကြောင့် အဖော်ညှိငြား အဖော်မရ။

"ဟိုပေါင်းနားမှာရပ်ထားတဲ့လှည်းဟာ တို့ရွာကနဲ့တူတယ်ဟေ့"

ထိုစကားကြောင့် 'ရှားပင်ပေါင်း' ဆီသို့ မိန်းကလေးများ ပြိုင်တူကြည့်မိကြ၏။

"အေးဟဲ့ တပ်ထားတဲ့ နွားတွေကို မြင်ဖူးသလိုလိုပဲ"

ဤမှုဖြင့် စကားပြတ်သွားသည်။ ရေကျော်ရေတံလျှောက်ကို တိတ်ဆိတ်စွာ ဖြတ်ကူးကြသည်။ တစ်ဖက်ကမ်းသို့ရောက်သည်နှင့် တစ်ပြိုင်နက်တည်း ကျီးဒန်တို့ လူစုကွဲတော့သည်။ ရွှေသစ်က တောင်ဘက်သို့၊ မယ်သုန်နှင့် မိဖော့က မြောက်ဘက်သို့ တစ်လမ်း။ တည့်တည့်သွားရမည့်သူမှာ ကျီးဒန်တစ်ယောက်တည်းဖြစ်သည်။

"ကျီးဒန် ဖြောင့်ဖြောင့်သွားနော်၊ ဘယ်လယ်ထဲမှ ဝင်စားမနေနဲ့"

ရွှေသစ်၏ ကျီစယ်မှုကို တုံ့ပြန်ပုံမှာ "ဟဲ့ ချေးနာမ"

ကျီးဒန်သည် လယ်ကြားမြောင်းပေါင်အတိုင်း လာသည်။ ရေခမိုးရွက်တစ်ရွက်တလေ၏ အဖျားတွင် သက်တံရောင်တောက်နေသော နှင်းစက်ကလေးတစ်စက်တလေတွေ့ရသည်။ ရေခမိုးပင်များ ဆုံးသွားသည်။ ဝဲယာတွင် နဘူးချုံတွေ။



"ဥမ္မာဒန္တီလှပျို့မကိုင်ရှုရယ်က ငါ့ကို ကြိုက်မလားလို့ မေးစမ်းချင် မေးစမ်းချင်၊ မတော်ပါဘုရား၊ အဘိပါရက ချစ်သူမငြီး၊ စစ်သူကြီးဟာဖြင့်၊ ကျွန်မလင် ကျွန်မလင်"

ကောက်ညှင်းစပါးရိတ်သူများ၏ တေးသံဖြစ်သည်။ ကျီးဒန်သည် သီဝိမင်းနှင့် ဥမ္မာဒန္တီကို မြင်ယောင်ကာ ပြုံးသည်။ ပြုံးနေဆဲတွင် နဘူးချုံထဲမှ လူတစ်ယောက် ဘွားခနဲပေါ်လာသည်။

ကြွက်။ ကျီးဒန် ထိတ်ခနဲဖြစ်သည်။ ခြေလှမ်းတုံ့သွားရာက "အို ကိုယ့်လမ်း ကိုယ်သွားတာ ဘာဖြစ်လဲ" ဟု အားတင်းလျက် ဆက်လျှောက်သည်။ ကြွက်က လမ်းကို ပိတ်လိုက်သည်။

"ကျီးဒန် ငါ့ကို ကြိုက်ပါ"

ထောင်းထောင်းထနေသော အရက်နံ့။

"နင့်ကို မကြိုက်ဘူးလို့ ဘယ်နှခါပြောရမတုံး၊ ဖယ်စမ်း"

ရင်ထဲက တဒိန်းဒိန်းမြည်နေသည်။ မျက်နှာတစ်ခုလုံး ထူပိန်းနေသည်။ သို့ဖြစ်ငြား ကျီးဒန်သည် နောက်မဆုတ်။ ထမင်းထုပ်ကို ပစ်ချသည်။ ထဘီကို ပြင်ဝတ်သည်။ ကြွက်၏ ပွရောင်းရောင်း ခါးပိုက်ထောင်ထဲမှ ဓားမြှောင်တစ်ချောင်း ထွက်လာသည်။

"ဟော့ ချစ်ရင် လုံးလုံး၊ မုန်းရင် လားလားတဲ့ဟေ့၊ ကြိုက်ရင်မယား၊ မကြိုက်ရင် ဓားကွ"

"လာကြပါဦး၊ ဟောသည်မှာ ကြွက်ရယ်၊ ကျုပ်ကို"

ကျီးဒန်သည် ကြွက်၏လက်ထဲရှိ ဓားကို ဝင်လုတော့သည်။

"လာကြပါဦး၊ လာကြပါဦး ဟောသည်မှာ ကြွက်"

ကျီးဒန်၏အော်သံကို ရွှေသစ် ကြားသည်။ လှမ်းကြည့်သည်။ ဓားလုနေသော လက် လေးဖက်နှင့် ခေါင်း နှစ်လုံးကို မြင်ရသည်။

"ဓားပြ ဓားပြ၊ ဟိုမြောင်းပေါင်ပေါ်မှာ ဓားပြတိုက်နေတယ်၊ လာကြပါဦး"

ရွှေသစ်လည်း ထမင်းထုပ်ကို လမ်းဘေးချထားခဲ့ပြီး သံကုန်အော်ဟစ်လျက် ပြေးလာသည်။ မယ်သုန်နှင့် မိဖော့သည်လည်း ရွှေသစ်မြင်သကဲ့သို့ပင် မြင်ကြသည်။ ထမင်းထုပ်ကြီးတွေ ရွက်လျက် "ဓားပြပါတော်၊ လာကြပါဦး" အော်ပြီး ပြန်ပြေးလာကြသည်။

ကြွက်မှာ မိမိရစ်သော ကြက်မတမ်းမ၏အခွပ်ခံရသော တွန်ခါစ ကြက်ဖအလား ကြံရာမရဖြစ်သွားသည်။ အမှတ်မထင်သော ခုခံမှုကြောင့် ဓားမြှောင်မှာ ကျီးဒန်လက်ထဲ ရောက်သွားပြီ။ ကျီးဒန်ကို ဓားမြှောင်ဖြင့်ချိန်ထားပြီး လက်ဆွဲခေါ်လာကာ လှည်းဖြင့် အသင့်စောင့်နေသော တင်မောင်ထံ လာမည်။ သူတို့ကိုမြင်လျှင် တင်မောင်က လှည်းတက်မည်။ ကျီးဒန်ကို လှည်းပေါ်တင်၊ ပါးစပ်ပိတ်ထား။

စိတ်ကူးယဉ်ကားသမျှ ပျက်ရုံမက ဓားဖြင့်အထိုးခံရတော့မည်မို့ လယ်ကြားမြောင်းပေါင်ပေါ်သို့ ကြွက် ခုန်ပြေးသည်။ ခွေးလေးယားချုံဘေးမှ တံစဉ်ကိုယ်စီဖြင့် လူငါးယောက် ပေါ်လာသည်။

"ဟဲ့ ကြွက်၊ မိုက်ရိုင်းလှချည်လား၊ နင့်နှမကို သည်လိုလုပ်ရင် နင် ကြိုက်မလား"

ရွှေသစ်က ပါးစပ်ဖြင့်သာ ရန်တွေ့ပြော၊ ကျီးဒန်က သူ့ဓားဖြင့် သူ့ကို ဝင်ထိုးသည်။

"ကျီးဒန် ငါ့နှမ မှားမယ်"

"သူ့အမှားက ကိုယ့်အမှားဖြစ်မယ်၊ မလုပ်နဲ့"

ကောက်ညှင်းစပါး ရိတ်သူများနှင့် မြက်ရိတ်သမားများမှာ ကျီးဒန်ကို မစောင့်ရှောက်ရဘဲ ကြွက်အား စောင့်ရှောက်ကာကွယ်



နေကြရ၏။ သို့သော် မယ်သုန်နှင့် မိဖော့ ရောက်လာသောအခါ ထမင်းထုပ်တွေကို သုတ်ခနဲ ချထားပြီး ကြွက်ကို ဝင်ရိုက်ကြတော့သည်။

တိတ်ဆိတ်ငြိမ်သက်နေမြဲ မြောင်းပေါင်မှာ လူများဖြင့် စည်ကားသည်။ "ကျီးဒန်ကို ကြွက်က ဓားနဲ့ထောက်ပြီး လှည်းတင်လို့တဲ့"ဟူသည့် သတင်းသည် သရက်ချင်ကွင်းအတွင်းရှိ လယ်ပွဲများသို့ တစ်ခဏချင်း ပျံ့နှံ့သွားသည်။ သရက်ချင်ကွင်းမှတစ်ဆင့် ရေကြည်ကွင်းသို့။ ထိုမှ တစ်ဆင့် ရွာများသို့။

မြောက်ဖျားရှိလယ်ထဲသို့ ရောက်နေသော ဆေးရိုးထံသို့ ထိုသတင်း ရောက်သွားချိန်ဝယ် မြောင်းပေါင်ပေါ်၌ လူရှင်းနေပြီ။ ဖြစ်တောင့်ဖြစ်ခဲအမှုမို့ ရွာတိုင်းတွင် အုတ်အော်သောင်းတင်းဖြစ်သည်။

ဦးကြွက်နီသည် သူ့သမီး၏သတင်းကိုကြားလျှင်ကြားချင်း အိမ်သို့ပြန်လာသည်။ မျက်ရည်မခြောက်သေးသော သားအမိကို ပုဏ္ဏားကွယ်၌ တွေ့သည်။

"သမီး ဘာဖြစ်သေးလဲ"

"ဘာမှမဖြစ်ပါဘူး အဖေ"

"တော့်သမီးကို ဓားမြှောင်နဲ့အချိန်မှာ တော့်သမီးက ဓားမြှောင်ကို ဝင်လုတော့ ဘာလုပ်နိုင်မှာကုံး၊ ရွှေသစ်နဲ့ မိဖော့ မယ်သုန်တို့က ပုဆွန်နဲ့ ကျစ်စာခဲနဲ့ ထု၊ ဆံပင်ဆွဲ ပါးရိုက်သတဲ့"

ဒေါ်ရွှေအိမ်က ရှင်းပြသဖြင့် ဦးကြွက်နီမှာ စိတ်သက်သာရာ ရသွား၏။ သို့ရာတွင် ဦးကြွက်နီမှာ 'ရပ်တည်း' ချမနေနိုင်သေး။ သူကြီး၏ 'ထိတ်တုံး' ထဲ ရောက်နေသော ကြွက်ကို ရွေးနုတ်ရဦးမည်။ ကြွက်မှာ ဒေါ်ရွှေအိမ်၏မောင်မှစပ်သော ယောက်မနှင့် မောင်တစ်ဝမ်းကွဲဖြစ်နေသည်။ ခေတ်ကာလမှာ အမျိုးသမီးယ်များ အနေအထိုင် သန့်ပြန့်ချိန် ဟီရိသြတ္တပ္ပ

တရား အားကြီးချိန်ဖြစ်ရကား သည်မျှသာ မထိပါး မရိပ္ပန်းသော အကြောင်းကို ကြုံရင်ြား ကျီးဒန်မှာ သတင်း ပုပ်ရပြီ။ သို့ကြောင့် ဒေါ်ရွှေအိမ်မှာ သမီးနှင့်ထပ်တူ မျက်ရည်နှင့် မျက်ခွက် မစဲတော့ချေ။

ထွန်းကားသည် သည်သတင်းကိုကြားလျှင်ကြားချင်း ညီကို လိုက်လံရှာဖွေသည်။ လယ်ပြင်၌ မတွေ့၊ လယ်ပြင်လမ်းမ၌ မတွေ့၊ ယာထဲ၌ မတွေ့။ တွေ့မည့်တွေ့တော့ အိမ်မှာ။ နမ မယ်မျှင်က အိမ် အတက်အဆင်းကို ပိတ်ပြီး ထိုင်နေသည်။ ဆေးရိုးဘေးတွင် အဖေ။ အဖေ့ဘေးတွင် ငှက်ကြီးတောင်ဓား။

"အမေကော မယ်မျှင်"

"မကြီးကျီးဒန်တို့အိမ် သွားပါကော"

သည်မျှဖြင့် ထွန်းကား စိတ်ချသွားပြီ။ သူ့ညီ ဆေးရိုးကို အဖေ ထိန်းထားနိုင်လျှင် လုံလောက်ပြီ။ အရက်နံ့ရလျှင် အဖေ့ဒေါသ ကျယ်ဝန်းလာမည် စိုးရိမ်သောကြောင့် ဦးကြွက်နီတို့ အိမ်ဘက်သို့ လျှောက်ခဲ့သည်။

နွားတင်းကုပ်ထဲ၌ ကျီးဒန် နွားစာစဉ်းနေသည်။ အိမ်ပေါ်တွင် အမေ့ကျောပြင်တစ်ခြမ်းကို မြင်ရသည်။ ဒေါ်ရွှေအိမ်ကား လမ်းဘက်သို့ မျက်နှာပြုထားပြီး လက်တကားကား ပြောနေသော ဒေါ်ကြွယ်စိုး၏ [illegible] ရှုံ့ရိုက်နေရသောကြောင့် ထွန်းကားကို မမြင်။

"ငါ့သမီးလေး အပျိုလုပ်ရမှာ မဟုတ်သေးဘူး၊ ပအောင်လုပ်ပါစေ အလိုလိုက်ထားမိတာကောင်မရေ့၊ ဆယ့်သုံး လေးငါးနှစ်သမီး အပျို သင်စတုန်းက ဘာမှမဖြစ်ခဲ့ဘဲ အပျိုကြီးဖားဖား ၁၈ နှစ်သမီးကျမှ လူပြောခံစရာ ဖြစ်တော့တာပဲ ကောင်မရဲ့"

"ငါကတော့ ကြွက်ကိုတောင် ကျေးဇူးတင်သေး"



ဒေါ်ရွှေအိမ်၏အလွှမ်းမျက်ရည်များမှာ ဒေါ်ကြွယ်စိုး၏ ကသိ ကအောက်စကားကြောင့် ပြန်ဝင်ရအခက်၊ ဆက်ထွက်ရအခက်ဖြစ်သွားကာ မျက်စောင်းသာထိုးနိုင်သည်။

"ကောင်မ၊ မထော်မလန်း တော်တော်ပြော"

"မထော်မလန်း မဟုတ်ဘူးဟဲ့၊ သည်အတိုင်းသွားနေရင် အသက် ၂၀ ပြည့်တောင် ညည့်ကို ပြောလို့ရမှာမဟုတ်ဘူး၊ အခုတော့ ညည်း မငြင်းနိုင်တော့ဘူးလေ၊ ဝမ်းသာလိုက်တာ။ ညည်းနဲ့ ငါနဲ့ ခမည်းခမက် တော်ရတော့မယ်"

"ညည်းက ဝမ်းသာနေ၊ ညည်းသားကကော ငါ့သမီးကို သတိပါ့ဦးမလား"

"မသတိရအောင် ငါ့ချွေးမ ကျီးဒန်က ဘာဖြစ်နေလို့တုံးဟဲ့"

"ကောင်မ ညည်း မသိဘူးနော်၊ သူတို့ကသာ မကောင်းတဲ့အိမ် တွေကို သွားလိုသွားပေမဲ့ သူတို့ယူတဲ့မိန်းမကျတော့ အပျိုစစ်မှ သဘော ကျတော်မူကြတာဟဲ့"

ဒေါ်ကြွယ်စိုးသည် "သိပါ့တော် သိပါ့တော်" ဆိုလျက် ခေါင်းကို ဘယ်ညာယိမ်းရာက ဒေါ်ရွှေအိမ်၏ဒူးကို ပုတ်၏။

"သည်ကို ငါထွက်လာတော့ အိမ်မှာ ဘာဖြစ်ကျန်ခဲ့တာ မရှိပါ"

"ဘာဖြစ်လို့တုံး"

နဝေတိမ်တောင် အမေး။

"ညည်းသမက်လေ၊ အိမ်ပေါ်ပြေးတက်လာပြီး သူ့အဖေ အိပ်ရာဘေးက ငှက်ကြီးတောင်ဓားကို ဝင်ဆွဲတယ်။ ဘာဖြစ်တာတုံး မေးလဲ မပြောဘူးအေ။ သတ်မယ် သတ်မယ် အော်နေလို့ သူ့အဖေက ကုပ်ကို နှိမ်၊ သူ့နမက လှေကားအဆင်းမှာ ပိတ်ထိုင်ထားတယ်လေ။

ငါလည်း တံခါးတွေ လျှောက်ပိတ်ပြီး အရိပ်အခြည်ကြည့်တော့ မောင်မင်းကြီးသား ငြိမ်နေတာမြင်တာနဲ့ ပြေးလာခဲ့တာ”

ဒေါ်ရွှေအိမ် ဟင်းချ၏။

“ဟင်းချမနေနဲ့အေ့၊ စပါးမရိတ်ခင် ပေးစားလိုက်ရအောင်”

“မမြန်လွန်းဘူးလား သူငယ်ချင်းရာ။ တလင်းတက်အောင်တော့ ဆိုင်းပါဦးအေ”

“ငါ့ချွေးမကို ငါ့တလင်းထဲမှာ စပါးနယ်တာ မြင်ချင်လို့ပါအေ”

ဤသို့လျှင် ဒေါ်ကြွယ်စိုး နားပူနားဆာတိုက်သော်ငြား “သူ့အဖေကို ပြောရဦးမှာပဲ” ဟု ဆိုလာချိန်ဝယ် ထမင်းဆာသူ ရေငတ်သူအဖြစ် ဆက်လက်မဖြစ်နိုင်တော့ပေ။ [illegible]အားဖြင့် ဦးကြွက်နီသည် သူ့သမီးနှင့် ဆေးရိုးတို့ နောက်ပြောင်ကျီစယ်နေသည်ကိုလည်း ကြား၏။ အရွယ်ပြောင်းလာချိန်၌ အကြည့်ရော လေသံပါ ပြောင်းလာသည်ကိုလည်း သတိထားမိ၏။ ကောက်လှိုင်းတိုက်ရာ စပါးယက်ရာတွင် လူစလူနကို သိပြီးဖြစ်သည်။ အမြင်မတော်၍ ထွန်သန်ဝင်တပ်သွား၊ ကြိုးဝင်ကျစ်ပေးသွား၊ နှုတ်သီးစွပ် ဝင်ယက်ပေးသွားသောကြောင့်လည်း လက်ကြောတင်းသူအဖြစ် သိမှတ်ထားပြီး ဖြစ်၏။

ဦးကြွက်နီ ခေါင်းညိတ်သော်ငြား ဒေါ်ကြွယ်စိုး၏အလိုကျ ဖုဟ်ပူ မီးကိုပင်ကား ဖြစ်မလာပါ။ နှစ်ကြီးနှစ်ဖက်လုံး ငွေပေါ်ချိန်ဖြစ်သော တလင်းတက်ချိန်သာ အတည်ဖြစ်သွားတော့သည်။

*

ပီပီပြင်ပြင် တလင်းမတက်သေး။

ကြယ်နီကြီးနှင့်အပြိုင်ထပြီး ငွေနှင်းမှုန်အောက်တွင် တေးဟစ်သူတို့ ဟစ်နေဆဲအချိန်တွင် ကျီးဒန်နှင့် ဆေးရိုးတို့၏ မင်္ဂလာဆောင်



ရက်ကို သတ်မှတ်သည်။ ပီပီပြင်ပြင်တလင်းတက်ချိန် တလင်းထဲတွင် စပါးအမော်နှင့် ကောက်ရိုးပုံသာ ကျန်ခဲ့ချိန်ဖြစ်၏။ ထိုအချိန်တွင် ပြည် ၂၀ ဝင် တင်းတောင်းကြီးတွေဖြင့် မြန်မာမြေပိုင်ရှင်တွေ၊ ချစ်တီးတွေ ရောက်လာကြတော့၏။ မြန်မာမြေပိုင်ရှင်ကား မြန်မာချင်းမို့ မဆိုစလောက် ပြောဆို၍ရသေးသော်ငြား ချစ်တီးကား အမေမှာသည့် ဆန်တစ်ခွဲကို သုံးစိတ်နှင့် မလဲလှယ်သူတွေဖြစ်သည်။

စာချုပ်ကြီးတဖြန့်ဖြန့်ဖြင့် ကောက်ပြန့်ဆန်ကော ထွန်တုံးထွန်သန်ကို သိမ်းသည်။ ကောက်ရိုးပုံကို သိမ်းသည်။ ထို့နောက် နွား။ နွားကို ထိသောအခါ လယ်သမားက မခံတော့ပေ။ နဖူးတွင် ထုံးသုံးချက်တားကာ ပိတ်ဖြူဝတ်ထားသော ချစ်တီး၏နောက်တွင် ဆေးနက်တကားကားဖြင့် ဟန်ရေးပြနေသော ပုလိပ်ကိုလည်းပါး [illegible] တော့ပါ။ ကိုင်းခုတ်သောမားသည် [illegible] မားအဖြစ်သို့ ပြောင်းရွေ့သွားလေ၏။ သွေးသံတရဲရဲ၊ မျက်ရည်တရွှဲရွှဲ အနိဋ္ဌာရုံကဲနေသော တလင်းတက်ချိန် ပီပီပြင်ပြင်တွင် မည်သို့လျှင် လက်ထပ်မင်္ဂလာပွဲ ဆင်နွှဲ၍ ကောင်းပါမည်နည်း။

“အိမ်နီးချင်းတို့ရေ သော့်ကြွယ်ရေ”

သော့်ဟစ်သူ၏ မီးဖိုကို သွား[illegible] သီတံထိုးပြီး မီးကင်နေသည်ကို တွေ့ရမည်။ ငါးပိကို စလောင်းဖုံးကပ်ပြီး မီးကျီးခဲဘေး၌ ထောင်ထားသည်ကို မြင်ရမည်။ သည်ထက် ပီပြင်လျှင်ကား အမဲခြောက်ကို ပြာပူ ‘အုံး’ ထားလိမ့်မည်။

ရမ်းဘိုကုန်းကား မိမိကြောင့် သူတစ်ပါးအား အနှောင့်အယှက် မဖြစ်အောင် သတိထားသော တောရွာ။ ရွာထဲတွင် တစ်စုံတစ်ယောက် အိပ်ရာထဲ၌ လဲနေပြီကြားလျှင် ဆွေဆွေမျိုးမျိုး စိမ်းစိမ်းကျက်ကျက်

အမျိုးသမီးတွေ သနပ်ခါးမလိမ်း၊ ပန်းမပန်၊ သွားပေါ်အောင် မပြုံးကြပြီ။ ရမ်းဘိုကုန်းကား ဤသို့လျှင် ယဉ်ကျေးလွန်းသော ပစ္စန္တရာဇ်။

သို့ဖြစ်သောကြောင့် သူတစ်ပါး ငိုကြွေးနေချိန်၊ တစ်ဆွေလုံး တစ်မျိုးလုံး လင်းတမှိုင် မှိုင်နေကြရချိန်တွင် ကြွပါ ထိုင်ပါ၊ စားပါ သောက်ပါ၊ ရယ်ကာမောကာလုပ်ရမည့်ပွဲကို ဆင်နွဲရလျှင် မသတီစရာ။ မျက်နှာပြောင် တိုက်ရာကျသည်။ သို့သော် နောက်တစ်နေ့နံနက်တွင် မောင်ဆေးရိုးနှင့် မကျီးဒန်တို့ မင်္ဂလာမဆောင်ကြရပါ။ အကြောင်း သော်ကား ရွာထဲတွင် ဓားပြတိုက်မှုတစ်ခု ဖြစ်ပွားသောကြောင့် ပေတည်း။

ဓားပြမှုပေါ်ပေါက်သောညက မကျီးဒန်တို့အိမ်သို့ မောင်ဆေးရိုး ရောက်လာသည်။ နောက်တစ်နေ့နံနက်တွင် ကျွေးမွေးရန်အတွက် ဟင်းချက်နေသူများထံသို့ ရောက်သွားသည်။ မီးအပူခံနိုင်စေရန် ဟူသော အကြောင်းပြချက်ဖြင့် ဝိုင်းဖွဲ့နေသော အရက်ဝိုင်းကို ငုံ့အကြည့်တွင် အရက်ခွက်က မျက်နှာနား ရောက်လာသည်။

မောင်ဆေးရိုး အိမ်ပေါ်သို့ ချက်ချင်းရောက်လာသည်။

"ဟဲ့ ဆေးရိုး ရက်လွဲနေပါပြီကော"

"နင့်ဟာက မလွန်လွန်းဘူးလား၊ နက်ဖြန်မှ လာရမှာဟဲ့"

ကန်တော့ပွဲ ပြင်နေသော၊ ပန်းသီနေသော အမျိုးသမီးများက သံရော်ကြသည်။

"ကိုယ်ချင်းစာတယ်ဗျို့"

ပန်းကန်ခွက်ယောက်များ စာရင်းပြုစုနေသော ကာလသား များကလည်း သရော်ကြသည်။

"လိုတာများ ဘာရှိမလဲ၊ လာကြည့်တာပါ"



မောင်ဆေးရိုးသည် ခေါင်းအုံးတွေကို ရယ်ကျဲကျဲဖြင့် ပုတ်သည်။ ထောင်ထားသော သင်ဖျူးလိပ်ကို ပြင်လိပ်သည်။ မဖြန့်ရသေးသော ကန့်လန့် ကာလိပ်တွေကို ရေတွက်ကြည့်သည်။ ထိုသို့လုပ်ရင်းက ဗယီးဗယားဖြင့် ကာလသားဝိုင်းဘေးသို့ ရောက်လာသည်။

"သွားစမ်း လူအိုစော် နံတယ်"

မောင်ဆေးရိုးသည် ရယ်မောရင်း 'ဓာတ်မီးအလင်းရောင်' မကျရောက်သည့် မှောင်ရိပ်တွင် အရှက်ပြေ ဝင်ထိုင်သည်။ ခုနက သတိမထားမိသော ဒေါ်ရွှေအိမ်နှင့် ဒေါ်ကြွယ်စိုးတို့ ကွမ်းသီး 'စိတ်' နေကြသည်။ သူတို့ဘေးတွင် ကလေးတစ်သိုက်။

"တစ်ပြူး၊ တစ်လံ၊ ညောင်ကန်၊ ထမ်းပိုး၊ အကျိုး၊ ရှော ဆယ်စေ့"

ထိုကလေးဝိုင်းသို့ မောင်ဆေးရိုး ချဉ်းကပ်လာသည်။ မန်ကျည်း စေ့ဖြင့် စုံ မ ဂုက်တမ်း ကစားနေကြခြင်းပါတကား။

"ငါလည်း ပါမယ်ကွာ"

"သူ့လည်း မန်ကျည်းစေ့ မရှိဘဲနဲ့"

နှုတ်ခမ်းစူပြီး မျက်စောင်းထိုးသောကလေးသည် လက်သီး ဆုပ်ကို ဖျာပေါ်သို့ ချလိုက်၏။

"စုံ အေ"

"မ အေ"

စုံဆိုသူ သုံးယောက်၊ မဆိုသူ နှစ်ယောက်။ သူတို့အသီးသီး ရှေ့တွင် မန်ကျည်းစေ့တွေ ပုံထား၏။ လူစုံလျှင်စုံချင်း ဂုက်သူက လက်ဆုပ်ကို ဖြေလိုက်၏။ မန်ကျည်းစေ့တွေ များပြားသည့်အတွက် တစ်ပြူး၊ တစ်လံ ဆိုကာ ၂ စေ့စီချပြီး ရေတွက်ရာ တစ်စေ့ပိုနေ၏။

"မ မ ငါ့ကို ဆယ်စေ့လျော်"

ဒိန်းခနဲ ကျယ်လောင်သော အသံကြီးတစ်သံ မလှမ်းမကမ်းမှ ထွက်ပေါ်လာသည်။ တစ်ယောက်တစ်ပေါက်ပြောသံများဖြင့် ညံစည်နေခဲ့သော မင်္ဂလာဆောင်အိမ်မှာ တိတ်ဆိတ်သွားသည်။ တစ်ယောက်ကို တစ်ယောက် မျက်လုံးပြူးလျက် ကြည့်နေကြသည်။

"ဟော့ မဆိုင်သူ မကပ်နဲ့၊ နင်တို့မယားတွေ မုဆိုးမ ဖြစ်ကုန်မယ်နော်"

"ဟာ ဓားပြပါကလား"

မောင်ဆေးရိုး ခုန်ထသည်။

"ကိုရင် ကိုရင်"

မင်္ဂလာဆောင်၍မပြီးမချင်း လူမြင်ခံလေ့မရှိသော သတို့သမီးသည် အခန်းထဲမှပြေးထွက်လာ၏။ လှေကားထိပ်သို့ ဦးတည်ပြေးသွားသော မောင်ဆေးရိုးကို ပြေးဖက်၏။

"သူတို့မှာ သေနတ်ပါတယ်၊ ကိုရင် မသွားရဘူး"

"သေနတ်ပါတော့ ဘာဖြစ်တုံး၊ မှောင်ထဲကဝိုင်းပြီး 'နှစ်ဖက်ချွန်'နဲ့ ပစ်၊ 'လောက်လေး' နဲ့ ထု"

ချစ်စခင်စ ဇနီးလောင်းဖြစ်ပြား မောင်ဆေးရိုး တွန်းပစ်သည်။ ခါးကိုဖက်ထားသော လက်ပြုတ်သွားသော်ငြား ကျီးဒန်သည် "အရီးတို့ အမေတို့ ကြည့်နေကြတော့မှာလား" အော်ဟစ်ပြီး အကူအညီတောင်းသည်။ ချက်ချင်း ဒေါ်ကြွယ်စိုး ကပ်လာသည်။

"လူလေး အမေ့စကားနားထောင်စမ်း၊ လာ ထိုင်နေ"

"ဟုတ်ကဲ့အမေ"

မောင်ဆေးရိုးသည် အမေဆွဲခေါ်ရာသို့ အသာတကြည် ပါလာသည်။ ရွာထဲတွင်မူ ပြေးလွှားအော်ဟစ်သံများ ဆူညံနေသည်။



ရွာခေါင်းအိမ်မှ မောင်းထုသံ နှစ်ချက်သာ ထွက်ပေါ်လာပြီး ပျောက်သွား၏။

"ဦးဘမှန်အိမ်ကို ဓားပြတိုက်တာတဲ့"

"မဆိုင်သူ မကပ်နဲ့ဟော့၊ မုဆိုးမ မဖြစ်ချင်ရင် ကိုယ့်လင် ကိုယ်ဆွဲထားကြပါတော့လား"

ဓားပြသည် ထပ်မံပြီး သေနတ်သံ မပေးငြား အော်ဟစ်ကြိမ်းမောင်းနေသည်။ သို့စဉ်တွင် မီးတုတ်တယမ်းယမ်းဖြင့်

"တစ်အိမ်တစ်ယောက်၊ တစ်အိမ်တစ်ယောက် နှစ်ဖက်ချွန်၊ ကျောက်ခဲအိတ်တွေလွယ်ပြီး ထွက်ကြဟော့၊ ရေနံကွင်း တစ်ကွင်းစီ မီးညှိခဲ့ကြ"

ရွာခေါင်းများ၏ဆော်ဩသံများ ပေါ်လာ၏။ သို့ရာတွင် တစ်ရွာလုံး တုတ်တုတ်မျှမလှုပ်။ မောင်ဆေးရိုးသည် ထွန်းညှိထားသော ဓာတ်မီးအိုးရှိ လေပေါက်ကို ဖွင့်လိုက်သည်။ ရှူးခနဲအသံနှင့်အတူ မင်္ဂလာဆောင်အိမ်တစ်အိမ်လုံး မှောင်ကြီးကျသွားသည်။

"ဟဲ့ လူလေး"

"ကိုရင် ကိုရင်"

ခေါ်သံ အော်သံများကို လျစ်လျူရှုလျက် မောင်ဆေးရိုး ပြေးလာသည်။ မြတ်သာကျော်သည် ခြံဝတွင် မှောင်ရိပ်ခိုလျက် ရပ်နေသည်။

"ဘာလုပ်မလို့တုံး"

"ဘာလုပ်ရမှာတုံး၊ ကိုယ့်ရွာကို တိုက်နေတဲ့ ဓားပြကို သည်အတိုင်း ထိုင်ကြည့်နေရမှာလား။ သွားကွာ၊ ကျောက်ခဲအိတ် နှစ်ဖက်ချွန်အိတ်တွေနဲ့ ငါ့ဖို့ ဓားတစ်ချောင်းပါ ယူခဲ့"

"ဓားပြမှာ သေနတ်ပါတယ်ဟ ဆေးရိုးရ"

"သေနတ်ပါတော့ ဘာဖြစ်သတုံး၊ အဲသည်သေနတ်ဟာ သေနတ်အစစ်လား၊ လုပ်သေနတ်လား၊ ယမ်းတောင့်ကကော တစ်တောင့်အပြင်နှစ်ကောင့်ပါရဲ့လား။ ခုနကကြားလိုက်တဲ့အသံဟာ ပေထုပ် (ဗြောက်အိုး) ဖောက်သံ မဖြစ်နိုင်ဘူးလား"

ပြောလည်းပြော ကျောကိုလည်း တွန်းသည့်အတွက် မြတ်သာကျော်သည် ဂုံနီအိတ်ဖြင့် ချုပ်ထားသော အိတ်များကို လွယ်လာသည်။ ဓားမတစ်ချောင်းလည်း ပါလာသည်။

မောင်ဆေးရိုးသည် ကျောက်ခဲအိတ်ကို လွယ်သည်။ ဓားမကို လှမ်းယူရာက မြတ်သာကျော်၏လက်ကိုပါ ဆွဲသည်။

"ဟော့ကောင် အရှမ်းသ...

"ဟော ငပု၊ တို့အသံမှ မမှတ်မိဘူးလားကွ"

ရွာလမ်း၏ တစ်ဖက်ရှိ ရွာခရီးဘေးမှ မည်းမည်းအရိပ်များ

လှုပ်ရှားလာသည်။ ငပုနှင့် ထွန်းအံ့၊ ဘရွှေတို့ ဖြစ်သည်။

"မင်းတို့နှစ်ယောက် ဘာလုပ်ကြမလို့တုံး"

ဘရွှေ၏အသံက တုန်တုန်ယင်ယင်။

"မင့်ဖေကလွှား ကိုယ့်ရွာကို တိုက်ခိုက်နေတဲ့ ဓားပြကို ရေပူရေချမ်း ကမ်းလှမ်းရအောင် သွားပါ့မလားဟ၊ ပစ်မယ်ခတ်မယ်၊ ဓားနဲ့ခုတ်မယ်။ လာ သွားကြစို့၊ ဩော် ဟော့ မီးကွင်းတွေပါ ယူခဲ့ဟော့"

"မင်းသာ လူစွမ်းကောင်း သွားလုပ်၊ ငါတို့ မလိုက်ဘူး။ ဘယ့်နှယ်ဗျာ၊ အဝေးကြီးက လှမ်းပစ်လို့ရတဲ့ သေနတ်ပါမှန်းသိလျက်နဲ့"

ငပုတို့သတ္တိ ယခုမှ ပေါ်တော့သည်။



"ဩ ငပုရာ၊ အရမ်းသွားပါ့မလားကွ။ မှောင်ထဲက ချောင်းကြည့်မယ်။ တဖြည်းဖြည်း မှောင်ရိပ်ခိုပြီး အနားကပ်သွားမယ်။ အနားကပ်ပြီး ဘွားခနဲပေါ်လာပြီး ဓားနဲ့ပိုင်းတော့ မင့်သေနတ် ဘာလုပ်နိုင်မှာတုံး"

"ငါတော့ သူရဲဘောကြောင်တယ်ပဲပြောပြော၊ မလိုက်ရဲဘူးဟော့။ မတော်လို့ သူက ဦးသွားရင် ကိုယ်သေမှာ။ ကိုယ်က ဦးသွားလို့ သူသေပါပြီတဲ့၊ ဘာရမှာတုံး ကဲ"

ထွန်းအံ့ကလည်း ခြောက်ကပ်ကပ်အသံကြီးဖြင့် ဇာတိပြသည်။ မောင်ဆေးရိုး ဆဲရေးတိုင်းထွာမိပြီ။

"ဓားပြကို ဘာမှုမလုပ်ဘဲ ထိုင်ကြည့်နေကြရင် အလကားရွာပါကွာ၊ ရမ်းဘိုကုန်းဟာ မှုဆိုးမရွာကွ၊ ယောက်ျားတစ်ယောက်မှ မရှိဘူးလို့ အယင်မေးဆကားနဲ့ စော်ကားမယ်။ အိုကွာ၊ အခုကိုပဲ စော်ကားနေပါပြီ။ ရမ်းဘိုကုန်းရွာသားတစ်ယောက်ကို စော်ကားတာဟာ တစ်ရွာလုံးကို စော်ကားတာနဲ့ အတူတူပဲ"

"ဒါ မှန်တယ်"

ဘရွှေ၏စကားကြောင့် ဆေးရိုး အားတက်သည်။

"ရမ်းဘိုကုန်းကို သွားမစမ်းနဲ့ ဆိုတဲ့စိတ် ပင်သွားအောင် လုပ်လွှတ်ရမယ်။ နို့မို့ရင် ထစ်ခနဲရှိ ဖဲဝိုင်းမှာ ဖဲရှုံးရင် ရမ်းဘိုကုန်းကို လာပြီး ဓားပြတိုက်၊ ကြက်ပွဲမှာရှုံးရင် ရမ်းဘိုကုန်းကို လာပြီး ဓားပြတိုက်နဲ့ ဓားပြတွေရဲ့ မိန်းမရှင်အိမ်ဖြစ်ရော"

ရှေ့ဆီမှ အသံအုပ်လျက် "ငခွေးတို့၊ ဘရွှေတို့၊ ဆေးရိုးတို့၊ ထွန်းအံ့တို့" ဟု ခပ်အုပ်အုပ်ခေါ်သံပေါ်လာသည်။ လူနှစ်ယောက်ဖြစ်သည်။ အပေါ်ပိုင်း မလင်းကျင်းပြား သူတို့ရှေ့မြေပြင်ပေါ်မှာ လင်းနေသည်။

"ကိုသာဆောင့်အသံထင်တယ်၊ ကျုပ်တို့ သည်မှာဗျို့"

သူတို့လည်း မောင်ဆေးရိုး၏အသံကို မှတ်မိသွားသည်။ ရှေ့သို့ သုတ်သုတ်လာရင်း အပြစ်တင်သည်။

"မင်းတို့ ဘာလုပ်နေကြသတုံး၊ တောင်တံခါးနားမှာလည်း တစ်စု"

ကုတင်ကြီးစုရွာမှ ကိုသာဆောင်နှင့် ကိုအေးမောင်တို့ ဖြစ်သည်။ မီးတုတ်များကို မီးထွန်းလာသော်ငြား မီးရောင် မပြန့်စေရန် 'အင်တုံ'ကို ဝါးညှပ်လျက် အုပ်လာကြသည်။ သူတို့၏အမေးကို မောင်ဆေးရိုး မဖြေပါ။ မည်သို့ပင် လှည့်ပတ်ပြီး ဖြေဦးတော့၊ အကောင်းမရှိသဖြင့် 'ဘယ်ကလာကြတာတုံး' ဟု မသိကျိုးကျွံ မေးသည်။

"သရက်ချင် ဒေါ်လှအိမ် ဓားပြတိုက်တုန်းက ပရိုက်တန်းရွာက ဂတ်ကို သွားမတိုင်လို့ ဒဏ်ရိုက်တာ တစ်ရွာလုံး ခံရပါရောလား။ ဒါကြောင့် ဓားပြတိုက်တဲ့အိမ်နားကို ငါတို့ သွားချင်လို့၊ ရွာခံတစ်ယောက် လိုက်ခဲ့၊ လူခံ မပါရင် ငါတို့ကို ဓားပြနဲ့ မှားမစိုးလို့"

"ကျုပ်လိုက်မယ်၊ လာ သွားကြစို့"

ထွန်းအုံ့က ဦးဆောင်ပြီး ထွက်ခွာသွားရာ ကိုသာဆောင်နှင့် ကိုအေးမောင်လည်း မီးကွင်းများငြိမ်းသတ်ကာ လိုက်သွားကြလေ၏။

"တွေ့ကြလား၊ သူများရွာကတောင် မကြောက်မရွံ့"

မောင်ဆေးရိုးက သည်မျှသာပြောရသေးသည်၊ ကျောက်ရပ် ဖြစ်နေသူတွေ လှုပ်ရှားလာကြသည်။ နှစ်ဖက်ချွန်အိတ်နှင့် ကျောက်ခဲ အိတ်၊ မီးကွင်း ဓားလှံများ ပြေးယူကြသည်။

"လာကြဟေ့၊ အိမ်ရှင်ကို မမိလို့ ဓားစာခံမခေါ်နိုင်ရင် ငါတို့ ဘက်က သာတယ်ဟေ့"



မောင်ဆေးရိုးတို့ သွက်သွက်လှမ်းလာကြသောအခါ ခရိုးရိုပ် ခိုလျက် သဖန်းပိုးလုပ်နေသူတစ်ကျိပ်ခန့်လည်း ရောယောင် လိုက်ပါ လာကြသည်။

"ဝိုင်းကြဟေ့၊ ဝိုင်းကြ"

တောင်တံခါးနားတွင် ခိုနေသော လူအုပ်နှင့်ပေါင်းသော် နှစ်ကျိပ် ကျော်သွားပြီဖြစ်သော လူအုပ်ကြီးသည် ရဲရင့်လာပြီး မီးတုတ်တွေ ထွန်းညှိလျက် လူက သစ်ပင်အကွယ်မှချောင်းကြည့်ရင်း အော်ကြသည်။ မောင်ဆေးရိုးနှင့် စိတ်တူသူ ငါးယောက်က ဦးဘမှန်၏အိမ်နားသို့ တရွေ့ရွေ့ ကပ်လာကြသည်။

"မောင်ဘရီတို့လားဟေ့"

ပဒိုင်းပင်အုပ်ထဲမှ လူတစ်ယောက် ထလာသည်။

"ဦးဘမှန်၊ ကျုပ်တို့ပါ၊ ဆေးရိုး၊ ဘရွှေ၊ ငပု"

"အိမ်ပေါ်မှာ ဓားပြတွေချည်းပဲ၊ အိမ်သားတွေကို တစ်ယောက်မှ မမိဘူး"

"ဝိုင်းကြပါတော့လား၊ ထွက်ပေါက်တွေ ပိတ်ထားဟေ့"

မီးတုတ်သမားတွေ၏ညာသံသည် ခုနကထက်ပိုပြီး ကျယ် လောင်လာသည်။ သို့ဖြစ်သောကြောင့် ဓားပြကလည်း တုံ့ပြန်သည်။

"ငါတို့က သေလူဟေ့၊ ငါတို့ကိုခုခံရဲရင် ခုခံကြည့်၊ တစ်ရွာလုံး ပြာဖြစ်သွားမယ်"

ပစ္စည်းဥစ္စာကို လိုသောကြောင့် ဓားပြတိုက်သည်။ သို့သော် အိမ်သားတစ်ဦးဦးကို လက်ဝယ်မိထားမှသာ မိမိတို့လုံခြုံရေးအတွက် 'ဓားစာခံ' ရမည်။ ဓားပြလက်ထဲတွင် ဓားစာခံမရှိဟု သိထားသော ရွာသားများသည် ညာသံပေးလျက် ဝိုင်းပတ်ပိတ်ဆို့ပြီ။

ရမ်းဘိုကုန်းနှင့် ကုတင်ကြီးစုရွာကြားတွင် ချောင်းထဲသို့ဆင်းသော လှည်းလမ်းရှိသည်။ ချောင်းထိပ် ဥယျာဉ်များကြားမှ ဖြတ်သန်းသွားသည်။ လူ၏ဒူးဆစ် ပေါင်လယ်အထိ ကျွံသော ဗွက်ကြီးရှိသည်။ သည်ဗွက်သည် ယခုထက်တိုင် မခြောက်သေး။

မားပြ၏အခြားထွက်လမ်းမှာ တာလမ်းသို့ထွက်ပြီး လယ်ပြင်တွေထဲသို့ ဆင်းရန်ဖြစ်သည်။

မားပြတွေ မည်သည့်လမ်းကို ရွေးမည်နည်း။ ရွာမြောက်ဘက်ရှိ အခြားလှည်းလမ်းကိုကား ရွေးချယ်ဖွယ် မရှိ။ ဝေးသည်။ ရွာဘေးမှ သိပြီးသွားရမည်ဖြစ်သဖြင့် ရှည်လျားသည်။

"ဝိုင်းထားဟေ့၊ သည်ကောင်တွေ ပြေးလမ်း မရှိဘူးဟေ့။ ကျောက်ခဲနဲ့ ထုကြ၊ နှစ်ဖက်ချွန်နဲ့ ပစ်ကြပါတော့လား"

"သည်ကောင်တွေသေနတ်မှာ ယမ်းတောင့်ကုန်နေပြီကွ၊ ဝိုင်းကြချကြဟေ့"

"အဖေရေ ကျုပ်ကို မိထားလို့ မဝိုင်းကြပါနဲ့"

မှောင်ထဲမှ အသံတစ်သံပေါ်လာသည်။ ရွာသားတွေမှာ တွေဝေစိတ်ဖြင့် တန့်သွားကြသည်။

"ဆုတ်ပေးကြနော်၊ နို့မို့ရင် သောင်းမောင်ကို အသတ်ပဲ"

မားပြက နာမည်နာမ တိတိကျကျထုတ်ဖော်ပြောလာသည့်အတွက် ညာသံများ စဲသွားသည်။ မားပြက သည်အခိုက်အတန့်ကို အခွင့်ကောင်းယူလျက် မည်သူမျှမထင်မှတ်သော ဗွက်ထူလှည်းလမ်းကို ဆင်းပြေးလေ၏။

"မဟုတ်ဘူး၊ မဟုတ်ဘူး။ ငါ့သား သောင်းမောင်ကို သူတို့ မမိဘူး၊ အသံဖျက်ပြီး လိမ်တာ"



ဦးဘမှန် ပြေးလာပြီး အော်ဟစ်သည့်တစ်ခဏတွင် ညာသံများ ကျယ်လောင်လာပြန်၏။

"ချောင်းထဲဆင်းပြေးပြီဟေ့ ပစ်ကြ ပစ်ကြ"

လက်သီးဆုပ်ရွယ် ချောင်းကျောက်တွေ မှောင်ထဲသို့ ပြေးဝင်၏။ နှစ်ဖက်ချွန်တွေ လွင့်ဝဲ၏။ မားပြတို့အတွက် အဆိုးရွားဆုံးအရာကား ရေနံမီးကွင်းများပေတည်း။

"လိုက်ကြ လိုက်ကြ၊ ကုတင်ကြီးစုဘက်က ပတ်ပြီးလိုက်ကြဟေ့"

တုတ်တွင်လျှိုပြီး ထွန်းညှိရမည့် မီးကွင်းများသည် မားပြများထံသို့ အလျှံတပြောင်ပြောင်ဖြင့် ပြေးလာ၏။ ဗွက်ထဲသို့ကျသော မီးကွင်းများသည် ငြိမ်းသွား၏။ မငြိမ်းလျှင် မားပြတွေက တက်နင်း၏။ သို့ရာတွင် စောင်ရန်းတန်းတွေတွင် ငြိနေသော မီးကွင်းများကား မားပြတို့၏ သေမင်းဖြစ်၏။

"လိုက်ကြဟေ့ လိုက်ကြ၊ မလွတ်ပေစေနဲ့"

မားပြများမှာ ပြေးနိုင်မှလွတ်မည့်အခြေအနေသို့ ရောက်နေပြီ။ ရွံ့ဗွက်ကြီးထဲတွင် အတင်းပြေးစဉ် နောက်ဆုံးမားပြကို ကျောက်ခဲရောနှစ်ဖက်ချွန်ပါ ထိမှန်သည်။ သည့်တွင် အမှားတစ်ခုကို ကျူးလွန်ကြသည်။ ယင်းမှာ လှည်းလမ်းထိပ် ချောင်းပြင်ယံမှ အသံတွေပေါ်လာခြင်းဖြစ်သည်။

"သည်ဘက်ကိုလာရင် အသေပဲဟေ့"

မားပြတွေမှာ နှစ်ဖက် အညှပ်ခံထားရပြီ။ သို့အတွက် ဝဲယာရှိ ဥယျာဉ်များထဲသို့ တကွဲတပြား ဝင်ပြေးကြတော့သည်။ စောင်ရန်းတိုင် ချိုးသံကြားရာသို့ မီးကွင်းတွေ ပြေးလာသည်။ မီးကွင်းနောက်မှ ကျောက်ခဲတွေ၊ နှစ်ဖက်ချွန်တွေ လိုက်လာကြသည်။ မားပြများ ဆင်းပြေးသော လှည်းလမ်းမှာ ဗွက်ထူသည်။ ထိုဗွက်ထဲတွင် လှည်းမောင်း၍ရစေရန် သစ်ခက်တွေ

ချသည်။ ရိုးပြတ်တွေ ချသည်။ ဓားပြတစ်ယောက်မှာ သစ်ကိုင်းသစ်ခက်တွေနှင့်ငြိနေစဉ်တွင် ကျောက်ခဲမှန်ပြီး လဲကျကျန်ခဲ့သည်။ သူတစ်ပါး၏ပစ္စည်းဥစ္စာကို 'အသာရကြွေ' ရမည်ထင်ပြီး ဓားပြတိုက်မိသူများမှာ လက်လွှတ်ပြေးကြရသည်။ ဥယျာဉ်ထဲတွင် ဓားပြများ လွှင့်ပစ်ခဲ့သော ပစ္စည်းများကို နောက်တစ်နေ့နံနက်အထိ လိုက်လံကောက်သိမ်း၍ မဆုံးပေ။ ပစ္စည်းကောက်သူများသည် သွေးစက်များ ပြတ်တောင်းပြတ်ကောင်းဖြင့် စွတ်ကြောင်းတစ်ခုကို တွေ့သည်။ စွတ်ကြောင်းသည် 'ဆင်နှီ' တောအစပ်တွင် ပြတ်သွားသည်။ ဆင်နှီတောကို တုတ် ဓား ကိုယ်စီဖြင့် နင်းသည်။ ဦးခေါင်းနှင့် ခြေတွင် ဒဏ်ရာပြင်းထန်စွာ ရထားသော ဓားပြတစ်ယောက်ကို တွေ့ကြရသည်။

သည်မျှ တစ်ရွာလုံး တစ်နယ်လုံး ထိတ်လန့်တကြား ဖြစ်နေချိန်ဝယ် မောင်ဆေးရိုးနှင့် ကျီးဒန်တို့၏မင်္ဂလာဆောင်ပွဲကို ရက်ရွှေ့လိုက်ရတော့၏။ သို့တစေ ကိစ္စမှာ မင်္ဂလာဆောင်ကို ရက်ရွှေ့ခါမျှဖြင့် မပြီးပေ။ ဆင်နှီတောနှင့် ဗွက်ထဲမှ မိသော ဓားပြများသည် ဖော်ကောင် ဖြစ်လာကြကာ မောင်ဆေးရိုးမိသားစုအား ဒုက္ခပေးလေသည်။

မိသော ဓားပြနှစ်ယောက်မှာ ရမ်းဘိုကုန်းနှင့် ရွာနီးချုပ်စပ်မှ မဟုတ်ကြပေ။ ခံတော၊ ကြူကုန်း၊ ကြက်မင်းရင် စသော နယ်ကျော်အရပ်မှ လူပေလူတေတွေချည်းဖြစ်သည်။ သည်နယ် ဝေးလှမ်းသော အရပ်မှ ဓားပြများသည် 'ဆုတ်ပေးကြနော်၊ နို့မို့ရင် သောင်းမောင်ကို အသတ်ပဲ' ဟု မည်သည့်အတွက် အော်နိုင်ကြသနည်း။ ဦးဘမှန်၏ သားအမည်ကို ဓားပြများ သိခြင်းမှာ ရွာခံ 'လက်ထောက်' ချသူ ရှိ၍ ဖြစ်ရမည်။ ဒဏ်ရာရ ဓားပြများကို ဖိဖိစီးစီးစစ်ဆေးသောအခါ ရွာခံ လက်ထောက်ချသော ရန်သူ့သတင်းပေးအမည်သည် ပေါ်ထွက်လာ၏။



ရွာခံ ရန်သူသတင်းပေးမှာ မယ်ငြိမ်းစည် ဖြစ်သည်။ မရိုး ဟူသည် အစ်ကိုထွန်းကားနှင့်စပ်မှသာ တော်စပ်ခြင်းဖြစ်ငြား မောင်ဆေးရိုးတို့ မောင်နှမတစ်တွေ ခေါင်းမဖော်ရဲတော့ချေ။ ရွာကိုလည်း ရှက်၊ ဦးဘမှန်ကိုလည်း အားနာသည်။

*

ထွန်းကားသည် နို့စို့ကလေးတန်းလန်းဖြင့် အချုပ်ထဲသို့ရောက်နေသော ဇနီးထံသို့ သွားရမည့်အစား အရက်ကိုသာ နေ့မီးညမီးဆက်ပြီး သောက်နေသည်။ သို့ရာတွင် ဦးကျန်ကြီး မနေနိုင်ပါ။ မယ်ငြိမ်းစည် မကောင်းသော်ငြား သူ့အဖေ ဦးရဲတင်းမှာ လူကောင်းကြီးဖြစ်သည်။ ထို့ပြင် လူတော်ကြီးလည်း ဖြစ်ချေသည်။ ဦးကျန်ကြီးသည် ရွှေတဆုပ်ရွာရှိ မယ်ငြိမ်းစည်၏မိဘများထံသို့ 'မယ်ငြိမ်းစည် အချုပ်အနှောင်ခံရကြောင်း' လူလွှတ်အကြောင်းကြားငြား တစ်ဦးတစ်ယောက်မှ ပေါက်မလာကြပါ။ ဦးကျန်ကြီးလွှတ်လိုက်သူသည် ရွှေတဆုပ်ရွာ၌ ဦးရဲတင်းနှင့် ဒေါ်မင်းဘော်ကို စုံညီတွေ့၏။ မည်သည့်အကြောင်းကြောင့် သူတို့သမီး အချုပ်အနှောင်ခံရသနည်းဟု စုံစမ်းကြ၏။ ဦးကျန်ကြီး လွှတ်လိုက်သူလည်း မကွေ့သာ မကွယ်သာသဖြင့် ကြားသိရသမျှကို ရှင်းပြ၏။ ဦးရဲတင်းသည် ဖျှိခနဲ တံတွေးထွေးကာ ထသွား၏။ ဒေါ်မင်းဘော်က တွေတွေကြီး ငေးနေပြီးမှ "မိုက်လိုက်လေ သမီးရယ်" ဟု ငိုသံပါဖြင့် မြည်တမ်းသည်။ သို့ရာတွင် မယ်မင်းဘော်သည် ကျလာသော မျက်ရည်ကို အပြီးတကြီး သုတ်ပစ်သည်။

"ကိုယ် မှိုနိုရပ်တည်းချနေရတဲ့ရွာကို ပြန်ပြီး မကောင်းကြံသတဲ့၊ ကောင်းကြသေးရဲ့လား။ အရိပ်နေနေ အခက်ချိုးချိုး၊ ဒင့်အဘေး ဦးရင်းသောင်နဲ့ တူတဲ့ မိန်းမယုတ်"

ဒေါ်မင်းဘော်သည် ညှော်သည်ကို ရုတ်တရက် သတိရ၏။

"ငါ့တူကို မထီမဲ့မြင်လုပ်တာမဟုတ်ပါဘူးကွယ်။ စိတ်ဆိုးလွန်းလို့ပါကွယ်"

"ကိစ္စမရှိပါဘူးခင်ဗျာ"

"အဲသည်တော့ အချုပ်အနှောင် ထောင်ပဒန်းက လွတ်လာတဲ့အခါ ရမ်းဘိုကုန်းကို ပြန်မနေနဲ့၊ ရွှေတာဆုပ်ရွာကိုလည်း မလာခဲ့ပါနဲ့လို့ သားရေပေါ် အိပ် သားရေနား စားတဲ့ အယုတ်တမာမကို ပြောလိုက်ပါ"

"[illegible]တမလဲ"

"မလာဘူး"

သွေးမစပ်သော [illegible] သည်မျှရက်နေလျှင် မိဘအရင်းခေါက်[illegible]မှာ ပိုပြီးရက်စက်ချေမည်။ သို့ကြောင့် မယ်ငြိမ်းစည်အား ပစ်ပစ်ခါခါလုပ်ပစ်ကြသည်။ ဦးကျန်ကြီးကသာ ချွေးမအား ပစ်မထားရက်ပေ။ သူမိုက်မဲသည်က တစ်ကဏ္ဍ၊ လူကြီးက လူကြီးအလုပ်ကို လုပ်ရမည်မှာ တစ်ဌာနမို့ ရွာခေါင်း ဦးဘရီ စသော လူကြီးများကို တောင်းပန်စရာအပြီး ဂတ်ဌာနသို့ လိုက်သွားရ၏။ ရပ်မိရပ်ဖများကမူ မယ်ငြိမ်းစည်အတွက် ကြောင့်ကြ၏။ ထမင်းမှ စားရပါမည်လော၊ ရေတော်၍သော်မှ အကြောက်လွန်ပြီး ရေမသောက်ဘဲ နေလေမည်လောဟု တွေးတော ပူပန်ကြ၏။ မယ်ငြိမ်းစည်မှာ လူကြီးတွေ စိုးရိမ်သကဲ့သို့ မဟုတ်ပေ။ သူသည် အချုပ်ထဲ၌မနေရ။ ဂတ်စာရေးမိသားစုနှင့် အတူနေရသည်။ ပူပန်ညှိုးငယ်သောမျက်နှာမရှိ။ ပြုံးကြီ ပြက်တက်တက်ဖြင့်။

"ဟော့ ကျန်ကြီး မင့်ချွေးမအတွက် ပူမနေနဲ့ကွ"

ရွာခေါင်း ဦးဘရီက သည်မျှသာပြောပြီး ဦးကျန်ကြီးမှာ ပြောစရာစကားတွေ အလွန်များ၏။ များသော်ငြား မပြောဖြစ်။ ဂတ်ဌာနသို့ နောက်ထပ်လည်း မရောက်တော့ပေ။



ရွာခေါင်း ဦးဘရီ၏စကားက မှန်ကန်သည်။ နောက် သုံးလခန့်အကြာတွင် အာမခံသူ မရှိ၊ အသနားခံသူ မရှိပါဘဲလျက် ရမ်းဘိုကုန်းသို့ မယ်ငြိမ်းစည် ပြန်ရောက်လာသည်။ ခေါင်းရင်းအိမ် ခြေရင်းအိမ်မှအစ တစ်ရွာလုံးက အဆက်အဆံ အခေါ်အပြောမလုပ်ဘဲ 'ကြည့်'ယားကြငြား မယ်ငြိမ်းစည် မပြေးပါ။ အရက်ချက်သည်။ ထန်းရည်တည်သည်။ လူတွေ ဇရတ်သုတ်ခြင့် ဝင်ထွက်ကြသည်။ သည်အထဲ၌ လူသစ်အဖြစ် ပုလိပ်နှစ်ယောက် ပါလာသည်။

အိမ်နီးချင်းများသည် မယ်ငြိမ်းစည်နှင့် ကြက်သွန် တစ်ဥ ငရုတ်သီး တစ်တောင့် မပတ်သက်ကြငြား ဒေါ်ကြွယ်စိုးထံသို့ကား ရောက်ရှိလာကာ သတင်းပေးကြသည်။

"အရီးရဲ့ချွေးမက ကောသလိုတော်ရေ့"

ဦးကျန်ကြီးယံသို့လည်း "ဘကြီးချွေးမကို ပစ်ထားတော့မလား" မေးကြ ပြောကြသည်။ ဦးကျန်ကြီးနှင့် မယ်ကြွယ်စိုးတို့မှာ မည်သို့လုပ်ရမည်ဟု မဆုံးဖြတ်တတ်ချေ။ မယ်ငြိမ်းစည်အား တုတ်တစ်ပြက် ဓားတစ်ပြက်ဖြင့် ပြောဆိုဆုံးမ တားမြစ်ရမည့်သူမှာ ထွန်းကားဖြစ်သည်။ ယခု ထွန်းကား ပျောက်နေသည်။ ရမ်းဘိုကုန်း ကာလသားများသည် မယ်ငြိမ်းစည်၏ အိမ်ကို မျက်စောင်းခဲနေကြပြီ။ မျက်စောင်းခဲရခြင်းမှာ ပုလိပ်နှစ်ယောက်သည် ညဥ့်နက်မှ ထွက်ခွာသွားလေ့ရှိသောကြောင့်ဖြစ်သည်။ သို့သော် ပုလိပ်နှင့် ပတ်သက်သောအိမ်မို့ ကျောက်အုတ်ဖြင့် ဖြိုရန် ဆနေကြရ၏။

ကျရောက်နေကျ လေပြင်းများ ရက်ဆက် ကျရောက်လာပြီးနောက် မိုးနံ့ ရလာပေပြီ။ လယ်သမားများသည် ရိုးပြတ် မီးရှို့သူက ရှို့၊ ထွန်တုံး ထွန်သန် ပြင်သူက ပြင်ကြပေပြီ။ မိုးကလေး တစ်ပြိုက်ကျသည်နှင့်တစ်ပြိုင်နက်တည်း ထွန်ရေး ငင်ကြမည်။ နှမ်းကြဲသူက [illegible]

ပျိုးခင်း ထွန်သူက ထွန်၊ စိုက်ခင်း ခွဲသူက ခွဲဖြင့် ဝါမကျွတ်မချင်း အားကြဲ နားကြဲရတော့မည် မဟုတ်ပေ။

သို့ကြောင့် လုပ်ငန်းခွင်မဝင်ရမီ မောင်ဆေးရိုးနှင့် ကျီးဒန်တို့၏ မင်္ဂလာဆောင် ခန်းဝင်ပစ္စည်းများကို ဖုန်ခါကြသည်။ သည်နှစ်တွင်မှ သကြန်က ကဆုန်လထဲတွင် လာကျသည်။ မင်္ဂလာဆောင်ရက်မှာ မှတ်မှတ်ရရ သကြန်အကြိုနေ့ဖြစ်သည်။ သည်မင်္ဂလာဆောင်တွင်လည်း ထုံးစံအရ ချက်ကြပြုတ်ကြနှင့် တပျော်တပါးရှိလှပါဘိသည်။ မင်္ဂလာဆောင်ရက် မတိုင်မီညတွင် မောင်ဆေးရိုးသည် သတို့သမီးအိမ်သို့ မသွားရပေ။ အိမ်မြဲနေသည်။ အမေနှင့် မယ်မျှင်မှာမူ မင်္ဂလာဆောင်အိမ်သို့ ရောက်နေသည်။

မောင်ဆေးရိုးသည် အိမ်ရှေ့ ကပြင် (ကြမ်းပြင်) သို့ ထွက်လာမိသည်နှင့် အစ်ကိုထွန်းကားအား သတိရသည်။

"ဖြစ်သလိုနေ၊ ဖြစ်သလိုစား၊ အရက်ကို မလင်းတမ်း သောက်နေတော့ ရှိမှရှိသေးရဲ့လား၊ သေများ သေပြီလား"

အစ်ကို့သတင်းကို မိမိ မသိသော်ငြား မရိုးမူ သိတန်ကောင်း၏။ မရိုးထံ သွားရောက်မေးမြန်းရန် အကြံဖြင့် ထပြီးမှ ပြန်ထိုင်မိ၏။ သို့စဉ်တွင် မိန်းမတစ်ယောက်၏ စူးစူးဝါးဝါးအော်သံကို ကြားရ၏။ မောင်ဆေးရိုး လည်ပင်းရှည်၏။ နားစွင့်၏။ မသဲကွဲပါ။ 'ဓားနဲ့' သာ သဲကွဲသည်။ တန်းလျား ရေအိုးစင်တွင် ဓားတစ်ချောင်း အသင့်ရှိနေသည်။ မောင်ဆေးရိုးသည် ထိုဓားကိုဆွဲပြီး ကပြင်မှ ခုန်ချသည်။ အိမ်ဝိုင်းအပြင်သို့ မရောက်မီ တဖုန်းဖုန်းပြေးလာသော ခြေသံများကို ကြားရသည်။

မောင်ဆေးရိုးသည် ပြေးလာသူများကို မျှော်ကြည့်၏။ မျှော်ကြည့်ဆဲတွင် ပြေးလာသူနှစ်ယောက်သည် အိမ်ဝိုင်းထဲသို့ ပြေးဝင်လာကြသည်။



အမေနှင့် မယ်မျှင်။ အမေသည် သမီး၏လက်ကို ဆုပ်ထား၏။

"ဘာသံလဲ အမေ"

"လာကြပါဦး၊ ဓားနဲ့ခုတ်နေပါတယ်လို့ ကြားသလိုပဲ၊ ဒါကြောင့် အိမ်ကိုပြေးလာတာ"

"အော်တာ ဘယ်သူတုံး အမေ"

"မသိဘူးဟဲ့"

အမေသည် သား၏အမေးကို ဖြေပြီးလျှင်ပြီးချင်း "ဒါက ဘယ်ကို သွားမလို့တုံး" မေးသည်။

"ဘာလဲညာလဲ သိရတာပေါ့အမေရာ"

အမေသည် သား၏လက်ကောက်ဝတ်ကို ဖမ်းဆုပ်သည်။

"သည့်ပြင်လူတွေ သွားလိမ့်မယ်၊ ငါ့သားက နက်ဖြန်မှာ မင်္ဂလာဆောင်မယ့် သတို့သား၊ မသွားရဘူး"

ပြောပြောဆိုဆို အိမ်ဘက်သို့ဆွဲခေါ်သောကြောင့် လိုက်ပါလာရငြား မောင်ဆေးရိုး မသွားလျှင်မဖြစ်သော အခြေအနေသည် ဖြစ်ပေါ်လာ၏။ ဤသည်ကား မောင်ဆေးရိုး၏မရိုး မယ်ငြိမ်းစည်၏ အိမ်တွင် ဓားခုတ်မှု ဖြစ်ပွားခြင်းပေတည်း။

"သူ မကောင်းပေမဲ့ သွားမှတော်မယ် အမေ"

မိခင်အား အကြောင်းပြစကား ဆိုအပြီး၌ မောင်ဆေးရိုးသည် ရွာလမ်းတစ်လျှောက် ပြေးလာခဲ့သည်။

လူများကို ဟိုအိမ်ရှေ့၌တစ်စု၊ သည်အိမ်ရှေ့၌တစ်စု တွေ့ရငြား မယ်ငြိမ်းစည်၏အိမ်တွင် အုပ်အုပ်ခဲခဲ မရှိပါ။ မလာလျှင်မဖြစ်သော ရွာခေါင်း ဦးဘရီနှင့် ဆယ်အိမ်ခေါင်းများသာ ရှိကြသည်။ ဓားခုတ်ခံရသူမှာ ဆာဂျင်ကျော်အေးဖြစ်၏။

"ဆာဂျင်ကြီးက အိမ်ပေါ်တက်လာပြီး 'အရက်မဝသေးဘူး၊ ပေးဦး' လို့ တောင်းပါတယ်။ ကျွန်မက 'ကုန်ပြီ၊ မရှိတော့ဘူး။ နက်ဖြန်မှလာပါ' လို့ ပြောနေတုန်းမှာ နောက်ဖေးဘက်က လူတစ်ယောက် တက်လာတယ်။ ဆာဂျင်ကြီးက 'ဟေ့ကောင်၊ မပြေးနဲ့' အော်ပြီး လဲကျသွားလို့ ကျွန်မလည်း ကြောက်ကြောက်နဲ့ မီးခွက်ထွန်းကြည့်တော့ သွေးတွေနဲ့"

ဆာဂျင်ကျော်အေးကို ပွေ့ထားသူမှာ ကျော်အေးတပည့် ပုလိပ်ဖြစ်သည်။ နှစ်ယောက်လုံး အရပ်ဝတ် ဝတ်ထားသည်။

"ခင်ဗျားကို တော်တော်ပေါ့လျော့တာပဲဗျ၊ အိမ်ပေါ်တက်ပြီး ဆာဂျင်ကြီးတစ်ယောက်လုံး မားခုတ်ခံရတာ မောင်းသလား"

ဦးဘရီ ထောင်းခနဲ ဒေါသထွက်လာပြား မပြောရဲသဖြင့် လေချိုသွေးရ၏။

"ဆရာကကော ဘယ်လိုဖြစ်တာပါလဲခင်ဗျာ"

"အိမ်ပေါ်က ဆာဂျင်ကြီးရဲ့အသံကြားရတဲ့အတွက် မြေးပ(ပ)က စောင့်ပြီး ရိုက်တာ၊ ဓားနဲ့တွက်သွားသဗျာ"

ရွာခေါင်း ဦးဘရီသည် နွားလှည်း ဆင့်ခေါ်ပြီး ပုလိပ်နှစ်ယောက်ကို ဆေးရုံသို့ ပို့သည်။ သူနှင့် ဆယ်အိမ်ခေါင်းနှစ်ယောက်က ဂတ်သို့သွားပြီး တိုင်တန်းခဲ့သည်။ သူတို့သည် တပ်အပ်မမြင်ရပြား ဓားဖြင့် ခုတ်သူမှာ ငထွန်းကား ဖြစ်ရမည်ဟု စွပ်စွဲသည်။ မယ်ငြိမ်းစည်သည် အရက်နှင့် ထန်းရည်ကို အိမ်အောက်တွင်ရောင်းပါလျက် အိမ်ပေါ်သို့ ဆာဂျင် ကျော်အေး ရောက်နေသည်ကို မသကာ။

အမှုမှာ ဤမျှဖြင့်ပြီးသွားပြီဟု ထင်မှတ်ကြ၏။ အမှုဖြစ်ပွားရာ အရပ်မှာလည်း ရွာက ကြဉ်ထားသော အိမ်။ ကိုယ့်ရွာသူရွာသားများနှင့်



သက်ဆိုင်သည် မဆိုနိုင်။ ထို့အတွက် မောင်ဆေးရိုး၏ မင်္ဂလာဆောင်ကို နောက်တစ်နေ့နံနက်တွင် အစီအစဉ်မပျက် ကျင်းပသည်။ ရွာသူရွာသားများသည် မယ်ငြိမ်းစည်အိမ်မှအဖြစ်အပျက်ကို မဆိုင်သကဲ့သို့ နေကြ၏။ ရယ်သံမောသံများ ညံနေသည်။

"ဝက်သားတုံးကြီး ဒူးခေါင်းလောက် သူများပြောတာ ကြ... တွေကို ပါရဲ့ ဆိုပေမဲ့ အခုတော့ ကိုယ်တွေ့ကြုံပြီဟေ့" ... ထည့်ပါစားပါ၊

ရပ်ဝေးကာလသားများသည် 'ဘီ... ...ည်။

အားရပါးရ စားသည်။ ရွာခံကာ... ...ဗျားတို့ဝက်သားဟင်းက ထည က် အားမနာပါနဲ့" ဟု ပြော...

"...နက်နံ့သနဲ့"

(ထ...ကာလသားတွေ အုန်းခနဲ ရယ်မောကြသည်။ ရယ်မောကြခြင်းမှာ ဝက်သားဟင်းကို ...ပျော့ရှိုလှက်၍ မစားနိုင်စေရန် ဟင်းထဲတွင် အမှန်ပင် ထည က်(ထန်းလျက်)ထည့်ထားသောကြောင့်ဖြစ်သည်။ ထိုသို့ ရယ်ရယ်မောမော ပျော်ပျော်ရွှင်ရွှင်ရှိနေကြသူများသည် ရုတ်ခြည်း အရယ်ရပ်လျက် ဖရိုဖရဲဖြစ်သွားသည်။ လှေကားအလယ်နှင့် လှေကားရင်းတွင် ပုလိပ်များ ရောက်နေကြ၏။ လှေကားလယ်တွင်ရပ်နေသော ပုလိပ်ကြီးမှာ သားရေပြားကြီးကို စလွယ်သိုင်းထား၏။ ခါးပတ်တွင်လည်း သားရေအိတ် တစ်အိတ် ချိတ်ထား၏။

ရွာခေါင်း ဦးဘရီသည် ခေါင်းရင်းခန်းတွင် ထိုင်နေရာက 'ပုလိပ်တွေ' ဆိုသောစကားကြောင့် ထပြေးလာ၏။ သူပြေးအလာနှင့် ပုလိပ်ကြီး တက်အလာတို့ လှေကားထိပ်တွင် ဆုံမိကြ၏။

"ဌာနာအုပ်မင်းပါကလား၊ ကြွပါခင်ဗျာ၊ ကြွပါ"

ဦးဘမှန်လည်း အိမ်ဦးခန်းတွင် ထိုင်နေရာမှ ထလာပြီး "ကျွန်တော့်အိမ်ကို ကြွပါ၊ ဌာနာအုပ်မင်း၊ ကျွန်တော့်အိမ်မှာ ကုလားထိုင်ရှိပါတယ်" ပြောကာ ဖိတ်ခေါ်သည်။

"ကျေးဇူးတင်ပါတယ် ဦးဘမှန်၊ ခင်ဗျားတို့ရွာဟာ ဓားပြဖမ်းပေးတဲ့အတွက် နာမည်ကောင်းလက်မှတ်ရအောင် ကျွန်တော်ထောက်ခံပေးမယ် စိတ်ကူးထားတာ။ အခု ကျွန်တော့်အမှုထမ်းတွေကို ဒဏ်ရာ အနာတရဖြစ်အောင်လုပ်တယ်။ ဆာဂျင်ကျော်အေး ဒဏ်ရာပြင်းထန်တယ်"

"ဒါက ဟိုဒင်း"

ဦးဘရီ ပြော၏။ သို့သော် သည့်ထက်ပိုပြီး မပြောတတ်။ မျောက်မွေးသူနှင့် မျောက်တို့၏ မှောင်ထဲကဇာတ်လမ်း ဖြစ်ပါသည်ဟု ပြောရန်မှာ ပရိသတ်ဗိုလ်ပုံအလယ်၌ မသင့်လျော်ပါ။ သည်ကိစ္စအတွက် သင့်လျော်မည့် စကားလုံး ရှာဖွေနေဆဲ၌ ဌာနာအုပ်က ဆက်ပြော၏။

"ဆာဂျင်ကျော်အေးနဲ့ ပုလိပ်အမှုထမ်း ငဝဲတို့ကို ဓားနဲ့ခုတ်သူဟာ ထွန်းကားဖြစ်တယ်။ ထွန်းကားကို အခုအပ်ပါ။ ထွန်းကားကို မအပ်ရင် သူ့ညီ ဆေးရိုးကို ဖမ်းရမယ်"

"ဟာ ဌာနာအုပ်မင်း"

ဦးဘမှန် ရှေ့တိုးလာသည်။

"မောင်မင်း ဦးဘမှန် အသာနေပါ၊ ဘယ်မလဲ ဆေးရိုး"

ပုလိပ်များသည် မင်္ဂလာ ပွဲနေပွဲထိုင်လာ ပရိသတ်များကို ကြည့်သည်။

သတို့သား ဆေးရိုး မရှိပါ။

"ဆေးရိုးဘယ်မှာလဲ ရှာကြစမ်း"



ပုလိပ်တွေ အိမ်ပေါ်တက်လာသည်။ ဧည့်ကောင်းစောင်ကောင်းများအတွက် ခင်းထားသော အနားကွပ်ပါသည့် သင်ဖြူးဖျာများပေါ်သို့ ဖိနပ်စီးလျက် တက်လာသည်။

"ဟဲ့ ဟဲ့ သင်ဖြူးပေါ်ကို ဖိနပ်နဲ့ မနင်းရဘူးဟဲ့"

ပုလိပ်ကို ကြောက်စရာသတ္တဝါဟု မသိသော အဘွားအိုတစ်ဦးက ငေါက်ငမ်းသည်။ သို့သော် သင်ဖြူးကို တက်နင်းသော ဖိနပ်များက ကော်ဇောများကိုပါ တက်နင်းသောအခါ အဘွားအိုက မော့ကြည့်သည်။

"နင်တို့ လူမှ ဟုတ်ကြသေးရဲ့လား"

"အမေကြီး မပြောနဲ့၊ သူတို့က ပုလိပ်။ အဘွားကို ဖမ်းသွားလိမ့်မယ်။ မကြောက်ဘူးလား"

မြေးမနှင့်တူသူက ကပ်ပြောသည်။

"အလိုတော်၊ ဘာပြုလို့ကြောက်ရမှာတုံး"

အရေးထဲတွင် အရာပေါ်သော အဘွား၏စကားကြောင့် ကြားရသူများမှာ မပြုံးသာပြုံးသာ ပြုံးရယ်ကြရသည်။

"ဆေးရိုး မရှိဘူး ဆပ်"

ပုလိပ်တစ်ယောက်က ဆလံပေးပြီး ဌာနာအုပ်မင်းအား ပြောသည်။ သို့အတွက် ဦးဘရီက "ကျွန်တော့်အိမ်ကို ကြွပြီး အေးအေးဆေးဆေး နားနေပါဦး ဌာနာအုပ်မင်း" ဟု မရဲတရဲပြောသည်။

"အဲဒါကောင်းပါတယ် ဌာနာအုပ်မင်း၊ အဲဒီမှာနေပြီး စုံစမ်းလိုက်ရင် ဆေးရိုး ဘယ်ကိုပြေးသလဲ သတင်းရနိုင်ပါတယ်"

ဤသို့ဖြင့် ဌာနာအုပ်မင်းနှင့် ပုလိပ်တော်မင်းများသည် ရွာခေါင်း ဦးဘရီ၏အိမ်သို့ လာကြသည်။ သို့သော် လမ်းကြုံသဖြင့် အခင်းဖြစ်ပွားရာ မယ်ငြိမ်းစည်၏အိမ်ကို ဝင်ကြည့်ကြသည်။ အိမ်တွင်

မယ်ငြိမ်းစည် မရှိပါ။ အိပ်ရာ၊ အဝတ်အစားနှင့် စားအိုးစားခွက်များလည်း မရှိတော့ပါ။

"မယ်ငြိမ်းစည် ဘယ်မှာလဲ"

မယ်ငြိမ်းစည် မရှိတော့ကြောင်းကို ရွာခေါင်း ဦးဘရီပင်လျှင် ယခုမှ သိတော့သည်။

"မယ်ငြိမ်းစည် ဘယ်မှာပုန်းနေသလဲ ရှာကြစမ်း"

ပုလိပ်များနှင့် ဦးဘရီတို့ ဋ္ဌာနာအုပ်ဘေးမှ ကွာသွားကြခိုက်ဝယ် ဦးဘမှန်က တီးတိုးပြော၏။

"သည်အမှုမှာ ဆာဂျင်ကျော်အေးက လင်ရှိမယားကို ကြာခိုတာပါ"

"ကြာခိုးတယ် ဟုတ်လား။ ကြာဆိုတာ ပန်းပဲ။ ပန်းကို ကျော်အေးက ဘာပြုလို့ခိုးရသလဲ။ ပန်းပန်တာ မိန်းမတွေရဲ့အလုပ်ပဲ"

ဦးဘမှန်မှာ မြန်မာမဟုတ်၊ ဂေါ်ရာမဟုတ်သော 'ကကတစ်' ဋ္ဌာနာအုပ်အား စိတ်ညစ်ရသည်။ သို့ရာတွင် မာန်ချပြီး ရှင်းပြသည်။

"ကြာခိုးတာ မဟုတ်ဘူး၊ ကြာခိုတာ ဋ္ဌာနာအုပ်မင်းရဲ့။ လင်ရှိမယားနဲ့ တိတ်တဆိတ်ပေါင်းသင်းတာ"

"အိုး ယက်စ် အိုင်စီး"

"ကျွန်ုပ်တို့ရွာမှာ ဒါမျိုးမရှိပါဘူး။ ရှိရင် ဝိုင်းပြီး ခဲနဲ့ဖြိုပြီး ရွာက နှင်ထုတ်ပါတယ်။ ဒါကြောင့် အမြင်မတော်တဲ့လူတစ်ယောက်က ဓားနဲ့ တက်ခုတ်တာ ဖြစ်နိုင်ပါတယ်။ ဆေးရိုးရဲ့အစ်ကို ထွန်းကား ဆိုတာ မသေချာသလို ဆေးရိုးမဟုတ်တာကတော့ သေချာပါတယ်"

ဋ္ဌာနာအုပ် ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ကောင်းကလေး ခဏတစ်ဖြုတ် ဝင်နေခိုက်တွင် ဦးဘမှန်သည် ဋ္ဌာနာအုပ်အား သူ့အိမ်သို့



ခေါ်မှန်းမသိ ခေါ်လာခဲ့၏။ ဦးဘမှန်၏အိမ်တွင် ဦးဘရီ၏ဇနီးနှင့် သားသမီးများသည် သပ်သပ်ရပ်ရပ်ဝတ်စားလျက် သနပ်ခါးနံ့ တသင်းသင်း ပန်းရနံ့ တကြိုင်ကြိုင်ဖြင့် ကြိုဆိုနေကြသည်။ အမျိုးသမီးတွေကို မြင်ရသဖြင့် ဋ္ဌာနာအုပ် ဒေါသလျော့သွား၏။ အိမ်ပေါ်တွင် ကော်ဇောခင်းကာ စားပွဲဝိုင်းကြီးဖြင့် ကြက်ဥကြော်များ၊ ကြက်ဥပြုတ်များပါဝင်သော ခဲဖွယ် ဘောဇဉ်များ အသင့်ပြင်ထားသည်ကို မြင်ရပြန်သောအခါ ဋ္ဌာနာအုပ်မှာ ဒေါသပြေသွားပြီ။

ဦးဘမှန်သည် ငှက်ခါးတောင်ထနေသော ပင်ကျရည်အိုးနှင့် ချောက်မြို့မှဝယ်လာသော 'ထုံဖန်း' အရက်ပုလင်းကို ဋ္ဌာနာအုပ် ရှေ့တွင် ချ၏။ မည်သည့်ပစ္စည်းပေါ်တွင် ဋ္ဌာနာအုပ် မျက်စိရောက်နေသနည်း အကဲခတ်ပြီးမှ အရက်ပုလင်းကိုဖွင့်ကာ ဖန်ခွက်ထဲသို့ ထည့်၏။

"တိုင်းပြည် အုပ်ချုပ် မင်းလုပ်တဲ့သူများဟာ ကြီးတဲ့အမှုကို ငယ်အောင်၊ ငယ်တဲ့အမှုကို ပပျောက်အောင် ဆောင်ရွက်လေ့ရှိကြပါတယ် ဋ္ဌာနာအုပ်မင်း"

"ငါ့လူ ကျော်အေး ဓားခုတ်ခံရတာကို ငါက အမှုဖျောက်ပစ်ထားရမလား မောင်ဘမှန်ရဲ့"

"သည်လိုလဲ မဟုတ်ပေးပါဘူး ဋ္ဌာနာအုပ်မင်းရယ်"

ပုလိပ်များနှင့် ဦးဘရီတို့ရောက်လာကြသဖြင့် စကားစ ပြတ်သွားသည်။

"မိငြိမ်းစည်ကို မတွေ့ဘူး ဆပ်"

ပုလိပ်များ၏နောက်တွင် ကုပ်ကုပ်ကလေးရပ်နေသော ဦးဘရီကလည်း "ယာတွေထဲ၊ ဥယျာဉ်တွေထဲမှာပါ ရှာပါတယ်ခင်ဗျာ၊ မိငြိမ်းစည်ကို မတွေ့ပါဘူး ဋ္ဌာနာအုပ်မင်း" ဟုပြောသည်။

ဌာနာအုပ်သည် စားပွဲကို ဒေါသတကြီး ပုတ်၏။

"အရေးကြီးတဲ့သက်သေ ပျောက်သွားတဲ့အတွက် မောင်မင်းတို့မှာ တာဝန်ရှိတယ်၊ ရွာလုံးကျွတ် ဒဏ်ရိုက်ရမယ်"

ဦးဘရီ ဆတ်ခနဲတုန်သွား၏။ မျက်လုံးပြူးသွား၏။ တစ်အိမ်တစ်ပဲ ဒဏ်ရိုက်ဦးတော့ ဆောင်နိုင်သူ နည်းပါးသည့်ရွာဖြစ်၏။ သို့သော်သူသည် မပြောရဲ။ ဦးဘမှန်ကိုသာ လှမ်းကြည့်ရ၏။

"ဦးဘရီ ဟိုဘက်မှာ တစ်ဝိုင်းလုပ်ပါ"

ဦးဘမှန်သည် ဌာနာအုပ်အတွက် နောက်တစ်ခွက် ငှဲ့ပေးရာက လှမ်းပြောပြီးနောက် "ဌာနာအုပ်မင်း၊ သုံးဆောင်ပါဦး။ စိတ်အေးလက်အေးပေါ့ ဌာနာအုပ်မင်းရယ်" ဟု ပြောသည်။ ဆီထဲတွင် အမဲခြောက်ဖုတ်များ ပေါလောမျောနေသည့် ပန်းကန်ကို ကိုင်မြှောက်ထား၏။

"ဒါထက် စကားမစပ်ပြောရဦးမယ် ဌာနာအုပ်မင်းရေ့။ တလောတုန်းက ကျွန်တော့်အိမ်တိုက်တဲ့ ဓားပြမှုမှာ ကျွန်တော်လည်း သုံးခါပဲ ရုံးမင်းရှေ့မှာ အစစ်ခံရပါကလား။ အဲသည်အမှု ပြီးသွားပြီလား"

"ပြီးပြီ" ဟု ဌာနာအုပ် ဖြေသော်ငြား ကွက်ခနဲ မျက်နှာပျက်သွားသည်။

ဦးဘမှန်သည် သတိထားမိသဖြင့် ပိုပြီးပြုံး၏။ ပြုံးလျက်စကား ဆက်၏။

"အမှုပြီးသွားရင် သက်သေခံပစ္စည်းတွေကို ကျွန်တော် ပြန်ပြီးရတော့ရပါရဲ့။ လက်စွပ် နှစ်ကွင်း၊ ကြဲဆစ်လက်ကောက် သုံးရန် လိုနေလို့ကျွန်တော်လည်း ဟိုမေးသည်စမ်းပေါ့ ဌာနာအုပ်မင်းရယ်"

ဌာနာအုပ်မင်းသည် သောက်ဆဲ ဖန်ခွက်ကို ချလိုက်သည်။

"ငါ အရေးယူပေးမယ်၊ မောင်မင်း လျှောက်မပြောနဲ့"



"မပြောပါဘူး ဌာနာအုပ်မင်းရယ်၊ အခုတောင် နှစ်ယောက်ထဲမို့ပြောတာပါ။ စောပါသေးတယ် ဌာနာအုပ်မင်းရဲ့၊ သုံးဆောင်ပါဦး"

ဌာနာအုပ် သိသိသာသာ မျက်နှာပျက်နေသော်ငြား ဦးဘမှန်က မသိဟန်ဖြင့် ပျာပျာသလဲ ပြောခြင်းဖြစ်၏။

"တော်ပြီ မောင်မင်း၊ ကျေးဇူးတင်တယ်"

ဌာနာအုပ် ထရပ်သဖြင့် ဦးဘမှန်လည်း ထရပ်သည်။

"မောင်မင်းတို့ရွာ နာမည်ကောင်း ရအောင် ငါလုပ်ပေးမယ်"

"ဝမ်းသာပါတယ် ဌာနာအုပ်မင်း"

ပုလိပ်များမှာ ယခုမှ အရှိန်ရစဖြစ်ငြား မကျေမနပ်ဖြင့် ဝိုင်းသိမ်းလိုက်ကြရလေ၏။

ဦးဘမှန် သိပါသည်။ ကာလတန်ဖိုးအားဖြင့် နှစ်ရာဖိုးမျှသာရှိသော သူ့ပစ္စည်းတွေ ရေစုန်မျောပြီဟု သိလိုက်ပါသည်။ သို့ရာတွင် သူ့အိမ်ဓားပြတိုက်ခံရစဉ်က အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သော မောင်ဆေးရိုးနှင့် သူ့ရွာကို ပုလိပ် မနှိပ်စက်လျှင် ကျေနပ်ပြီ။ ပစ္စည်းတွေ ဆုံးပါစေ။

*

လယ်ပြင်ကြီးသည် သံသရာလည်နေ၏။ နှမ်းခင်းတွေ၊ ကောက်ခင်းတွေဝေစည်နေရာက ရေပြောင်ပြောင်ဖြင့် တာမန်းပြင်ကြီးဖြစ်သွား၏။ ကြည့်ပုံတောရာရာတွင် စပါးပင်တွေချည်းရှိနေရာမှ ရိုးပြတ်တောသာ ဖြစ်သွားပြန်ပြီ။ ယခု တစ်ကြော့ ပြန်လာပြန်ပြီ။ သီးရှဉ်းတွေ တဝေဝေနှင့် နှမ်းခင်းများသည် ချိုးကူသံနှင့်အပြိုင် မြူးနေ၏။

မောင်ဆေးရိုးသည် ကျောဘက်သို့ မျှော်ကြည့်၏။ မိကျိုးဒန်သည် မြက်ထုံးရွက်လျက် တလှုပ်လှုပ်လာနေဆဲ။ နွားလှည်းများအပြိုင်မောင်းလာသံ ကြားရသည်။ မောင်ဆေးရိုးသည် တာလမ်းပေါ်သို့

ပြေးတက်လာပြီး မြို့ဘက်သို့ မျှော်ဆန့်ကြည့်သည်။ သာဒွန်းနှင့် ပိတ်စ၊ ငမေးတို့၏ လှည်းတွေဖြစ်သည်။ သူတို့သည် သဘော်ဆိပ်သို့ ကုန်စည် အပို့သွားရာမှ ပြန်လာကြဟန်တူသည်။ နွားတွေမှာ အိမ်အပြန်မို့ ခြေ သွက်နေသည်တွင် နှင်တံ တမြှောက်မြှောက် ပေါက်ငမ်းလိုက်သောအခါ ပြေးတော့သည်။ တစ်စီးပြေးသည်ကို မြင်သောအခါ ကျန်လှည်းများမှ နွားတွေကလည်း အားကျမခံ ပြေးတော့သည်။ သို့သော် လှည်းယဉ် မဟုတ်။ ပြိုင်နွား မဟုတ်သောကြောင့် ကြည့်၍ မလှ။

"ဟော့ကောင်တွေ"

မောင်ဆေးရိုးက ငန်းပြားဖြင့် ထိုးမည့်ဟန် ပြုသဖြင့် လှည်းတွေ ရပ်တန့်သွားသည်။ သာဒွန်း ဖြူးကူးဂြိုကဲဖြင့် ပြေးဆင်းလာသည်။

"ဟော့ကောင်၊ ဟော့ကောင်"

အရေးတကြီးပြောစရာရှိသည်ဟု မောင်ဆေးရိုး နားလည် သောကြောင့် ငန်းပြားကို မြေတွင် ထောက်ထားသည်။

"မင့်မရီးကို ရွာထဲမှာသာ မတွေ့တာ၊ အခု ချစ်တီးတိုက်က ဆိုင်းဘုတ်ကို မော့ကြည့်နေတာ မြင်ခဲ့သမောင့်"

"ဟေ ဟုတ်လား၊ ရော့ကွာ ယူသွားကြစမ်း"

မောင်ဆေးရိုးသည် ငန်းပြားနှင့် ဓား၊ ရေဘူးတို့ကို လှည်း တစ်စီးပေါ်သို့ တင်ပေးသည်။ ထို့နောက် ကျီးဒန်ထံသို့ ပြေးသွားသည်။

"အရေးကြီးလို့ဟေ့၊ ငါ ချက်ချင်းပြန်ခဲ့မယ်"

ပြောပြောဆိုဆိုပင် တာလမ်းပေါ်သို့ ပြန်တက်ပြီး၊ မောင်ဆေးရိုး ပြေးသည်။ တံလျှပ်မျှင်တွေ အပြိုင်းပြိုင်းတက်နေကြား မောင်ဆေးရိုးအတွက် သည်နေသည် မပူပါ။ သည်နေထက် ဆွေသံယောဇဉ် မျိုးသံယောဇဉ် မီးက ပိုပြီးပူသည်။ မိမိတို့ သားအမိသားအဖတစ်တွေ ယခုကဲ့သို့



တင့်တောင်းတင့်တယ်ဖြစ်လာကြခြင်းမှာ အစ်ကိုထွန်းကား '[illegible]ကြိုး နွား' လုပ်ခဲ့သောကြောင့် ဖြစ်၏။ ထိုအစ်ကိုသည် မည်သည့်အရပ်သို့ ရောက်နေသနည်း။ ဆာဂျင်ကျော်အေးကို ဓားဖြင့်ခုတ်သူ ဟုတ်သလော။ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ ကိုယ့်အစ်ကိုအား ရှိင်းပင်းရ လိမ့်မည်။ အစ်ကို မည်သို့နေသနည်း၊ မည်သို့စားသနည်း။ မရီးမှ သိတန်ရာ၏။ မောင်ဆေးရိုး ပြေးလာခြင်းမှာ ဤသည်လည်း တစ်ဝ။ နောက်တစ်ချက်မှာ မလည်မဝယ် တောသူမက ချစ်တီးတိုက်ရှေ့သို့ ရောက်နေသည် ဆိုသည့်အတွက်ဖြစ်သည်။ ရပ်ခလေ့ ရွာခလေ့ ဆိုရိုး စကားတစ်ခု ရှိခဲ့သည်။ "ချစ်တီးကို ပရောပရီမလုပ်နှင့်၊ လုပ်မိသော် ဖွတ်သည် ပိတ်ဖြူဝတ်ပြီး အိမ်ပေါ်သို့ တက်လာသည်နှင့် မခြားပေ" ဟူ၍ဖြစ်သည်။

ယောက်ျားကြီးခြေဖြင့် နာရီဝက်မျှသာ လျှောက်ရသောခရီးကို လယ်သမားခြေဖြင့်ပြေးလာသောအခါ မောင်ဆေးရိုးသည် နာရီ တစ်မတ် အတွင်း၌ ချစ်တီးတိုက်ရှေ့သို့ ရောက်လာခဲ့၏။ အခန့်သင့်ပင် ကလေးကို ခါးထစ်ခွင်လျက် ချစ်တီးတိုက်ထဲမှ ဆင်းလာသော မယ်ငြိမ်းစည်ကို မြင်ရ၏။ မယ်ငြိမ်းစည်သည် မတ်တော်မောင်ကို မမြင်ဟန်ပြုလျက် မျက်နှာ လွှဲကြား မောင်ဆေးရိုးမှာ ရှေ့တည့်တည့်မှာ လာရောက် [illegible]လေပြီ။

"မရီး အခု ဘယ်မှာနေတုံး"

"လျှောက်သွားနေတာပေါ့ မောင်လေးရယ်"

"စားတော့ကော မရီး"

"ယာကြီးယာကြားက [illegible]
တစ်ခါ တလေလည်း ဘုန်းကြီးကျောင်းပေါ့"

"အိပ်တော့ကော"

"သန်းခေါင်ကျော်မှ ကိတ်တိတ်ကလေး ပြန်လာပြီး အိမ်မှာ အိပ်တာပေါ့"

ဆင်းရဲလေခြင်းဟု သက်ပြင်းချလိုက်ပြီးမှ မောင်ဆေးရိုးမှာ အစ်ကို့သတင်းကို စုံစမ်းဖြစ်သည်။

"အစ်ကိုကော လာသလား မရီး"

"ပုလိပ်ကို ဓားနဲ့ခုတ်တာ သူပေါ့"

"ဗျာ" ခနဲအော်ကာ မောင်ဆေးရိုးမှာ မယ်ငြိမ်းစည်အား မျက်လုံးပြူးကြီးဖြင့် စိုက်ကြည့်နေမိလေ၏။

"အမှန်က အစ်မကို ခုတ်တာ မောင်လေးရဲ့။ 'ပခြုပ်မ သေပေတော့' ဆိုပြီး ဓားနဲ့အခုတ်မှာ ပုလိပ်က ခန်ထလို့ ပုလိပ် အခုတ်ခံရတာ။ ဒါပေမဲ့ မောင်လေးရယ်၊ ငယ်လင်ငယ်မယားမဟုတ်လား၊ ကိုယ့်လင်ကို ပုလိပ် နှိပ်စက်မှာစိုးလို့ အစ်မ ထွက်ပြေးချင်ယောင်ဆောင်နေတာ"

မောင်ဆေးရိုးမှာ သည်မျှကြာသည်အထိ စကားမပြောနိုင်သေး။ တုန်ယင်ထိတ်လန့်နေသည်။

"အစ်မအိမ်မှာဆက်နေရင် ပုလိပ်က ခေါ်စစ်မယ်၊ ဘယ်လောက်ပဲ ဘူးကွယ်ပေမဲ့ ဟိုလိုလှည့်မေး၊ သည်လိုလှည့်မေးနဲ့လုပ်ရင် တစ်နေ့မဟုတ် တစ်နေ့တော့ ပေါ်မှာစိုးလို့"

"အခု ချစ်တီးတိုက်ကို အစ်မ ဘာလာလုပ်တာတုံး"

မယ်ငြိမ်းစည် ဆွံ့အသွားသည်။ မျက်စိပျက် မျက်နှာပျက်ဖြင့် ခေါင်းငုံ့နေချေသည်။

"အစ်မဟာ ကျုပ်အစ်ကိုရဲ့ဇနီး၊ ကျုပ်ရဲ့မရီးပဲ၊ ကျုပ်ကိုမပြောလို့ ဘယ်သူ့ကို သွားပြောမတုံး အစ်မ။ ချစ်တီးဆိုတာ အရောမဝင်ရတဲ့ မကောင်းဆိုးရွားစာရင်းထဲမှာ ပါနေလို့ မေးတာ"



"ပြောရမှာ အားနာလို့ပါ မောင်လေးရာ"

အသံခြောက်ကပ်ကပ်ဖြင့် မယ်ငြိမ်းစည့်စကား။

"အားနာစရာလည်း ဖြေရမှာပဲ၊ အားနာစရာမဟုတ်လည်း ပြောရမှာပဲ အစ်မ။ ပြောပါ"

"ငါ ရမ်းဘိုကုန်းမှာဆက်နေလို့ မကောင်းတော့ဘူး မောင်လေး"

"ဒါတော့လည်း အစ်မ သိသားပဲ။ ဘယ်သူမပြု မိမိမှု မဟုတ်လား"

"အစ်မ တစ်နေရာကိုပြောင်းဖို့အတွက် စရိတ်လိုနေလို့ လယ်ပွဲသုံးဧကကို ချစ်တီးဆီမှာ လာပြီးပေါင်တာ"

မောင်ဆေးရိုးသည် ရင်ဘတ်ကို ပုတ်၏။ "မိုက်ပ အစ်မရာ၊ တစ်နှစ်အတွင်း အတိုးတက်ပြီး လယ်ဆုံးရုံမကဘူး၊ လူပါ အသိမ်းခံရမှာ" ဟု ပြောပြီးမှ အရေးကြီးသည်ကို မေး၏။

"အခု ဘယ်လောက်နဲ့ပေါင်ခဲ့လဲ"

"ဘယ်နှားက လယ်လဲတဲ့၊ မြေစာ ပြပါတဲ့၊ ဂရန်လည်း ပါရမယ်တဲ့၊ အဲဒါတွေ မပါလို့ မပေါင်ခဲ့ရပါဘူး"

"ဟုတ်တာပေါ့၊ မြေခွန်ကို ကျုပ်တို့ဆောင်နေတော့ မြေစာက အစ်မတို့မှာ ဘယ်ရှိမတုံး။ နေပါဦး၊ စရိတ်စက ရှာရအောင် အစ်မ ပြောင်းမယ့်နေရာက ဘယ်လောက်ဝေးလို့တုံး"

"မြင်းရထား နှစ်တန်စီးရမှာ မောင်လေးရဲ့"

"ဆွေမျိုးသားချင်းတွေရှိလို့ပေါ့၊ ဟုတ်လား အစ်မ"

"အစ်မမှာ ကိုယ့်မိုက်ပြစ်နဲ့ကိုယ်မို့ ဘယ်ဆွေဘယ်မျိုးဆီမှ မသွားနိုင်ပါဘူး။ သူငယ်ချင်းတွေဆီ သွားမှာပါ"

မယ်ငြိမ်းစည် မျက်ရည်သုတ်သည်။ ခါးထစ်ပေါ်ရှိ ကလေးက အင်္ကျီကို ဆွဲလှန်သဖြင့် ကုက္ကိုပင်ခြေ ကပ်ထိုင်ကာ နို့တိုက်သည်။

"ပြောပါဦး၊ အစ်မပြောင်းမယ့်ရွာ"

"မန်ကျီးပင်စုနဲ့ လက်မဲ တစ်ခုခုပေါ့ မောင်လေးရယ်။ တစ်ရွာက လူ မတွေ့ရင် နောက်တစ်ရွာပေါ့"

"အစ်မသူငယ်ချင်းတွေ နှစ်ရွာလုံးမှာ မရှိကြတော့ဘူး၊ ပြောင်းသွားပြီဆိုရင်ကော"

မယ်ငြိမ်းစည် တွေဝေးသည်။ အတန်ကြာ ငေးမောနေပြီးမှ သေမထူး နေမထူးအသံဖြင့် ဖြေ၏။

"မရှိလဲ ရမ်းဘိုကုန်းကိုတော့ မပြန်ဘူး မောင်လေး။ ဖြစ်သလို လုပ်ကိုင်စားသောက်တော့မယ်"

"အစ်ကိုကကော"

"မင်းပဲပြောလိုက်ပေါ့။ အဲသည်နှစ်ရွာကို မေးစမ်းပြီး သူ လိုက်လာခဲ့ရမှာပေါ့"

မောင်ဆေးရိုးလည်း ညောင်းညာလာသဖြင့် ဆောင့်ကြောင့် ထိုင်သည်။ ထို့နောက် ဖိနပ်ကို ဖင်ခုပြီး ထိုင်သည်။

"အစ်မသွားချင်တဲ့နေရာကို ကျုပ် လှည်းနဲ့ လိုက်ပို့မယ်၊ ငွေကြေးလည်း အမေတို့တတ်နိုင်သလောက် တောင်းပေးမယ်"

"မဖြစ်ပါဘူးဟယ်"

"ဘာကြောင့်မဖြစ်ရမှာတုံး။ ခင်ဗျားဟာ ကျုပ်အစ်ကိုရဲ့ဇနီး၊ ကျုပ်မှ မကူညီရင် ဘယ်သူကူညီမှာတုံး"

"မင့်ကို ပုလိပ်တွေ မြင်သွားမှာစိုးလို့ပါ မောင်လေးရယ်"

"မမြင်ပါဘူးဗျာ၊ တုံးကြီးခေါက်လောက်မှာ ထသွားရင် မွန်းတည့်လောက် ရောက်မှာပဲ။ တစ်ခါ နေမအေးခင် ပြန်ထွက်လာရင် ရွာကို သက်ကြီးခေါင်းချလောက်မှာ ပြန်ရောက်မယ်"



မယ်ငြိမ်းစည်မှာ မတတ်သာ၍ ခေါင်းညိတ်ရ၏။ ခေါင်းညိတ်ရစေကာမူ အဆင်ပြေမည်ဟု မမျှော်လင့်ပေ။ မမျှော်လင့်ခြင်းမှာ ယောက္ခမ (မိန်းမသူ) မယ်ကြွယ်စိုးသည် စောစီးစွာပင် သူ့အား မျက်နှာကြော မတည့်ခဲ့သောကြောင့်ဖြစ်၏။

"အစ်မ ပစ္စည်းပစ္စယတွေကော"

မောင်ဆေးရိုးက ထရပ်ရင်း မေးသည်။

"ဟိုရွာနည်းနည်း သည်ရွာနည်းနည်း ခွဲထားတာပေါ့။ ကိစ္စ မရှိဘူး မောင်လေး၊ အစ်မ လင်းပင်စုရွာထိပ် 'ဇရပ်ဦးပြ' က စောင့်မယ်"

"တုံးကြီးခေါက်ချိန်နော် အစ်မ"

မောင်ဆေးရိုး စိတ်လက်ပေါ့ပါးစွာဖြင့် နောက်ကြောင်းသို့ ပြန်လာသည်။ မျှော်လင့်သော ကျီးနိုက်ကို [illegible] တုတ်ကြီး ပေ့ရသောအခါ မောင်ဆေးရိုး [illegible]။

"ဖြစ်ရလေ ကျီးဒန်ရာ၊ အိမ်ရောက်မှ မျှော်ပါတော့လား"

"မသိတော့လား၊ တော့်ဟာက ခမောက်မပါဘာမပါနဲ့ဆိုတော့ စိတ်ပူတာပေါ့ တော်ရဲ့"

မောင်ဆေးရိုး ပက်လက်လန်အောင် ရယ်လေ၏။

"ညည့်မြက်ထုံးပေါ်က ခမောက်ကို မွေးသွားတာ [illegible] ညည်းက ပြောပါလား"

"ပြောပါ့တော် သူ့ဘာသာသူ မကြားတာ၊ ကြားအောင် အော်ကြေ ရင်လည်း ပိတ်စတို့က သရော်ဦးမှာ"

မောင်ဆေးရိုး ရယ်မောရပြန်ပြီ။

"ထမင်းမဆာသေးဘူးလား"

"ဆာတာပေါ့"

"ဒါနဲ့များ ကျီးဒန်ရာ၊ ပြန်နှင့်ရောပေါ့၊ စားနှင့်ရောပေါ့"

"တော်မှ ပြန်မရောက်သေးတာကိုးလို့"

ဤသို့ဖြင့် မောင်ဆေးရိုးမှာ ကျီးဒန်၏ မြက်ထုံးသေးသေးလေးကို ရွက်လျက် ပြန်လာခဲ့ရလေ၏။ အိမ်သို့မရောက်မီကတည်းက လည်ပင်းအရှည်သားဖြင့် အိမ်ရှေ့သို့ထွက်ရပ်နေသော အမေ့ကို မြင်ရ၏။

"မိုးကြီးချုပ်နေပါပြီကော၊ ဘယ်သွားပြီး ဘာတွေလုပ်နေကြလို့ အခုမှပြန်ရောက်ကြတာတုံး"

"သည်လိုအမေရေ့"

"ငါ့မှာတော့ ငန်းပြားတွေ၊ ဓားတွေ၊ ရေဘူးတွေကို လှည်းပေါ်တင်ပေးလိုက်တော့ နောက်မှာ ပါလာပြီထင်တာ"

အမေသည် မပြီးနိုင် မစီးနိုင် ပြောနေသဖြင့် မောင်ဆေးရိုးမှာ အဖေ့ရှေ့ရှိ ရေနွေးကြမ်း အအေးကို ငှဲ့သောက်လျက် အမေ့ပါးစပ်အပိတ်ကို စောင့်နေရ၏။

"လယ်ပြင်ကပြန်လာတာ စောပါတယ်၊ ပိတ်စတို့ လှည်းတွေ 'လှည်းတိုက်' ရာက အပြန်မှာ မယ်ငြိမ်းစည်ကို မြင်ခဲ့ရတယ်ဆိုလို့ ပြေးသွားတာ အဖေရေ့"

သူသည် မရီးနှင့် ပြောခဲ့ဆိုခဲ့ ဆွေးနွေးခဲ့သည်များကို အဖေနှင့်အမေ မျက်နှာစုံညီရှေ့တွင် ပြောပြ၏။ အမေသည် မဲ့လိုက်ရွဲ့လိုက်ရင်ဘတ်ပုတ်လိုက်ဖြစ်နေငြား ဦးကျန်ကြီးမှု ခေါင်းတညိတ်ညိတ်ဖြင့် စိတ်ဝင်စားစွာ နားထောင်နေ၏။

"အေးပေါ့၊ ကိုယ်မှီတင်းနေထိုင်တဲ့ ကိုယ့်ရပ်ကိုယ့်ရွာ ပျက်စီးရာပျက်စီးကြောင်းလုပ်သူဟာ ကိုယ့်တရားက ကိုယ့်ကို ပြန်ပြီး စီရင်ချက်ချတော့ အခုလိုပဲ 'ခွေး' အဖေခေါ်စရာမရှိ ဖြစ်ရတော့တာပေါ့"



"သူ့အမှားကို သူသိတယ်အဖေ"

"တော်သေးတာပေါ့ကွာ၊ ကိုယ့်အမှားကို ကိုယ်သိရင် ပညာရှိတဲ့ကွ။ မှားလည်း မှားပြီး ကိုယ့်အမှားကို မှားမှန်း မသိတာကမှ သူယုတ်မာကွ"

"နက်ဖြန်မနက် တုံးကြီးခေါက်ချိန်မှာ ထွက်မယ် အဖေ၊ ငွေကြေးကလေး ပေးလိုက်ဖို့"

ပေးလိုက်ဖို့ မကောင်းဘူးလားဟု မောင်ဆေးရိုး ပြောလိုသော်ငြား "ပေးလိုက်နိုင်ပေါင်တော်" ဟု ဒေါ်ကြွယ်စိုး ဝင်ပြောသဖြင့် မောင်ဆေးရိုးမှာ ဆုံးအောင် မပြောလိုက်ရပေ။

"အမေ အဲသည်လို မပြောနဲ့လေ၊ အခုပေးရမှာက အမေ့သားရဲ့မယား၊ အမေ့မြေးရဲ့ အမေ"

"နေပစေ မပေးဘူး"

"အမေ မပေးရင် ကျုပ်ပေးရလိမ့်မယ် အမေ။ ကျုပ်တို့မိသားစုကိုကျွဲကြီးတစ်ကောင်လို လုပ်ကိုင်ကျွေးမွေးသွားတဲ့ အစ်ကို့ကို ကျုပ် ကျေးဇူးမကန်းနိုင်ဘူး"

ထိုအခါ မယ်ကြွယ်စိုးသည် မောင်ဆေးရိုး၏ ချောင်ပိုးဆွဲကြိုးပါးကို လက်ဝါးဖြင့် ရွယ်၏။

"ငါက ကျေးဇူးကန်းတယ်ပေါ့"

သို့သော် ဦးကျန်ကြီး၏အသံပေါ်လာသဖြင့် ဒေါ်ကြွယ်စိုးမှာ သားကို လက်ဝါးစာ မကျွေးလိုက်ရပေ။

"လူလေးပြောတာ ဟုတ်ပါတယ်။ သူ မကောင်းတာက တခြား၊ အဖေတို့မှာ တာဝန်အရ စောင့်ရှောက်ရမှာက တခြားမဟုတ်လား"

"ဟုတ်ကဲ့ အဖေ"

"ဒါပေမဲ့ ပိုက်ဆံမရှိဘူး လူကလေး၊ နှမ်းပေါ်မှ ရမှာ"

"ဘယ်လောက်ရှိသတုံး အဖေ"

အရေးထဲတွင် သျှောင်ထုံးက ပြေကျလာသဖြင့် ခေါင်းပေါင်းတဘက်ကို ကုပ်ပေါ်တွင် ခွတင်သည်။ ဆံပင်ကို ထုံးရင်း အမေ့ကို ခိုးကြည့်ရာ အဖေက အမေ့ကို မေးငေါ့ပြသည်။ အမေက လက်ဆယ်ချောင်း ထောင်ပြသည်။ မောင်ဆေးရိုးကား သျှောင်ထုံး ထုံးဟန်၊ တဘက်ပေါင်းဟန်ဖြင့် မမြင်ဟန်ဆောင်နေလိုက်သည်။

"အေးလေ စားစရာ မရှိ၊ လျော်စရာတော့ ရှိရမှာပေါ့"

အဖေ့အသံပေါ်လာသည်။

"မယ်ကြွယ်စိုးရေ ဘာပဲဖြစ်ဖြစ် ငါးကျပ်တော့ ပေးလိုက်ပါ"

"မနည်းဘူးလား အဖေရာ"

"မနည်းပါဘူးကွာ၊ သည် ငါးကျပ်ပေးနိုင်အောင် အဖေတို့ တစ်နှစ် စုဆောင်းရတယ် လူကလေး"

"ကျုပ်မလဲ ကျီးဒန်စုယားတဲ့ 'ဆာပါဂျို' ကိုးပြား ရှိတယ် အဖေ။ ငါးကျပ် ဖုံပေးလိုက်မယ်"

မယ်ကြွယ်စိုးသည် "ဟဲ့" ဆိုကာ မောင်ဆေးရိုး၏ကျောကို စိုးရိမ်တကြီး ပုတ်သည်။

"ဈေးသုံးမလွယ်နဲ့၊ ရေးထုံးမပယ်နဲ့ ဆိုတဲ့စကားဟာ နင်တို့လို လက်လွယ်တဲ့သူတွေအတွက် ထားခဲ့တာ။ ကိုယ့်မှာမရှိရင် တိုင်းပြည်တစ်ပြည်လုံးမှာ မရှိတာနဲ့ အတူတူပဲ။ အရေးအကြောင်းတဲ့ဆိုရင် ခက်တယ် ငါ့သား"

"ဟုတ်ကဲ့ပါ အမေ၊ ဒါဟာ နောက်ဆုံးကူညီခြင်းဖြစ်နိုင်လို့ 'အောင့်အောင့်အက်အက်' ပေးတာပါ အမေရာ"



သို့သော် ထွန်းကားတို့မိသားစုအား မောင်ဆေးရိုး၏ထောက်ပံ့ခြင်းသည် နောက်ဆုံးမဖြစ်ပေ။ အကြောင်းသော်ကား နောက်တစ်လမကြာမီ ထွန်းကားအား ထောက်ပံ့လိုက်ရပြန်သောကြောင့်ပေတည်း။

ဆာဂျင်ကျော်အေး အခုတ်ခံရမှုတွင် အရေးကြီးသော သက်သေဖြစ်သည့် မယ်ငြိမ်းစည် ပျောက်သွား၏။ သို့အတွက် ရွာလုံးကျွတ် ဒဏ်တပ်မည်ဟု ဌာနာအုပ်က ခြိမ်းခြောက်၏။ ထိုအခါ ဦးဘမှန်က တည့်တည့်မပြောဘဲ သွယ်ဝိုက်ကာ တုံ့ပြန်ခြိမ်းခြောက်လိုက်ပုံမှာ 'သက်သေခံပစ္စည်းအဖိုးတန်များ အစုံအစေ့ ပြန်မရပါ' ဟူ၏။

ဤသို့ဖြင့် မယ်ငြိမ်းစည်ပျောက်ဆုံးမှု ပြီးပျောက်သွားသော်ငြား ပုလိပ်သည် ရွာထဲသို့ သုံးရက်တစ်ကြိမ်၊ လေးရက်တစ်ကြိမ် ရောက်လာတတ်သေးသည်။ "ထွန်းကားလာရင် ဂက်ကို ပို့ပေးပါ" ဟု ပြောသည်။ "ကောင်းပါပြီ" ပြောသော်ငြား ပုလိပ်သည် တောင်ကြဲည့် မြောက်ကြည့် လုပ်နေသေး၏။ သည်အိမ်တွင် အပျိုဖျန်းကလေးတစ်ယောက်နှင့် အရွယ်ကောင်းတစ်ယောက်တို့ ရှိနေကြ၏။ မယ်ကြွယ်စိုးသည် အိမ်ဝိုင်းထဲသို့ ပုလိပ်ဝင်လာသည်ကိုမြင်သည့်အခါတိုင်း ဓားကို ဖင်ခုပြီး ထိုင်ထားလေ့ရှိ၏။ သမီးနှင့် ချွေးမအား အိမ်အပြင်ထွက်မလာရန် အသံပေးနေရ၏။ ပုလိပ်ကိုလည်း အလွတ်မပေးဂုံ့။ ဘိန်းပစ်ပြီး အမူးရှာတက်သည်ဟု ကြားဖူးသောကြောင့် ဖြစ်ပေ၏။ မယ်မျှင်မှာ အပျိုဖော်ဝင်စဖြစ်သော်ငြား စိတ်ချွန်းချွန်းမှ မတက်။ ကျီးဒန်မှာသော်ကား အိမ်ထောင်ကျပြီးခါမှ ပို၍ပို၍ အလှတိုးလာသည်။ မယ်ကြွယ်စိုးမှာ ချွေးမကိုကြည့်ကာ တစ်ချက် တခြား စိုးရိမ်လာတော့သည်။

"ကျီးဒန်၊ ညည်းတို့လင်မယား ရွာထဲမှာဆက်နေလို့ မတော်ဘူး။ လယ်ပြင်မှာ တဲထိုးနေချေကြ"

ဤသို့ဖြင့် မောင်ဆေးရိုးနှင့် ကျီးဒန်တို့မှာ သာဒွန်း၀ မြောင်းများသောက် တောရှောက်လယ်ပွဲသို့ ရောက်လာကြ၏။ အောက်ဆုံးလယ်ပွဲတွင်ရှိသော ပေါက်ပင်များနှင့် မန်ကျည်းပင်က သူတို့၏တဲကလေးကို အဝေးမှ မမြင်စေရန် ဖုံးကွယ်ပေးထားသည်။ ငှက်ပျောရုံ ကလေးတွေဖြစ်လာသောအခါ ပိုပြီးအကာအကွယ်ရသည်။ ဘူးနှင့် ပဲပုစွန်ပင်များအပင်ဖြစ်လာချိန်တွင်ကား နားအေးပါးအေးရှိသော နေရာကလေးဖြစ်လာလေ၏။

မောင်ဆေးရိုးနှင့် ကျီးဒန်တို့၏တဲကလေးသည် ရွာဆက်ဝေးဝြား အလုပ်တွင်သည်။ တဲထဲမှ ထွက်လိုက်လျှင် လုပ်ငန်းခွင်သို့ရောက်သည်။ လုပ်ခွင်မှ တက်လိုက်လျှင် အိမ်သို့ ချက်ချင်းရောက်သည်။ သို့သော် ကျီးဒန်မှာ စားကာ အိပ်ကာ မနေရပါ။ မောင်ဆေးရိုးက ရက်ကန်းစင် တစ်စင် ဆောက်ပေးသောကြောင့် ဖြစ်သည်။

"အလကားနေ အလကားပဲဟ၊ အိမ်သုံးဖို့ တဘက်တစ်ထည်ပဲရဦး၊ အမြတ်ပေါ့"

ရမ်းဘိုကုန်းရွာသို့ မကြာခဏဝင်ထွက်နေသော ပုလိပ်သည် မောင်ဆေးရိုးနှင့် ကျီးဒန်တို့ကို ရွာထဲတွင်မတွေ့သောအခါ စုံစမ်း၏။ အဓိကကျသော ရွာခေါင်း ဦးဘရိုပင် မသိ။ လယ်ထဲသို့ ပြောင်းရွှေ့နေထိုင်သလောဟု ပုလိပ်သည် လယ်ပြင်သို့ကား လိုက်လံမစုံစမ်းရဲပေ။ သူ့သွင်ပြင်သည် လယ်ပြင်လမ်းတစ်လျှောက်၌ ထင်းနေသောကြောင့် ဖြစ်၏။

အဝေးမှ ပတ်မတုတ်သံများ ပြတ်တောင်းပြတ်တောင်းကြားနေရသော တစ်ညနေတွင် ကျီးဒန်သည် သွက်လက်စွာ ချက်ပြုတ်လုပ်ကိုင်နေ၏။ မောင်ဆေးရိုးကား လှည်းစီးကုံး၊ လှည်းနားစောင့်နှင့် သံခွေများကို စစ်ဆေးပြီး လှည်းပေါ်သို့ ကောက်ရိုးတွေ တင်နေသည်။



"စောစောစီးစီး ထမင်းစားရတာ ဝင်မှာမဟုတ်ပါဘူးတော်၊ ပွဲခင်းကျမှ ငါးပေါင်းကြော် ဝယ်ပြီးစားကြတာပေါ့"

ကျီးဒန်သည် ထမင်းထုပ်အတွက် ငှက်ပျောရွက်ခုတ်ရန် ဓားကိုဆွဲလာသည်။ ငှက်ပျောရုံကြား၌ လူတစ်ယောက်။ ကျီးဒန် သုတ်ခနဲနောက်သို့ ပြန်ဆုတ်သည်။

"ကျီးဒန် ငါပါဟ"

မောင်ဆေးရိုးသည် ကျီးဒန် ပျာယီးပျာယာ ဖြစ်သွားကတည်းက ငှက်ပျောရုံဘက်သို့ လှည့်ကြည့်မိပြီး ဖြစ်နေတော့သည်။

"ကျီးဒန် ဘာတုံးဟ"

"လူတော်ရဲ့"

"ဟ ငါပါဟ"

ပေကျံ ညစ်ထေးနေသော ထိုလူ၏သွင်ပြင်ကို မမှတ်မိငြား အသံကိုမူ မောင်ဆေးရိုး မှတ်မိသည်။

"အစ်ကို ထွန်းကား"

"အေး ဟုတ်တယ်၊ ငါပါကွ ညီလေးရ"

ထွန်းကားသည် ငှက်ပျောပင်များကြားမှ ထွက်လာ၏။

"တော့်နှယ်တော်၊ ငှက်ပျောရုံထဲဝင်နေတော့ လန့်တာပေါ့။ တဲထဲကို တန်းပြီးဝင်လာတော့ ဘာဖြစ်လဲ"

ကျီးဒန်က ရန်တွေ့ရင်း ပုဆိုးတစ်ထည် လှမ်းပေး၏။

"ဘယ်နှရက်များ ရေမချိုး မိုးမချိုးနဲ့ ဘာတွေလျှောက်လုပ်နေခဲ့တယ်မသိဘူး။ နံနေတာပဲ၊ ကဲ ရေချိုး"

"ရေချိုးလို့မဖြစ်ဘူးဟ၊ ငါ ဖျားနေတယ်"

ဖျားနေသည်ဆိုသော်ငြား၊ ထွန်းကား ရေချိုးရသည်။

သူ့ညီက ရေနွေးဖြင့် ချိုးပေးသည်။ ကျီးဒန်က 'မှန်ညင်းဥ'တွေ ကျိုပြီး ဆေးတိုက်သည်။

"ဟဲ့ နင်တို့ ဘာလုပ်တုံး၊ လှည်းပြင်နေပုံထောက်တော့ ပွဲသွားမလို့ထင်တယ်၊ ကဲ သွားကြ၊ ငါ နေကောင်းပြီ"

သို့သော် မောင်ဆေးရိုးနှင့် ကျီးဒန်တို့ ပွဲ မသွားဖြစ်ပါ။ ငထွန်းကားကို ဝိုင်းဝန်းပြုစုနေကြသည်။ သို့ဖြင့် လူမမာ အိပ်ပျော်သွားစဉ် ပြုစုသူများလည်း အိပ်ပျော်သွားကြသည်။ အုတ်အုတ်ကျက်ကျက် အသံများကြောင့် ကျီးဒန် လန့်နိုးသည်။ နားစွင့်ကြည့်သည်။ စကားပြောသံများ၊ တဲအပြင်သို့ ခေါင်းထုတ်ကြည့်သည်။ ပြေးလွှားလှုပ်ရှားနေသော မီးတုတ်များ။

"ကိုဆေးရိုး ကိုဆေးရိုး"

ကျီးဒန်သည် အင်း အဲ လုပ်နေသူကို ဆွဲထူသည်။

"လူသံတွေလည်း ကြားတယ်၊ မီးတုတ်တွေလည်း အများကြီးပဲ"

အစ်ကိုငထွန်းကားအား ပုလိပ်က ရွာလုံးကျွတ် ဆင်းပြီး လယ်ကြိုလယ်ကြားမကျန် ရှာဖွေနေပြီလော။

မောင်ဆေးရိုးသည် တဲအပြင်သို့ ပြေးထွက်၏။ မီးတုတ်များကို မျှော်ကြည့်၏။ ရဲရဲညီနေသောမီးတုတ်များသည် အပြေးအလွှား လာနေကြပြီ။

"အစ်ကို ထ ထ၊ ပုလိပ်က တောနင်းပြီးရှာနေပြီ"

မောင်ဆေးရိုးသည် ဓားကို ဆွဲ၊ ငထွန်းကားကို ထမ်းပြီး မြစ်ဘက်သို့ ပြေးသည်။ မြစ်ကမ်းဘက်တွင် ကိုင်းတောကြီးရှိသည်။ မလွတ်သာသည့်အဆုံး၌ ရေထဲ ဆင်းပြေးနိုင်သည်။

ကျီးဒန်မှာ သူ လျှော်ဖွပ်ထားသော ခဲအိုး၏အဝတ်များကို



စုစည်း သိမ်းဆည်းသည်။ အိပ်ရာကိုလည်း အပြေးအလွှား သိမ်းဆည်းရသည်။ မောင်ဆေးရိုးတို့ ဆင်းသွားသောဘက်သို့ မျှော်ကြည့်လိုက်၊ မီးတုတ်များ လှုပ်ရှားနေရာအရပ်သို့ မျှော်ကြည့်လိုက် ဗျာများနေစဉ် မီးတုတ်များသည် ဝေးကွာပျောက်ကွယ်သွားကြသည်။

"နင်တို့ဥစ္စာက မထိတ်သာမလန့်သာနဲ့ ဘာတုံးဟ"

တဲထဲသို့ ညီအစ်ကိုနှစ်ယောက်ပြန်ရောက်လာသောအချိန်တွင် ငထွန်းကား၏ ပြုံးတူးပြုံးတဲအမေး။

"မသိတော့လားတော်၊ မီးတုတ်တွေလည်း မြင်ရ၊ လူသံတွေလည်း ကြားရတော့ ကျုပ်ခဲအိုကို ပုလိပ်ဝိုင်းပြီပေါ့"

ငထွန်းကား ရယ်မောသည်။

"အ ပါ့ ငါ့ခယ်မရယ်၊ ငါ့ကိုဖမ်းချုပ်ချင်ရင် တိုက်တိုက်ကလေးလာပြီး အနားရောက်တော့မှ 'ဟော့ကောင် လက်မြှောက်၊ လာခဲ့' ဆိုပြီး ခေါ်သွားမှာဟ သိရဲ့လား"

ကျီးဒန်မှာ ရင်တုန်ပန်းတုန်နှင့် ငေးမောနေရသည်။

ငထွန်းကားမှာ အအိပ်မှန် အစားမှန်သဖြင့် ရက်အနည်းငယ်အတွင်း လူရုပ်ပြန်ပေါ်ပေါက်လာလေ၏။ ထိုအခါတွင် ငထွန်းကား ယူ၍ ဇနီးနှင့် သားကို သတိရ၏။

"မယ်ငြိမ်းစည် ဘာမှာသွားသတုံး"

"ထွေထွေထူးထူးတော့ မရှိပါဘူးအစ်ကို၊ အစ်ကို လိုက်ခဲ့ဖို့ပါပဲ။ ဒါပေမဲ့ ပုလိပ်ကို ဓားနဲ့ခုတ်မှုမှာ သူဟာ တစ်ယောက်တည်းသောသက်သေဖြစ်နေတယ်ဆိုတာ သတိထားပါဦး အစ်ကို"

"မပူနဲ့ညီလေး၊ ငြိမ်းစည်ဟာ သူ့သားကို ယောင်္ကျားပီသတဲ့သားဖြစ်အောင် မလုပ်ဘူး၊ စိတ်ချ"

ငထွန်းကား ပေါ့ပေါ့တန်တန်ပြောသော်ငြား၊ မောင်ဆေးရိုးမှာမူ ရတက်မအေးနိုင်ရှာ။

“နောက်ပြီး မရိုးကိုယ်တိုင်က ပြောတာ တစ်ခုရှိသေးတယ်၊ အစ်ကိုက ပုလိပ်ကို ခုတ်တာမဟုတ်ဘူး၊ သူ့ကို ခုတ်တာတဲ့။ ပုလိပ်က ထရပ်လိုက်လို့ အခုတ်ခံရတာတဲ့ဗျား”

“ဒါလည်း အမှန်ပဲကွ”

“ဒါနဲ့များ အစ်ကိုရာ၊ သွားမနေပါနဲ့တော့၊ သူ့ထိုက်နဲ့ သူ့ကံ ထားလိုက်ပါတော့လား”

ငထွန်းကား ခေါင်းယမ်းသည်။ “ကလေးရှိသေးတယ်ကွ” ဟု ဆိုပြီး သက်ပြင်းချသည်။

“ဆွေမရှိ မျိုးမရှိတွေရဲ့အလယ်မှာ ငါ့သား မျက်နှာငယ်မယ် ညီလေး”

ထိုအခါမှာ သက်ပြင်းချရသူမှာ မောင်ဆေးရိုးဖြစ်လာပြန်၏။

“သူများတွေ အဖေခေါ်တဲ့အခါ ငါ့သားလေးလည်း အဖေခေါ်ချင် ရှာမှာပဲကွ၊ ငြိမ်းစည့်မှာလည်း ငါက ဘာတစ်ခုမှမလုပ်ဘဲ ထိုင်နေဦး၊ အားရှိမှာ အမှန်ပဲ”

မောင်ဆေးရိုးတွင် သားသမီး မရှိသေးငြား အစ်ကို့စကားမှာ လျော်ကန်သင့်မြတ်သဖြင့် စောဒက မတက်နိုင်ချေ။

“ပြီးတော့ မိစုံဖစုံ အုပ်ပြီး ကြီးပြင်းခဲ့ရတဲ့ ကလေးတစ်ယောက် အဖြစ် ငါ့သားကို ဖြစ်စေချင်တယ်။ ဟိုလူက ကန်၊ သည်လူက ခေါက်နဲ့ ခြေကြိုခြေကြားမှာ ကြီးပြင်းရတဲ့ ကလေး မဖြစ်စေချင်ဘူး”

“အစ်ကိုသွားရင် ပိုက်ဆံလိုမှာပေါ့”

“မင့်မရီးကို ငွေတစ်ဆယ် ရှာပေးလိုက်တယ်မဟုတ်လား၊ တော်ပြီ ပေါ့ကွာ၊ ငါ ပိုက်ဆံမလိုပါဘူး”



“တာလမ်းက မသွားနဲ့အစ်ကို၊ မြစ်ဘေးကပဲ သွား”

“ဒါပေါ့၊ ယာကြိုယာကြားက သွားလိုက်၊ မြစ်ကမ်းဘေးက မြောင်သွားလိုက် လုပ်ရမှာပေါ့။ ဟိုရောက်တော့လည်း ငါလိုလူတွေ ရှိမှာပါ၊ မပူပါနဲ့”

ပြောပြောဆိုဆို ငထွန်းကား ထသည်။ တဲတံစက်မြိတ်အပြင်သို့ ခေါင်းထုတ်သည်။

“ဘာလုပ်မလို့တုံး အစ်ကို”

“သွားပြီလေကွာ”

“အစ်ကို့ဟာကလဲ ခုဆို ခုကိုဗျ၊ နေဦး နေဦး၊ ထမင်းခြောက် ကလေး ထန်းလျက်ကလေး လမ်းမှာစားဖို့ ထည့်သွားဦး”

မောင်ဆေးရိုးက ပြောပြောဆိုဆို တဲထဲသို့ ပြေးဝင်သည်။ ငထွန်းကားက ညီ၏လက်ကို လှမ်းဆွဲထားသည်။

“လုပ်မနေပါနဲ့၊ ယာတွေထဲမှာ သခွားသီး၊ ကဆစ်သီးတော့ ရှိမှာပါ”

သို့သော် “နေစမ်းပါဦးဗျာ” ဆိုကာ မောင်ဆေးရိုးသည် မြေအိုးသစ်ကလေးတစ်လုံးကို ယူထုတ်လာသည်။ ငထွန်းကား၏ ပုဆိုးခါးပိုက်ထောင်ထဲသို့ ထန်းလျက်နှင့် ပေါက်ပေါက်လုံးထားသော ‘ပေါက်ပေါက်ဆုပ်’ တွေ ထည့်ပေးသည်။

“ကဲ လိုက်ပို့မနေနဲ့တော့၊ ငါသွားပြီ၊ လိမ်လိမ်မာမာနေကြ၊ သတိ ဝီရိယနဲ့ နေကြဟေ့”

မောင်ဆေးရိုးသည် ဆောင့်ကြောင့်ထိုင်ပြီး အစ်ကိုအား ရှိခိုး၏။ ဦးသုံးကြိမ်ချပြီး၍မောင်ဆေးရိုး မော့ကြည့်ချိန်တွင်ကား ငထွန်းကား သည် တောရှောက်ပင်အုပ်များကြားသို့ ဝင်ရောက်ပျောက်ကွယ်သွားလေပြီ။

ကျောင်းဦးစေတီမှ ဆည်းလည်းသံများ လွင့်ဝဲလာသည်။

ပြောရင်းပြောရင်းဖြင့် ဘဆေးရိုး၏အာရုံဝယ် အစ်ကိုထွန်းကား၏ ရုပ်သွင်သည် ပီပြင်စွာပေါ်လာ၏။

"ဟုတ်တယ်၊ ငါတို့တဲမှာသူလာပြီး ခုနစ်ရက်လောက် အားမွေးနေတုန်းက နွားပခြုပ်ရက်တယ်၊ ကြိုးကျစ်တယ်၊ တောင်းပလုံး၊ ဆန်ကောဆန်ခါရက်တယ်၊ သုံးနှစ်သုံးလို့ မကုန်ဘူး"

ဘဆေးရိုးက အသံအက်ကြီးဖြင့် ပြော၏။

မပြည့်တပြည့်ငွေလသည် ထန်းတောထိပ်သို့ ရောက်လာပြီ။ ကြည်လင်သောအလင်းရောင်သည် ရမ်းဘိုကုန်းရွာထဲသို့ သွန်ဆင်းနေ၏။ မိန်ကောင်တစ်ကောင်သည် ရွာထဲမှ ဖြတ်သန်း ဝဲပျံရင်းက ဆိုးရွားသောအသံကို မြည်တမ်း၏။

"ဖွဟဲ့ ဖွဟဲ့"

ရိုးသာဒွန်း ချက်ချင်း တန်ပြန်ရေရွတ်၏။

"လုပ်မနေပါနဲ့ကွာ၊ ပရိတ်မေတ္တာကသာ မကောင်းတာတွေကို ပယ်ဖြတ်နိုင်တာပါ၊ ဖွဲ့ဟဲ့တို့ ဖွတ်ဖွတ်တို့က"

ဘဆေးရိုး ပြောနေဆဲမှာပင် "ဘရေ" အော်သံ ကြားရသည်။ မောင်ကိုကြီး၏ သားနှင့် သမီးများဖြစ်သည်။

"ဘာ ဘာလုပ်နေကြတာတုံး၊ အမေကြီးက မေးခိုင်းလို့"

"အရက်သောက်နေတယ် ပြောလိုက်ဟေ့"

ရိုးသာဒွန်းက ဝင်ပြောသောအခါ "အဘိုးကလဲ" ဆိုကာ ကလေးများသည် ဝတ်ကျောင်းလှေကားရင်းသို့ ရောက်လာကြသည်။ သူတို့သည် သူတို့၏ဘိုးအေအရင်းကိုသာ အဖေ့လေသံအတိုင်း ဘ ခေါ်ကြပြီး၊ ထို ဘနှင့် အရွယ်တူသူများကိုမူ အဘိုးဟူ၍ ခေါ်ကြသည်။



"ခမျာများမှာ ဆွေရယ်မျိုးရယ်လို့ မမြင်ဖူးကြရှာဘူး။ ငါကအဲဒါ သနားတာပဲ"

ဘဆေးရိုးက မြစ်များကိုငုံ့ကြည့်ရင်း ပြောသည်။

"တစ်ရပ်တစ်ကျေးမှာ ဆွေမရှိ မျိုးမရှိနဲ့ မျက်နှာငယ်ကြမှာပဲဆိုပြီး ငါလိုက်သွားတာကွ၊ ဆွေရယ်မျိုးရယ်မြင်လိုက်ရရင် အားရှိအောင်၊ အရေးဟဲ့ အကြောင်းဟဲ့ဆိုရင် ရမ်းဘိုကုန်းကို ပြေးလာနိုင်အောင်ပေါ့"

"သူတို့မိဘတွေက မပြောဘဲမနေပါဘူးကွာ၊ မင်းတို့ဘထွေးကိုဆေးရိုး၊ မင်းတို့ဒွေးလေး မယ်မျှင် အစရှိသည်ဖြင့်ပေါ့"

"ငါ့မရီးက ရွာကိုစိတ်နာသွားတော့ ရမ်းဘိုကုန်းအမည်ကို ပါးစပ် ထဲ ထည့်မှ ထည့်ပါ့မလား"

"မယ်ငြိမ်းစည် စိတ်နာအောင် ရမ်းဘိုကုန်းက လုပ်တာလား၊ သူက လုပ်တာလား"

ဘဆေးရိုးသည် ရိုးသာဒွန်း၏အမေးကို မဖြေကြားလိုပေ။ အရိပ်နေပြီး အခက်ကို ချိုးခြင်းဖြစ်ကြောင်း မယ်ငြိမ်းစည်၏ မိဘများဖြစ်သော ဦးရဲတင်း ဒေါ်မင်းဘော်တို့ကအစ သဘောထားသည်။ မိမိမှီတင်းနေထိုင်ရာ ရမ်းဘိုကုန်းရွာ ပျက်စီးရာပျက်စီးကြောင်း စားပြလက်ထောက်ချခြင်းကို 'သားရေပေါ်အိပ် သားရေနားစား' ဟူ၍လည်း ရှုတ်ချပြစ်တင်ခဲ့ကြသည်။

"ဟေ့ ဒါထက် နေပါဦးကွ၊ မင်းတို့တဲကို ကိုထွန်းကား ရောက်နေတဲ့ညမှာ မီးတုတ်တွေ မြင်ရတာ၊ လူသံတွေကြားရတာက ဘာတုံးကွ။ ပုလိပ်လာဝိုင်းတယ်ထင်ပြီး မင့်အစ်ကိုကို ကုန်းပိုးပြီး မြစ်ဘက်ကို ထွက်ပြေးကြတယ်ဆိုတာလေ"

"သြော် အေးကွ ဟုတ်သားပဲ"

ဘဆေးရိုး ခြောက်ကပ်စွာ ရယ်မောသည်။

"မြစ်ကြောင်းတစ်လျှောက်မှာရှိတဲ့ လယ်ကြားမြောင်းတွေကို ရေပေးတဲ့ 'ရေကျပေါက်' တွေမှာ ငါး မခံရဘူး၊ 'ခုံစင်' မလုပ်ရဘူး ဆိုတာဟာ ဟိုးတုန်းကတည်းက ရှိခဲ့တာကွ။ ဟိုတုန်းကတည်းက ရှိခဲ့တာကို ညအချိန်မှာ တိတ်တိတ်လုပ်ကြတော့ ငါးကြီးတစ်ကောင် ရေကျပေါက်မှာ လာညပ်နေတာတဲ့ကွ"

"မနည်းကြီးမှာပေါ့"

"အောက်မကျ အထက်မဆန်ဖြစ်နေတဲ့ ငါးကြီးကို တောတွင်သားက ဆင်းဖမ်းဆိုကိုးကွ၊ အဲသည်အခါကျမှ ငါးကရုန်းပြီး မြောင်းအတိုင်း စုန်ပြေးလို့ တပ်ချီပြီး လိုက်လာကြတာတဲ့"

ရိုးသာဒွန်းသည် ကိုယ့်ပေါင်ကို လက်ဝါးဖြင့်ပုတ်ကာ "ဖြစ်ရလေကွာ" ဟု ဆိုသည်။

"အေးပေါ့ကွာ၊ ကျီးဒန်က ပြူးတူးပြဲတဲနဲ့ ပုလိပ်ဆိုတော့ ငါလည်း ဘာမျှတွေးမနေတော့ဘူး၊ အစ်ကို လာဟော့ဆိုပြီး ကုန်းပိုးပြေးရတော့တာပေါ့"

"ဘရေ၊ အမေကြီး ခေါ်နေပြီ"

အသံရှင်ကား အတူနေမြေးကြီး မောင်ကိုကြီးဖြစ်သည်။ သူ၏ ကလေးတွေသည် ဖအေလိုက်လာသောအခါ ဝိုင်းအုံဖက်ကြသည်။

"နေကြစမ်း သည်မှာလူကြီးတွေ စကားပြောနေတယ်"

မောင်ကိုကြီးသည် ဝတ်ကျောင်းလှေကားထိပ်တွင် 'တင်ပါးလွှဲ' ဝင်ထိုင်၏။

"နေပါဦး၊ မင့်အစ်ကိုရဲ့နာမည် ထွန်းကားဆိုတော့ စနေသားပေါ့၊ သားဦးစနေ မီးလိုမွှေတဲ့၊ ဘာတွေ မွှေတုံး"



"မိဘကိုလည်း မမွှေ၊ သူ့ကိုယ်သူ မမွှေတဲ့အပြင် အကျိုးတောင် ပြုသွားသေး"

မောင်ကိုကြီးမှာ သူကြားရုံသာကြားဖူးသော အဘိုးအကြောင်းမို့ စိတ်ဝင်တစား ရှိ၏။ ဘအား အမေကြီးအခေါ်ခိုင်းသည့်အကြောင်းကိုလည်း မေ့လျော့ချေပြီ။

"အဖေ၊ ဘကိုခေါ်လေ၊ တော်ကြာ အမေကြီးဆိုနေလိမ့်မယ်"

ကလေးများက စိတ်မဝင်စား။ ထို့ကြောင့် လာရင်းကိစ္စကို သတိ ပေးကြရာ "သွားကြစမ်း" ဆိုကာ မောင်ကိုကြီး တွန်းလွှတ်၏။

"အဘိုး ဦးထွန်းကားအကြောင်း ပြောပါဦး ဘရ"

"ဘာပြောစရာရှိမှာတုံး လူလေးရယ်၊ သေသလားရှင်သလား မသိ၊ ဆွေပြတ်မျိုးပြတ် ဖြစ်ကုန်ပြီပဲကွ"

"လူချင်းဝင်တိုက်မိလို့မှ ဆွေမှန်းမျိုးမှန်း မသိပေဘူးပေါ့နော်"

မောင်ကိုကြီး၏မေးသံက လွမ်းလွမ်းဆွေးဆွေးရှိသည့်နည်းတူ ဘဆေးရိုး၏ "အေးပေါ့ကွာ" ဖြေသံကလည်း ကြေကွဲ၏။ တစ်အောင့်မျှကြာမှ ဘဆေးရိုး၏အသံ ပေါ်လာ၏။

"ဘတို့သေတဲ့နောက်မှာ မင်းတို့ကျန်ခဲ့မယ်၊ ဘကို အမှုပုပ်နေတဲ့ မြောင်းရင်းက သုံးဧကလယ်ပွဲဟာ မင်းအဘိုး ထွန်းကားရဲ့[illegible]။ သေသေချာချာမှတ်ထား"

"ဟုတ်ကဲ့ဘ"

"သည်စကားကို ဘာကြောင့်ပြောရတုံးဆိုတော့ အစ်ကို ထွန်းကားရဲ့သားသမီးတွေ တစ်နေ့မဟုတ်တစ်နေ့ရောက်လာခဲ့ရင် မင်းတို့ တတ်နိုင်သမျှ လုပ်ပေးလိုက်ကြ။ မရှိရင် ရှိတာ ထုခွဲပြီး ပေးလိုက်ကြ။ သူ့လယ်ကို ဘတစ်သက် လုပ်စားခဲ့ပြီးပြီ။ အဖေတစ်ယောက်တည်းအားနဲ့

'မဖြစ်တုတ်တက်' တောတိုးထားတာ၊ ဘာအကြောင်းနဲ့မှ မရောင်းနဲ့"

"စိတ်ချ ဘ"

"ဘရေ၊ အမေကြီး လိုက်လာပြီဗျ"

မောင်ကိုကြီး၏သားက လေတိုးတိုင်း ယိမ်းနွဲ့နေသော မီးညွန့်တစ်ညွန့်ကို လှမ်းကြည့်ပြီး ပြော၏။

"အင်း သွားဦးမှဟေ့"

ဘဆေးရိုး ကုန်းထသဖြင့် မြစ်တစ်ယောက်က ကြေးစည်ကို လှမ်းယူ၏။ မောင်ကိုကြီးက လက်ကမ်းပေး၏။

"အမျှဝေပြီးတာ ကြာပါပြီကော၊ အဘိုးကြီး ဘာလုပ်နေတာတုံး"

"သည်လိုပေါ့အေ၊ ရှေးဟောင်းနှောင်းဖြစ်တွေ"

"အစ်ကိုငထွန်းကားတို့ ရှင်ငြိမ်းစည်တို့အကြောင်းမှ ပါပါလေစ"

ဘဆေးရိုး မဖြေပါ။ သာယာအေးမြသော ငွေလရောင်တွင်းသို့ တရွေ့ရွေ့ တိုးဝင်သွားလေ၏။

❑

## ကိုဆေးရိုးတို့သမီးယောက်ဖတစ်တွေ

အမေကြီး ကျီးဒန်သည် လေးထပ်ကျောင်း ထန်းတောဘက်သို့ မျှော်ကြည့်နေ၏။ ငွေလမင်းသည် ထန်းတောထိပ်မှ ထွက်ပြူလာကာ ရမ်းဘိုကုန်းရွာထဲသို့ ပုလဲရည်ငွေဥများ ပက်ဖြန်းပေးလျက်ရှိသည်။

"နောက်တော့ကော အမေကြီး"

အမေကြီးရှေ့တွင် ငုတ်တုတ်တချို့၊ တုံးလုံးတချို့ ရှိနေသော မြစ်များအပြင်၊ ပေါင်ပေါ်တွင် ခေါင်းအုံးခွင့် မရသောကြောင့် ထမီပေါ်တွင် ခေါင်းအုံးပြီး အိပ်နေသူများလည်းရှိနေကြ၏။

"အမေကြီးက ကောင်းခန်းရောက်ရင် သလိုချည်းပဲ"

မေကြည်၏ သား သုံးယောက်အနက် အငယ်ဆုံးကောင် သူရထွန်းက ထိုသို့ဆိုသောအခါ သူ့အထက်ကအကောင် သူရသန်းက "အမေကြီးကို အဲသလို မပြောကောင်းဘူး" ဟု လှမ်းဆုံးမသည်။

ထိုအခါ ခင်ခင်ကြီး၏သား ငပောစ်ကြီးခေါ် အောင်ကျော်စံဦးက ဝင်ပြီး အသံသြကြီးဖြင့် ဆရာလုပ်၏။

"နင်တို့ ဘာသိတုံး။ ဒါလောက် နှစ်တွေကြာလာတော့ ပြန်ပြီး စဉ်းစားရသေးတာပေါ့ဟဲ့"

"မဟုတ်ဘူးနော် အမေကြီး၊ အမေကြီးက သတိကောင်းတယ်နော်"

တေက်ပြာမ၏သမီး ရွှေရည်ဝင်းက ဟောစ်ကြီး၏စကား ပျက်ပြားအောင် လုပ်၏။

"တစ်ယောက်တစ်ပေါက်နဲ့နော်။ အမေကြီးက နားညည်းတယ်၊ ပြန်ကြတော့လို့ နင်လွှတ်တော့မှ ဟုတ်ပေ့ဖြစ်နေမယ်"

ခင်မောင်ငြိမ်း၏သမီးကြီး ပြုံးပြုံးငြိမ်းဦးက အမေကြီး စိတ်ဆိုးပြီး နင်လွှတ်မည်ကို ကြောက်ရွံ့နေသူဖြစ်၏။

"အမေကြီးက မနှင်ဘူးနော်။ ဟုတ်တယ်နော် အမေကြီး"

မောင်ကိုကြီး၏သား သီဟကိုက အမေကြီးဒူးကို ကိုင်လှုပ်ရင်း မေး၏။ အမေကြီး ကျီးဒန်သည် ငေးမောနေရာက ခေါင်းညိတ်သည်။

"ဖျိုင်းကြီး ဖျိုင်းကလေးက ကုလားမည်းတွေထဲဝင်ပြီး ဓားနဲ့ ခုတ်တော့ ကုလားတွေ သေကုန်ရောလား"

"ဘယ်ဘက်မှာ ဓားတစ်စင်း၊ ညာဘက်မှာ ဓားတစ်စင်း၊ ဓားနှစ်စင်းစီကိုင်ပြီး ကုလားမည်းတွေကြားထဲ ဝင်ပြီး ဓားနဲ့ခုတ်တာ၊ ရေတွင်း နှစ်တွင်း ကုလားအလောင်းတွေ ပြည့်သွားသတဲ့"

"ဖျိုင်းကြီးကွ"

ဟောစ်ကြီးက ထအော်သဖြင့် ရွှေရည်ဝင်း၏ အစ်ကို သတ္တိခဲ ကလည်း "ဖျိုင်းကလေးကွ" ဟု အားကျမခံအော်၏။

"အမေကြီး၊ နောက်တော့ကော"

"ကုလားမည်းတွေက မြန်မာသူရဲခေါင်း ဖျိုင်းကြီး ဖျိုင်းကလေးကို ကြောက်လို့ ထွက်ပြေးတဲ့အခါ ကုလားဖြူက မပြေးရဘူး အမိန့်ပေးတယ်။



လက်ချင်းယှက်ပြီး ဖျိုင်းကြီး ဖျိုင်းကလေးကို အဖမ်းခိုင်းတယ်။ သေနတ်နဲ့ ပစ်တယ်။ ကုလားမည်းတွေက ကြောက်ကြောက်နဲ့ လက်ချင်းယှက်ပြီး ဖမ်းရသတဲ့"

"မိသလား အမေကြီး"

"ဘယ်မိမတုံး၊ လူစွမ်းကောင်းပဲဟာကို"

"ဟေး ဖျိုင်းကြီးကွ"

"ဟေး ဖျိုင်းကလေးကွ"

ယခုတစ်ကြိမ်အော်သူမှာ ဟောစ်ကြီးနှင့် သတ္တိခဲပင်ဖြစ်ပေ၏။

"အမေကြီး အမေကြီး ဖျိုင်းကြီး၊ ဖျိုင်းကလေးက ကုလားဖြူ ကုလားမည်းတွေကို ဘာပြုလို့ ဓားနဲ့ခုတ်တာတုံး"

"ကုလားဖြူကို အင်္ဂလိပ်လို့ ခေါ်တယ်။ ပုဂံ ခေတ်ကတည်းကမှာ ဌာပနာထားတဲ့ ရွှေ ငွေ ကျောက်သံ ပတ္တမြားတွေ၊ ရေနံချောင်း၊ ချောက်၊ မင်းဘူးကထွက်တဲ့ ရေနံတွေ၊ တောင်တွင်း ပျဉ်းမနားကထွက်တဲ့ ကျွန်းသစ်တွေကို လိုချင်လို့ မြန်မာပြည်ကို လာတိုက်တော့ ကုလားမည်းတွေကို ပိုက်ဆံပေးပြီး ငှားလာတယ်။ ဒါကြောင့် ငါတို့မြန်မာတွေက ခုခံတာ"

"ဟေး ဖျိုင်းကြီးကွ"

"ဟေး ဖျိုင်းကလေးကွ"

ဟောစ်ကြီးနှင့် သတ္တိခဲပင် ထပြီး အော်ပြန်သည်။

ငွေလမင်းသည် လေးထပ်ကျောင်း ထန်းတောပေါ်သို့ ရောက်လာပြီ။ ဘေးမကြီးနှင့် မြစ်တွေ အမေးအမြန်းထူထပ်နေစဉ် အိမ်ဝိုင်းထဲသို့ လူနှစ်ယောက် ဝင်လာသည်။ အမေကြီး ကျီးဒန်သည် ပိုးကိုးပါးဟား မျှသာ မြင်ရပြား၊ ရိပ်ဖမ်းသံဖမ်းဖြင့်ပင် ဘဆေးရိုးနှင့် မောင်ကိုကြီးတို့ ရွာလယ်ဝတ်ကျောင်းမှ ပြန်လာခြင်းဖြစ်သည်ဟု နားလည်လိုက်၏။

"ဘ ဘ အဘေးဦးထွန်းကားအကြောင်း ပြောပါ"

အာရုံပြောင်း အာရုံလွဲ အလိုရှိသူများက ဘဆေးရိုးအား ဆီးကြို ပူဆာ၏။

"နင်တို့ကလဲဟယ်၊ ခုမှ အပြင်ကပြန်လာတာ"

ဘကြီး မောင်ကိုကြီးက လုံးဝပိတ်ပင်ငြား၊ ဘဆေးရိုးက မငြိုငြင်ပေ။

"ငထွန်းကားအကြောင်း ထပ်ပြန်တလဲလဲ ပြောပြီးနေပြီပဲ။ ဘာ ကျန်ဦးမှာလဲ ကလေးတွေရဲ့"

ဘဆေးရိုးသည် မှောင်ထဲတွင် အသုံးပြုသော ရေနံဆီမီးခွက် ထည့်သည့် သံပုံးကို ဟစ်နေရာဟွင် ချိတ်သည်။ ရေနွေးကြမ်းအိုးဘေးတွင် ထိုင်သည်။ အေးစက်နေသော ရေနွေးကြမ်းများကို ငှဲ့သောက်ရာက မြစ်တွေကို လှမ်းကြည့်၏။ ရွာအရှေ့ပိုင်းတွင် ကလေးအချို့ ကစားဆဲ ရှိသေး၏။ ထိုကလေးများ၏အသံက သည်ဘက်သို့ပြန့်လွင့်လာငြား၊ ကလေးပေွ စိတ်ဝင်စားဟန်မပြ။ သို့အတွက် မြစ်အားလုံးကြားအောင် လှမ်းပြော၏။

"သည်ရွာမှာ အိုးစပြီးလုပ်တာ ဘယ်သူတုံး၊ မေးကြပါတော့လား။ ဘာပြုလို့ အိုးလုပ်တာတုံး၊ စပ်စုကြပါတော့လား"

"တော်တော်မတရားတဲ့ အဘိုးကြီးပဲ။ ကိုထွန်းကားအကြောင်း ကလေးတွေက မေးတာနဲ့ပဲ ဟိုလွဲသည်လွဲ လုပ်တာပဲ၊ ဟင်း"

သို့သော် မြစ်များသည် သဘောမပေါက် စိတ်မဝင်စားသဖြင့် မေးသံမြန်းသံများ ပေါ်မလာပေ။ ကလေးများထံမှ အသံမထွက်ငြား၊ အမေကြီး ကျီးဒန်၏စိတ်တွင် လှုပ်ရှား၏။ ယခုအခါတွင် ရမ်းဘိုကုန်းရွာ၌ မျိုးပြုတ်နေပြီဖြစ်သော အိုးလုပ်ငန်းသည် တစ်ချိန်သောအခါက ရမ်းဘိုကုန်း



ရွာ၏ အဆင်တန်ဆာအဖြစ် တည်ရှိခဲ့၏။ မြစ်များ ဘိုးအေထံတွင် သွားရောက် ဝိုင်းအုံနေစဉ် အမေကြီး ကျီးဒန်သည် အိမ်ရှေ့မျက်နှာစာရှိ အုပ်ဆိုင်းထားသော 'အိုးဖို' ကြီးကို လှမ်းကြည့်နေမိ၏။ ရမ်းဘိုကုန်း ရွာထဲသို့ မည်သူသည် အိုးကို သယ်ဆောင်လာသနည်း။ ထိုအခါ ခါးပြည့် ရွာနေ ဒေါ်ကြော့အကြောင်းသည် မပါလျှင် မဖြစ်တော့ပေ။

ဒေါ်ကြော့မှာ မကျီးဒန်၏အမေ ဒေါ်ရွှေအိမ်၏အစ်မ ဖြစ်သည်။ ဒေါ်ကြော့ ခါးပြည့်ရွာသား ဦးဖိုးမှုန်နှင့် အိမ်ထောင်ကျ ပြီးနောက် ငွေတိုးပေး၊ စပါးပေါ်ပေး၊ ပဲပေါ်ပေး၊ ပင်ထောင် အရောင်း အဝယ် ငွေတိုးချပေးခြင်းဖြင့် ချမ်းသာကြွယ်ဝနေသူဖြစ်၏။ အမေကြီး ကျီးဒန်၏အာရုံထဲသို့ ထို 'မိကြီး' ဝင်ရောက်လာသောအခါ အမေကြီး ကျီးဒန်သည် အိမ်ထောင်ကျပြီးခါစ မလာသိမ်ဝယ် မိကျီးဒန် [illegible] ပြေးလွှား ပြောင်းရွှေ့ရ၏။ အမေ မရွှေအိမ် ပြောသောကြောင့် ခါးပြည့် ရွာတွင် အမေ့အစ်မရင်းရှိကြောင်း ကျီးဒန် သိသည်။ အမေနှင့်အတူ ထိုမိကြီးရှိသော ရွာသို့လည်း ကျီးဒန်ရောက်ဖူးငြား တွယ်တွယ်တာတာ မရှိ။ အစ်မသာဆိုသည် အမေကလည်း လွမ်းလွမ်းဆွေးဆွေး တမ်းတမ်း တတ မရှိချေ။ သို့ဖြစ်သောကြောင့် ကျီးဒန်သည်လည်း ထိုမိကြီး ဒေါ်ကြော့ကို မေ့မေ့ပျောက်ပျောက်ပင်။ ထိုမိကြီးသည် ဆေးရိုး ကျီးဒန် တို့၏မင်္ဂလာဆောင်သို့ မလာပေ။ မင်္ဂလာဆောင်ပြီး ခြောက်လခန့်ကြာမှ လှည်းယဉ်ကလေးတစ်စီးဖြင့် ခြုံသံတည်ညံပေးလျက် ရောက်လာ၏။

"မောင်ကြွက်နီတို့၊ ရွှေအိမ်တို့ ဘယ်မှာနေကြသတုံးကွယ်ကို့"

လာကတည်းက အပေါ်စီးဖြင့် လာသည်။ ညီမ၏အိမ်ကို မေးမြန်းစုံစမ်းရာတွင် တစ်အိမ်မေးလျှင် ပြီးပါလျက် ရွာစဉ် လျှောက်မေး၏။ အပေါ်စီးက ခေါ်ရသည်ကို အာတွေ့ဟန်တူသည်ဟု ဒေါ်ရွှေအိမ် ထင်၏။

ထိပ်အုပ်မှန်ရောင် တပြောင်ပြောင်၊ ဝမ်းပတ်သိုင်းကြိုးတွေ တလက်လက်ဖြင့် ချြည်လွင်သော လှည်းယဉ်။ မိုးသို့ပျံလုလု ကြွရွနေသော နွားတစ်ရှဉ်းဖြင့် ရမ်းဘိုကုန်းရွာထဲသို့ ဝင်လာသော မိကြီး ဒေါ်ကြော့၏ အသွင်ကို နှစ်ပေါင်း ၅၀ ကျော်၊ ၆၀ ကြာသော်ငြား အမေကြီးကျီးဒန်၏ မျက်စိထဲမှာ မပျောက်။

*

"မောင်ကြွက်နီ မယ်ရွှေအိမ်တို့အိမ် သည်အိမ်လားကွဲ့"

ဘီးဆံပတ်ကြိုးနှင့် သနပ်ခါး ဖုန်အောင်လိမ်းထားသော၊ ပုလဲနားကပ် တခါခါ ကွမ်းသီးဖက်ဆေးလိပ် တကားကားလုပ်နေသော အဒေါ်ကြီးအား မောင်ဆေးရိုး စိုက်ကြည့်၏။ သူ့ယောက္ခမ ဦးကြွက်နီ၏ အမျိုးလော၊ ဒေါ်ရွှေအိမ်၏အမျိုးလော ခန့်မှန်းကြည့်၏။

သူ ခန့်မှန်း၍မရမီပင် ဧည့်သည်က အမေးဆင့်၏။

"မင်းက သူတို့နဲ့ ဘာတော်လဲ။ သြော် သိပြီ သိပြီ၊ မောင်ကြွက်နီ ရွှေအိမ်တို့ရဲ့ သမက်"

မောင်ဆေးရိုး၏ ရင်ထဲတွင် လှိုက်ခနဲ ဝမ်းသာ၏။ မယားအမျိုး တစ်ယောက်က သူ့ကို အသိအမှတ်ပြုသောကြောင့်ဖြစ်သည်။ သို့အတွက် ပုတ်သင်ညို ရှုံးလောက်အောင် အထပ်ထပ်ခေါင်းညိတ်သည်။

"ဟုတ်ပါတယ်ခင်ဗျာ၊ အဒေါ်က"

"ငါ ရွှေအိမ်ရဲ့အစ်မကွယ့်၊ သူတို့ရှိကြလား"

မေးနေလျက်တန်းလန်းကပင် နွားလှည်းသည် အိမ်ဝိုင်းထဲသို့ ဝင်လာ၏။ မောင်ဆေးရိုး ထပ်မံပြီး အဖြေမပေးမီ၊ ဒေါ်ရွှေအိမ်က အိမ်ထဲမှ 'ကဲ' ကြည့်သည်နှင့် ဆို၏။

"အစ်မ မကြော့ပါလား"



ဒေါ်ရွှေအိမ် ဝမ်းသာအားရ ပြေးဆင်းလာပြီး အစ်မ၏လက်ကို ကိုင်၏။ လှည်းရံတိုင်တွင် ချိတ်ထားသော ဖိနပ်တွေချွတ်ပြီး ခင်းပေး၏။

"ညည်းတို့အိမ်ကလဲအေ မေးလိုက်ရတာ၊ တကယ်တဲ့မှပဲ"

"မရောက်ဖူး မပေါက်ဖူးတော့ မေးရတာပေါ့ အစ်မရယ်"

"သည်နှစ် စပါးကော ရကြရဲ့လား"

ပထမမေးခွန်းကို ဖြေဆိုရန်အတွက် သင့်လျော်သော စကားလုံးကို ဒေါ်ရွှေအိမ် ရှာဖွေနေဆဲမှာပင် နောက်ထပ်မေးခွန်း ထွက်လာပြန်သည်။

"ညည့်ယောက်ျားကော မမြင်ပါကလား"

"ဟုတ်ကဲ့၊ ဟို" ဟု ဒေါ်ရွှေအိမ် စကားစနေဆဲ၌ "အဝင်ဝမှာ တွေ့ခဲ့တာ၊ ညည့်သမက်လား" မေးပြန်သည်။

မည်သည်ကိုမျှ ဒေါ်ရွှေအိမ် မဖြေတတ်တော့ပေ။

မိကြီးဒန်မှာ မေးမြန်းသံများ ကြားသဖြင့် အိမ်ရှေ့သို့ ထွက်လာ၏။ အမေ့အမျိုးတစ်ယောက်ယောက် ဖြစ်မည်ထင်သောကြောင့် ထွက်လာခြင်းလည်း ဖြစ်ပေသည်။

"သူက ညည့်သမီး"

"ဟုတ်တယ် အစ်မ၊ တလောကမှ အိမ်ထောင်ချပေးလိုက်ရတာ"

ဒေါ်ရွှေအိမ်၏အစ်မ ဒေါ်ကြော့သည် ဒေါ်ရွှေအိမ်နှင့် ရုပ်ချင်း ဆင်သော်ငြား မျက်လုံး၏အေးချမ်းမှုကား မရှိချေ။ စူးရှတောက်ပြောင်သော အရောင်တစ်ခုခုသည် မျက်လုံးထဲမှ ထွက်နေ၏။ သူသည် ညီမ၏ သမီးအား စူးရှစွာ ကြည့်၏။

"ညည်းတို့အေ၊ ငါ့တူမလေးကို အကျည်းလည်း မတန်ဘဲနဲ့ ကျီးဒန် မှည့်ရသလားအေ"

ကျီးဒန် အလွန်ကျေနပ်ရသော အပြောဖြစ်သည်။

သည့်စကားကြောင့် ကျီးဒန် ပြုံးစေ့စေ့ဖြင့် ကွက်ခနဲ တစ်ချက် မော့ကြည့်စဉ်၊ မိကြီးထံမှ အမေးတစ်ခု ထပ်မံထွက်ပျံလာသည်။

"ညည့်ယောကျ်ားက လယ်သမားပဲလား"

"ဟုတ်ကဲ့"

"လယ်သမားကို ယူရတယ်လို့အေ။ ညည်းတို့မှာ ယူစရာလူ ဒါလောက်ပဲ ရှားသလား"

ကျီးဒန် နား မျက်စိ လည်သွားသော်ငြား၊ ဒေါ်ရွှေအိမ်မှာ ထောင်းခနဲ ဒေါသဖြစ်ရသည်။ သည်သမက်မှာ သူစိတ်တိုင်းကျသော သမက် ဖြစ်၏။ အလုပ်အကိုင်ကြိုးစား၏။ ရိုးသား၏။ ရိုးသားတည်ကြည်ခြင်းနှင့် အလုပ်အကိုင်ကြိုးစားခြင်းသည် ရွှေထက် အဖိုးတန်သည် မဟုတ်လော။

"လယ်သမားသမီး၊ လယ်သမားနဲ့ရတာ အပြစ်လား အစ်မရဲ့"

"ညည်းတို့ အဲဒါခက်တာပဲ၊ မြို့ထဲ တစ်လနေလို့ တစ်ခေါက် မရောက်ဘူးထင်ပါရဲ့"

ဒေါ်ကြော့သည် စကားဆက်ရန်အတွက် မျက်လုံးဝင့်သောအခါ ညီမ၏ ခက်ထန်သော မျက်နှာထားကို သတိပြုမိသည်။ ထိုခဏတွင် ဒေါ်ကြော့သည် မိမိတို့ညီအစ်မသုံးယောက်၏ ခြားနားသော စရိုက်များကို သတိရ၏။ ဒေါ်ကြော့တို့တွင် ညီအစ်ကိုမောင်နှမ ငါးယောက်ရှိရာ အကြီးဆုံးနှင့် အငယ်ဆုံးမှာ ယောကျ်ားလေးတွေ ဖြစ်၊ အလယ်က မိန်းကလေးသုံးယောက်တွင် ဒေါ်ကြော့မှာ အကြီးဆုံးဖြစ်၍ ဒေါ်ရွှေအိမ်နှင့် ဒေါ်မယ်လှတို့မှာ အလတ်နှင့် အငယ်များ ဖြစ်ကြရာ စရိုက် သုံးမျိုးရှိသည်။ အကြီးမ မကြော့သည် အရွယ်မရောက်မီက နာမည်ပျက်၏။ ဝတ်ချင်စားချင် လှချင်လွန်းသောကြောင့်ဖြစ်သည်။ လက်ရှိအိမ်ထောင် ဦးဖိုးမှုန်မှာ အိမ်ထောင် သုံးဆက်ရှိသည်။ ဒုတိယအိမ်ထောင်မှာ



နာတာရှည်ဖြင့် အိပ်ရာထဲ၌ လဲနေစဉ် မကြော့က အိမ်ပေါ်တက်ပြီး အတင်းနေသည်။ နာတာရှည် တိမ်းပါးသွားသောအခါ ဒေါ်ကြော့မှာ တတိယ မယားကြီး ဖြစ်သွားတော့သည်။ မည်သူတွေ မေးငေါ့သည် ဖြစ်စေ၊ မည်သူတွေ အတင်းပြောသည်ဖြစ်စေ နာမည် ညှိုးချင် ညှိုးပါ၊ လန်းချင် လန်းပါ၊ လက်ကောက် ဆယ်စုံကို ဆင့်ဝတ်ပြီး သနပ်ခါး ခြေဆုံးခေါင်းဆုံး လိမ်းနေရသဖြင့် မကြော့ ကျေနပ်လှပြီ။ သို့သော် မရွှေအိမ်နှင့် မမယ်လှက အစ်မကြီး၏ ရွှေဘုံစံဘဝကို တံတွေးဖြင့် ထွေးသည်။

မရွှေအိမ်က 'ဒါမျိုးတော့ အားမကျပေါင်' ဟူ၍သာ မှတ်ချက် ချသည်။ သို့သော် မမယ်လှကမူ လက်တွေ့ အရောင်းအဝယ်လုပ်ပြသည်။ မကြော့၏လက်ကောက်မျိုး သုံးနှစ်အတွင်းဖြစ်လာသည်။ ထို့ကြောင့် ညီအစ်မသုံးယောက်တွင် ဒေါ်မယ်လှသည် အရဲရင့်ဆုံး အတက်ကြွဆုံး ဖြစ်ငြား၊ အစ်မနှစ်ယောက်နှင့် အဆက်အသွယ်ပြတ်နေသည်။ ဒေါ်ကြော့ သာလျှင် ဇာတိ 'ခါးပြည့်' ရွာတွင် ထောင်နေ မောက်နေသည်။ ယခု ဒေါ်ကြော့ ရောက်လာသည်။ အပေါ်ယံ အသွင်အပြင်အားဖြင့်ကား ဒေါ်ရွှေအိမ်မှာ နိမ့်ကျသည်။ နိမ့်ကျသော်ကောဟု ဒေါ်ကြော့မှာ နိုင်ထက် စီးနင်း မပြောရဲပေ။ မပြောရဲခြင်းမှာ လိပ်ပြာ မလုံသဖြင့် ဖြစ်သည်။

ဒေါ်ကြော့ရောက်လာခြင်းမှာ အိမ်ထောင်ပြုသွားသော တူမ လေးကို တွေ့ရန်ဖြစ်သည်။ မင်္ဂလာဆောင်ချိန်က သိုက်သိုက်ဝန်းဝန်း စည်စည်ကားကားဖြင့် ဆွေစုံမျိုးစုံ တွေ့နိုင်ပါလျက် ဒေါ်ကြော့ ရောက် မလာခြင်းမှာ ဧည့်ပရိသတ်အများကြား၌ မြှုပ်နေရ၍ကိုး သောကြောင့် ဖြစ်သည်။ ယခုပင်လျှင် ကြည့်၊ တစ်ရွာလုံး ငေးကြည့် ချောင်းကြည့်ရ စေရန် ညီမ၏အိမ်ကို အိမ်စဉ်လျှောက်ပြီး မေးလာခဲ့သည်။

"ညည်းတို့ အဲဒါခက်တာပဲ။ မြို့ထဲ တစ်လနေလို့ တစ်ခေါက် ရောက်တာ မဟုတ်ဘူး။ မြို့ထဲမှာ တိုက်နဲ့တာနဲ့"

သို့သော် ဒေါ်ကြော့ စကားမဆက်ဖြစ်။ သူ၏ ကြွယ်ဝချမ်းသာမှုကို ညီမနှစ်ယောက်လုံးက ရှုတ်ချကြသည်ကို သတိရသည့်အတွက် စကားလမ်းကြောင်း ပြောင်းလွှဲသွားသည်။

"မဖြစ်သေးပါဘူးအေ၊ ထမင်းတစ်လုတ်ဟာ လယ်လုပ်မှ စားရတာ မဟုတ်ပါဘူး"

လယ်သမားဘဝကို သွယ်ဝိုက်ပြီး ရှုတ်ချသောစကားဖြစ်ငြား ကျီးဒန် သဘောကျသည်။ အားတက်စရာပါသည့်အတွက် ဖြစ်ချေသည်။ မိကြီးဖြစ်သူကို ကျီးဒန် မျှော်လင့်တကြီး မော့ကြည့်သည်။

"သက်သောင့်သက်သာနဲ့ ထမင်းတစ်လုတ်လည်း စားရ၊ ကြီးပွားချမ်းသာမှုလည်း ဖြစ်နိုင်တဲ့ အလုပ်တွေ ရှိပါတယ်အေ"

"ဟုတ်ကဲ့ မိကြီး၊ ကျုပ် လုပ်ချင်ပါတယ်၊ လုပ်ပါရစေ"

ကျီးဒန်က လိုလိုလားလား တုံ့ပြန်သည်။

ကြီးပွားချမ်းသာရေးဟု ဒေါ်ကြော့ ယုံကြည်သော လုပ်ငန်းတစ်ခုသည် ဒေါ်ကြော့၏နှုတ်ဖျားမှ လွှတ်ခနဲထွက်လာသည်။ သို့ရာတွင် ဒေါ်ကြော့သည် နှုတ်ခမ်းကို အချိန်မီ ပိတ်သည်။ လွယ်လွယ်ပြောလျှင် တန်ဖိုး မရှိ။ ကုမကိုသာ ခြေဆုံးခေါင်းဆုံး ကြည့်နေသည်။

"ပြောပါ မိကြီး၊ ကျုပ် လိုက်နာပါ့မယ်"

"ညည်းတို့ ရွာတောင်ဖျားက ငါဝင်လာတာ သည်အထိပဲ။ အိမ်ဆိုင် တစ်ဆိုင်မှ မတွေ့ဘူး။ ညည်းတို့ အိမ်ဆိုင် တည်ပါလား"

ထိုအခါ ဒေါ်ရွှေအိမ်က "သမီး နားမယောင်နဲ့ဟဲ့။ ကြွေးကျတာနဲ့ပဲ တစ်လအတွင်း ပြုတ်မှာ" ဟု ဝင်ပြောသည်။



"အဲဒါကတော့အေ၊ လူတွင်ပါလို့ နွားကို ကျားကိုက်တာပါ။ ယနေ့ အကြွေးမပေး ဆိုပြီး စာဆွဲထားလိုက်ပါ အေတို့ရယ်"

"မိကြီးက ပြောတာတော့ဟုတ်ပါရဲ့။ အရင်းလိုသေးတယ်"

"အရင်းက ဘယ်လောက်တောင် ဝင်မှာတုံး။ ဆား၊ ငါးပိ၊ ပုစွန်ခြောက်၊ ငါးခြောက်၊ ဆီ၊ ငံပြာရည်နဲ့ မုန့်ပဲသရေစာ၊ မဆလာ၊ နနွင်းမှုန့်ပေါ့အေ။ အရင်း ငါးဆယ် မကျော်ပါဘူး"

"အစ်မအဖို့တော့ ငါးဆယ်ဟာ မပြောလောက်ပေမဲ့ ကျုပ်တို့မှာ အဲသည်ငါးဆယ်ဟာ ခက်သတော့။ အစ်မသမီးကို အစ်မပဲ ထုတ်ချေးခဲ့ပေတော့၊ နောက်တော့ ပြန်ဆပ်ပေါ့"

သည်မျှငွေကြေးသည် ပါမလာကြောင်း သိပါလျက်နှင့် ဒေါ်ကြော့သည် ချွေးခံအကျႌကို နှိုက်၏။

"သည်လိုလုပ်အေ။ နက်ဖြန်မနက်ကျရင် အိမ်လာခဲ့အေ။ ငါ့မှာ ချက်ရပြုတ်ရ ဆွမ်းလောင်းရတာနဲ့ဆိုတော့ ဆွမ်းခံချိန်မတိုင်ခင် ရောက်အောင် လာခဲ့အေ။ ငါ့တူမလေး လိမ္မာသလောက် ဆင်းရဲတွင်းက လွတ်အောင် ငါမကြည့်လို့ ဘယ်သူကြည့်မှာတုံး"

မစားရဝခမန်း စကားကြီးဖြစ်သည်။ တစ်ပြားကိုပင် နှစ်ပိုင်းခွဲပြီး တစ်ခြမ်းဖိုးဝယ်ယူရသည်အထိ ငွေတွင်းနက်ချိန်တွင် ကျပ် ငါးဆယ်သည် များပြား၏။ ထိုမျှသောငွေကို မောင်ဆေးရိုး မိကျီးဒန်တို့ တလင်းတက်ချိန်တွင် ရရှိရန် မသေချာပေ။ ထိုမျှသောငွေကို မိကြီးက 'ငါ့တူမကလေး၊ လယ်ထဲချောင်းထဲမှာ မပင်ပန်းစေချင်လို့' ဟူသော အကြောင်းပြချက်ဖြင့် ထုတ်ချေးတော့မည်။ ကျီးဒန်မှာ ကျေးဇူးတင်လွန်းသဖြင့် အကြိမ်ကြိမ်ဦးချသည်။ ဒေါ်ရွှေအိမ်ကလည်း 'အစ်မကို ပြောခဲ့ဆိုခဲ့မိတာကျွ ကောင်းပါကယ်' ဆိုပြီး ကန်တော့သည်။

ဒေါ်ကြော့၏လည်း ရမ်းဘိုကုန်းရွာထဲမှထွက်သောအချိန်ဝယ် ငှက်ပျောခိုင်တွေ၊ ကွမ်းရွက်ထုပ်တွေ၊ ယုန်ကင်တွေ၊ ပုတတ်ကင်တွေ ပါသွားသည်။ သည်အရာတွေမှာ ခါးပြည့်ရွာတွင်လည်း ရှိသည်သာ။ သို့သော် ပေးသူက ပေးသောအခါ ဒေါ်ကြော့မှာ ငြင်းရန်မသင့်ပေ။ စင်စစ်သော်ကား ပေးလိုက်ရသူများမှာ ပိုပိုလျှံလျှံရှိ၍မဟုတ်ပါ။ ကျေးဇူးတင်သည့် အထိမ်းအမှတ်အဖြစ် ခြစ်ခြုတ်ပြီးပေးလိုက်ကြခြင်းသာဖြစ်၏။ ပေးလည်း ပေးကောင်းပါသည်။ ငွေကျပ်ငါးဆယ်မျှသော အရင်းအနှီးကို ထုတ်ချေးမည့် ကျေးဇူးရှင် မဟုတ်လော။

ကျီးဒန်သည် နောက်တစ်နေ့နံနက်တွင် မိကြီး ဒေါ်ကြော့ ရှိသည့် ခါးပြည့်ရွာသို့ ရောက်လာခဲ့သည်။ သုံးတိုင်ကျော်ကျော်ဝေးသော ခရီး ဖြစ်သည့်အတွက် မှိုင်းမှိုင်းမှောင်မှောင်ကတည်းက ထလာသည်။ မိကြီး မှာခဲ့သည့်အတိုင်း ဆွမ်းခံမဝင်မီ ရောက်သည်။ လက်ချည်း မလာလိုသောကြောင့် မုန့်ဩဇာ တစ်ပိဿာ အကြွေးဝယ်လာခဲ့ရသေးသည်။

မိကျီးဒန်၏စိတ်အာရုံတွင် သူတို့လင်မယား၏အနာဂတ်သည် လှပနေ၏။ မိကြီးထုတ်ချေးသော ငွေငါးဆယ်အကူအညီဖြင့် တည်ထောင်ထားသော တိုလီမိုလီ အိမ်ဆိုင်ကလေးသည် ကုန်စုံဆိုင်ကြီးဖြစ်လာသည်။ အမေတို့အိမ်ခြေရင်းဘက်တွင် ထုတ်ထားသော အဖီကလေးသည် အိမ်ကြီးရခိုင် ဖြစ်လာပြီ။ ရမ်းဘိုကုန်းရွာတွင် အကြီးကျယ်ဆုံး ရွာကျက်သရေဆောင် 'အိမ်ပေါက်ပုံ' ဆောက်ထားသည့်အိမ်ကြီး။

"မိကြီးဖို့ မုန့်ဩဇာ တစ်ပိဿာ"

အိမ်အောက်တွင် အကျယ်အဝန်း၏ လေးပုံတစ်ပုံကို 'ဆင့်'ရိုက်ထား၏။ ဆင့်ဘေးတွင် ကျောမှီပါသော ခုံတန်းလျားတစ်ခု၊ အံဆွဲပါသော စားပွဲတစ်လုံး ချထားသည်။ စားပွဲပေါ်တွင် ကြွေရည်သုတ် ရေနွေးကရား



ပန်းကန်စုံနှင့် ကြေးကူ မ်းအစ်ကြီးတို့ ရှိသည်။ ကျီးဒန်သည် သူ့အောက် အနည်းငယ် ငယ်ရွယ်— ဟန်ရှိသော မိန်းမပျိုတစ်ယောက်၏လက်ထဲသို့ မုန့်ဩဇာကိုထည့်သ ည်။ "ရမ်းဘိုကုန်းက ကျီးဒန် ရောက်လာပြီလို့ပဲ ပြောလိုက်ပါအေ" ပ မှာလိုက်သေးသည်။

ဆွမ်းခံဝင်ခ န် တိုင်ခဲ့ပြီ။

"ဆွမ်းတော် ဗျို့"

"ဆွမ်းတော် ခင်ဗျာ"

ဘုန်းကြီးတ စ်ပါးနှင့် ကျောင်းသား ငါးယောက်။ ဦးပဉ္စင်း တစ်ပါးနှင့် သာမဏေ နှစ်ပါး။ ကျောင်းသားလေးယောက်။ နောက်ထပ် နောက်ထပ်။ အိမ်ရှေ့ ွင် ရပ်သည်တစ်မျိုး။ အိမ်အောက်သို့ဝင်လာကြ ထိုင်သော 'ထိုင်ဆွမ်း' ာ တစ်ဖုံ။ ထိုဆွမ်းများကို လောင်း

မဟုတ်။ ကျီးဒန် မုန့် ဩဇာထုပ်ပေးလိုက်သော မိန်းကလေးနှင့် အခြား တစ်ယောက်သာဖြစ် သည်။

နေမြင့်သည် နှင့်အမျှ ကျီးဒန် လည်ပင်းရှည်ပြီ။ ဖင်တကြွကြွ ဖြစ်ပြီ။ သို့တစေ မိကြီး ဒေါ်ကြော့၏အသံသော်မျှ မကြားရပေ။ ကြာသော် ကျီးဒန် သံသယဝင် လာချေသည်။

"သည်အိမ် ဘာ မိကြီးတို့အိမ်မှ ဟုတ်ရဲ့လား"

ဟုတ်ပါသ ်။ မိကြီးဒေါ်ကြော့၏အိမ်ဖြစ်ကြောင်းကို ယမန်နေ့ ညနေက ကျီးဒန်တို့ လက်ဆောင်ပေးလိုက်သော ငှက်ပျောခိုင်ကို 'ခွေးကတတ်' အောက် တွင် ထောင်ထားသည်။ မဆစ်ရသေး၊ မနုတ်ရ သေးသောကြောင့် က ျီးဒန် ကောင်းစွာမှတ်မိသည်။

ထိုင်ဆွမ်းက ိုယ်တော်များ ကုန်သွားပြီ။ အိမ်ပေါ်သို့ လူတွေ တက်ချည်ဆင်းချည် လုပ်နေကြသည်။ အိမ်ပေါ်သို့ လိုက်သွားရ

ကောင်းနိုးနိုး ကျီးဒန် စိတ်ကူးသေးငြား မရွေ့။ တဖြည်းဖြည်း အချိန်ကုန်လာသည်နှင့်အမျှ ထမင်းဆာလာသည်။ မိကြီး မှာသည့်အချိန်နှင့် အညီရောက်ရန် စိတ်စောနေသဖြင့် မည်မည်ရရ မဖြည့်တင်းမိ။ ငါးပေါင်းကြော် တစ်ပြားဖိုးသာ စားခဲ့မိသည်ထင်၏။ သို့ကြောင့် ဆာလောင်လာသောအခါ ကျီးဒန်သည် ထပြန်ရန် စိတ်ကူးတော့၏။ သို့သော် ပြောစရာဖြစ်မည်။

'ကြည့်ရှုချင် စောင်မချင်လို့ ခေါ်တာ၊ မပြောမဆို ပြန်သွားတယ်။ ရွှေအိမ့်သမီး တယ်ရိုင်းပါကလား'

အထိုင်ပြင်ပြီးခါမှ ကျီးဒန် မထဖြစ်။ ထမင်းစားချိန်မတိုင်မီက ရောက်နေသောဧည့်သည်၊ ထမင်းစားချိန်တွင် ရောက်လာသော ဧည့်သည်များကို ထမင်းစားခေါ်ရရိုး ထုံးစံရှိသည်။ ကျီးဒန်ကို မည်သူမျှ လာရောက်မခေါ်ငင်ပေ။

အိမ်အောက်သို့ နေရောင်များ ဝင်လာပြီ။ ဤသို့ ညနေစောင်းခါမှ ဒေါ်ကြော့ ရောက်လာသည်။ ကျီးဒန်နှင့် တစ်လံကွာခန့်တွင် ထိုင်သည်။ ကလေးမြေးငယ်တွေနှင့် စကားပြောသည်။ အကြွေးလာဆပ်သူများနှင့် ရန်ဖြစ်သည်။ ကျီးဒန်ကိုကား စကားပြောရန် ဝေးစွ။ ပြန်စောင်းသော်မျှ မကြည့်ချေ။ ဒေါ်ကြော့သည် သူ၏ပတ်ချာဝန်းကျင်သို့ ရောက်လာသူတိုင်းနှင့် စကားပြောပါလျက် ကျီးဒန်ကို ကွက်ချန်ထားသည်။ သို့အတွက် ကျီးဒန်၏စိတ်မှာ သိမ်ငယ်လာသည်။တစ်ဖက်ကလည်း မမှောင်မီ ရွာသို့ပြန်ရောက်ရန်အချိန်ကို တွက်ဆရသည်။

အိမ်အောက်သို့ဝင်လာသော နေရောင်ကြော နှစ်လံမျှ ရှည်လာချိန်၌ ကျီးဒန် ထသည်။ မိကြီးရှေ့သို့ လာသည်။

"မိကြီး၊ ကျုပ် ပြန်တော့မယ်"



ဒေါ်ကြော့သည် ကျီးဒန်အား ယခုမှမြင်ဘိသို့ ရင်ကိုဖိ၏။

"ငါ့အေ၊ ညည်းကို တက်တက်ကြီးမေ့နေတာ။ ဖြစ်မှ ဖြစ်ရလေခြင်း အေရယ်၊ နက်ဖြန် တစ်ခေါက် လာခဲ့ဦးနော်"

ကျီးဒန်သည် ခေါင်းမညိတ်ပါ။ ခေါင်းလည်း မခါပါ။ 'တန်ဟဲ့ တစ်သက်လုံး မလာဘူး' ဟု ဆုံးဖြတ်လိုက်သောကြောင့် ဖြစ်သည်။

ကားလမ်း၊ မြင်းလှည်းလမ်း မရှိပါ။ ခြေသွားလမ်း၊ လှည်းလမ်းကြောင်းတို့အတိုင်း ကျီးဒန်သည် သုတ်ခြေတင်သည်။ သို့သော် ကျီးဒန်သည် ရမ်းဘိုကုန်းရွာသို့ မပြန်သေးပါ။ မအေးညွန့်၊ မဇာညွန့်တို့ အိမ်သို့ဝင်သည်။

"အလိုတော် မအတ၊ မိုးကြီးချုပ်မှ"

မအေးညွန့်က တအံ့တသြဖြစ်သည့်နည်းတူ၊ မဇာညွန့်ကလည်း "လင်ကို စိတ်ကောက်လာတာမဟုတ်လား။ လက်မခံဘူး" ဟု ကျီစယ်သည်။

"ညည်းတို့အခု ဘာလုပ်နေကြသတုံး"

အိမ်တွင်း အိမ်ပြင်တွင် ပြည့်နှက်နေသော အိုးစိမ်း သပိတ်စိမ်းများကို လှမ်းကြည့်ရင်း ကျီးဒန်က မေးသည်။

"အိုးတွေ ခြောက်ကုန်မှာစိုးလို့ အိုးလည်း ပုတ်၊ သပိတ်လည်း ပုတ်ပဲအေ့။ နေပါဦး၊ ညည်းက အချိန်မတော်မှာ လာပြီး ဘာတွေ စစ်ဆေးနေတာတုံး"

"ငါလည်း အိုးဖိုထောင်ချင်လို့ အေတို့ရဲ့"

"ကောင်းတာပေါ့ ညည်းတို့အရပ်မှာ အိုးသမားမှမရှိတာ"

မဇာညွန့်က အားတက်သရော တိုက်တွန်းသည်။

"ဒါဖြင့် ဖိုကို ဘယ်လိုတည်ရမယ်။ မြေကို ဘယ်လိုစပ်ရမယ် ဆိုတာ ပြောကြဦးလေ"

ထိုအခိုက်တွင် ကျီးဒန်၏ပခုံးကို မအေးညွန့်က လာဖက်သည်။ မတ်တတ်မှ ကုန်းဖက်ပြီး၊ လူပေါ်သို့ ဖိပြီး ထိုင်ချသဖြင့် ကျီးဒန်ပေါ်သို့ ပိလျက် လဲကျလာ၏။ ကျီးဒန်က အော်ဟစ်ငြူစူပြီး ထုသည်။

"အိုးဖိုမထောင်ခင် ငါတို့ဆီမှာ တစ်လကိုးသီတင်း လာလုပ်လှည့်ဦးလေ"

"အဲဒါလောက်ကြီး မလုပ်နိုင်ဘူး"

"လွတ်လွတ်လပ်လပ် အပျိုဘဝတုန်းက မလုပ်ဘဲနဲ့၊ အခုမှ ဘာ စိတ်ကူးပေါက်လာတာလဲ ကောင်မရယ်"

သည်မေးခွန်းကြောင့် ကျီးဒန် မျက်နှာထား တင်းမာသွားသည်။ မျက်လုံးအစုံမှ စူးရှသော အရောင်များ ထွက်လာသည်။

"ပြောပါဦး" ဟု ပခုံးချင်းတွန်းကာ မအေးညွန့်က မေးသည်။ "ပိုက်ဆံ လိုချင်လို့" ဟု ကျီးဒန်က တုံးတိဖြေသည်။

လယ်သမားနှင့် ပျံကျလယ်ယာလုပ်သား(လယ်ကူလီ)များသာ ရှိခဲ့သော ရမ်းဘိုကုန်းရွာထဲသို့ ရေတွင်းနှင့်တူသော အိုးဖိုတစ်လုံး ရောက်လာသည်။ မအေးညွန့်နှင့် မဇာညွန့်တို့ လိုက်လာပြီး အုတ်ခုံကို ဤသို့ထား၊ နံကာကို ထိုသို့လုပ်ဟု ညွှန်ကြားသောကြောင့် လုပ်ရငြား၊ မောင်ဆေးရိုးမှာ ယောင်နန။

"ကျီးဒန်၊ အဲဒါကြီးက ဘာလုပ်ဖို့တုံး"

"အချိန်တန်ရင် သိမှာပေါ့"

မည်သည့်အကြောင်းကြောင့် အိပ်ရေးဝဝ မအိပ်ရသော၊ ထမင်းဖြောင့်အောင်မစားရသော အိုးသမ (အိုးထိန်းသည်) လုပ်ရသနည်း။ မဇာညွန့်၊ မအေးညွန့်တို့မေးသည်ကို ကျီးဒန် ရေရေရာရာမဖြေပါ။ ယခုလည်း အိုးဖို တည်ပြီးသည်အထိ အသုံးကို မောင်ဆေးရိုး မသိသေး။



ကျင်းထဲတွင် အိုးထိန်းစက် တည်ပြီးပြီ။ စိတ်တိုင်းကျသော မြေကို မရသေးသဖြင့် မလှုပ်ရှားနိုင်သေး။ ဤသို့ဖြင့် မြေတွေ တူးလာလိုက်၊ ထုရိုက် ဆန်ခါချ နေလှန်း၊ ရွှံ့ဖြစ်အောင် လုပ်ကြည့်လိုက်၊ အသစ်တူးဆွလိုက်ဖြင့် လေးနေရာပြောင်းပြီးမှ အကောင်အထည် ပေါ်တော့သည်။ မြေကို ဆန်ခါချ၊ ရေစိမ်၊ ရွှံ့နင်း။ မည်သည့်ထူးခြားမှုမျှ ဖြစ်ပေါ်မလာပါ။ ထိုရွှံ့များကို 'အိုးထိန်းစက်' တင်သောနေ့တွင် ဦးကြွက်နီ ဒေါ်ရွှေအိမ်တို့၏ အိမ်ဝင်းထဲရှိ မောင်ဆေးရိုးတို့ အဖီရှေ့တွင် လူတွေ အုံခဲနေ၏။ လည်ပတ်နေသော ပျဉ်ပြားပေါ်သို့ တင်ပေးလိုက်သော ရွှံ့ခဲကြီးက အိုးခွက်ဖြစ်လာခြင်းမှာ အံ့သြစရာကြီး ဖြစ်နေတော့၏။

မောင်ဆေးရိုးမှာ လယ်ဂုဏ်မှ ဂြိုန်လာလျှင် [illegible] ကူညီလိုငြား မကူညီတတ်ပါ။ [illegible] လုပ်ကိုင်ပေးခြင်းဖြင့် ကူညီရာရောက်သည်ဟု [illegible]

ပျဉ်ပြားခံထားသော အိုးတွေကို နေထုတ်လှန်းရသည်။ အလွန်အမင်း မမာမီ ပြန်သွင်းရသည်။ အချိန်မီ ပုတ်ရသည်။ အိုးထိန်းသည်တို့ စားကောင်းခြင်း မစားရ၊ အိပ်ကောင်းခြင်း မအိပ်ရချိန်မှာ သည်အချိန်ဖြစ်သည်။ အမာလွန်မသွားစေရန် ရှိသမျှအဝတ်ဖြင့် အုပ်ထားရသည်မှာလည်း သည်အချိန်ဖြစ်သည်။ သည်အချိန်တွင် အိုးကို ပုံဖော်ရရာ၊ သည်အချိန်သည် အိုးပုတ်သံ အကျယ်ဆုံးဖြစ်၏။ အိုးပုတ်သူမှာ လက်ခတ်အထူကြီးဖြင့် လက်မောင်းအောင့်အောင် တအားပုတ်ရငြား၊ ဘေးလူအတွက်မူ သာယာနာပျော်ဖွယ်ဖြစ်သည်။ ရမ်းဘိုကုန်းသားတို့သည် အိုးထိန်းစက်မှ ဆင်းလာသော အိုးကို တအံ့တသြဖြစ်ရသည့်နည်းတူ၊ တိုးလျှိုပေါက်ဖြစ်နေသော ထိုအိုးကို လက်ခတ်ဖြင့် ပုတ်ချိန်တွင်လည်း တအံ့တသြ လာရောက်ကြည့်ကြရပြန်လေသည်။ မောင်ဆေးရိုးလင်မယားသည် မအေးညွန့်၊

မဇာညွန့်တို့ ညွန်ကြားသမျှ ဆောင်ရွက်ရသည်။ အိုးတစ်ဖိုစာအတွက် ထင်း အဆင်သင့်ဖြစ်ပြီ။ အိုးများလည်း တစ်ဖိုစာ ရတော့မည်။ ထိုအချိန်တွင် ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်တို့၏အိမ်ပေါ်သို့ ဆယ်အိမ်ခေါင်း ကိုစံမြင့် ရောက် လာသည်။ ရွာခေါင်း၊ ဆယ်အိမ်ခေါင်းများသည် သည်ရွာသားတွေ ဖြစ်ကြသည်။ သို့တစေ၊ ရွာသူရွာသားများသည် ရွာခေါင်း ဆယ်အိမ် ခေါင်းကို ဖက်လှဲတကင်း မရှိကြချေ။ အကြောင်းကိစ္စရှိမှသာလျှင် ပြောဆို ဆက်ဆံကြသည်။ ယခု မခေါ်မပင့်ဘဲရောက်လာသော ကိုစံမြင့်ကို ဒေါ်ရွှေအိမ်က မလိုလားသော အကြည့်ဖြင့် ကြည့်သည်။

ဦးကြွက်နီကား "လာဟေ့၊ ရေနွေး ရှိသေးသကွ" ဟု ရေနွေး ကရားကို ရှေ့တိုးပေးရာက မေး၏။

"အကြောင်းထူးရှိသလား စံမြင့်"

"ရွာခေါင်း ဦးဘရီက အပြောခိုင်းလို့ဗျ"

ဒေါ်ရွှေအိမ်သည် အိမ်ပေါ်သို့ ဆယ်အိမ်ခေါင်း ရောက်လာ ခြင်းကို မလိုလားသော်ငြား၊ အကြောင်းရင်းကိုကား သိလိုသည်။ သိလို သောကြောင့် တစေ့တစောင်း နားစွင့်နေဆဲ၌။ 'ရွာခေါင်းက' ဟု ကြားရ သဖြင့် ထူးဆန်းနေသည်။

"ဘရီ၊ ရွာခေါင်း၊ အင်း ဆိုပါဦး"

"မဟာပထဝီမြေကြီးကို အိုးထိန်းစက်ပေါ်တင်ပြီး လှည့်တာ ဟာ မကောင်းဘူးတဲ့။ မြေကြီးကို လက်ခတ်ကြီးနဲ့ တဘန်းဘန်း မြည်အောင် ရိုက်တာဟာလည်း မကောင်းဘူးတဲ့"

ဦးကြွက်နီမှာ "ဟာ" တစ်ချက်သာအော်ပြီး ပါးစပ်ဟနေ၏။

"နှစ်သိန်းလေးသောင်း အထုရှိတဲ့ မဟာပထဝီမြေကြီး ဆိုပဲဗျ။ အဲဒါကြီးကို အိုးထိန်းစက်ပေါ်တင်ပြီး လှည့်တဲ့အခါ မဟာ



ပထဝီ မြေကြီးဟာ သွက်သွက်ခါသွားတဲ့အတွက် ငရဲကြီးတယ်တဲ့"

"မဆိုင်တာတွေ လာပြောနေ"

ဒေါ်ရွှေအိမ် မတိုးမကျယ် ရေရွတ်မိသည်။

"ရွာခေါင်း ဦးဘရီက ပြောတာနော်"

"ဟုတ်ပါပြီ၊ ပြောပါ"

"ဇာတ်တော်တွေမှာတဲ့၊ မြေလျှင်လှုပ်တာကို 'မဟာပထဝီ မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ သွက်သွက်ခါအောင်လှုပ်ရှားလေ၏' လို့ ပါတယ်တဲ့။ ဒါကြောင့် မြေကြီးတွေကို ခင်ဗျားသမီးက အိုးထိန်း စက်ပေါ် တင် တင်ပြီး လှည့်လှည့်နေတာ နိမိတ်မကောင်းဘူးတဲ့ဗျား"

ဦးကြွက်နီသည် ဆယ်အိမ်ခေါင်းကို စိုက်ကြည့်နေ၏။ ဆယ် အိမ်ခေါင်း ကိုစံမြင့်မှာ ဦးကြွက်နီ၏အကြည့်ကိုရှောင်လွှဲ၍ မျက်နှာငုံ့နေရှာ၏။

"အဲသည်တော့ ဘာဖြစ်သလဲ"

"ဘာဖြစ်တယ် ညာဖြစ်တယ်တော့ မပြောလိုက်ဘူးဗျ။ သို့သော် လည်း မလုပ်စေချင်တဲ့သဘော ထင်တာပဲ"

"အေး အေး" ဆိုရင်း ဦးကြွက်နီသည် ဒေါ်ရွှေအိမ်ကို မျက်လုံးဖြင့် ရှာဖွေသည်။ မီးဖိုဘေးထရံကို မကွယ့်တကွယ်ရပ်နေသော ဒေါ်ရွှေအိမ်။

"လာဦးဟေ့ သည်မှာ စံမြင့်ပြောတာ ညည်းလည်း အကြားပဲ။ အဲသည်စကားကို ညည်းသမီးနဲ့ သမက်ကို ညည်းပဲ ပြောပေတော့"

"ပြောပေတော့ မလုပ်ပါနဲ့ဗျ။ တစ်ခါတည်း ပိတ်ပင်လိုက်ပါ"

ကိုစံမြင့်ကို ဦးကြွက်နီ မျက်နှာတင်းရပြီ။

"ငါ့သမက်နဲ့ ငါ့သမီးက မြေကြီးတွေကို တုရိုက် ရေစိမ်ပြီး ခြေနဲ့ နင်းတယ်။ ပျဉ်ပြားပေါ်တင်ပြီး လှည့်တယ်။ ဘယ်ဥပဒေနဲ့ငြိလို့ ပိတ်ပင်ရမှာလဲ။ ဘယ်သူ့ကို ထိခိုက်လို့ ပိတ်ပင်ရမှာလဲ"

"ခင်ဗျားသဘောပဲလေ"

ဆယ်အိမ်ခေါင်းသည် အိမ်ပေါ်မှ မကျေမနပ်ဆင်းသွားသည်။ ဦးကြွက်နီနှင့် ဒေါ်ရွှေအိမ်တို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်လျက် ကျန်ခဲ့ကြသည်။ ထို့နောက် ဦးကြွက်နီသည် ဆယ်အိမ်ခေါင်း စံမြင့်၏ ကျောပြင်ကို လှမ်းကြည့်ရင်း မြည်တမ်းသည်။

"ဘာမှ အမှန်းကမ်းလမ်းသိတဲ့ ကောင်တွေမဟုတ်ဘူး"

"တော်ကသာ ဘာမှအမှန်းကမ်းလမ်းမသိတဲ့ကောင်တွေ။ သူတို့ကတော့ သူတို့ကိုယ်သူတို့ ဘုရင်ခံ ထင်နေတာ"

ဒေါ်ရွှေအိမ်၏ စကားကို ဦးကြွက်နီ မပယ်။ 'ဟုတ်သဟ'ဟု ထောက်ခံချေသည်။

"တလောက အရှေ့စုက လူသတ်မှုဖြစ်တဲ့အိမ်ကို သူကြီး လာကြည့်တော့၊ နှစ်လုံးပြူးသေနတ်ကြီး ပါလာတာကို ရွာခေါင်း ဘရီက ထမ်းရတယ်။ ဆယ်အိမ်ခေါင်း စံမြင့်က ယမ်းတောင့်ထည့်တဲ့ လွယ်အိတ်ကို လွယ်ရတာကိုး။ အဲသည်ကတည်းက ဘရီရော စံမြင့်ပါ ရူးကြောင်ကြောင် ဖြစ်ကုန်တာ"

"သနားပါဘိတော်"

ဒေါ်ရွှေအိမ်သည် အသံဖြင့်သာ သနားခြင်း မဟုတ်။ မဲ့ရွဲ့ပြီး သနားခြင်းဖြစ်ပေသည်။ မောင်ဆေးရိုးနှင့် ကျီးဒန်မှာကား လူကြီးတွေ မည်သို့ဖြစ်နေသည်ကို မသိသဖြင့် သွက်လက်စွာ ထဲဝင်ပြင်ထွက် လုပ်နေကြ၏။ မောင်ဆေးရိုးသည် လယ်ပြင်မှ ပြန်လာလျှင်လာချင်း ငန်းပြားကို တဲတွင် မီးထောင်ထား၏။ နေလှန်းရမည့်အိုးတွေကို ပျဉ်ပြားခံပြီး ငါးလုံးတစ်တွဲ နေထုတ်လှန်းနေ၏။ အဖီထဲတွင် လူထိုင်စရာ နေရာရတော့မှ အိုးပုတ်သံ ပေါ်လာ၏။ ကျီးဒန်သည် မအေးညွန့်၊ မဇာညွန့်တို့ထံတွင်



ဝင်ထွက်သွားလာရင်း အိုးလုပ်ငန်းကို မျက်စိရည် နားရည်ဝပြီးဖြစ်၏။ မိကြီးထံမှ မခံချင်စိတ်ဖြင့် ပြန်လာပြီးနောက် ၁၅ ရက် လက်ထပ်သင်သည်။ မဇာညွန့်တို့ညီအစ်မကိုယ်တိုင်ကလည်း အိမ်တိုင်ရာရောက် လိုက်လံသင်ကြားပေးနေကြပြန်သည်။

အဖီရှေ့တွင် ထပ်မံတိုးချဲ့လိုက်သော 'အမိုးယပ်' ထဲ၌ သပိတ်မျိုးစုံ၊ ဆီအိုးနှင့် ဟင်းအိုးတွေ များသည်ထက် များလာပြီ။ ရွာသူရွာသားများမှာ မီးဖုတ်ပြီးသော 'အိုးအကျက်' များကိုသာ မြင်ဖူးကြသည်။ မီးမဖုတ်ရသေးသော 'အိုးအစိမ်း' ကိုမူ မြင်ဖူးသူ နည်းသဖြင့် တကူးတက လာကြည့်ကြသည်။ မြေကြီးရောင် အိုးစိမ်းများကလည်း စိတ်ဝင်စားစရာ ကောင်းလှသည်။

"သပိတ်တွေ အရင် [illegible]။ တော်ပြီလေဟာ"

သပိတ်ဖုတ်မည့် အိုးတစ်လုံးကို ပေါင်ပေါ်သို့ ကျီးဒန် ကောက်တင်သဖြင့် မောင်ဆေးရိုးက လှမ်းတားသည်။

"ပိုနေရင် နောက်ဖိုကျမှ ထည့်ပေါ့တော်။ ပုတ်တာကတော့ ပုတ်ရမှာပဲ။ မပုတ်ဘဲထားရင် အဟောသိကံ ဖြစ်သွားမှာပေါ့"

သပိတ် ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည်ဖြစ်စေ အိုးများမှာ အစို အခြောက် အနေတော်တွင် ပုတ်ရသည်။ ပုတ်စရာကောင်းသည့် အနေအထားသည် အိုးထိန်းသည်ကို ထမင်းမစားရန် အမိန့်ပေး၏။ မအိပ်ရန် အမိန့်ပေး၏။ အကြောင်းသော်ကား အနေတော်ကို ကျော်လွန်သွားသော အိုးသည် မည်သို့မျှ ပုပ်၍ မရတော့သဖြင့် ရှုံ့ပုံထဲသို့သာ ရောက်သွားသောကြောင့်တည်း။

"အေး ဟုတ်သားပဲ"

သို့စဉ်တွင် မဓာညွန့်တို့ညီအစ်မ အိမ်ဝိုင်းထဲသို့ ဝင်လာသည်။

"ကိုဆေးရိုးရေ နေမပူခင် သပိတ်တွေ တိုက်သွင်းရအောင် သယ်ထုတ်ကြစို့"

ဟု မအေးညွန့်က လှမ်းပြောသည်။

မောင်ဆေးရိုးမှာ သပိတ်တွေ၊ ဆီအိုးတွေကို အရောင်ထွက်အောင် ချောရာ၌ ကူညီခဲ့ရသူဖြစ်သည်။ သို့ကြောင့် သပိတ်တွေ၊ အိုးတွေကို တယုတယပွေ့ပြီး အပြင်သို့ထုတ်သည်။ မဓာညွန့်က မောင်ဆေးရိုးကို ကြည့်ပြီး ရယ်မောသည်။

"တော့်လိုသာဆိုရင် တစ်နေ့လုံး ထုတ်လို့ပြီးမှာမဟုတ်ဘူး၊ ဟိုမှာ အေးညွန့်လုပ်တာ ကြည့်"

ပြောပြောဆိုဆို မအေးညွန့်ကို မေးငေါ့ပြ၏။ မအေးညွန့်သည် သပိတ်တွေကို လေးလုံးတွဲ၊ နှုတ်ခမ်းပါသော ဆီအိုးတွေကို နှစ်လုံးတွဲ၊ နှုတ်ခမ်းမှ ကိုင်လျက် သယ်ထုတ်လေ၏။

"နှုတ်ခမ်းတွေ ပဲ့ကုန်မှာစိုးလို့"

"အမယ်လေး ပဲ့စမ်းပါစေ။ ပဲ့ရင် လွှင့်ပစ်လိုက်ပေါ့"

ပြောသူမှာ လွယ်ကူသော်ငြား ကြားရသူမှာ ရင်နင့်၏။ မောင်ဆေးရိုးမှာ အိုးတစ်လုံး၊ သပိတ်တစ်လုံး ဖြစ်လာရန် မည်မျှပင်ပန်းကြောင်း သိထားသည့်အတွက် ဖြစ်ပေသည်။

"နှမြောစရာဟာ"

"နှမြောမနေနဲ့။ အထိအခိုက်မခံတဲ့ အိုးဟာ ကျက်သွားတော့ကော ခိုင်မှာမို့လား။ မခိုင်ဘူး၊ ယုယမနေနဲ့"

အိုးတွေ သယ်ထုတ်၍ တစ်ဝက်ကျော်သွားလျှင် မဓာညွန့်က ဖိုနှုတ်ခမ်းပေါ်သို့ တက်သည်။ မောင်ဆေးရိုးနှင့် မိကျီးဒန်ကို အိုး 'အပေး' ခိုင်းသည်။



"အိုး မစီတတ်ရင် မဝင်ဘူး။ မဝင်ရင် ထင်းပိုကုန်တယ်။ အဲဒါကြောင့် သေသေချာချာကြည့်ထားကြ"

"ကိုဆေးရိုးရေ၊ လာ သယ်ပါဦး"

မအေးညွန့်က အမိုးယပ်ထဲမှ အော်ခေါ်သည်။ မောင်ဆေးရိုး ပြေးသွားသောအခါ ဆီအိုးတွေကို လက်ညှိုးထိုးပြသည်။

"သေသေချာချာကိုင်နော်၊ အလေးကြီး"

ဆီအိုးတစ်လုံးသည် သပိတ်နှစ်လုံးစာမျှသာ လေးသည်။ ယခု စလောင်းဖုံး ဖုံးထားသော ဆီအိုးတွေမှာ များစွာလေးနေသည်။

"ဘာတွေမို့ ဒါလောက်လေးနေရတာတုံး"

"ဟင်းအိုးတွေ၊ အိုးပုတ်တွေ၊ ဆီမီးခွက်တွေလေ"

မောင်ဆေးရိုး သဘောမပေါက်ပြား မမေးမိပေ။ ဟိုဟိုသွင်း ရာတွင်လည်း စလောင်းဖုံး ဖုံးထားသော အိုးများကို အလယ်တွင် ထားရသည်။ လုံးချင်း ဆီအိုးများနှင့် သပိတ်များကို သူ့အပေါ်တွင် အုံထားရသည်။

ဆွမ်းစားခေါင်းလောင်းထိုးသံ လေးထပ်ကျောင်းဆီမှ ပျံ့လွင့် လာချိန်ဝယ် အိုးများ ကိုက်ယ်ထုံးမှ ပြီးစီး သွားသည်။ ဆီမီးခွက်များ မောက်လျှံနေသည်။ မိကျီးနှင့် မအေးညွန့်၊ မအေးညွန့်တို့ အမိုးယပ်ထဲသို့ ဝင်သွားကြသော် မောင်ဆေးရိုးမှာ မဝင်နိုင်သေး။ ကျင်းအသစ်တူးပြီး စပါးမော် နှင့် မြေကြီးတွေ ယည့်ပြီး ရေဖျော်ရသည်။ မတော်တဆ ပျက်စီးသွားသော ဆီအိုးအကွဲ၊ သပိတ်အကွဲများကိုလည်း စုဆောင်းထားရသေးသည်။

သည်မြင်ကွင်းမှာ ရှာသူရှာသားများအတွက်သာမက မောင်ဆေးရိုးတို့ အတွက်လည်း စိမ်းသည်။ 'သည်အိုးကွဲတွေက ဘာလုပ်ဖို့ပါလိမ့်၊ ရွံ့တွေကို ဘာလုပ်မှာတုံး' မေးလိုစိတ် ပေါ်ငြား၊ မောင်ဆေးရိုး မမေးရဲ။ ညနေတွင်

သိရမည်မှာ သေချာသောကြောင့် တေးထားလိုက်၏။ သို့သော် နေ့အနည်းငယ်အေးစ 'တိုက်ပိတ်ကြစို့' ဟု မဇာညွန့် စကားစချိန်တွင် မောင်ဆေးရိုး၏အမေ ရောက်လာသည်။ စိတ်ဝင်တစားရှိသော ကိစ္စဖြစ်စေကာမူ အမေ့ကို ဧည့်မခံ၍မဖြစ်ပေ။

"ဟဲ့ ရှာခေါင်း ဘာရိုက ပြောနေပါကလား။ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို အိုးထိန်းစက်ပေါ် တင်ပြီး လှည့်တာဟာ မကောင်းဘူးဆိုပါကလား"

"ဗျာ" ဆိုကာ မောင်ဆေးရိုး မျက်လုံးပြူးတော့သည်။ သူသည် ဘုန်းကြီးကျောင်းတွင် သဒ္ဒါ သင်္ဂြိုဟ်အထိ သင်ကြားဖူးငြား မယ်ကြွယ်စိုး တင်ပြလာသောပြဿနာကိုကား မရှင်းတတ်ပေ။ မိကျီးဒန်မှာလည်း "တော်" အော်ပြီး ယောက္ခမအား ထိတ်လန့်တကြား ကြည့်သည်။ သူ ပင်ပန်းတကြီး လုပ်ထားသောအလုပ် ရေစုန်မျောပြီ ထင်သဖြင့် မျက်ရည်လည်သည်။

မယ်ကြွယ်စိုးသည် သားနှင့် ချွေးမကို အားနာရမှန်း၊ သနားရမှန်း မသိပေ။ ဆက်ပြောသေး၏။

"အဲသည် နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို အသံမြည်အောင် တုတ်နဲ့ရိုက်တာဟာ ငရဲကြီးသတဲ့"

"ဘယ်မှာ တုတ်နဲ့ရိုက်လို့တုံး၊ မရိုက်ပါဘူး အမေရဲ့"

မောင်ဆေးရိုး ကောက်ကာငင်ကာ ချေပသော်ငြား အသံတုန်တုန်၊ မျက်စိပျက်မျက်နှာပျက် ဖြစ်နေသည်။

"အနို့ ဘတ်ဘတ် ဘုန်းဘုန်း မြည်တာ ဘာပြုလို့ မြည်တာတုံး"

"လက်ခတ်နဲ့ ပုတ်ချောတာပါဗျာ"

"အဲဒါဟာ နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို တုတ်နဲ့ရိုက်ဟာနဲ့ အတူတူပဲပေါ့"



"ဒါဖြင့် ကျုပ်တို့ ဘာလုပ်ရမတုံးအမေ"

မယ်ကြွယ်စိုး ဖြေစရာစကားမှာ 'ဆက်မလုပ်နဲ့' ဖြစ်သည်။ သို့ရာတွင် သည်စကားကို သူ မပြောရက်ပေ။

"အရီးရယ် ကျုပ်တို့အရပ်မှာ အိုးခွက်စလောင်းဖုံး၊ အင်တုံ၊ သပိတ်မကျန်လုပ်ပြီး လက်ခတ်နဲ့ပုတ်နေကြတာပါပဲ။ အဲသည်အိုးခွက်၊ သပိတ်တွေကို ဖိုထဲထည့်ပြီး မီးဖုတ်နေတာပါပဲ။ ဘယ်သူမျှ ငရဲမကြီးပါဘူး"

မဇာညွန့်က ဝင်ပြောခြင်းဖြစ်သည်။ မယ်ကြွယ်စိုး သဘောမတွေ့ငြား မျက်စောင်းခဲရုံသာ ခဲသည်။ မိကျီးဒန်မှ အားကိုးတကြီးဖြင့် မဇာညွန့်အပါးသို့ ပြေးကပ်သည်။ လက်မောင်းကို ဖက်ထားသည်။

မဇာညွန့်အား သူ့အစ်မ မအေးညွန့်ကလည်း ကူညီ၏။

"ကျုပ်တို့ချောင်မှာ သည်အလုပ်ပဲ လုပ်နေကြတာပါပဲ အရီးရယ်။ ကျုပ်တို့မိဘများ မမွေးခင်ကတည်းက သည်အလုပ်နဲ့ အသက်မွေးလာတာပါ"

"အေးလေ ပြောမရလဲ ညည်းတို့သဘောပေါ့"

မယ်ကြွယ်စိုးသည် ရှည်ရှည်ဝေးဝေး စဉ်းစားမနေပါ။ သူ့သားနှင့် ချွေးမ ငရဲကြီးမည်ကို စိုးရိမ်သောကြောင့်ဖြစ်သည်။ ရှာခေါင်း၏စကားထဲတွင် 'နှစ်သိန်းလေးသောင်း အထုရှိသော မဟာပထဝီမြေကြီး' ဟူသော စကားလုံး အကြီးကြီး ပါဝင်နေသည် မဟုတ်လော။ စိုးရိမ်တကြီး လာရောက်ပြောပြီးမှ ငိုမဖွယ် ရယ်မရဖြစ်နေသော ချွေးမကိုကြည့်ပြီး မယ်ကြွယ်စိုး စိတ်မကောင်းပြန်ပေ။ သို့စဉ်တွင် မဇာညွန့် အစ်မက ဝင်ပြောသဖြင့် မယ်ကြွယ်စိုး ရင်ချောင်သွားသည်။ 'ညည်းတို့သဘောပဲ' ပြောအပြီးတွင်ကား မယ်ကြွယ်စိုးသည် အမိုးယပ်အပြင်ဘက်သို့ ပေါ့ပါးစွာ ထွက်ခွာသွားလေ၏။

မောင်ဆေးရိုးသည် အမေကို လှမ်းကြည့်သည်။ တစ်ဆက်တည်း မိကျီးဒန်အား လှမ်းကြည့်ပြန်သောအခါ မိမိကို အားကိုးတကြီး ကြည့်နေသော သနားစရာ မျက်လုံးအစုံနှင့် ဆုံမိသည်။ မိမိအား အားကိုးတကြီး ကြည့်နေသူအား နှစ်သိမ့်မှုပေးရန် မိမိတွင် တာဝန်ရှိကြောင်း မောင်ဆေးရိုး သတိထားမိသည်။ သို့ကြောင့် မိကျီးဒန် စိတ်သက်သာရာ သက်သာကြောင်း မည်သို့ပြောရမည်နည်း စဉ်းစားသည်။ စဉ်းစားသည့် တစ်ခဏအတွင်း၌ မောင်ဆေးရိုးမှာ အားခွန်ပြည့်တင်း၏။

"ကျီးဒန်ရေ ဟုတ်တယ်ဟ။ ဇာညွန့်တို့ ဘိုးစဉ်ဘောင်ဆက် ဘွားလက်ထက်က အိုးလုပ်လာကြတာပဲ။ မြေကြီးကို လက်ခတ်နဲ့ပုတ်လို့ ငရဲကြီးရင် အဲသည်မြေကြီးပေါ် တက်နင်းနေတဲ့လူတွေ၊ အဲသည်မြေကြီးပေါ်မှာ ကျင်ကြီးကျင်ငယ်စွန့်တဲ့လူတွေလည်း ငရဲကြီးမှာပေါ့ဟ"

"ဟုတ်တယ်၊ ဟုတ်တယ်"

ကျီးဒန်သည် နေသာထိုင်သာရှိသည့် အသံဖြင့် ပြောသည်။ မောင်ဆေးရိုး အားတက်ရ ဝမ်းသာရသည်။ နောက်ထပ်လည်း အကြောင်းအရာ အသစ်တစ်ခု ထွက်လာပြန်သည်။

"နှစ်သိန်းလေးသောင်းအထုရှိတဲ့ မဟာပထဝီမြေကြီးကို တွင်းကြီးတူးပြီး တွင်းထဲက ရေတွေ ခပ်ယူနေတဲ့လူတွေလည်း ငရဲကြီးမှာပဲဟာ"

"ကဲပါ၊ လာကြစမ်းပါ"

မဇာညွန့်၏ သည့်ဆော်သြသံက ထိတ်စရာ လန့်စရာများကို နိဂုံးချုပ်ပစ်လိုက်သည်။ သူတို့သည် အိုးဖိုပေါ်တွင် မောက်လျှံနေသော အိုးစိမ်းများကို အိုးခြမ်းကွဲများဖြင့် စေ့စပ်အောင်ဖုံးသည်။ တစ်ပြိုင်နက်တည်းတွင် အိုးဖို၏ထိပ်နှစ်ဖက်ရှိ အပေါက်များတွင် မီးမွှေးသည်။ ကျွန်းသားထင်းပေါက်ကလေးများကို အမည်းရောင်အတွက် အားပြုသည်။



ကျီးဒန်သည် ထင်းပေါက်လုပ်ရန် သစ်တုံးတစ်တုံးကို ဘယ်လက်ဖြင့် ဆွဲယူပြီး ညာဘက်က ဓားဖြင့် ခွဲသည်။ သို့သော် ကျီးဒန်၏ လက်ထဲသို့ရောက်လာသော သစ်တုံးမှာ ရေစီးကြောင်းတွေထင်နေသည်။ ထင်းတုံးတွေ ရေစီးကြောင်းတွေ မည်သည့်အကြောင်းကြောင့် ထင်နေရသနည်းဟု တွေးနေရန်မလိုပါ။ ချက်ချင်း ကျီးဒန် သိသည်။ လေးထပ်ကျောင်း၏တောင်ဘက်ကပြင်(ကြမ်းပြင်)နှင့် တစ်ဆက်တည်းတည်ရှိသော 'ရွှေရေးဆောင်' ကျောင်းကြီးသည် မျက်စိထဲ၌ပေါ်လာ၏။ ရွှေရေးဆောင်ကျောင်းကြီးမှာ ဆင့်များ၊ ကြမ်းပြင်များ ယိုယွင်းကုန်သဖြင့် နေ၍မရတော့ပြီး၊ ပတ်ပတ်လည်ရုပ်စုံများကား အရောင်မညှိုးသေးပါ။ သည်အတိုင်း ကြည့်နေရန် နှမြောစရာကောင်းတော့သည်။ သည်အထဲမှ မိုးမလွတ်သော အရုပ်တွေမှာ ဆေးကွာရုံဖြင့် မပြီး၊ ရေစီးကြောင်းတွေပါ ထင်ကုန်သည်။ ယခု ကျီးဒန်လက်ထဲက ထင်းတုံးတွေ ရေစီးကြောင်းတွေ ထင်နေခြင်းမှာ ရွှေရေးဆောင်နှင့် အလားတူ ဘုန်းကြီးကျောင်း တစ်ကျောင်းကျောင်းမှ ဖဲ့ရွဲ့ယူငင်လာခြင်း မဖြစ်နိုင်သလော။

ကျီးဒန်သည် လက်ထဲက တုံးကို ဘေးသို့ဖယ်ထားပြီး နောက်တစ်တုံးကို လှမ်းဆွဲသည်။ သပိတ်နှင့် ဆီအိုးများ ဖုတ်ရာတွင် အနက်ရောင် ရစေရန် ထင်းထဲ၌ ကျွန်းသားရောရသည်။ သည်အနီးအနားတွင် ကျွန်းသား ရရာရကြောင်း နေရာသည် ဘုန်းကြီးကျောင်းမှလွဲ၍ အခြားမည်သည့်နေရာ ရှိပါသေးသနည်း။ သို့အတွက် ကျီးဒန်၏လက်ထဲသို့ရောက်လာသောတုံးမှာလည်း ရေစီးကြောင်းတွေနှင့်ပင်။

ကျီးဒန် လက်တွန့်သွားသည်။ မြွေကို ကိုင်မိသူအလား တွန့်သွားရာက ထရပ်သည်။

"ကိုဆေးရိုး"

မောင်ဆေးရိုးသည် အိုးခြမ်းကွဲများကြားမှ မီးခိုးမထွက်အောင် သစ္စတ် 'ကျုံ' နေရာက လှမ်းကြည့်သည်။ ကျီးဒန်က ထင်းတုံးတွေကို မေးငေါ့ပြလိုက်သည်။

"တော် အဲဒါတွေကို ဘယ်ဘုန်းကြီးကျောင်းက ဖျက်ပြီး ယူလာတာတုံးဟင်။ ကျုပ်တို့မှာ"

"တောင်ညိုကို ပိုက်ဆံတစ်ပဲပေးပြီး အရှာခိုင်းတာဟ။ ဘုန်းကြီး ကျောင်းကလား၊ ဇရပ်ကလား၊ သိမ်ကလား ငါမသိဘူး"

"ကျုပ်တို့မှာ မပြည့်စုံလို့ ကျောင်းဆောက်ပြီး မလှူနိုင်ရတဲ့ အထဲမှာ သူများရဲ့ကောင်းမှုကို ဖျက်လိုဖျက်ဆီးလုပ်ရတယ်လို့တော်"

မောင်ဆေးရိုးမှာ ခြေမကိုင်မိလက်မကိုင်မိ ချက်ချင်းဖြစ်သွား၏။

"အဲသည်လိုမဟုတ်ဘူး။ ငါမသိဘူးဟ"

"သပိတ်တွေ မည်းချင်လဲ နေပါစေတော့တော်။ သူများ ကောင်းမှုကို မဖျက်ဆီးပါနဲ့၊ ဒါတွေလည်း လွှင့်ပစ်လိုက်ပါတော့"

မောင်ဆေးရိုး မပြောသာပါ။ ထင်းတုံးများကို ထမ်းထုတ်သည်။ ခွဲစိတ်ပြီးသား ထင်းပေါက်ကလေးများကို မဓာညွန့်က အလျင် အမြန် ဖိုထဲသို့ ပစ်သွင်းလိုက်လေ၏။

မီးအား တဖြည်းဖြည်း ကောင်းလာ၏။ မီးခိုးလုံစေရန် ထိပ်ပေါ်တွင် ကျုံထားသော ရွှံ့အမှော်ကြေးသည် ချက်ချင်းခြောက်သွေ့၏။ မကြာမီ နီရဲလာပြန်ချေ၏။

မောင်ဆေးရိုးသည် ဖို၏အောက်ခြေ ထိပ်ပေါက်နှစ်ပေါက်တွင် ထင်းတုံးကြီးတွေ တစ်ချောင်းပြီးတစ်ချောင်း ထိုးထည့်၏။ ဖိုထဲတွင် အပူအား ကောင်းလာသည်နှင့်အမျှ အပြင်မှာပါ ပူလာသည်။ ထင်းထည့်ရန် ချဉ်းကပ်လာသူပင် အပြေးအလွှား လုပ်ရ၏။



"ကျုပ်တို့ ပြန်တော့မယ်။ ထင်းချောင်း နောက်ထပ်ဆယ်ချောင်း ထည့်ပြီးသွားရင် နှာပေါက်တွေ ပိတ်ပေတော့"

ဖိုဘေးသို့ လာရပ်ရင်း မအေးညွှန့်က ပြော၏။

"နှာပေါက်ပိတ်တော့လည်း လေလုံပေစေနော်"

"ထမင်းစားပြီးမှ ပြန်ကြလေ"

"စားပြီးပြီ၊ တော်လည်း ထမင်းစားရင် သည်နားမှာလာပြီးစား။ မနာလိုသူတစ်ယောက်ယောက်က ထင်းတွေကြားမှာ ဆီးဖြူသား အမှတ်တမဲ့ ထည့်သွားမယ်နော်"

"ဆီးဖြူသား ဟုတ်လား"

"ဟုတ်တယ်။ လျှောက်သွားမနေနဲ့ လျှောက်ငေးမနေနဲ့။ ကျုပ်တို့ မလာမချင်း အိုးဖိုကို မဖွင့်နဲ့နော်"

မအေးညွှန့်၏မှာကြားသံအဆုံးတွင် 'မှာမနေစမ်းပါနဲ့၊ သူလည်း ဖွင့်နိုင်မှာမဟုတ်ပါဘူး' ဟု မဓာညွန့်၏ တီးတိုးသံ ပေါ်လာ၏။ သို့စဉ်တွင်ပင် သူတို့ညီအစ်မနှစ်ယောက်သည် အိမ်ဝိုင်းအပြင်သို့ ရောက်သွားလေ၏။

မောင်ဆေးရိုးသည် အုတ်သမားများထံမှ 'ဆီးဖြူတစ်ချောင်း အုတ်တစ်သောင်း' ဟု ကြားဖူးသည်။ မှတ်များ ကျက်စေရန် ထင်း အချောင်းပေါင်းများစွာဖြင့် မီး[illegible] ပြောပလောက်သော ဆီးဖြူသား တစ်ချောင်းကလေး ညှပ်ပြီးပါလာပါက အုတ်တွေ တစ်ချပ်မျှ မကျက်။ သို့မဟုတ် တစ်ချပ်မကျန် ကွဲအက်ကုန်သည် ကြားဖူး၏။ မအေးညွှန့်၏မှာကြားသံကိုကြားရတော့မှ သည်အကြောင်းကို မောင် ဆေးရိုး သတိရ၏။ သို့ကြောင့် 'ဟုတ်လား၊ ကွဲတတ်သလား' မေးရန် မော့ကြည့်ချိန်ဝယ်၊ ညီအစ်မနှစ်ယောက်လုံး ဝိုင်းပြင်သို့ ရောက်သွားကြပြီ။

ကျီးဒန်တို့လင်မယား၏အိုးဖိုကြီးမှာ ရွာသူရွာသားများအတွက် အထူးအဆန်းဖြစ်နေသည်။ အိုးမဖုတ်မီက ရေတွင်းနှင့်တူသည်။ အိုးများ ထည့်သွင်းပြီး ဖုတ်သောအခါ ရွှံ့တုံးကြီးဖြစ်နေသည်။

မည်သည့်အခါတွင် မည်သို့ဖြစ်လာမည်နည်း။

စိတ်ဝင်စားသူများက လာရောက်မေးမြန်းကြသည်။ မောင်ဆေးရိုးလည်း မပြောတတ်၊ ကျီးဒန်လည်း မဖြေတတ်။ ဖိုကို စူးစမ်းရန် ချဉ်းကပ်လာသောအခါ မကပ်နိုင်အောင် ပူနေသည်။ သို့သော် အိုးဖို၏ အပူရှိန်သည် တစ်နေ့ပြီးတစ်နေ့ လျော့ပါးလာသည်။ လေးရက်ကြာမှ လူကပ်နိုင်သည်။ ထိုအခါတွင်မှ မအေးညွန့်တို့ညီအစ်မသည် လှည်းတစ်စီးဖြင့် ရောက်လာကြသည်။ သူတို့လှည်းမှာ ရိုးရိုးလှည်းမဟုတ်။ လူတစ်ရပ်ကျော်မြင့်သော ဝက်ခြံတွင်း၌ ကောက်ရိုးအပြည့်ထည့်ထားသည်။

"နောက်တစ်ဖိုကျရင် လုပ်တတ်အောင်လို့ ကျုပ်တို့အိုးလှည်းကို နမူနာယူလာတာနော်။ သေသေချာချာကြည့်ထား"

အိုးဖိုကို ဖော်ရာတွင် နာပေါက် နှစ်ပေါက်ကို ဦးစွာဖွင့်သည်။ ထို့နောက် အပေါ်လွှာကို ဖွင့်သည်။ နောက်တစ်ဖိုတွင် အသင့်ဖြစ်စေရန် အတွက် အလွှာလိုက် ခွာသည်။ သို့ရာတွင် မောင်ဆေးရိုး မဖွဲ့ဘဲ မနေနိုင်။ အပူငွေ့ဟပ်သည်။ လေးလံသည်။ မဓာညွန့်က အပေါ်ဆုံးတွင် မှောက်ထားသော သပိတ်တစ်လုံးကို လက်ဖြင့် တို့ကြည့်သည်။ ထို့နောက် အဝတ်ခုပြီး ကိုင်သည်။ လက်ဝါးပေါ်တွင် တင်ထားပြီး လက်ဆစ်ဖြင့် ခေါက်သည်။

"ရော့ ကောင်မ။ ညည့်လက်ရာကို ညည့်လက်နဲ့ခေါက်စမ်း"

ကျီးဒန်သည် သံရောင်ပေါက်နေသော ပူပူလောင်လောင် သပိတ်ကို လက်ဝါးပေါ်တွင် တင်သည်။ ခေါက်သည်။ လောကတွင်



ရှိသော အသံတကာ့ အသံတို့တွင် အသာယာဆုံးအသံသည် ထွက်ပေါ်လာ၏။ ကျီးဒန်၏ရင်ထဲ၌ ဝမ်းသာမှုသည် လှိုက်တက်လာ၏။

"ဝမ်းမသာဘူးလား ကောင်မ"

"ဘယ့်နှယ်ပြောပါလိမ့်အေ။ ညည်းတို့ ညီအစ်မရဲ့ အမအစနဲ့ တို့လင်မယား ကြိုးစားပြီး အကောင်အထည်ပေါ်လာတာကို"

မောင်ဆေးရိုးလည်း မအေးညွန့်လှမ်းပေးသော ဆီအိုးများ၊ သပိတ်များကို စီရီချထားရင်း တစ်လုံးချင်း ခေါက်ကြည့်သည်။ ကျီးဒန် ကြားရသော သုတိသာယာမှုသည် သူ့ထံတွင်လည်း ကူးစက်နေ၏။

"အက်သံပါတာတွေ့ရင် ဖယ်ထားနော်"

မောင်ဆေးရိုး တွန့်သွားသည်။ အက်သံပါသည်ဖြစ်စေ၊ အက်သံ မပါသည်ဖြစ်စေ အိုးသည် အိုးသာဖြစ်သည်။ အိုးတစ်လုံးအတွက် မြေနင်းရခြင်း၊ စက်လှည့်ရခြင်း၊ ရိုက်ရခြင်း၊ ခတ်ရခြင်းတို့သည် ညီတူညီမျှသာဖြစ်ပေသည်။ အသံကလေး အက်ရုံဖြင့် အိုးအဖြစ်မှ ဖယ်ရှားရမည်မှာ နှမြောစရာ။

"ရော့ ရော့ အဲဒါလည်း ရောင်းတမ်းမဝင်ဘူး၊ ဖယ်လိုက်"

ပြောပြောဆိုဆို မအေးညွန့်လှမ်းပေးသောအရာမှာ သပိတ် တစ်လုံး ဖြစ်၏။ အကျက်လွန်ပြီး အနီကွက် ထနေသည်။ အဖု နှစ်ဖု လည်း ထွက်နေသည်။

"အဲဒါ ဘာဖြစ်တာလဲဟင်"

"မီးဖုတ်မနာတော့ လေခိုပြီး အဲသလိုဖြစ်တာပေါ့"

အဖုအထစ်ပါသောသပိတ်ကို မောင်ဆေးရိုးသည် နှမြောတသစွာ ကြည့်၏။ သံသပိတ်ဟု ထင်ရလောက်အောင် အသွေးအရောင်ရှိပါလျက်နှင့် အဖု နှစ်ဖုကြောင့် ပယ်ရတော့မည်။ အိုးဖိုဝန်းကျင်တွင် သပိတ်များ၊

ဆီအိုးများဖြင့် ပြည့်လျှံမည်းမှောင်နေသည်။ မောင်ဆေးရိုးမှာ လက်ဆစ် မနာနိုင်၊ လိုက်လံပြီး ခေါက်ထစ်နေဆဲ၊ နားအရသာ ခံနေဆဲရှိသေး၏။

"ကိုဆေးရိုး ဖိုပေါ်တက်ခဲ့ဦး"

"ဘာလုပ်မလို့တုံး"

"အစာသွတ်ထားတဲ့ အိုးတွေ ကျန်သေးတယ်လေ"

အထဲတွင် ဟင်းအိုးနှင့် အိုးဖုတ်များ ဆီမီးခွက်များ ထည့်ထားသော အိုးတွေကျန်သေးသည်။ သူတို့ကို ဗဟိုချက်မတွင် ချထားသည်။ သို့ကြောင့် မောင်ဆေးရိုးမှာ ဖိုထဲဆင်းပြီး မအေးညွှန့်ကို ကူညီရသည်။ နှစ်ယောက် အားဖြင့် အိုးဖို၏ဘောင်ပေါ်သို့ တင်ပေးရသည်။ ကျီးဒန်နှင့် မဇာညွှန့်က နှစ်ယောက်အားဖြင့် မြေပေါ်သို့ချသည်။

"အိုးတွေ၊ သပိတ်တွေ ဝယ်ချင်လို့ပါ"

လမ်းဘက်မှ အသံတစ်သံ ပေါ်လာသည်။ အမျိုးသမီးနှစ်ယောက် ဖိုနားသို့ ချဉ်းကပ်လာသည်။ ကျီးဒန်မှာ လှိုက်ခနဲ ဝမ်းသာသွားငြား မဖြေတတ်။ မဇာညွှန့်ညီအစ်မကို လှမ်းကြည့်ရသည်။

"ဆီအိုးက တစ်မတ်၊ သပိတ်က သုံးပဲပါ"

မဇာညွှန့်ပြောသော ဈေးနှုန်းဖြစ်သည်။

"ပင်ရင်းမှာ သက်သာမလားမှတ်တယ်၊ မသက်သာပါကလား"

"တစ်လုံးတလေကတော့ သည်လိုပါပဲ။ ဆယ်လုံး၊ ဆယ့်ငါးလုံး၊ အလုံးနှစ်ဆယ်ယူရင်တော့ ဖောက်သည်ဈေးပေါ့"

ဈေးမေးရင်း ချဉ်းကပ်လာသော မိန်းမနှစ်ယောက် ဆုတ်ခွာ သွားသော်ငြား ရွာသူရွာသားများကား ကွက်ကြည့်ကွက်ကြည့်ဖြင့် ရောက်လာကြသည်။ သူတို့သည် သည်မျှများသော အိုးတွေ၊ သပိတ်တွေ သူတို့ရွာမှ ထွက်သည့်အတွက် အံ့သြနေကြသည်။



"လာ ညည်းတို့လင်မယားကို မျက်လှည့်ပြမယ်"

မဇာညွှန့်က မချိုမချဉ်မျက်နှာဖြင့်ပြောသည်။

ကျီးဒန်မှာ 'မျက်လှည့်' ဟုသာကြားဖူးငြား၊ မကြည့်ဖူးသဖြင့် နားမလည်ပေ။ သို့ကြောင့် မောင်ဆေးရိုး၏မျက်နှာကို လှမ်းကြည့်သည်။ မောင်ဆေးရိုးမူ မျက်လှည့်ကြည့်ဖူးသဖြင့် စိတ်ဝင်တစားရှိသည်။ ခုန တုန်းက နှစ်ယောက်အားဖြင့် မတင်ခဲ့ရသော၊ မချခဲ့ရသော အိုးများမှာ စလောင်းဖုံးကြီး လုံအောင်ပိတ်ထားသည်။ မဇာညွှန့်က အန္တာပိတ်ထား သော ရွှံ့များကို ခြစ်ထုတ်ပြီးနောက် စလောင်းကို ဆွဲဖွင့်လိုက်သည်။

"မျက်လှည့်ဆိုတာ ဒါကိုး"

ကျီးဒန်က တအံ့တသြ ရေရွတ်သော်ငြား မောင်ဆေးရိုးမူ အော်ဟစ်ရယ်မောမိ၏။ တစ်ဖိုလုံးတွင် ဆီအိုးရော သပိတ်ပါ အနက် ရောင်တွေဖြစ်သည်။ ယခု မဇာညွှန့် စလောင်းကို ဖွင့်သော အိုးကြီး မှာလည်း အနက်ရောင်ဖြစ်ပါလျက် အိုးထဲတွင်ကား အနီရောင်တွေ ဖြစ်နေသည်။ ဟင်းအိုးလည်း အနီရောင်၊ ဆီမီးခွက်နှင့် အိုးဖုတ်များလည်း အနီရောင်ချည်းဖြစ်သည်။ တစ်ဖိုလုံး မည်းပါလျက် အိုးအမည်းထဲမှ ထွက်လာသော အိုးတွေ မမည်းသည့်အတွက် 'မျက်လှည့်ပြမယ်' ဟု မဇာညွှန့်က ပြောခြင်းဖြစ်၏။ မောင်ဆေးရိုးနှင့် ကျီးဒန်တို့မှာ အံ့သြသည့် နည်းတူ၊ ဝမ်းသာခြင်းလည်း ဖြစ်ရသည်။ အိုးဖော်သည်ကို တစေ့တစောင်း လာကြည့်သူများအဖို့မူ ပြောစရာကြီးဖြစ်နေတော့သည်။ တစ်ဖိုလုံး အနက် ရောင်တွေ ထွက်ပါလျက် အနက်ရောင်အိုးထဲမှ အနီရောင် အိုးခွက်တွေ ထွက်လာခြင်းမှာ လူစိမ်းများအတွက် အထူးအဆန်းဖြစ်နေတော့သည်။

အိုးအားလုံးမှာ ကိုင်တွယ်စက အဝတ်ခုပြီးကိုင်ရငြား တစ်ဝက်မျှ အမျောက်ကျွင် အပူပျောက်သွားသည်။ မဇာညွှန့်တို့ မောင်းလာသော

အိုးလှည်းပေါ်သို့ အိုးတွေ တင်ချိန်တွင်မူ အဝတ်မခုဘဲ ကိုင်နိုင်ပြီ။ မောင်ဆေးရိုးလင်မယားမှာ အိုးတင်နည်းကို တစ်ဆက်တည်း သင်ကြားရသည်။ အိုးလှည်း ဆောင့်သည့်အခါတွင် အိုးအချင်းချင်း မဆောင့်မိစေရန် ကောက်ရိုး ညှပ်ရသည်။ ကောက်ရိုး နှမြောစ၍မဖြစ်ပါ။

အိုးလှည်း ထွက်ခါနီးတွင် မဇာညွန့်က ကျီးဒန်၏လက်ထဲသို့ ငါးကျပ်တန် ငွေစက္ကူ နှစ်ရွက် ထည့်ပေးသွားသည်။

"အိုးတစ်လှည်းလုံးမှ တစ်ဆယ်ပဲရတယ် မထင်နဲ့နော်။ ဖောက်သည် သွင်းအပြီးမှ ထပ်ပေးဦးမှာ"

ထိုသို့ မှာကြားသွားငြား ငွေတစ်ဆယ်ဖြင့်ပင် ကျီးဒန် ကျေနပ်လှပြီ။ သူသည် ငါးကျပ်တန် ငွေစက္ကူကို ကိုင်ဖူးရန်ဝေးစွ၊ မြင်သော်မျှ မမြင်ဖူးပေ။ သို့အတွက် ငါးကျပ်တန်များကို ကိုင်ထားသော ကျီးဒန်၏ လက်မှာ တဆတ်ဆတ် တုန်ယင်နေ၏။

ဤမျှသောငွေသည် မဖြစ်လောက်ငြား၊ မောင်ဆေးရိုးတို့အတွက် အားဆေးဖြစ်သည်။ တစေ့တစောင်းကြည့်နေသူများ၏ အမြင်တွင်လည်း 'ဆေးရိုးလင်မယား သူဌေးဖြစ်ပြီ' ဟူ၏။ သို့ကြောင့် မောင်ဆေးရိုးတို့၏ အမိုးယပ်အတွင်း၌ အိုးလုပ်ပြီဆိုလျှင် လူတွေ အုံနေတော့၏။

မဇာညွန့် မအေးညွန့်တို့သည် ခုနစ်ရက်ကြာမှ ပြန်ရောက်လာကြ၏။ နောက်တစ်ဖိုအတွက် ဆောင်ရွက်စရာများကို ညွှန်ကြားရန် ဖြစ်၏။ ကျီးဒန်မှာလည်း တစ်ဖိုသာ သွင်းရသေးသဖြင့် အတွေ့အကြုံနည်းသေးသည်။ အိုးခွက်စုံအောင်လည်း မလုပ်တတ်သေးပေ။

မောင်ဆေးရိုးတို့၏ အိုးဖိုမှ တတိယအကြိမ်မြောက် ဖော်သော အိုးများကား အိုးအနီရောင်တွေဖြစ်သည်။ သောက်ရေအိုးနှင့် ရွက်အိုး၊ တည်အိုးအပြင်၊ ထမင်းအိုးနှင့် ဟင်းအိုးလည်း ပါသည်။ ညောင်ရေအိုးနှင့်



မြူအိုး၊ တာအိုးများလည်း အစမ်းသဘောဖြင့် ငါးလုံးစီ ပါသေးသည်။ ကျီးဒန်မှာ အိုးစုံအောင် လုပ်တတ်စ ပြုပြီ။ မောင်ဆေးရိုးလည်း လုပ်ငန်းအတွက် လာဘ်မြင်ပြီ။ ရမ်းဘိုကုန်း ရွာသူအချို့လည်း အိမ်ရှေ့တွင် အိုးဖိုတည်ပြီး အိုးထိန်းစက်ဖြင့် အိုး လုပ်ကြပြီ။

ပူလောင်နေသည့်ကြားက မိုးချုန်းသံကြားသည်။ တိမ်စင်နေသော ကောင်းကင်တွင် လျှပ်စီးလက်လာသည်။ ရာသီစက် တစ်ပတ်လည်သည်။ ရိုးပြတ်သောသောဖြင့် တစ်နွေလုံး နေလှန်းထားခဲ့သော လယ်ပြင်ကြီး အသက်ဝင်လာသည်။ လယ်သမားများ ထွန်တုံး၊ ထွန်သန်ပြင်ကြပြီ။ မောင်ဆေးရိုးသည် အဖေအမေတို့အိမ်သို့ ပြေးရ၏။ နွားတင်းကုပ်နှင့် အိမ်၏အခြေအနေကို စစ်ဆေးရသည်။ အဖေ့ဆန္ဒကို မေးမြန်းရသည်။ ထို့နောက် ယောက္ခမ၏အိမ်နှင့် တင်းကုပ်။ ဤသည်တို့ ပြီးစီးကုန်တွင်မှ မိမိအိမ်။

စင်စစ်အားဖြင့် မောင်ဆေးရိုးတို့ လင်ကိုယ်မယားနေသော အဖီမှာ သက်ကယ်(သက်ငယ်)သုံးရာ မကုန်ငြား၊ အမိုးယပ်မှာ ထန်းရွက်တစ်ရာ ကုန်သည်။ နွားတင်းကုပ်အတွက် ထန်းရွက် ငါးဆယ် ကုန်သည့်နည်းတူ အိုးဖိုအတွက် ကုန်ကျသော ထန်းရွက်မှာလည်း သည်မျှပင်။ အိုးဖိုကို အုတ်နီခဲဖြင့် ဘောင်ခွေငြား အုတ်ချပ်များကို 'အင်္ဂတေ' ဖြင့် မတွဲပေ။ ရွှံ့နှင့်သာတွဲသည့်အတွက် မိုးအမိမခံပေ။ သို့ကြောင့် အိုးဖိုကို မိုးမမိအောင် ထန်းရွက်ဖြင့် မိုးရ ကာရသည်။

*

သည်ဒေသ၏ မိုးဦးလေဦးမှာ သက်သောင့်သက်သာ မရှိပေ။ လေပြင်းသည် တွေ့သမျှကို မွှေနှောက်ယမ်းကားသည်။ ကြီးမားသော ဖုန်လုံးကြီးက အရပ် ကိုးမျက်နှာကို ပိတ်ဆို့ထားသည်။ ဤအချိန်တွင် ကျီးဒန်သည်

နေပြထားသော အိုးတွေကို ပြန်သွင်းနေ၏။ မမျှော်လင့်ဘဲ တိုက်ချလာသောလေပြင်းသည် ပျော့နေသေးသော အိုးတွေကို ရွှံ့အဖြစ်သို့ ပြန်လည်ပို့ဆောင်နိုင်၏။ ထို့ကြောင့် စနေထောင့်ဆီ၌ ညို့ခနဲမြင်လျှင် အိုးတွေကို အပြေးအလွှားသိမ်းရ၏။ သည်အခိုက်တွင်မှ ယောက္ခမ မယ်ကြွယ်စိုးက ရောက်နေသည်။

သူသည် 'ခမည်းခမက်' ဒေါ်ရွှေအိမ်ထံ လာရာက ချွေးမထံ ဝင်လာခြင်းဖြစ်သည်။ ချွေးမ၏လည်ပင်းနှင့် လက်သူကြွယ်တွင် ဝင်းဝင်းလက်လက်မြင်ရသောကြောင့် စကားစမြည်ပြောရန် ဆင်းအလာနှင့် လေအကျတို့ ကြုံခြင်းဖြစ်သည်။ မယ်ကြွယ်စိုးသည် ချွေးမကို ဝင်ရောက်ကူညီပြီး ကျီးဒန် လက်မခံပါ။

"အရီးနေပါ။ ကျုပ်တစ်ယောက်တည်း နိုင်ပါတယ်"

နေပြထားသော အိုးစိမ်းတွေကို အရိပ်ထဲသို့ သွင်းရာ၌ တစ်ယောက်တည်း နိုင်နင်းသော်ငြား ယောက္ခမအားသို့ လာအထိုင်တွင် မိုက်ခနဲဖြစ်သည်။ မလဲမပြိုစေရန် နီးရာကို ဖမ်းကိုင်လိုက်ပြီး ဒူးထောက်လျက် ပြိုကျသည်။

"ဟဲ့ ဟဲ့ ဘယ်လိုဖြစ်တာတုံး"

မယ်ကြွယ်စိုး ပြေးပွေ့သည်ကို အိမ်ပေါ်မှ ဒေါ်ရွှေအိမ် လှမ်းမြင်၏။ "ဘာဖြစ်တာတုံး၊ ဘာတုံး" အော်လျက် အိမ်ပေါ်မှ ပြေးဆင်းလာ၏။ အမေနှင့် ယောက္ခမ ညှပ်ပွေ့ထားသဖြင့် ကျီးဒန် အားတက်၏။ ကျေနပ်ဝမ်းသာ၏။ သို့ရာတွင် ရင်ထဲက လှိုက်တက်လာ၏။ အန်၏။ အစာမအန်၊ အရည် မအန်၊ လေတွေသာ အန်၏။ "ဟိုဒင်းများလားအေ" ဟု မယ်ကြွယ်စိုးက ခန့်မှန်းသည်ကို ဒေါ်ရွှေအိမ် အလောတကြီး ပြုံးသော်ငြား ကျီးဒန်မှာ မျက်နှာကလေး အနီသားဖြင့် ခေါင်းငုံ့နေရ၏။



မောင်ဆေးရိုးမှာ လယ်ပြင်သို့ရောက်နေ၏။ ရောက်နေသော်ငြား လေရိပ်လေဆင်မြင်ကတည်းက အိမ်သို့ သုတ်ခြေတင်၏။ နေပြထားသော အိုးတွေကိုသာ ကျီးဒန် ကြည့်ရှုနိုင်မည်။ ကနားဖျင်း၊ နွားတင်းကုပ်တို့ ခေါင်ပွင့်လျှင်၊ အမိုးလန်လျှင် မည်သို့လုပ်မည်နည်း။ သို့ကြောင့် အဆောတလျင် ပြန်ပြေးလာသည်။ သူ့အမေနှင့် ယောက္ခမကို မထင်မှတ်ပဲ အတူတကွမြင်ရသောအခါ အံ့သြသည်။ သို့သော် ဝမ်းသာသည်။

"ကျီးဒန် ဘာဖြစ်လဲ ဟင်"

"ဘာမှမဖြစ်ပါဘူး တော်"

"ဘယ့်နှယ် ဘာမှမဖြစ်ရမှာတုံး။ ကိုယ်လေးလက်ဝန်ရှိတာများ ညည်းမို့ ဘာမှမဖြစ်ပါဘူး ပြောအားတယ်"

ဒေါ်ရွှေအိမ်က ဝင်ပြောသည်။ မောင်ဆေးရိုးမှာ "ဗျာ" ဟု အော်မိသည်။ လိုက်ခနဲ ဝမ်းသာပြီး မပီသ။ ပီပီသသ ကြားလိုသည်။

"အမေ ဘာပြောတယ်"

"အရီး မပြောနဲ့၊ အမေလည်း မပြောနဲ့"

ကျီးဒန်သည် အနီအရဲမပြေသေးသော မျက်နှာကို တွင်ဟွင် ခေါင်းငုံ့လျက် အိမ်ထဲသို့ ဝင်သွား၏။ မောင်ဆေးရိုးမှာ သူ့အကျဲ့သားဖြင့် ကျန်ရစ်ခဲ့၏။ အိမ်ထောင်ရှင် မိန်းမများ ကိုယ်လေးလက်ဝန်ရှိသည်မှာ ဓမ္မတာဟု အများက လက်ခံကြ၏။ သိကြ၏။ အများက မည်သို့ပင် သိကြ လက်ခံကြစေကာမူ ရှက်စရာသည် ရှက်စရာသာဖြစ်သည်ဟု ကျီးဒန် ခံစားနားလည်သည်။ သို့ကြောင့် အမေနှင့် ယောက္ခမကိုပါ ရှက်သည်။ ကျီးဒန်သည် မိကြီး ဒေါ်ကြော့၏ဆက်ဆံပုံကို မနှစ်မြို့သောကြောင့် အိုးထလုပ်သည်။ အကြီးမ ချောစိန်ကို ကိုယ်ဝန်ရှိသည် အထိ ရွာထဲ၌ အိုးသမား သုံးဦးသာရှိသေးသည်။ လုပ်ကိုင်၍ အဆင်ပြေသည်။ မျှော်လင့်

သည့်အတိုင်းဖြစ်လာသောကြောင့် အားတက်သည်။ သည် အားတက်သောအချိန်တွင် သားသမီးဖော ဝင်ကပ်ပြန်ရာ မောင်ဆေးရိုးမှာ နေ့မှန်းညမှန်း မသိတော့ပေ။ မတော်တဆ ချော်လဲမည်စိုးရိမ်သဖြင့် ကျိုးဒန်အား ထမင်းပို့ခွင့်မပြု။ အိမ်သို့ ပြန်စားသည်။

မြောင်းရေလာပြီ။ မြောင်းရေ 'တိုက်' ပြီးစ၊ တစ်ရက်နှစ်ရက်သာ မောင်ဆေးရိုး အိမ်ကပ်သည်။ သုံးရက်မြောက်နေ့မှစတင်ပြီး လယ်ပြင်သို့ ထွက်ရတော့သည်။ ရေသွင်းထားသော လယ်ကွက်တွေ အစိုမဆုတ်မီ၊ အပြေးအလွှား ထွန်ယက်ရသည်။ ထွန်ဖြုတ်ပြီး မောင်ဆေးရိုးလယ်ပြင်မှ ပြန်လာချိန်သည် မွန်းလွဲနေပြီ။ တစ်နံနက်လုံး ပင်ပန်းကြီးစွာ ထွန်ယက် လုပ်ကိုင်ခဲ့ရသည်ဆိုပြီး နားနေခွင့် မရှိ။ နွားတွေကို တင်းကုပ်ထဲသွင်းကာ အစာကျွေးထားခဲ့ပြီးနောက် မီးဖိုထဲသို့ ဝင်ရသည်။ ချက်ပြုတ်ရသည်က များသည်။ တစ်ခါတစ်ရံမူ ကျိုးဒန် စောစောထပြီး ချက်ပြုတ်ထားသဖြင့် အသင့်စားရသည်လည်း ရှိပါသေးသည်။ သို့သော် အကြိမ်ပေါင်းမည်မျှဟု လက်ချိုးရေတွက်၍ ရပါသည်။

အိုးထိန်းသည်တို့၏အခြေအနေမှာ ဤသို့သာဖြစ်၏။ မျက်စိနှစ်လုံး ပွင့်လာသည်။ တစ်ရေးနိုးခြင်းလော၊ အိပ်ရာမှ နိုးလာခြင်းလောဟု စဉ်းစားဆဲတွင် တုံးကြီးခေါက်သံပေါ်လာသည်။ အိပ်ရေးမဝသေးသဖြင့် တစ်မှေးမျှ မှေးမည်စိတ်ကူးငြား၊ ပုတ်စရာအိုးတွေက အာရုံထဲသို့ ဝင်လာသည်။ အိပ်ရန် စိတ်မဖြောင့်တော့ပါ။ လူးလဲပြီး ထရသည်။

'မီးမွှေးပြီး ရေနွေးအိုးကလေးတစ်လုံး'

စိတ်ကူးသာရှိသည်။ လက်က အိုးပုတ်သော လက်ခတ်ပေါ်သို့သာ ရောက်သွားတော့သည်။ အိုးကလည်း အခြောက်မမြန်စေရန် အိမ်ရှိအဝတ် အကုန်ထုတ်ပြီး ဖုံးအုပ်စေကာမူ သုံးရက်ထက်မခံပါ။



သို့ကြောင့် အပြေးအလွှား ပုတ်ရသည်။ မည်သို့လျှင် ထမင်းဟင်း ချက်ရမည်နည်း။ ဒေါ်ရွှေအိမ်သည် လောဘကြောင့်ဖြစ်သော သမီး၏ဒုက္ခကို သိသည်။ သိသော်ငြား ခဏတစ်ဖြုတ်မျှသာ၊ တစ်ခါတစ်ရံမျှသာ သမီးအား ကြည့်ရှုနိုင်သည်။ သူ့မှာလည်း လယ်သမားရှိသည်။

ရက်ရှည်သည်နှင့်အမျှ ကျိုးဒန်မှာ အထိုင်အထ လေးလံလာ၏။ အထိုင်အထ လေးလံလာသည်နှင့်အမျှ အလုပ်ကို လျှော့သည်။ ပျိုးနုတ်ရာ ကောက်စိုက်ရာသို့ ကျိုးဒန် မလိုက်နိုင်ငြား၊ တော်သလင်း လဆန်းသာသာတွင် မောင်ဆေးရိုး၏လယ် ထွန်တုံးပိတ်သည်။ မီးနေသည်နှင့်ဆုံမည်စိုးပြီး ကြိုးစားခြင်း၏အကျိုးဖြစ်သည်။ ထွန်တုံးပိတ်သောကြောင့် ရွက်ထားရသော တာဝန်ကြီးတစ်ခု ပြုတ်ကျသွားပြီဟု ဝမ်းသာမဆုံးမီ ငပုနှင့် မြတ်သာကျော်၊ ထွန်းအံ့တို့ ရောက်လာသည်။

"ဟေ့ကောင်တွေ၊ ဘာလာလုပ်ကြတာတုံး"

သူတို့၏လုံ့လဝီရိယကို မယုံကြည်သောကြောင့် 'ဘယ်နေ့ကောက်စိုက်မလဲ' ဆိုသည်ကိုပင် မမေးပေ။ အိမ်ပေါ်တွင်ထိုင်စရာ မရှိသောကြောင့် အမိုးယပ်အောက် အိုးမရှိသောနေရာတွင် လုပြုံးထိုင်ကြရ၏။

"မဲဇလီကွေ့ဘက်မှာ ရှင်[illegible] ဆိုက်နေသတဲ့ကွ"

"ဟန်ကျတာပဲဟေ့။ သွားဖူးကြရအောင်"

"မင်းက 'ဖူးကြရအောင်' လုပ်နေ ငါတို့က ပြန်တောင်လာပြီ။

"ဘယ်ကမျှောလိုက်တာတဲ့လဲကွ"

"လောင်းရှည်ကကွ"

ယော၊ ဆော၊ လောင်းရှည် ဟု မောင်ဆေးရိုး ကြားဖူးသည်။ စလင်းချောင်းနှင့် နီးသည်ဟု မသိပေ။

"ဩော် အဝေးကြီးပဲ"

"မိုးဦးကျကတည်းက ကြွလာတဲ့ ရှင်ဥပဂုတ်ဟာ ဟိုရွာတစ်ည၊ သည်ရွာတစ်ည အဖူးမြော်ခံနေရတာနဲ့၊ အခုတော်သလင်းလကျမှ တို့ဘက်ရောက်တာ"

"မဲဇလီကွေ့က မျှောလိုက်ရင် တို့ ပင့်ရအောင်လား"

မောင်ဆေးရိုး၏စကားကို မြတ်သာကျော်က ခေါင်းခါပြခြင်းဖြင့် ငြင်းပယ်လိုက်သည်။

"ရိုးရိုးပင့်လို့ မရဘူး မောင်"

"ဘာပြုလို့"

"ငှက်ပျောတောက သူတို့ ပင့်မယ်ဆိုပြီး ပြင်ဆင်နေကြပြီ"

စလင်းချောင်း ချောင်းရေသည် ရှားတောအလွန်တွင် နှစ်မြွာခွဲသွားသည်။ တစ်မြွာက ငှက်ပျောတောရွာဘက်၊ တစ်မြွာက ရမ်းဘိုကုန်းရွာဘက်သို့။ ရမ်းဘိုကုန်းတွင် ဆိုက်ကပ်မိသောဖောင်သည် ငှက်ပျောတောသို့ မသွားနိုင်တော့ပေ။ ငှက်ပျောတောသို့ ရောက်ပြီးလျှင်လည်း ရမ်းဘိုကုန်းသို့ ကူးလာရန် မဖြစ်ပေ။ သို့ကြောင့် 'ရိုးရိုးပင့်လို့မရဘူး' ဟု မြတ်သာကျော်က ပြောခြင်းဖြစ်၏။ "ဒါဖြင့်" ဟု မောင်ဆေးရိုး စကားအဆက်ပြတ်သွားလျှင် "အဲသည် ကိစ္စအတွက် ငါတို့လာတာကွ" ဟူ၍ ပေပုက စကားကို ဆက်၏။

"ရှင်ဥပဂုတ်ဖောင်တော် ဘယ်တော့ကြွမှာတဲ့လဲ"

"နက်ဖြန် နေ့ဆွမ်းကပ်အပြီးမှာ ကြွမှာပဲ။ ငှက်ပျောတောက လူတွေ မရိပ်မိအောင် သွားစောင့်နေပြီး၊ ရအောင်ပင့်မယ်။ အဲဒါကြောင့် မင်းတို့အိမ်က လူလည်း လိုက်ရမယ်၊ အလှူငွေလည်း ထည့်ရမယ်"

"ထည့်မယ် လိုက်မယ်"



မောင်ဆေးရိုးသည် ပြောပြောဆိုဆို မှန်တင်ခုံ 'တိုင်ကပ်' ပေါ်မှ မူးစေ့ တစ်စေ့ ယူပြီး ပေးသည်။

"မင်းတို့လင်မယား အိုးလုပ်လို့ ဌေးနေတာ၊ တစ်ကျပ်ထည့်"

ထွန်းအုံက ဈေးဆစ်သည်။

"မွေးခါနီး ဖွားခါနီးမှာ ငါက တမင် မင်္ဂလာယူပြီး ရှောရှောရှူရှူ တစ်မူးထည့်တာကွ"

"ဒါဖြင့် တန်းတန်းမတ်မတ်ဖြစ်အောင် တစ်မတ်တော့ ထည့်ကွာ"

မောင်ဆေးရိုးမှာ မှန်တင်ခုံ တိုင်ကပ်ပေါ်တွင် ထပ်မံစမ်းသပ်ရပြန်သည်။ မူးစေ့ မတွေ့ပါ။ ပဲစေ့ တစ်စေ့နှင့် ကြေးပြား လေးပြား ထည့်လိုက်သည်။

"မနက်မလင်းခင် သွားပုန်းနေကြရမှာနော်"

"ကောင်းပြီ စိတ်ချ"

သူ့ရွာနှင့်ယှဉ်လျှင် ကိုယ့်ရွာက နိုင်ချင်သောကြောင့်သာ 'စိတ်ချ' ဟု အာမခံလိုက်ရငြား၊ မောင်ဆေးရိုးမှာ မအားလပ်ပေ။ ဖုတ်လက်စအိုးများ တိုက်သွင်းအပြီးတွင် မွေးရေးဖွားရေးအတွက် နားဦးမည်။ ကျီးဒန် လျင်မြန်စွာ နားနိုင်စေရန် မောင်ဆေးရိုးက အားစိုက်ရမည်။ သို့လျှင် မအားလပ်ပါလျက်က နောက်တစ်နေ့ အရုဏ်တက်တွင် မောင်ဆေးရိုးသည် အိမ်မှ ထွက်ခဲ့၏။

"အရိုးရေ၊ ရှင်ဥပဂုတ် အပင့်သွားမလို့"

ယောက္ခမများအိမ်ဘက်သို့ လှမ်းပြီး အသံပြုရာ ဒေါ်ရွှေအိမ်က ကြားဖြစ်အောင် ကြားသည်။

"သွား သွား စိတ်ချလက်ချသွား"

ရှားတောအလွန် ချောင်းနှစ်မြွာ ခွဲသောနေရာတွင် ကိုင်းတောရှိသည်။ မြွေကိုက်ခံရရန် အလွန်သေချာသော နေရာဖြစ်ငြား၊ ရမ်းဘိုကုန်းသားတွေ မြွေမကြောက်နိုင်ပါ။ ကြိုးခွေကို လက်မောင်းတွင် စွပ်သူက စွပ်၊ ချိပ်ကိုင်သူ ကိုင်။ ဓားဆွဲသူ ဆွဲလျက် ကိုင်းတောထဲတွင် ပုန်းနေကြသည်။ မဲဇလီကွေ့မှ ရှင်ဥပဂုတ်ဖောင်တော် ခွာလျှင်ခွာချင်း မောင်ဆေးရိုးနှင့် မြတ်သာကျော်တို့ ဖောင်ပေါ်သို့ ခုန်တက်ကြသည်။

"ဟေ့ ရမ်းဘိုကုန်းသားတွေ ဘာလုပ်မလို့တုံး"

ကမ်းပေါ်မှ ပြေးလိုက်လာသော ငှက်ပျောတောသား သုံးဦးက မေးသည်။

"ဖောင်တော် ပင့်မလို့ပါဗျာ"

"ဟေ့ကောင်တွေ အဲသည်လို မလုပ်နဲ့လေ။ ငါတို့ရွာက ပင့်မယ်လို့ စီစဉ်ထားတာ မင်းတို့မသိဘူးလား"

"သိပေမဲ့ ကျုပ်တို့လည်း ပင့်ချင်သာကိုးဗျ"

မြတ်သာကျော်နှင့် မောင်ဆေးရိုးတို့က ဖောင်တော်ကို ကြိုးဖြင့် ချည်နေစဉ် ဖောင်ကိုကွယ်ပြီး ရေထဲ၌ပုန်းနေသော ငပုနှင့် ထွန်းအံ့က ရမ်းဘိုကုန်းရေကြောင်းဘက်သို့ ဖောင်တော်ကို တွန်းပေးသည်။

"တို့ရွာကလူတွေ ပြေးခေါ်ကြဟေ့။ ပြေးကွာ ပြေး"

အပြိုင်သမားတွေ ရေထဲခုန်ချပြီး ဖောင်တော်ပေါ်သို့ ကူးလာကြသည်။ အကူအညီတောင်းရန် ရွာသို့ ပြေးသူက ပြေးသည်။ သူတို့အထင်က ရမ်းဘိုကုန်းသားနှစ်ယောက်တည်းသာ ဖြစ်သည်။

မြတ်သာကျော်နှင့် မောင်ဆေးရိုးတို့ မျှောချလိုက်သော ကြိုးစများ ရေနှစ်မြွာကိုင်းတောထိပ်အရောက်တွင် ရမ်းဘိုကုန်းရွာသားများအား အထင်သေးမိသူများ ပက်လက်လန်တော့သည်။ ကိုင်းတောထဲမှ လူအများ



ထွက်လာပြီး ကြိုးစတွေကိုဆွဲကာ ရမ်းဘိုကုန်းသို့ တန်းတန်းမတ်မတ်ပင် သွားကြသောကြောင့်ပေတည်း။

"ဟေ့ မောင်တို့၊ ဟေ့ လေ လေ့"

"ဟေ့လေလေ့၊ ဟေ့မောင်တို့"

"လေ လေ့ လေ လေ့"

ညာသံတညံညံဖြင့် ရှင်ဥပဂုတ်ဖောင်တော်သည် ရေကြောင်းထဲသို့ ရောက်သွားချေပြီ။ ရမ်းဘိုကုန်းရွာပေါ်မှ အိုးစည်သံ၊ လင်းကွင်းသံများ ပေါ်လာသည်။ ရွာထဲတွင် ယောကျ်ားသနာ သန်သန်စွမ်းစွမ်း မကျန်ခဲ့။ ပျို့ရွယ်သော မိန်းမများလည်း ကောက်စိုက်ရာမှ ပြန်ရောက်ချိန် မဟုတ်။ သို့အတွက် ရှင်ဥပဂုတ် ဖောင်တော်ကို တိတ်ဆိတ်စွာ ပင့်ကြရတော့မည်။ မည်သည့်အတီးအမှုတ်မျှ မပါနိုင်။

သို့သော် ရှင်ဥပဂုတ်ဖောင်တော်ပင့်ရန် ရမ်းဘိုကုန်းသားတွေ အရဏ်တက်က ထသွားသည် ဆိုသည့်သတင်းသည် ကောက်စိုက်သမများမှတစ်ဆင့် လယ်ပြင်သို့ ပြန့်သည်။ ရွာသို့ ညပြန်ပြီးမအိပ်နိုင်သော ရမ်းဘိုကုန်းသားအချို့သည် အလုပ်ကို ပစ်ထားခဲ့ပြီး ပြန်ပြေးလာကြသည်။ အပြေးအလွှား မညက်မညောပတ်စာထိုးပြီး တီးကြ ခေါက်ကြမြင်း ဖြစ်သည်။

မည်သည့်အတီးအမှုတ်မျှ မပါနိုင်ဟု စိတ်နှလုံး ဒုံးဒုံးချထားပါလျက်က ဒိုးစည်သံ တထုံထုံကြားရသောအခါ ဖောင်ဆွဲသူတွေ ရေထဲ၌ ကကြသည်။ ဖောင်ပေါ်က လူတွေကား ပြောရန်မလိုတော့ပေ။ အိုးစည်သံ မည်းမိက တိတ်ဆိတ်နေခဲ့သော ရမ်းဘိုကုန်းချောင်းကမ်းပါး၌ ပရိသတ်တွေ ခဲနေသည်။ အိုးစည်သံနှင့် ညီညွတ်အောင် ကသူခုန်သူများလည်း ပါဝင်နေချေပြီ။ ရှင်ဥပဂုတ်ဖောင်တော် ပင့်ဆောင်လာသူများသည်

'ရမ်းဘိုကုန်းသားကွ' ဟု လက်မထောင်လိုသော ရပ်ချစ်စိတ်၊ ရွာချစ်စိတ်ဖြင့် ပင့်ဆောင်လာခြင်းဖြစ်သည်။ သူတို့အား အတီးအမှုတ်၊ အကအခုန်တွေဖြင့် ချောင်းကမ်းပါးတွင် ကြိုဆိုသည်ကို မြင်ရသောအခါ အမောပြေပြီ။ ကျေနပ်ပြီ။

"ဟော့ ဘုရားပန်းအကောင်းကြီးတွေစွန့်ပစ်ရင် ငရဲကြီးတတ်သလား"

ရမ်းဘိုကုန်းသို့ရောက်လာသော ကိုယ်တော်ကြီးအား ရမ်းဘိုကုန်းသူ ရမ်းဘိုကုန်းသားတို့၏ ပန်းများကိုသာ ဆက်ကပ်လိုကြောင်း နေရာမရှိပေ။ ဖောင်တော်ဆိုက်ကပ်ရာ ရွာတိုင်းက ကပ်လှူလိုက်သော ပန်းတွေဖြင့် ပြည့်နေသည်။ သို့အတွက် ငပုက မေးခြင်းဖြစ်၏။

"နေရာမရှိရင် စွန့်ပစ်တာပေါ့ကွာ"

ဖောင်တော်ပေါ်နှင့် ဘုရားကျောင်းဆောင်ကို လူငယ်တွေ ရှင်းလင်းနေကြစဉ် ရွာခေါင်းဦးဘရီ ခေါင်းဆောင်လျက် ဖောင်တော်ပေါ်သို့ ရွာလူကြီးတွေ တက်လာကြသည်။

"ကျုပ်တို့လူတွေကို ကိုင်းတောထဲမှာဝှက်ထားတော့ ဟိုဘက်ရွာက ဖောင်တော်ပင့်ချင်တဲ့လူတွေ အမှတ်မဲ့ပေါ့"

မြတ်သာကျော်က မိမိတို့ အနိုင်ရခဲ့ပုံကို ပြောပြ၏။ ငပုနှင့် ထွန်းအုံ၊ မောင်ဆေးရိုးတို့မှာလည်း အချီးမွမ်းခံလိုသော မျက်နှာများဖြင့် လှမ်းကြည့်နေကြ၏။ ဇောကပ်နေသည့်အတွက် ရွာခေါင်း ဦးဘရီ၏ မလိုတမာမျက်နှာကို သတိမထားမိကြ။

"မင်းတို့ ဘယ်သူ့တိုင်ပင်လဲ"

ကောက်ကာငင်ကာ ဦးဘရီက မေးတော့မှ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြရာက ဦးဘရီအား မျက်နှာသေကလေးတွေဖြင့် ကြည့်နေမိကြလေ၏။



"ရှင်ဥပဂုတ်ဖောင်တော် ပင့်တယ်ဆိုတာလည်း ဘုရားပွဲ တစ်ပွဲကျင်းပတာနဲ့ အတူတူပဲ။ ပွဲမိန့်ခံရတယ်"

မောင်ဆေးရိုးနှင့် မြတ်သာကျော်၊ ငပု၊ ထွန်းအုံတို့မှာ ကြံရာမရ ဖြစ်သွားရာက ဟိုကြည့်သည်ကြည့် လှမ်းကြည့်၏။

ဖောင်တော်ပေါ်သို့ လူကြီးတွေ ရောက်လာသောကြောင့် နောက်ဆုတ်နေသူများထဲတွင် အပျိုခေါင်း မမုန်းချစ်နှင့် ကာလသမီးတစ်သိုက်။ ထို့ပြင် ပိတ်စ၊ အောင်မြ၊ အောင်လှစသော ကာလသားများ။

ပိတ်စသည် မောင်ဆေးရိုးတို့၏အခြေအနေကို အကဲခတ်ရင်း ထရပ်ရာက လှမ်းမေး၏။

"ဘကြီး၊ ပွဲမိန့်ခံရတယ် ဟုတ်လား"

"အေးကွ၊ ဘာဖြစ်လို့ မေးတာတုံး"

ရွာခေါင်းသည် 'အေးကွ' ဟုပြောပြီးမှ သည်မျှဖြင့် တန့်နေ၍မဖြစ်။ နှိမ်ထားသင့်သည် အတွေးဝင်လာသဖြင့် ငေါက်ဆတ်ဆတ်အသံဖြင့် မပြေမလည်မေးလေ၏။

"ရှင်ဥပဂုတ်ပင့်ပြီးမှ ပွဲမိန့်ခံရတာဆိုတော့ တကယ်လို့ ပွဲမိန့်မရရင် ဘယ့်နှယ်လုပ်ပါ့"

ဦးဘရီ မဖြေသဖြင့် သူ့တပည့် ဆယ်အိမ်ခေါင်း ကိုစံမြင့်က "လွယ်ပါတယ်ကွာ၊ ပွဲမိန့်မရရင် ဖောင်တော်ကို ပြန်မျှောလိုက်ပေါ့"ဟု ဝင်ဖြေသည်။

"ရှင်ဥပဂုတ်ဖောင်တော်မှာ ပန်းမွှေ့ရာခင်းဖို့ ကာလသမီးတွေ ပြင်ဆင်နေကြတဲ့တယ်။ ညကျရင် ပရိတ်ရွတ်ဖို့လည်း ပူစုနေကြတဲ့တယ်။ အဲဒါကို အခု မျှော်ပစ်တော့မယ် ဟုတ်လား"

အပျိုခေါင်း မမုန်းချစ် [illegible] ကျယ်အော်ကျယ်ပြောရင်း၊

ကုန်းထသည်။ "ဒါဖြင့် ဘယ့်နှယ်လုပ်မတုံး" ဟု ဆက်အော်သည်။

"ကျုပ်တို့လုပ်ထားတာတွေ အလကားဖြစ်ကုန်ပြီ"

ပြောပြောဆိုဆို ဖောင်တော်ပေါ်မှ ဆင်းရန်ပြင်သည်။ ဦးဘရီက "ပိတ်စတို့၊ အောင်မြတို့၊ ဆွဲထားကြစမ်းဟေ့" ဟု လှမ်းပြောသည်။ အောင်မြမှာ အဆင်းနေရာသို့ ပြေးသွားကာ လမ်းပိတ်ထားသည်။

"နင်တို့လုပ်ထားတာတွေ အလကားဖြစ်ပြီလို့ ဘယ်သူပြောသတုံး"

"တော်တို့ပဲ ပွဲမိန့်မရရင် ဖောင်တော်ကို မျှောပစ်မယ်ဆို"

"ပွဲမိန့်မရရင်လို့ပြောတာ၊ ပွဲမိန့်မရဘူးလို့ ဘယ်သူမှမပြောဘူး"

ဦးဘရီ၏စကားကြောင့် မမုန်းချစ်မှာ မအိမလည်ဖြင့် ပြန်ထိုင်တော့မှ ဦးဘရီဘေးတွင်ထိုင်သူ ဦးသောင်းနှင့် ဦးစံမောင်၊ ဦးကံအေးတို့အနက် ဦးသောင်းက ဝင်ပြောသည်။

"ကဲကဲ ဘာမှမဖြစ်ဘူး မုန်းချစ်။ နင်တို့လုပ်စရာရှိတာ လုပ်ကြ"

ပိတ်စက အပျိုခေါင်းကို ရှင်းပြပြီးနောက် လူကြီးဝိုင်းနားသို့ တိုးကပ်လာရာက "မုန်းချစ်က နပင်းကိုးကားရယ်၊ ခင်ဗျားတို့ စကားကို ပီပီသသပြောကြ" ဟု ပြောသည်။

"သည်တော့၊ ငါတို့ကို ဘာမျှကြိုတင်မပြောလို့ ကိုဘရီက ပြောတာပါ။ ပွဲမိန့်ခံစရာ မလိုပါဘူး"

ဦးကံအေးက ရှင်းပြပြီးမှ မောင်ဆေးရိုးအား မေးသည်။

"မင်းတို့ ကာလသားတွေကကော ဘာစီစဉ်ထားတုံး"

"ကျုပ်တို့မှာ အစည်းအဝေးမှမလုပ်ရတာ၊ ဘာစီစဉ်နိုင်မှာတုံး။ ဆွမ်း ပန်း ဆီမီး ရေချမ်း ကပ်သူရှိရင် ထားမယ်။ မရှိရင် ပြန်မျှောမှာပေါ့ဗျာ"

ဆေးရိုးအစား ဝင်ရောက်အဖြေပေးသူမှာ မြတ်သာကျော် ဖြစ်သည်။



"မင်းတို့ အရမ်းမမျှောနဲ့နော် ရေမိုးကြည့်ဦး"

ဦးစံမောင်က သတိပေးပြီးမှ "ချောင်းညာမှာ မိုးကောင်းလို့ ချောင်းရေတိုးတုန်းမှာ ရှင်ဥပဂုတ်ဖောင်တော်ကိုမျှောရင် ဖောင်တော်ကို သစ်တုံးတွေ သစ်ပင်တွေ ဝင်တိုးပြီး မှောက်တတ်လို့ပြောတာကွ" ဟု ရှင်းပြသည်။

ဤသို့ဖြင့် ရမ်းဘိုကုန်း ရေခပ်ဆိပ်သို့ ကြွရောက်လာသော ရှင်ဥပဂုတ်ဖောင်တော်တွင် ဖယောင်းတိုင်မီး တထိန်ထိန်၊ ပန်းမန် အသစ် တဝေဝေဖြစ်လာသည်။ ဘုရားဖူးများလည်း တဖွဲဖွဲ ရောက်လာကြသည်။

စောစီးစွာ ထွန်တုံးပိတ်နိုင်ရေးကို ဦးတည်နေကြငြား 'ရွာမှာ ရှင်ဥပဂုတ်ဖောင်တော် ဆိုက်လို့တဲ့' ဆိုသည့်သတင်းကို ကြားရသော ရမ်းဘိုကုန်းရွာသူရွာသားများ လယ်ပြင်မှ ပြေးတက်လာကြသည်။ ဖောင်ပေါ်တွင် ရှင်ဥပဂုတ်ကိုယ်တော်မြတ်ကြီးအား လှူဒါန်း ပူဇော်ထားသော ပစ္စည်းများဖြင့် ပြည့်နေသည်။ ပြည့်နေသည် ဆိုခြင်းမှာ ကြမ်းပေါ်မှာသာ မဟုတ်။ လေထဲတွင်ပါ ပြည့်နေသည်။ ခေတ္တမျော လာသော ရဟန္တာမြတ်ဖြစ်စေကာမူ မျက်နှာကြက် လှူဒါန်းသူ ရှိ၏။ အဝတ်ဖြင့်ပြုလုပ်သော ထီး လှူဒါန်းထား၏။ ထိုဆံများအပြင် မျက်နှာကြက်တွင် နေရာလပ်မကျန်အောင် ချိတ်ဆွဲလှူဒါန်းထားသော အရာများမှာ 'ဆံစု' တွေဖြစ်၏။ ဆံစုသည် အမျိုးသမီးတိုင်းအတွက် မရှိလျှင် မဖြစ်ချေ။ ဘီးဆံပတ် ဆံထုံး ထုံးလိုသည့်အခါတွင် ဆံစု တစ်ချောင်း 'ပေါင်' မှ လှသည်။ ယခုလို မရှိလျှင် မဖြစ်သော ဆံစုကို လှူလိုက်ကြပုံကို ထောက်ချင့်ခြင်းအားဖြင့် လမ်းတစ်လျှောက် ကျေးရွာများရှိ ဒါယိကာမများ၏သဒ္ဓါတရားကို သိနိုင်ပေ၏။

ဦးကံအေးနှင့် ဦးစံမောင်၊ ဦးသောင်း စသော လူကြီးတွေ ဖောင်တော်ပေါ်တွင် ထိုင်မိတော့မှ မောင်ဆေးရိုးသည် အိမ်ကိုသတိရ၏။

"ဘကြီးရေ အရဏ်တက်က ထွက်လာတာ ခုထက်ထိ အိမ် မရောက်သေးဘူး၊ ပြန်ချေဦးမယ်"

"ဟုတ်တာပေါ့ကွာ၊ မျက်နှာလေးဘာလေး သွားပြဦးမှပေါ့"

လူကြီးဖြစ်သူက အလိုက်တသိပြောပါလျက် ဝင်ရောက်ဖျက်သူ ရှိ၏။

"အိမ်ပဲ မရောက်ဖူးတာကျနေတာပဲ။ ရှင်ဥပဂုတ်ကိုယ်တော်ကြီး ကြွမှပဲ၊ အိမ်ပြန်ပါတော့"

ပန်းလာကပ်သော မအေးမိဖြစ်သည်။

"မမာမချာကြီးနဲ့ပါဟယ်၊ ကိုယ်ချင်းစာပါဦး"

မောင်ဆေးရိုးသည် နောက်ထပ်ဖျက်ဆီးသူ မပေါ်ပေါက်မီ အိမ်သို့ အရောက်ပြေးခဲ့ရသည်။ သူထင်သည့်အတိုင်းပင် မိကျီးဒန်မှာ တမျှော်မျှော်ဖြစ်နေသည်။

"တော့်နယ်တော်၊ သွားလိုက်တာ တစ်မနက်လုံး ထမင်းမေ့ ဟင်းမေ့ပါကလား။ ဘယ်မှာစားတုံး"

မောင်ဆေးရိုးမှာ ကျီးဒန်မေးမှ ထမင်းကို သတိရသည်။ နံနက် စောစော ရှင်ဥပဂုတ်ဖောင်ပေါ်တွင် ကောက်ညှင်းနှစ်ဆုပ် စားခဲ့ရသည်မှ အပ အစာအိမ်အတွင်းသို့ ဘာမျှမသွင်းရသေးပေ။

"အေးဟ နင်မေးမှပဲ သတိရတယ်"

ပြောပြောဆိုဆို မီးဖိုထဲသို့ အပြေးဝင်ခဲ့ရသည်။ သူ အဝင်နေး ပါက ကျီးဒန် ထချေမည်။ ကိုယ်ပြည့်လက်ပြည့်ကြီးနှင့် အားလည်းနာ၊ သနားလည်း သနားသောကြောင့် အပြေးဝင်ပြီး ရှုးခပ်စားရသည်။



သို့ပါလျက်နှင့် ကျီးဒန်က မီးဖိုထဲသို့ လိုက်ပါလာသေးသည်။

"လက်စသတ်ဖို့ အိုးငါးလုံးပဲ ကျန်တော့တယ်။ တိုက်သွင်းဖို့ ဘယ်လိုလုပ်မှာလဲ"

"မဇာညွန့်တို့လာရင် လာ၊ မလာရင်လည်း ကိုယ့်ဘာသာကိုယ် လုပ်ကြတာပေါ့"

"ဖောင်တော်ကြွမှ အေးအေးဆေးဆေး"

ကျီးဒန်က အလိုက်တသိ စေတနာဖြင့်ပြောသော်ငြား မောင် ဆေးရိုး ခေါင်းခါသည်။

"အိုးတွေကို ကနားဖျင်းထဲမှာ ထားတဲ့အခိုက် မိုးမိရင် အဟော သိကံ ဖြစ်မကုန်ဘူးလား။ တိုက်သွင်းထားပြီး အေးအေးလူလူမှ ဖော်တာယ်ဆို ဟုတ်သေးရဲ့"

"ဒါလည်း ကောင်းတာပါပဲ"

"ဒါထက်နေပါဦး၊ မီးနေဖို့ ထင်းကကော လောက်ရဲ့တဲ့လား။ အမေတို့ အရီးတို့က ဘာပြောတုံး"

ကျီးဒန် ဖြေချိန်မရလိုက်ပါ။ တဟီးဟီး တဟားဟားဖြင့် ပိတ်စနှင့် အောင်လှ၊ အောင်မြတို့ ရောက်လာသောကြောင့်ဖြစ်သည်။

"ဖောင်တော်ပေါ်မှာ ဝက်ရှုပ်တဲ့အခါ လက်ဖက်၊ ချင်းသုပ် ရေနွေးချဖို့၊ ဘာလေးညာလေး ဟမ်းလှမ်းဖို့"

"ရရဲ့လား"

"ရပါတယ်။ အကမ်းအလှမ်း အကျွေးအမွေး နှစ်ဆယ်လောက် ရတယ်ဆိုတော့ မနည်းပါဘူး"

ပိတ်စတို့ အောင်မြတို့နှင့် အပြေးအလွှား မေးရင်းမြန်းရင်း ထမင်းကို လက်စသတ်သည်။ အိုးခွက်ပန်းကန် ဆေးကြောပြီး

သိမ်းဆည်းသည်။ ထို့နောက် ကနားဖျင်းထဲရှိ ထင်းပုံပေါ်သို့ ဝင်ထိုင်သည်။ ထိုအခါကျမှ ကျီးဒန်မှာ မေးစရာတစ်ခုကို သတိရသည်။

"တော်တို့ ဘယ်နှရက်ကြာမှ ဖောင်တော်မျှောမှာတုံး"

"လွန်ရောကျွံရော သန်ဘက်ခါပေါ့ဟာ။ သည်ရက်ပိုင်းမှာ ရှားရှားပါးပါး ထွန်တုံးပိတ်တဲ့လူဆိုလို့ နင်တို့တစ်ဦးပဲရှိတယ်။ ကြာကြာ ထားရင် ဖောင်တော်ပေါ်မှာ တစ္ဆေခြောက်လိမ့်မယ်"

ဤရက်မှာ ကောက်စိုက်မများလည်း နံနက်ရော ညနေပါ ဆင်းကြရသည်။ လယ်ပွဲများမှာ သူ့ထက်ငါစော ထွန်တုံးပိတ်နေကြသည်။ သို့ပါလျက်နှင့် ရှင်ဥပဂုတ်ဖောင်တော်သို့ မိန်းကလေး အများအပြား ရောက်လာကြကာ ဝတ်ရွတ်နိုင်သေးသည်။ ယောက်ျားများမှာလည်း ကိုယ့်လယ်ကို ကိုယ်ပျိုးချရသဖြင့် မအားလပ်ကြပေ။ ပျိုးနုတ် အငှားလိုက်သူများမှာလည်း အရုဏ်တက်က ထနုတ်ပါလျက် ညနေပါ မနားရပေ။ တစ်နေ့လုံး နေပူထားသောရေထဲတွင် ထိုင်ပြီး ပျိုးနုတ်ရသဖြင့် ညနေပျိုးကို ပျိုးနုတ်သမား ရောင်သည်။ ရောင်သော်ငြား ရက်လုနေချိန်တွင် ဈေးပိုပေးသည်။ ဈေးပိုပေးသောအခါ နောင်အခါမှ ဆီးကိုင်ချင် ကိုင် မျက်စိမှုန်ချင် မှုန်။ လက်ငင်းကား ညနေပိုင်းပါ ပျိုးနုတ်ကြပြီ။

ယောက်ျားကလေးတွေ ဤနှယ် နေ့ရော ညပါ ပင်ပန်းထားငြား ရှင်ဥပဂုတ်ဖောင်တော်၌ ဒိုးပတ်သံ စည်ညံဖော်ရသည်။ အရုဏ်တက် တွင်လည်း နဲကြီးသံနှင့်တွဲဖက်လျက် ရေကင်းသံကြားရသေးသည်။

မောင်ဆေးရိုးမှာ ရင်တမမဖြင့် မြောက်အရပ်သို့ တကြည့်ကြည့် လုပ်နေရ၏။ သူတို့ဖောင်တော် မျှောသောရက်တွင် ချောင်းရေကျမည်ကို စိုးရိမ်သောကြောင့်ဖြစ်ပေ၏။ စလင်းချောင်းသည် ညောင်ကုန်း၊ ရှားတော၊ ရမ်းဘိုကုန်း၊ ငှက်ပျောတောရွာများသို့ အရောက်တွင် အနောက်မှ အရှေ့သို့



စီးဆင်း၏။ သို့သော် ချောင်းညာမှာ အနောက်အရပ် မဟုတ်။ ချောင်းညာသည် မြောက်အရပ်မှာသာရှိ၏။ သို့ဖြစ်၍ မြောက်အရပ်တွင် လျှပ်မဝင်းပါစေနှင့် ဆုတောင်းနေကြရ၏။ စင်စစ်အားဖြင့် မြူမဆိုင်း တိမ်မရစ်မှသာ ချောင်းညာတွင် လက်သော လျှပ်စီးကို မြင်ကြရခြင်းဖြစ်သည်။ ယခု ချောင်းညာတွင် မိုးကြီးနေသည်။ ချောင်းညာနှင့် ရမ်းဘိုကုန်း၏ အကြားအလယ်တွင် လေပြင်းကျနေသောကြောင့် ချောင်းညာ၏အခြေအနေကို ရမ်းဘိုကုန်းက မသိ။ ကမ်းပါးတွေ ပြိုပြီး၊ သစ်ပင်တွေ မျောပါလာသော စလင်းချောင်း၏အဖြစ်ကို မသိသော မောင်ဆေးရိုးတို့သည် အရုဏ်ဆွမ်းကပ်ပြီးသည်နှင့်တစ်ပြိုင်နက်တည်း ဖောင်တော်မျှောရန် ဖောင်တော်ကို ရေလယ်သို့ တွန်းထုတ်လာခဲ့ကြလေတော့သည်။ ငြိမ်သက်စွာ စီးဆင်းနေခဲ့သော ချောင်းရေပြင်သည် ချောင်းအော်သံများဖြင့် ဆူညံလာသည်။

"ဟေ့ကောင်တွေ ဟေ့ကောင်တွေ၊ ရွာခြေကို ပြန်ကပ်ရင် ကောင်းမလား"

ချောင်းနှစ်မြွာခွဲသောနေရာမှ လိမ့်ဆင်းလာသော လှိုင်းလုံးကြီးတွေ၊ သစ်ပင်ကြီးတွေ၊ သစ်တုံးတွေ၊ အဆောက်အအုံအပြိုအပျက်တွေ။

"မဖြစ်ဘူးဟေ့ ရွာခြေကို ပြန်ကပ်ကြမယ်"

ချောင်းရေသည် ချက်ချင်းတိုးလာသည်။ ဖောင်တော်ကို ထိန်းသူများမှာ ရေအောက်သို့ ခြေထောက်၍ မမီတော့ပေ။ ခြေ၏ထောက်အား မမီသောအခါ ထိန်းအားကို စိတ်ရှိသည့်အတိုင်း မသုံးနိုင်တော့ပေ။

"ဖောင်ကို ကြိုးနဲ့ချည်ပြီး ကမ်းကို ကူးကြဟေ့။ ကမ်းပေါ်က လှမ်းဆွဲတာကမှ လွယ်မှာ။ ဝါးထောက်လို့ မရတော့ဘူးဟေ့"

ရမ်းဘိုကုန်းသား လူငယ်များသည် ချောင်းကျလာသော ရေစီးထဲ၌ ရှင်ဥပဂုတ်ဖောင်တော် မပျက်စီးစေရန် အားထုတ်ကြ၏။ ခါးတွင်

ကြိုးချည်ပြီး ရွာဘက်သို့ ကူးသွားသူ ခရီးတစ်ဝက်သာ ရောက်သေး၏။ မျောလာသော သစ်ပင်တစ်ပင်၏ မမြင်ရသော ကိုင်းဖျားကိုင်းနားများက ဖောင်တော်ကို ထိုးကော်ပစ်လိုက်လေ၏။ ရေထဲ၌မျောပါလာသော သစ်ပင်ကြီးများသည် ရေစီးထဲတွင် လိမ့်ပြီး မျောပါလာသည်လည်း ရှိသည်။ အထက် အောက် မလန်ဘဲ တရွေ့ရွေ့ လျှောကျမျောပါခြင်းလည်း ရှိချေသည်။ ယခု ရှင်ဥပဂုတ် ဖောင်တော်ကို ထိုးကော်ဖျက်ဆီးလိုက်သော သစ်ပင်မှာ တရွေ့ရွေ့ လျှောကျ မျောဆင်းလာသော သစ်ပင်ဖြစ်သည်။ မျက်မြင်ပင်စည်ကြီးနှင့် ဝါးတစ်ရိုက်အကွာတွင် ပျက်စီးခြင်းဖြစ်သည်။

"သစ်ပင်ဟေ့ သစ်ပင်"

သတိပေးနိုင်သူ တစ်ယောက်တလေသည်ပင် လွတ်အောင် ရှောင်တိမ်းချိန် မရလိုက်ကြပါ။ ရေမျက်နှာပြင်အောက်မှ ရွေ့လာသော သစ်ကိုင်းများ၏ ထိုးကြိတ်ရိုက်ပုတ်မှုကို ခံလိုက်ကြရသည်။

"ရှင်ဥပဂုတ်ဖောင်တော် ပျက်လို့တဲ့ဟေ့"

မကောင်းသတင်းသည် ရွာတောင်ဖျားမှ မြောက်ဖျားသို့ လျင်စွာ ပြန့်၏။

"ရေအောက်က မျောလာတဲ့သစ်ပင်က ဝင်တိုးတာတဲ့"

မောင်ဆေးရိုး၏အမေ မယ်ကြွယ်စိုးသည် ဖောင်တော်ဆိပ်သို့ မပြေးပါ။ စုဝေး၍ ပြောဆိုနေသော လူအုပ်ထံ မသွားပါ။ ချွေးမ ရှိရာသို့ အသော့နှင်လာခဲ့သည်။

"ဟဲ့ကောင်မ၊ ရေးကြီးသုတ်ပျာနဲ့ ဘယ်တုံး"

ဒေါ်ရွှေအိမ်က မျက်နှာသစ်ရာက ဆီးမေးငြား မယ်ကြွယ်စိုး မဖြေ။ ချွေးမထံသို့သာ အရောက်လာသည်။ မိကျီးဒန် နိုးနေပြီ။ မီးဖိုထဲတွင် ရေနွေးအိုးတည်ရန် မီးမွှေးနေဆဲဖြစ်သည်။ ဒေါ်ရွှေအိမ်သည်



ခမည်းခမက်အား မသက်ာပါ။ လမ်းလျှောက်ရင်း မျက်နှာသုတ်လျက် မယ်ကြွယ်စိုးထံ အသော့လာသည်။ 'ဘာဖြစ်လို့လဲ' ဟု မျက်လုံးအကြည့်ဖြင့် မေးတော့မှ မယ်ကြွယ်စိုးက အနားသို့ကပ်လာပြီး တီးတိုးပြော၏။

"ရှင်ဥပဂုတ်ဖောင်တော် ပျက်လို့တဲ့။ ရေမျောသစ်ပင်က ဝင်ဆောင့်တာ"

ဒေါ်ရွှေအိမ်သည် ရင်ကို လက်ဖြင့်ဖိ၏။ ဖောင်တော်တွင် အရဏ် ဆွမ်းကပ်ရန် ဦးကြွက်နီလည်း သွားနေသည်။ သူပင် ပြန်မရောက်သေး။ ကမ်းမှခွာသွားသော ဖောင်တော်ပေါ်သို့ ဦးကြွက်နီ လိုက်ပါသွားဖွယ် မရှိ။ သို့ရာတွင် သည်ကိစ္စ၌ မပါလျှင် မဖြစ်သော မောင်ဆေးရိုးကား ကမ်းမှခွာသွားသော ဖောင်တော်ပေါ်၌ ရှိလျှင် ရှိ၊ မရှိခဲ့သော် ဖောင်တော်ကို ရေလယ်သို့ ဆွဲထုတ်နေသည့် လူအုပ်ထဲ၌ မုချ ပါရမည်။

ကနားဖျင်းထဲတွင် ခြေချစရာမရှိအောင် ပြည့်နှက်နေမြဲ အိုးများ တစ်လုံးမျှ မရှိချေ။ အိုးထိန်း 'စက်ပျဉ်' ဘေး မြေပုဘေးတွင် အိုးပျက် သုံးလုံးရှိသည်။ ခြံစည်းရိုးဘက်သို့ လှမ်းကြည့်လိုက်သောအခါ ရွံ့နှင့် အမှော်ကြေးများဖြင့် ဖုံးပိတ်ထားသော အိုးဖုံးကို မြင်ရသည်။

အိမ်ဝိုင်းထဲသို့ လူတစ်ယောက် ဝင်လာသည်ကို [illegible] ဒေါ်ရွှေအိမ် လည်ပင်း ရှည်ကြည့်၏။ [illegible] ဆွမ်းကပ်ရန် သွားသော ဦးကြွက်နီဖြစ်သည်။ သူက [illegible] ဖောက်သည် ချရန် ဒေါ်ရွှေအိမ်ကို ရှာဖွေ၏။ [illegible] မတွေ့သည့်အတွက် ခြေရင်းအိမ်သို့ လှမ်းကြည့်၏။

သမီး၏အိမ်တွင် မအေရော ယောက္ခမပါ ရောက်နေကြသည်။ သတင်းဆိုးကို ကြားချိန်တွင် သမီးကို စောင့်ရှောက်ဖေးမရန် ရောက်နေကြခြင်းဖြစ်သည်။ သတင်းကို ထိမ်ချန်ထား၍ မဖြစ်။

"သမီးရေ ညည့်အမေနဲ့ ညည့်ယောက္ခမက ဘာလာလုပ်ကြတာတဲ့း"

လှမ်းမေးရင်း ဦးကြွက်နီ ကူးလာသည်။

"အမေနဲ့ အရီးရောက်နေတာ အဖေပြောမှ ကျုပ် သိသတော့"

ကြီးဒန်သည် တအံ့တသြပြောရင်း မီးဖိုထဲမှ ထွက်လာသည်။

"ဆေးရိုးတို့ရဲ့ ရှင်ဥပဂုတ်ဖောင်တော် ကမ်းကအစွာမှာ ရေထဲ မျောလာတဲ့ သစ်ပင်နဲ့ တိုက်မိလို့တဲ့ သမီးရဲ့"

ဒေါ်ရွှေအိမ်နှင့် မယ်ကြွယ်စိုးတို့ ထရပ်မိကြသည်။ သို့သော် ကြီးဒန်သည် ထိတ်လန့်တုန်လှုပ်ဟန် မပြ။ "ဘယ်သူတွေ ဘာဖြစ်သွားကြသေးသတဲ့ အဖေ" ဟု အေးဆေးစွာ ပြန်မေးသည်။

ဖောင်တော်ကို ရေလယ်ရောက်အောင် တွန်းတဲ့ ဆွဲတဲ့လူတွေ ဖောင်တော်အပျက်အစီးတွေနဲ့အတူ ရေထဲ ပါကုန်တာပေါ့။ လူနှစ်ဆယ် လောက်မှာ ငါးယောက်ပဲ ကမ်းကို ပြန်ကူးလာတာ တွေ့တယ် သမီး"

မယ်ကြွယ်စိုးနှင့် ဒေါ်ရွှေအိမ်သည် ကြီးဒန်ဘေးသို့ မသိမသာ ချဉ်းကပ်လာကြသည်။ သူတို့၏သမီးမှာ မျက်နှာ မပြောင်သေးငြား သွေးနုသားနုဖြစ်နေပြီဟု ယုံကြည်နေသောကြောင့်ဖြစ်သည်။

"အင်းလေ ရေစီးနဲ့ မျောပါသွားပြီး အောက်ဆိပ်တွေကျမှ ကမ်းပေါ်တက်ပြီး ပြန်လာကြမှာပေါ့။ ဘယ်မှာ ချက်ချင်း လူစုံနိုင်ပါ့မလဲ"

သည်စကားကြောင့် ဒေါ်ရွှေအိမ်တို့မှာ ကြီးဒန်အား စိတ်ထဲက ကျိတ်ပြီး ချီးမွမ်းရသည်။ သည်နယ် အကျိုးသင့်အကြောင်းသင့် စဉ်းစား ဆင်ခြင်တတ်သူမှာ အရှားသားကလား။

ကြီးဒန်ပြောသည့်အတိုင်း ညနေစောင်းတွင် လူ ငါးယောက် ပြန်ရောက်လာကြသည်။ ထိုသူများမှာ ရေသာခိုပြီးလိုက်သွားရာ ရေက



နတ်စင်ရွာသောင်ပေါ်သို့ ထိုးတင်ပေးသဖြင့် ပြန်ရောက်လာသူများဖြစ်ကြ၏။ ကျန်သောတစ်ကျိပ်တွင် မောင်ဆေးရိုးပါသည်။ မောင်ဆေးရိုးတို့ ဖောင်တော်ပင့်သည်ကို မလိုတမာပြောသော ဦးဘရီလည်းပါသည်။ သို့သော် နောက်နှစ်ရက်အကြာတွင် ထိုဦးဘရီနှင့် ပိတ်စ၊ အောင်မြတို့ ပြန်ရောက်လာကြ၏။

သူတို့ကား ရေသာခိုသူများမဟုတ်။ ရေစီးအား လျော့သွားလိုက်၊ ကမ်းသို့ကူးခတ်လျက်က ရေစီးထဲသို့ ပါသွားလိုက်ဖြင့် ဧရာဝတီမြစ် ထဲသို့ ပါသွားကြ၏။ မြစ်ပြင်ကျယ်ကြီးထဲသို့ရောက်သောအခါ မျောင်း ထဲကနည်းတူ ပေါ့လျော့သောစိတ်ထား၍ မရတော့ပါ။ ဆွဲမိဆွဲရာ တွယ်မိ တွယ်ရာများကို တွယ်လျက် မျောလာကြရာ ဓနိကျွန်းရွာမှ မြက်ရိတ်ပြီး ပြန်လာသောလှေက ကယ်ဆယ်သည့်အတွက် ပြန်ရောက်လာခြင်းဖြစ်သည်။

ခုနစ်ယောက် ကျန်သေးသည်။ နောက်နှစ်ရက်အကြာတွင် မြတ်သာကျော်နှင့် ထွန်းအံ့၊ ငပုတို့ ပြန်ရောက်လာကြသည်။ သူတို့မှ 'တောင်ပုလု' ရွာသားများ တံငါများက ဧရာဝတီမြစ်လယ်ခေါင်တွင် ကယ်ဆယ်ခြင်းဖြစ်သည်။ ထွန်းအံ့နှင့် ငပု မကျန်းမာသောကြောင့် ရွာသို့ ခေါ်သွားပြီး ဆေးဝါးကုသပေးပြီးမှ [illegible] လှေဖြင့် လိုက်လံပို့ပေးခြင်းဖြစ်သည်။ [illegible] သည်အထဲ၌ မောင်ဆေးရိုး [illegible] သည်လေးယောက်ကို တစ်ရွာလုံးက မျှော်သည်။ မောင်ဆေးရိုးကို သနားစိတ်ဖက်လျက် တစ်ရွာလုံးက မျှော်သည်။ အကြောင်းသော်ကား သူ့မယား [illegible] ဖွားလုအချိန်သို့ ရောက်လုနေသောကြောင့် [illegible]။

ရက်များ [illegible] မယ်ကြွယ်စိုးမှာ သား ဖြစ်သူ သေဆုံး[illegible]ရအခက် ဖြစ်နေသည်။

ကိုင်း ဆွမ်းသွတ်ရတော့မည်။ ထိုသို့
ဲ့အောင် ညှဉ်းပန်းနှိပ်စက်ရာရောက်ချေ
ပည်။ ခမည်းခမက်များဖြစ်ကြသော
ကိုင်ပင်၏။ အဖြေမပေးတတ်ကြ။
ကြီးသည်ပင်လျှင် တစ်စုံတစ်ရာ

ဆေးရိုးမှာ မသေပါ။ ဝေးဝေးလံလံ
ကျ် မြုပ်နေခြင်းဖြစ်၏။ ရှင်ဥပဂုတ်
ရိုးမှာ သစ်ကိုင်းနှင့် အထိုးခံရသဖြင့်
။ သူ ရေပေါ်သို့ ပြန်ရောက်ချိန်ဝယ်
မရှိတော့ပါ။ ရမ်းဘိုကုန်းရွာလည်း
ကြောင်းအတိုင်း မျှောပြီးလိုက်သွားလျှင်
ဆေးရိုးကြားဖူး၏။ လက်တွေ့တွင်ကား
သည် အဆက်မပြတ် ရိုက်ပုတ်နေ၏။
သယ်ဆောင်သွားသည်။ မောင်ဆေးရိုး
စီးကြောင်းတစ်ခုသည် လက်ဝဲဘက်သို့
ရိုး မျှော်ကြည့်သည်။ အုတ် အင်္ဂတေဖြင့်
ပျက်ဖြစ်သည်။ ရေစွယ်သည် သင်္ဘော
နေ၏။ ရေအောက်မြေပြင်ကို ထောက်မိ
ကို ထောက်မိခြင်းလော မောင်ဆေးရိုး
အားလန့်အားစိတ်ဖြင့် ညာဘက် ရေစွယ်
ည်။ ညာဘက်ရေကြောင်းသည် ဥယျာဉ်တွေ
တစ်မြို့ကိုဖြတ်သန်းချိန်၌ မောင်ဆေးရိုး



အော်ဟစ်ကြည့်သည်။ သူ့အသံက လှိုင်းသံကို မလွှားနိုင်။ အကူအညီတောင်း၍မရလျှင်လည်း ရှိစေတော့။ ကိုယ်တိုင်ကူးခတ်မည်။

လှိုင်းပုတ်အားနှင့် ရေစီးအားကို မောင်ဆေးရိုး အနိုင်မရပါ။ မြစ်ပြင်ကြီးကို လှမ်းမြင်ချိန်၌ ထိတ်ခနဲ ခံစားရ၏။

'မြစ်ထဲမှာပဲ ဓာတ်သိမ်းတော့မှာလား။ မမွေးသေးတဲ့ကလေးမျက်နှာကို မြင်တွေ့ခွင့် မရှိတော့ပြီလော'

အားငယ်စိတ်ကို ချိုးနှိမ်ပစ်သည်။ ရေစီးကြောင်း၏ဘေးမှာ မျောပါလာသော သစ်တုံးကို ပြေးဖက်လိုက်သည်။ လူ၏ဖိအား၊ ဖက်အားကြောင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်သွားသည်။ တစ်ပြိုင်နက်တည်းပင် မောင်ဆေးရိုးမှာ ရေအောက်သို့ နစ်မြုပ်သွားသည်။ လက်ဝါးဖြင့် ရေကို ဖိလျက်၊ ဆောင့်ခုန်သည်။ မောင်ဆေးရိုး ပြန်တက်လာသည်။ မြစ်ပြင်တွင် မိုးဖွဲကျနေသည်။ ဝါးလုံးတစ်လုံးက မောင်ဆေးရိုး၏ပခုံးကို ထိုးသည်။ မောင်ဆေးရိုး ဖက်ထားလိုက်သည်။ ဝါးလုံးရော လူပါ မြုပ်သွားပြီးမှ ပေါ်လာပြန်သည်။ မောင်ဆေးရိုးသည် ဝါးလုံးကိုခွထားပြီး ကူးခတ်သည်။

ရေစီးအား လွတ်သောနေရာသို့ ရောက်လာငြား မောင်ဆေးရိုးမှာ ကမ်းပေါ်သို့ မတက်နိုင်ပါ။ ကိုင်းတောကြီးသည် ရွှံ့ပြင်ကြီးကို ဖုံးအုပ်နေ၏။ ကိုင်းတောကို တိုးဝင်သည်ထား၊ ရွှံ့ပြင်ကြီးထဲကိုပင် မောင်ဆေးရိုး မဆင်းဝံ့။ မည်မျှနစ်မည် ကျွံမည်ကို ကြိုမသိနိုင်သို့ဖြစ်သောကြောင့် မောင်ဆေးရိုးမှာ ရေငြိမ်ထဲတွင် မျောနေရ၏။ တစ်နာရီခန့် မျောနေပြီးမှ လှည်းလမ်းတစ်ခုကို လှမ်းမြင်ရသည်။ မြစ်ရေကျချိန် သောင်ပေါ်သည့်အခါများ၌ သစ်ဝါးတိုက်သည့်လမ်း၊ ရေစည်လှည်း ဆင်းတက်သည့်လမ်း ဖြစ်နိုင်သည်။ ယခုသော်ကား လှေငယ်တစ်စင်းသော်မျှ မမြင်ရ။

"ငါမသေတော့ဘူးဟေ့"

မောင်ဆေးရိုး ဝမ်းသာသွားငြား၊ ဆာလောင်မွတ်သိပ်ခြင်း၊ ခိုက်ခိုက်တုန် ချမ်းစိမ့်ခြင်းတို့က နှိပ်စက်ချေပြီ။ အရပ်လေးမျက်နှာသို့ မျှော်ကြည့်သည်။ လူရိပ်လူယောင်သော်မျှ မတွေ့ရ။ တောကြီးမျက်မည်းဖြစ်သော ဤနေရာ၌ ရွာတစ်ရွာ သို့မဟုတ် ယာတဲတစ်တဲကား မုချတွေ့ရမည်။ [illegible] လိုက်လာရာ နေမဝင်မီ နောက်ကြောင်းသို့ ပြန်လှည့်ခဲ့ရသည်။ လှည်းလမ်းမှာ ကြာလေ ဖွက်ထုလေဖြင့် တစ်မိုင်ခန့် သွားမိချိန်တွင် လူသော်မျှသွား၍မရအောင် ဆိုးရွားနေသောကြောင့်ပေတည်း။

ထိုနေ့ည မောင်ဆေးရိုး ညစာလွတ်သည်။ သစ်ပင်ခွဆုံတစ်ခုတွင် တက်ရောက်အိပ်စက်ရင်း 'နံနက်စာ ဘာစားခဲ့မိပါလိမ့်' စဉ်းစားသည်။ ဖောင်တော်ဆိပ်ကမ်းမှ မခွာမီတွင် ကောက်ညှင်းပေါင်းကို အပြေးအလွှား စားခဲ့ရကြောင်း သတိရသည်။ မောင်ဆေးရိုးမှာ 'ခွေးအ'များ၏အန္တရာယ်မှ စိတ်ချရအောင် သစ်ပင်ပေါ်သို့ တက်ရောက်အိပ်စက်ရငြား ပျော်သည် [illegible] ကာစ်ဖြောင်း၊ သစ်ပင်ပေါ်မှ လိမ့်ကျမည်ကို စိုးရိမ်သည်။ ထို့ပြင် အဖျားလည်း ဝင်နေခဲ့ပြီ။

'ချောင်းထဲ မြစ်ထဲမှာ ရေနစ်လို့မသေ၊ ကုန်းပေါ်ကျမှ သေမှာထင်ပါရဲ့'

မောင်ဆေးရိုး စိတ်လျှော့မိမတတ် ခံစားရသည်။ သို့ရာတွင် [illegible] ကကလေးတွေ အိပ်တန်းတက်ကြစဉ် မီးခိုးနံ့ရသည်။ မောင်ဆေးရိုး၏ [illegible] တွေ ပြန်လည်ဝင်ရောက်လာကြသည်။ ထိုခွန်အားဖြင့် သစ်ပင်ပေါ်မှဆင်းပြီး မီးခိုးထွက်ရာ အရပ်သို့ လိုက်ခဲ့၏။

မောင်ဆေးရိုးသည် ဧရာဝတီမြစ်အတွင်းရှိ ကျွန်းကြီး တစ်ကျွန်းပေါ်သို့ ရောက်နေခြင်းဖြစ်၏။ တပေါင်း တန်ခူးသို့ရောက်မှ ခြောက်



သွေ့သော ကျွန်းဖြစ်သဖြင့် ကိုင်းသမား၊ ကျွန်းသမား မရှိခြင်းဖြစ်၏။ မီးခိုးကို အနံ့ခံပြီး မောင်ဆေးရိုး လိုက်လာသောနေရာသည် တံငါတဲ တစ်တဲမျှသာဖြစ်သည်။ ငါးဆင်းဖမ်းစဉ် ခဏတစ်ဖြုတ် နားခိုရန် ဆောက်ထားသော တဲမျိုးမဟုတ်။ တံငါမိသားစုတစ်စုလုံး အခြေချ နေထိုင်သော တဲဖြစ်သည်။ တံငါသည် လင်မယားတွင် ကလေးနှစ်ယောက် ရှိသည်။ စောင်နှစ်ထည်ရှိသည့်အနက် မောင်ဆေးရိုးအား စောင်တစ်ထည် ပေးသည်။ ထမင်းကျွေးသည်။ ဆေးဝါးမရှိ။ သို့ကြောင့် မောင်ဆေးရိုး၏ အဖျားရောဂါကို ကုသပေးနိုင်ခြင်း မရှိပေ။

သက်ရှိသတ္တဝါတို့သည် မီးကို ပူမှန်းသိသဖြင့် ကြောက်ရွံ့၏။ ဆူးသည် စူး၏။ ထို့ကြောင့် ဆူးကို ရှောင်ကြဉ်ကြ၏။ သို့ရာတွင် သေဖူးသော အတွေ့အကြုံ မရှိပါဘဲလျက် သေရမည်ကို ကြောက်ရွံ့ကြ၏။

မောင်ဆေးရိုးသည် သေမှာ ကြောက်၏။ သေမှာ ကြောက်သောကြောင့် ရေနစ်မသေစေရန် ကြိုးစားခဲ့၏။ အိပ်ပျော်နေခိုက်၌ ခွေးအတွေ သတ်စားသည်ကို ခံရမည်စိုးသောကြောင့် သစ်ပင်ပေါ် တက်ပြီး အိပ်ခဲ့၏။ ယခုလည်း အသက်ရှင်ရေးအတွက် ကယ်ဆယ်နိုင်မည့်သူ၊ ကူညီနိုင်မည့်သူများထံ လာခဲ့၏။ တံငါသည်မိသားစု လေးယောက်နှင့်တွေ့စက တက်ကြွခဲ့သော မောင်ဆေးရိုး၏ အားငယ်မှုသည် လုံးဝ ပျောက်ကွယ်သွားပြီ။

ရေနံတွင်းများတွင်ရှိဟတ်သော စင်များကို တစ်ဖက်ကမ်းတွင် ရေးရေးမြင်ရ၏။

"အဲဒါ ရေနံချောင်းမဟုတ်လား"

ချောက်၊ လမ်းရွာတို့ကား မဖြစ်နိုင်။ ရေနံချောင်းမှ ဖြစ်နိုင်မြောင်း၏ ဟု စုံစမ်း၏။ မသိကြချေ။ မောင်ဆေးရိုး မေးမြန်းစုံစမ်းသမျှ

သူတို့ မသိသည်က များသည်။ မောင်ဆေးရိုးသည် အသက်ရှင်ရန် ကြိုးစား မိသမျှ မှားသည်ဟု ထင်မြင်လာတော့သည်။ သို့ရာတွင် မောင်ဆေးရိုး သည် သစ်ခေါက်တွေ၊ သစ်ရွက်တွေကို ပြုတ်ပြီးသောက်ရင်းဖြင့် ကျန်းမာ လာသည်။ ကျွန်း၏ကမ်းစပ်သို့ထွက်ကာ တံငါလှေ၊ ကူးတို့လှေများကို စုံစမ်းသည်။ တွေ့သည်။ တစ်ဖက်ကမ်းသည် ရေနံချောင်းမြို့ဖြစ်ကြောင်း သိရသောအခါ အစ်ကိုထွန်းကားသည် ခြောက်သွေ့နေသော သတိ အိမ်၌ ဘွားခနဲပေါ်လာ၏။

သို့သော် မြင်နေရသောနေရာသို့ ခေါ်ဆောင်သွားမည့်သူ မရှိချေ။ မောင်ဆေးရိုးသည် ထိုင်ပြီး မှိုင်မနေပေ။ မနေအပ်သော ရပ်ပြစ် ရှစ်ပါးမှ အမြန်လွတ်အောင် ကြိုးစားသောအားဖြင့် ကျွန်း၏အနောက်ဘက် ကမ်းသို့ လာခဲ့ပြန်သည်။ သစ်တုံးတစ်တုံးကို တွေ့သည်။ တက်ခွပြီး လက်ဖြင့်ယက်သည်။ ဤသို့ဖြင့် ကုန်းပေါ်သို့ ရောက်ခဲ့သည်။ အသိအကျွမ်း မရှိငြား မောင်ဆေးရိုး မပူပန်ပါ။ ကြေးစည်သံ၊ ခေါင်းလောင်းသံ ကြားရသောကြောင့်ဖြစ်သည်။ ဘုန်းတော်ကြီးကျောင်းအချို့သည် ဆွမ်း ဘုဉ်းပေးခါနီး၌ ခေါင်းလောင်းထိုးသည်။ အချို့ကျောင်းများကား ဆွမ်း ကိစ္စပြီးမှ ခေါင်းလောင်းထိုးသည်။ ဤခေါင်းလောင်းကို ဆွမ်းစား ခေါင်းလောင်းဟု ခေါ်၏။ ခေါင်းလောင်းဟု ခေါ်တွင်စေကာမူ ကြေးစည် လည်း ရိုက်၏။ ထိုးစည်လည်း ထိုး၏။

မည်သည့်အတွက် ဆွမ်းစားခေါင်းလောင်းထိုးရသနည်း။

ထမင်းထုပ်လည်းမပါ၊ ရွာသို့လည်း ထမင်းစားချိန်အမီ မသွား နိုင်သူများ ပြေးဝင် ခိုကိုးနိုင်ရန် ဖြစ်သည်။ ထမင်းစားချိန်၌ ဆိုက်ရောက် လာသော အာဂန္တုများအား ထမင်းကိစ္စ ပြီး မပြီး စုံစမ်းကြသည်။ မစားရသေးကြောင်းသိလျှင်သိချင်း ထမင်းကျွေးရန် ပြင်ဆင်ကြသည်။



ထမင်းမရှိပါက အခြားအစားအစာများကို ချကျွေးသည်။ မြန်မာတို့၏ မြင့်မြတ်သော ထိုဓလေ့ကို သတိရသည့်ခဏ၌ မောင်ဆေးရိုးသည် လောကကြီးကို ချဉ်းကပ်ရန် ပြင်ဆင်တော့၏။ သူသည် ဤနည်းဖြင့် သူရောက်ရှိရာနေရာကို သိရပြီး ရမ်းဘိုကုန်းသို့ ပြန်ရမည့် လမ်းခရီး ကိုလည်း သိရပေပြီ။

ပွင့်ဖြူမြို့ တစ်ဖက်ကမ်း မုန်းချောင်းဘေးရှိ ရွာတစ်ရွာသို့ အရောက်တွင် မောင်ဆေးရိုးသည် ကျီးဒန်အား သတိရ၏။ ရရခြင်း အကြောင်းမှာ ရမ်းဘိုကုန်းသို့ မချရောက်မည့် လမ်းပေါ်၌ ရပ်မိနေ သောကြောင့်ပေတည်း။

ရမ်းဘိုကုန်းရွာနှင့် တစ်နေ့ပြင်းပြင်း ခရီးမျှသာဝေးငြား မောင်ဆေးရိုး မသွားနိုင်ပါ။ လှည်းကြုံတွေ့လျှင် လှည်းစီး။ လှည်းကြုံ မတွေ့လျှင် ခြေကျင်လျှောက်ခြင်းဖြင့် ခရီးနှင်ခဲ့ရာ နေဝင်ရီတရော၌ ပရပိုက်တန်းသို့ ရောက်သည်။ တစ်နေ့လုံး အုံ့ပြပြလုပ်နေခဲ့သော မိုးသည် လေနှင့်အတူ သွန်ချလာ၏။ မောင်ဆေးရိုး ရေတွင်းအနီးရှိ ဇရပ်သို့ ပြေးဝင်၏။

'ကျီးဒန်တို့ အမေတို့ နေထိုင်မှ ကောင်းကြပါလေစ'

ဇရပ်အလယ် ခေါင်တိုင်ကို မှီပြီး အမောဖြေနေစဉ် မိုးတိတ် သွား၏။ မောင်ဆေးရိုး ဇရပ်ပေါ်မှ ပြေးဆင်းသည်။ ရွာသို့ အပြေး တစ်ပိုင်း လာသည်။ တောင်တံခါးသို့အရောက်တွင် တံခါးဝ၌ရပ်ငြိုး စဉ်းစားသည်။

'သည်အချိန် အလယ်တံခါးပိတ်ကြိုလား၊ မပိတ်သေးဘူး'

ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်တို့ အိမ်အဖြစ်ဖြစ်သော မိမိတို့အိမ် ဂေဟာသည် အလယ်တံခါးနှင့် နီး၏။ သည်းလိုက်ဖွဲလိုက် မိုးထဲသို့

မောင်ဆေးရိုး ပြေးဝင်ခဲ့သည်။ အိမ်ကြီးပေါ်တွင် မှောင်ပိန်းနေပြီး၊ အဖီကလေးတွင် မီးလင်းနေ၏။ အမိုးယပ်အောက်တွင်ကား မီးဖိုတစ်ခုနှင့် လူအများကို မြင်ရသည်။ မောင်ဆေးရိုးမှာ ရင်ထဲ၌ ထိတ်ခနဲဖြစ်သွား၏။

"ဖွဟဲ့၊ လွဲပါစေ ဖယ်ပါစေ။ ကျီးဒန် ဘာမှုမဖြစ်ပါစေနဲ့"

ရွှဲရွှဲစိုနေသော ကိုယ်ကို မီးဖိုဘေးသို့ ပို့ချင်းပြီး၊ မောင်ဆေးရိုးသည် အိမ်တံခါးဝ၌ ပြေးရပ်မိ၏။

ထိုသို့ မောင်ဆေးရိုး ပြေးရပ်ချိန်ဝယ်

"အမယ်လေး အမေရဲ့"

ကျီးဒန်၏အော်သံနှင့် ကလေးငိုသံတို့ ပြိုင်တူပေါ်လာသည်။ မောင်ဆေးရိုး၏ ရိုးတွင်းခြင်ဆီများ ပြိုကျလာသည်။

"ဒါ ဒါ ကျီးဒန်ကမွေးတာ၊ ငါ့ကလေး"

"ဟင် ဆေးရိုး၊ ကျီးဒန်ရေ သမီးရေ၊ ညည့်ယောက်ျား ပြန်ရောက်နေပါပြီကော"

ဒေါ်ရွှေအိမ်၏အော်သံအဆုံးတွင် ဦးစွာရောက်လာသူမှာ မယ်ကြွယ်စိုးဖြစ်သည်။ 'ဟဲ့လူလေး၊ မသေကောင်းမပျောက်ကောင်း' ဟုဆိုကာပွေ့သည်။ သမီးမယ်မျှင်အား အကျႌ ပုဆိုး လဲပေးရန် အော်ပြောသည်။

ကျီးဒန်သည် 'နမ်းထုပ်' ကို နဖူးခေါင်းဝ၌ တေ့ထားရာက ခေါင်းထောင်၏။

"ဘာတဲ့လဲ ဟင်"

"ညည့်ယောက်ျားရယ်တော့"

"ဟင် တကယ်၊ အခုဘယ်မှာလဲ"

"မီးနေခန်းဝမှာပေါ့ ဟဲ့"



ငွေသော့နှင့် မိဖော့၊ မယ်သုန်၊ ရွှေသစ်တို့က တစ်ယောက်တစ်ပေါက် ပြောနေစဉ် ဝမ်းဆွဲဒေါ်အေးက မွေးကင်းစ ကလေးကို မောင်ဆေးရိုးရှေ့သို့ ယူလာ၏။

"သမီး မိန်းကလေးဟဲ့"

မောင်ဆေးရိုးမှာ တစ်စုံတစ်ရာ မပြောတတ်။ ဟီးဟီးဟီး ဟူ၍သာ အခြောက်တိုက် ရယ်ပြလိုက်ရလေ၏။

"ထွားလိုက်တဲ့ ကလေးတော်"

"ပိတ်ထားတဲ့အိုးဖိုကို ကျုပ် မလုပ်တတ်လုပ်တတ်နဲ့ ဖွင့်ထားလိုက်လို့ အခုလို ချောချောမောမောမွေးတာ"

တစ်ယောက်တစ်ပေါက် ပြောစကားကို နားထောင်ပြီး 'အိုးဖိုတောင် မဖော်ရသေးပါကလား' ဟု ရေမချော့မိကား ပြုံးနေသည်ကို မောင်ဆေးရိုး အမှတ်ထင်ထင် သတိရလာလေ၏။

မောင်ဆေးရိုးမှာ သူပြန်ရောက်လာသည့်အတွက် ဝမ်းသာအားရ နှုတ်ဆက်သော အသံများနှင့် မွေးကင်းစ သမီးငယ်၏ အသံပြကြီးကို နားထောင်ရင်း တံငါမိသားစုလေးဦး၏တဲထဲတွင် ဖြစ်ပေါ်ခဲ့သော စိတ်များကို မေ့လျော့နေလေ၏။

*

မအေးညွန့်၊ မဓာညွန့်တို့ ညီအစ်မသည် ကျီးဒန်အား စိတ်ချလက်ချ လက်လွှတ်လိုက်လေပြီ။ ကျီးဒန်သည် 'အိုးထိန်းစက်' လှည့်သည်ကအစ ပန်းတင်သည်အထိ ကျွမ်းကျင်ပိုင်နိုင်နေပြီ။ မောင်ဆေးရိုးမှာလည်း မြေတူးမြေနင်းအစ အိုးဖော် လှည်းတင်အထိ မဓာညွန့်တို့ မပါဘဲ လုပ်တတ်နေပြီ။

နံနက် အရုဏ်တက်တွင် ထွန်သန့်ဦးနှင့် မြေကြီးခြစ်သံသာ ရှိခဲ့သော ရမ်းဘိုကုန်းရွာတွင် ယခု အိုးပုတ်သံ ကြားရသည်။ ကျီးအာသံ၊

ကြက်တွန်သံသာ လွှမ်းမိုးခဲ့သော ရမ်းဘိုကုန်း၏နေ့လယ်ခင်းကို အိုးပုတ်သံက ကြီးစိုးသည်။

မအေးညွန့်၊ မစာညွန့်တို့ထံမှ ကျီးဒန်တစ်ယောက်တည်း သင်ယူခဲ့သော အိုးလုပ်ငန်းသည် ရမ်းဘိုကုန်းရွာတွင်း၌ ပျံ့နှံ့နေပြီ။ ကျီးဒန်အပြင် အိုးထိန်းသည် ငါးဦး ရှိနေပြီ။ သို့ကြောင့် တစ်ဦးမဟုတ် တစ်ဦး ထပုတ်နေသောကြောင့် အိုးပုတ်သံကို မပြတ်ကြားရခြင်းဖြစ်၏။

ကောက်လှိုင်းတွေ တလင်းထဲသို့ အကုန်အစင် ရောက်ပြီဖြစ်ငြား တလင်းထဲသို့ ကျီးဒန် မလိုက်နိုင်။ 'ကလေးကို လေတိုက်လိမ့်မယ်၊ မလိုက်နဲ့' ဟု ဒေါ်ရွှေအိမ်က တားမြစ်သဖြင့် ဖြစ်သည်။ အကယ်၍ ဒေါ်ရွှေအိမ်က မတားမြစ်စေဦး၊ ကျီးဒန် မလိုက်နိုင်ပါ။ တလင်းထဲသို့ ကျီးဒန်လိုက်သွားလျှင် သူ့အိုးတွေကို မည်သူလာပြီး ပုတ်ပါမည်နည်း။

ကျီးဒန်သည် လင်အတွက်၊ သမီးအတွက် ပူစောင့်ပူပန်ရှိတတ်၏။ သို့ရာတွင် သူ့အိုးတွေကြားသို့ရောက်သွားလျှင် လင်မေ့ သမီးမေ့ ဖြစ်တတ်၏။ သမီးမှာ သဘောကောင်းဖြစ်သောကြောင့် ဘွားအေက ဂရုစိုက်၏။ ယခုလည်း ကလေးကို ဘွားအေချီသွားခိုက် လုပ်လိုက်ဦးမှ ဟု အဖိဘောရှိ ကနားဖျင်းထဲ ဆင်းလိုက်၏။ ထိုင်လျှင်ထိုင်ချင်း အိုး ငါးလုံးနှင့် တန်းတိုးသည်။ နေထပ်ပြရန် မလို။ အနေတော် အိုးတွေ။ အိုးဘေးတွင် ကျီးဒန် ထိုင်သည်။ လက်ခတ်အိုးထဲမှ လက်ခတ်ကြီးကို ဆွဲထုတ်သည်။ အပတ်ကိုင်သော လက်ကို အိုးအခေါင်းထဲသို့ သွင်းသည်။ လက်ခတ်အဖျားကို ရေဆွတ်သည်။ ရေပြင်ကို ပြင်းထန်စွာရိုက်ပုတ်သော အသံ၊ ပတ်မသံ၊ အိုးစည်သံ။ ဖင်မရှိ၊ တိုးလျှိုပေါက်နေသော အိုးကြီး။ ထူးလပိန်း မဟုတ်တော့။ ပါးသွားပြီ။ တိုးလျှိုပေါက်လည်း ပိတ်သွားပြီ။ စိတ်ထဲက မကြာလိုက်ဟုထင်ရငြား အမေနှင့် သမီးတို့ တလင်းတိုက်ထဲမှ



ပြန်လာကြသည်။ ပြန်လာသံသာကြားရ၏။ ကလေးသည် အမေထံသို့ ရောက်မလာသေး။

ကျီးဒန် လှမ်းကြည့်သည်။ ခပ်အိုင့်အိုင့် အိုးလေးတွေဖြစ်သည်။ ပန်းမသွင်းရသေး။ 'အိုင့်' သောကြောင့် ဟင်းအိုးလုပ်မည်။

အိုးများဘေးသို့ ကျီးဒန် ရွှေ့သည်။ ပန်းလက်ခတ်နှစ်ချောင်းနှင့် အချိတ်ဆင် နှစ်ချောင်းကို လက်ခတ်အိုးထဲက ဆွဲထုတ်သည်။ အတွင်းမှ အဝတ်ဖြင့် ခုကာခုကာ နေရာပြောင်းပေးပြီး လက်ခတ်အချောဖြင့် နေရာအနှံ့ခတ်ပြီးနောက် ကျီးဒန်သည် ပန်းခက်များကို နှုတ်ခမ်းအောက်၌ ရိုက်သည်။ သည့်အောက်မှ ပန်းပွင့်များ။ အချိပ်များ။

ကျီးဒန်သည် ပန်းပင်တွေ၊ ပန်းနွယ်တွေ၊ ပန်းပွင့်တွေကြားသို့ ရောက်သွားသည်ဟု ထင်၏။ အနွယ်၊ အခက်၊ [illegible] သကဲ့သို့ တစ်ချက်ချင်း ဂရုတစိုက် ရိုက်ရသည်။

"အစ်မကြီး ကျုပ် ဘာကူရဦးမလဲ"

ကျီးဒန်၏အောက် ဘမင်း၊ ဘဝင်း နှစ်ယောက်ရှိသည့်အနက် အကြီးကောင် ဘမင်းဖြစ်သည်။ သျှောင်ထုံးကို ပန်းစည်း[illegible] စည်းကာ သပ်သပ်ရပ်ရပ်ဖုံးထားသည်။

"ပန်းရိုက်ပြီးသား ဟင်းအိုးတွေကို နေ[illegible]။ ဒါပေမဲ့ နေပါစေတော့ဟယ်၊ သူလာမှပဲ"

"အမယ်လေးဗျာ၊ အိုးကို နေပြတာပဲ"

ဘမင်းက အိုးများတင်ထားသော ပျဉ်ပြားကို မရန် ခါးကုန်းသည်။

"မလုပ်နဲ့ဆို မလုပ်နဲ့"

အသံမာမာဖြင့် ဘမင်း အံ့အားတသင့် ဖြစ်ရ၏။

"အစ်မကြီးကလဲဗျာ၊ ကျုပ်က အကောင်းကူညီတာ"

"ကူညီတာတော့ ဟုတ်ပါရဲ့၊ အိုးတွေ ပျဉ်ပြားပေါ်က လိမ့်ကျကုန်ရင် ဘယ့်နှယ့်လုပ်မတုံး။ အဲသည်ပျဉ်ပြားနဲ့ တခြားအိုးတွေကို ထိုးမိတော့ကော၊ မတော်လို့ပါဆိုတာနဲ့ ပြီးရော"

"ဒါဖြင့်လဲ မလုပ်တော့ပါဘူးဗျာ။ ဒါလောက် စိုးရိမ်သောကဗျာပါဒတွေ များနေမှဖြင့်"

ဘမင်းသည် ပြောပြောဆိုဆိုဖြင့် အစ်မဘေးသို့ လာထိုင်သည်။ ပွဲကြည့်ရန် ဆိုင်းပွဲသွားရန် မုန့်ဖိုးတောင်းတော့မည်လော။ ကျီးဒန်မှာ ပန်းလက်ခတ်ဖြင့် ပန်းပုံရိုက်နေရငြား နားတစွင့်စွင့်။

"အစ်မရဲ့ယောက်မ မယ်မျှင်က လုတယ်နော် အစ်မ"

"သည်အရွယ်က လုတဲ့အရွယ်ကို ဟဲ့"

အလိုက်သင့်ပြန်ပြောပြီးမှ ကျီးဒန် မျက်နှာကြော တင်းလိုက်၏။

"သူ့ဘာသာသူ လုတာ နင့်အလုပ်လား"

"ကျုပ် ကြိုက်တယ်ဗျာ"

"အလိုလေးတော်"

သည်ကဲ့သို့သော အသံမျိုး ထွက်လာမည်ကို စိုးရိမ်သောကြောင့် မျက်နှာကြောတင်းတင်း အသံမာမာပြောခါမှ ကြိုတင်ကာဆီးပါလျက်က အလိုက်မသိစွာ ပြောတတ်ပေစွ။

"ကျုပ်ကြိုက်တယ်ဗျာ၊ အစ်မကြီးရဲ့ယောက်မပဲ ပြောပေးနော်"

"ငါကပြောပေးလို့ ဟိုကကြိုက်ပါပြီတဲ့။ တောင်းဖို့ ရမ်းဖို့ ပိုက်ဆံစုထားတာ ဘယ်လောက်ရှိသတုံး"

ပြာပူထဲသို့ လမ်းမှားပြီး ရောက်သွားသော ငါးရဲ့အလား ဘမင်း တွန့်ဆုတ်သွား၏။



"အငိုလွယ်လို့ အရှိက်ခက်တယ်ဆိုတာ အဲဒါပေါ့။ တောင်းဖို့ ရမ်းဖို့ ပိုက်ဆံ။ ပြီးတော့ ဘာလုပ်ကျွေးမတုံး"

ဘမင်း ငိုင်သွားသဖြင့် ကျီးဒန် ဖိပြော၏။ လက်ကလည်း ဟင်းအိုးတွေကို တစ်လုံးပြီးတစ်လုံး ပန်းသွင်းသည်။ အလုံးနှစ်ဆယ် အပြီးတွင် ဟင်းအိုးထက်ပိုပြီးလုံးသော ထမင်းအိုးတွေကို ဆက်လက် ပန်းသွင်းသည်။

"အစ်မကြီး၊ အဲသလိုတရားပြနေတာနဲ့ သူများဦးသွားလိမ့်မယ်ဗျ"

"ဦး ဦးဟယ် အေးတာပေါ့"

ကျီးဒန် စကားမဆက်ဖြစ်။ ဒေါ်ရွှေအိမ်သည် ကနားဖျင်းထဲသို့ ကလေးကို ချီလျက် ဝင်လာသောကြောင့်ဖြစ်သည်။ ကလေးသ[illegible] ဘွားအေ၏လက်ထဲတွင် ငြိမ်သက်အေးချမ်းနေခဲ့ပါလျှက် [illegible] မြင်သည့်ခဏ၌ လက်တကမ်းကမ်း လုပ်နေသည်။ ဒေါ်ရွှေအိမ်သည် "ကြည့်စမ်း ဒင်းအမေကို သိတတ်လိုက်တာ" ဆိုကာ ပုတ်ခတ်သည်။

ဘမင်းသည် မသိမသာ ထသည်။ မသိမသာ ဆုတ်သည်။ ဤသည်ကို ဒေါ်ရွှေအိမ်က မြင်မိအောင်မြင်သည်။

"ရောက်တုန်းရောက်ခိုက် အစ်မ [illegible] တော့လား။ ကူညီညာ လုပ်ပါတော့လား"

"မေးပါတယ်ဗျာ။ အမေ့သမီးကိုက မခိုင်းတာဗျ"

နောက်ထပ် ပြဿနာတစ်စုံတစ်ရာမရှာလာမီ ဘမင်း ပြေးသည်။ တလင်းထဲ၌ ကောက်ပြန့် ပြန့်ရာက ပြေးလာခဲ့ခြင်းဖြစ်သည်။ ဤသည်ကို အမေသိပါက မိုးကို မီးဟပ်ရော့မည်။

"ဟုတ်တယ် အမေ၊ သမီးက မခိုင်းတာပါ။ နေပြစရာ ရှိသားပဲ။ စိတ်မချလို့ နေပေစေပြောထားတာ"

ဤသို့ဖြင့် ဒေါ်ရွှေအိမ်သည် ပန်းရိုက်ပြီးသော ထမင်းအိုး ဟင်းအိုး များကို နေထုတ်ပြလိုက်ရတော့သည်။ သို့ရာတွင် သူသည် သမီးထံ ပြန်လာ၏။

"ငါဝင်လာစတုန်းက 'ဦး ဦးဟယ်၊ အေးတာပေါ့' လို့ ပြောသံ ကြားလိုက်ပါတယ်။ မောင်နှမနှစ်ယောက် ဘာတွေပြောနေကြတာတုံး"

"အမေ့သားလေ၊ မိန်းမလိုချင်နေပြီတော့"

"မအေ့နို့စော်တောင် မပျောက်သေးဘဲနဲ့"

ဒေါ်ရွှေအိမ်က မဲ့ကာရွဲ့ကာ မျက်စောင်ထိုးကာ ပြောငြား၊ ကျီးဒန်ကမူ 'သူ့ယောက်ဖရဲ့နှမကို ကြိုက်နေတာအမေ' ဟု အေးဆေးစွာ သတင်းပေးသည်။

"မယ်မျှင်ကို ဟုတ်လား"

"သူ့ယောက်ဖရဲ့ နှမဆိုမှတော့ မယ်မျှင်မဟုတ်လို့ ဘယ်သူ ရှိမှာတုံး"

ဒေါ်ရွှေအိမ် စဉ်းစားရသည်။

သူငယ်ချင်း မယ်ကြွယ်စိုး၏သား မောင်ဆေးရိုးကို သဘော ကျသည့်နည်းတူ ထို မယ်ကြွယ်စိုး၏သမီး မယ်မျှင်ကို သဘောမကျ သလော။ မယ်မျှင်ကို ဒေါ်ရွှေအိမ် သဘောကျပါသည်။ ချက်တတ်၊ ပြုတ်တတ်၊ လုပ်တတ်ကိုင်တတ် မဟုတ်လား။ လယ်သမား၊ ချောင်း သမား၏သမီးဖြစ်သည်နှင့်အညီ ကောက်စိုက်တော်သည်။ ကောက်ရိတ် တော်သည်။ အဖေနှင့် မောင် ထမင်းစားနေခိုက် ထွန်မောင်းသည် ကြားဖူး၏။ အရပ်အခေါ်အားဖြင့် မယ်မျှင်သည် 'ဖြစ်' ၏။ စဉ်းစား၍ အပြီးတွင် ဒေါ်ရွှေအိမ် ပြုံး၏။ "နောက်တစ်ခါ၊ အဲသည်စကားလာပြောရင် မိန်းမလိုချင် အလုပ်ကြိုးစားလို့ ပြောလိုက်" ဟု တုံ့ပြန်၏။



ကျီးဒန် ပြုံးမိ၏။

"အမေက မယ်မျှင်နဲ့ သဘောတူသလား"

"သဘောတူတယ်၊ မတူဘူး ပြောဖို့ စောပါသေးတယ်အေ။ မယ်မျှင်က ဗိုင်းကောင်းကျောက်ဖိပဲ၊ တော်ပါတယ်"

ကျီးဒန်သည် သူ့မောင်တွေကို မြင်ယောင်၏။

ကျီးဒန်အောက်က ဘမင်းနှင့် ဘဝင်းသည် ၂ နှစ်ကြီး ၂ နှစ် ငယ်တွေဖြစ်ရာ အပြိုင် လူပျိုလုပ်ကြ၏။ သူတို့ကို မိန်းမပျိုကလေးတွေ မြင်စေရန် ရှာရိုးလျှော်က်၏။ သူတို့အသံကို မိန်းကလေးတွေ ကြားစေရန် ညဥ့်မှောင်မှောင်တွင် တေးချင်း အော်ဆို၏။

အမေ ဒေါ်ရွှေအိမ်က ဤသို့ဆုံးမ၏။ "ရှာရိုးလျှော်က်ပြီး လှုလုံး ပြဖို့ မလိုဘူးဟဲ့။ အလုပ်ကြိုးစားရင် သမီးရှင်က စုံစမ်းပြီး လိုက်[illegible]"

ဘမင်း နားမဝင်ပါ။

ဘဝင်း နားမဝင်ပါ။

ဘမင်းမှာ မင်္ဂလသုတ်ကိုရောက်သည်နှင့်တစ်ပြိုင်နက်တည်း ကျောင်းပြေးတော့သည်။ ဘုန်းကြီးက ရိုက်၊ ဖအေက ရိုက်၊ [illegible]။ ဤသို့ဖြင့် သံသရာလည်နေရာ ပညာပါရမီနည်းသော [illegible] ပြေးရာ၌ ပါရမီရင့်သန်ထူးကဲ၏။ [illegible] ကျောင်းသို့ မပြန်ဘဲ ကဆစ်သီး မှုးစားလိုက်၊ ပြောင်းဖူးချိုးစားလိုက်ဖြင့် တစ်လနီးပါး ကျောင်းပြေးနေနိုင်သောကြောင့်ပေတည်း။

ကျီးဒန်အဖေ ဦးကြွက်နီသည် ဘုန်းကြီးကျောင်းတွက်[illegible] ကောင်းစွာ စာမတတ်ပါ။ မင်္ဂလသုတ်မကုန်မီ ကျောင်းထွက်[illegible] ဖြစ်သည်။ သို့အတွက် ဦးကြွက်နီက သားနှစ်[illegible]ကို စာတတ်စေ ချင်သည်။ ဖြစ်နိုင်လျှင် သားနှစ်ယောက်လုံး ရဟန်းဘောင်သို့ဝင်ရောက်ကာ

အကျော်တန်းများ၊ စာချပ်တန်းများ အောင်စေချင်သည်။ သို့သော် သားကြီး ဘမင်းက ဖွဲ့နပ်ကြီးစွာ လနှင့်ချီပြီး ကျောင်းပြေးပြသည့်အတွက် ဦးကြွက်နီ လက်လျှော့ရပြီ။ လက်မလျှော့၍မဖြစ်။ အမျိုးတွေ၊ အဆွေတွေက သတိ ပေးလာသည်။ ပြေးရင်းလွှားရင်း ပုန်းရင်းရှောင်ရင်း မားပြဂိုဏ်းထဲ ရောက် သွားနိုင်သည်။ နွားသူခိုးတွေ၏ အသိမ်းအသွင်း ခံသွားရနိုင်သည်။

လေးထပ်ကျောင်းဆရာတော် ဦးအာစရသည် ဘမင်း ဉာဏ်ထိုင်း ပုံကိုသိသော်ငြား ကျောင်းမထွက်စေချင်ပေ။

"ဖျာတစ်ချပ် မရက်တတ်သေး၊ ကြိုးတစ်ချောင်း မကျစ်တတ် သေးဘူး။ အရေးဟယ် အကြောင်းဟယ်ကြုံလို့ မင်း ဘယ်သူ့တပည့်လဲ၊ ဦးအာစရ ကျောင်းထွက်၊ ငါ နာမည်ပျက်ပြီ"

သို့သော် ဘမင်းသည် ကျောင်းအရိပ်ကို မနင်းပါ။ "မင့်အဖေက မင်းကို ကျောင်းထုတ်လိုက်ပြီ" ဟု ပြောမှ အိမ်ရှေ့သို့ လှုယောင်လာပြ၏။

"လယ်သမားသားမို့ လယ်ထဲမှာပဲ ပျော်ချင်ရင် ပျော်ရမှာ ပေါ့ကွာ"

ဦးကြွက်နီက ခိုင်းသည်။

အခိုင်းရက်စက်သည်ဟု အပြောခံရအောင် ခိုင်း၏။

'အခြောက်ထွန်' တွင် နွားရော လူပါ ပင်ပန်းသဖြင့် ဦးကြွက်နီ မပြောငြား လူကပိုပြီးပင်ပန်းသော 'အစိုထွန်' တွင် သားကို နားခွင့် မပေးပေ။ ဒေါ်ရွှေအိမ် ထမင်းပို့ရန်လာသည့်ကို စောင့်ကြိုယူသည်။ လယ်ထဲသို့ ထမင်းထုပ်ကိုယူလာပြီး ထမင်းထုပ်ကို ပုရွက်ဆိတ် တက်အောင် တမင်ထားသည်။

ထွန်ရေးပုသောအချိန်တွင် ထွန်သမားသည် ပြောင်းဖူးစေ့ပြုတ် တစ်စလယ်ကုန်အောင် စားနိုင်၏။ ထိုမျှစားထားပါလျက်နှင့် ဆွမ်းစား



ခေါင်းလောင်းထိုးချိန်ဝယ် သူ့ဝမ်းမှာ ဟာနေပြီ။ သည်သဘောကို သိပါလျက်နှင့် ဦးကြွက်နီသည် သူ့သားကို မွန်းတည့်သည်အထိ ထမင်း မကျွေးပေ။ နေအပူရှိန်ကြောင့် လယ်ကွင်းထဲက ရေတွေ ပူလာတော့မှ ထွန်အချွတ်ခိုင်းသည်။ နားခွင့်မပေးသေး။ နွားကို စင်ကြယ်အောင် ရေအချိုးခိုင်းသည်။ မနက်ဖြန်တွင် ထပ်မံပေကျံဦးမည့် ထွန်တုံးကို ရေအဆေးခိုင်းသည်။ ထို့နောက် ထမင်းချကျွေးသည်။ ပုရွက်ဆိတ် တသောသောဖြင့်။

ဘမင်းသည် ထမင်းဟင်းထဲရောက် ပုရွက်ဆိတ်၊ ကျင်ကောင် များကို ပါးစပ်ဖြင့် မှုတ်သည်။ လက်ဖြင့် ကောက်ပစ်သည်။ ဆာလွန်းမက ဆာလောင်လာသောအခါ ကျင်သော ပုရွက်ဆိတ်သော မရှောင်နိုင်ပါ။ ဝါးစားရတော့သည်။ သည်မျှပင်ပန်းထားသူသည် ထမင်းစားပြီး၌ တစ်အောင့်တစ်နား ကျောခင်းချင်ပါသည်။ ဖြစ်နိုင်လျှင် တစ်ရေးတစ်မော အိပ်ချင်ပါသည်။ ဘမင်းမှာကား နားခွင့် အိပ်ခွင့် မရပါ။

"အိုးခွက်ပန်းကန် စင်အောင်ဆေးဟေ့။ ဆေးပြီးရင် ငါးယောက် စိုက်လယ်ထဲက ကောနေတဲ့ထောင့်ကို တူးချစမ်း"

လယ်ကွက်များသည် သပ်သပ်ရပ်ရပ်ရှိလေလေ မွန်ပင်၍ မကောင်းလေလေဖြစ်၏။ ထိုနေရာများတွင် အပင်းပေါ်ထိုးတက်ရန် လူက တူးပေးရသည်။ လယ်ကွက်ထောင့်မှ မြေကို လယ်ကွက်အလယ်သို့ပစ်၊ ထွန်ရေးကို လယ်ကွက်ထောင့်သို့ ဆွဲပို့။

ဦးကြွက်နီ၏ပါးစပ်ထဲတွင် ဘမင်းအား ခိုင်းစရာတွေ တစ်သီကြီး ရှိသည်။ မှောင်သာသွားမည်၊ ခိုင်းစရာက မကုန်ပါ။ ဦးကြွက်နီသည် တော်ရုံအလုပ်ကို နက်ဖြန်သို့ မရွှေ့ပေ။

"နည်းနည်းလေး ကျန်တော့တာပဲကွာ၊ အဖေ မီးဖိုပေးမယ်"

အမှန်ပင် ကိုင်းပင်ခြောက်၊ သစ်တိုသစ်တွေ စုဆောင်းပြီး ကန်သင်းခုံတွင် မီးဖိုပေးသည်။ ဘမင်းမှာ မီးရောင်အားကိုးဖြင့် ပေါင်တူးရသည်။ နွားစာရိတ်ရသည်။ ကိုင်းတော ရှင်းရသည်။ ဘမင်းသည် အိမ်သို့ မြင်မြင်ထင်ထင် မပြန်ရပါ။ မှောင်နှင့်မည်းမည်းတွင် နွားစာထုံးကို ရွက်၊ ထမင်းထုပ်ကို လွယ်လျက် နွားနှစ်ကောင်နှင့်အတူ ပြန်ရသည်။ သူ့အဖေ မည်သို့လိုက်လာသည်ကို သူ မသိပါ။ သူမှု ပစ်လှဲချင်လောက်အောင် အားအင်ကုန်ခန်းခါမှ အိမ်ပြန်ရသည်။

ဘမင်းအောက်က ဘဝင်းသည် အစ်ကိုကျောင်းထွက်သောအခါ သူလည်း ထွက်ရန်စိတ်ကူးသည်။ အဖေစိတ်ဆိုးပြေအောင် စောင့်ဆိုင်းပြီးမှ ကျောင်းထွက်လိုကြောင်းပြောမည်။ သို့သော် မပြောဖြစ်။ အဖေသည် ဘမင်းအား အသက်ရှူခွင့်မရအောင် ခိုင်းနေသည်။ ဘမင်းမှာ တစ်နေ့တခြား မီးသွေးခဲနှင့်တူလာသည်။ အမဲခြောက် တစ်မြှောင်းနှင့် တူသည်ဆိုလျှင် ပိုပြီးမှန်ကန်ဖွယ်ရှိသည်။

ဘဝင်းသည် အစ်ကို၏အခြေအနေကိုကြည့်ပြီး တွန့်ဆုတ်နေသည်။ အဖေသည် ကောင်းစေလိုသော ဖအေ့စေတနာဖြင့် ကျောင်းထားပါလျက် ကော့ကော်ကန်ကား လုပ်သူအား မညှာမတာ ခိုင်းစေနေသည်။ ဘမင်းနှယ် ခံနိုင်ရည်ရှိပါမည်လောဟု ဘဝင်း တွက်သည်။ တွက်ရင်းတွက်ရင်းဖြင့် ကြောက်ရွံ့လာ၏။ ကျောင်းထွက်မည် မပြောရဲချေ။

ကောက်ခြေပြတ်ပြီ။ ကောက်လှိုင်းတွေ တလင်းထဲသို့ ရောက်လာပြီ။ ဦးကြွက်နီသည် သူ့သားအား ခိုင်းစရာကြံစည်သည်။ ရှာဖွေသည်။ ရွာဘေးက မြောင်းပေါင်းကို အဖို့ခိုင်းရအံ့လော၊ နွားတင်းကုပ်ကို သဲအခင်းခိုင်းရလျှင် သင့်အံ့လော ကြံစည်နေပြား မခိုင်းဖြစ်။ စပါးနယ်ရန်က ပိုမိုပြီး အရေးကြီးသောကြောင့်ဖြစ်သည်။ ကောက်လှိုင်းနှစ်ရာကို နွား



လေးကောင်ဖြင့် တစ်ယောက်တည်း နယ်ရသောတာဝန်သည် မသေးပါ။ ယမန်နေ့ညနေနှင့် ညက ကြေအောင်နင်းထားသော ကောက်ပြန့်ကို အရဏ်တက်မှာ ထပြီး တစ်လွှာချင်း ချရသည်။ ကောက်ရိုးချရာ၊ နွားမောင်း ရာ၌ တစ်ယောက်တည်း။ အမှော်ကြေးချရာ၊ ကောက်ပြန့်ပြန့်ရာ၌လည်း အဖေနှင့် အမေ၏အကူအညီ မရပါ။

"ဒါလောက် ကျောင်းမနေချင်တဲ့ကောင်၊ မနေချင်နဲ့ဦး"

ထိုသဘောဖြင့် ဦးကြွက်နီ ဒေါ်ရွှေအိမ်တို့သည် ဘမင်းအား ပစ်ထားကြ၏။ ပစ်ထားသည်ဆိုရာ၌ တစ်စုံတစ်ရာ အကူအညီမပေးဘဲ စောင့်ကြည့်နေခြင်းဖြစ်၏။ စောင့်ကြည့်ခြင်းမှာ ချွတ်ချော်တိမ်းစောင်းမှု ရှိလျှင် ဖိနှိပ် မာန်မဲ ပြောဆိုရန်ဖြစ်သည်။ သို့လျှင် အဖေရော အမေပါ ဝိုင်းနှိမ်ထားသည့်ကြားက ဘမင်းသည် ထောင်ပြီးတက်လာ၏။ ထမင်းစားချိန်နှင့် ကောက်ပြန့်ပေါ်သို့ နွားတွဲ တင်ချိန်၏ ကြားကာလသည် များစွာမရှည်လျား။ ထိုအချိန်ကလေးအတွင်း၌ သူသည် အစ်မထံ ပြေးလာပြီး မယ်မျှင်ကို ပြောပေးရန် ပူဆာသည်။ ထို့နောက် ရွာရိုး လျှောက်မည်။ ထို့နောက် တလင်းထဲသို့ အပြေးအလွှားပြန်။

ကျီးဒန်သော်ကား သူ့မောင်၏စကား၌ စိတ်မဝင်စား။ တလေး တစ်ဖက် အိုးအလုပ် တစ်ဖက်ဖြင့် မအားလပ်ပေ။ သို့ကြောင့် ယောက်မထံသို့ အလည်အပတ်မသွားနိုင်ပေ။

*

မောင်ဆေးရိုးသည် ကောက်ပြန့်ပေါ်မှ နွားတွေဆင်းသွားသံ ကြားသော်လည်း လှည့်မကြည့်ပေ။ လွှာပြီးချဆဲ ကောက်ရိုးလွှာကို ကောက်ပြန့်ဘေးတွင် ချသည်။ နောက်တစ်လွှာ ရနိုင်သေး၏လော ကောက်ဆွဖြင့် ဆွကြည့်လိုက်သည်။ မယ်မျှင်မှာမူ နွားစာခေါင်းဘေးအရောက်တွင်

နွားတွေ၏ 'လည်ပင်းတွဲ' ကြိုးကို ဖြုတ်သည်။ တိုင်တွင် ချည်သည်။ နွားစာခေါင်းထဲသို့ နွားစာတွေ ထည့်သည်။ ထို့နောက် ရေထည့်သည်။ ရေနည်းနေသည်။ နွားတွေအတွက် ရေလိုသည်။ မယ်မျှင်တို့ ခပ်နေကျ ရေမှာ စလင်းချောင်းထဲက ချောင်းရေဖြစ်သည်။ လူသောက်ရန် သုံးရန် ရေကို လက်ယက်တွင်းမှ ခပ်ယူသည်။ နွားအတွက် ရေကိုမူ ရေစီးကြောင်းထဲက ရေ၊ ချိုးရေတွင်းထဲက ရေတို့ကို ယူသည်။ ယခု နွားရေ သုံးလေးခေါက်စာကို မယ်မျှင် မည်သို့ခပ်မည်နည်း။

ရွာထဲအိမ်မှ ရေခပ်ဆင်းလျှင် စလင်းချောင်းသည် အိမ်နောက်ဖေး၌ ရှိ၏။ ယခုတလင်းထဲမှသွားလျှင် မြောင်းဟောင်းကို ကျော်ရမည်။ လှည်းလမ်းကို ဖြတ်ရမည်။ လမ်းသင့်ရာ တစ်အိမ်အိမ်၏ အိမ်ဝင်းထဲသို့ဝင် ချောင်းထဲသို့ ဆင်း။ ချောင်းထဲသို့ ဆင်းခါမှပြင် ရေမရသေးပေ။ ကြက်သွန်ခင်းတွေ၏မြောက်ဘက်တွင်ရှိသော ချိုးရေတွင်းသို့ သွားရမည်။ ဆောင်းနေမို့ မပူဘူး ဆိုရငြား အချိန်ကို မယ်မျှင် တွက်ရသည်။ အဖေ၊ အမေနှင့် ကိုရင်တို့ ကောက်ပြန့် ပြန်ပြီးချိန်တွင် ထမင်းပွဲ အသင့်ရှိမှ ကောင်းမည်။ သို့ကြောင့် မယ်မျှင်သည် ခေါင်းဖုလုပ်မည့် ပုဆိုးစုတ်ကို ပခုံးပေါ်တင်၊ ရေအိုးနှုတ်ခမ်းကို လက်တစ်ဖက်ဖြင့်ချိတ်၊ လက်တစ်ဖက်က ရေငင်ပုံးကို ဆွဲလျက် ပုတီးပင်ဘုရားအနောက်ဘက်ရှိ ရေတွင်းသို့ လာခဲ့သည်။

ရေတွင်းတွင် လူ မများပါ။ ရေငင်ပုံးကို အသုံးပြုရသောကြောင့် ဖြစ်ပါသည်။ မများပြားငြား အနီးအနား တလင်းများမှ တစ်ယောက်စ နှစ်ယောက်စ ရေခပ်နေကြသည်။ ရေတွင်းနှုတ်ခမ်း (ရေတွင်းပေါင်) ပေါ်တွင် အချိုင့်ကလေးရှိသည်။ မယ်မျှင်၏ရေအိုးဖင်နှင့်အနေတော်ပင်။ ရေပုံးမှာ အင်တွဲတေးထားသော နီးရေပုံးဖြစ်သည်။ ကြိုးများကို ရေပုံးထဲသို့



လုံးထွေးလျက် ထည့်ထားသည်။ ကြိုးတစ်ထွေးလုံး အပြင်သို့ထုတ်ပြီးမှ ရေပုံးကို ရေတွင်းထဲသို့ ချနိုင်သည်။ ကြိုးမဆုံးမီ ထိတွေ့သံကို ကြားလိုက်ရသည်။

မယ်မျှင်သည် ရေပုံးကြိုးကို 'ဆ' ကြည့်သည်။ ပေါ့ပါးမြဲ ပေါ့ပါးနေသည်။ ရေပုံးထဲ၌ ရေမပြည့်သေး။ သို့ကြောင့် ရေပုံးကို ရေပြင်တွင် ဆောင့်ရသည်။ တွင်းထဲမှ လိုဏ်သံပေါ်လာသည်။ ဆကြည့်ပြန်သည်။ လေးလံနေသည်။ ရေပြည့်အလေးချိန်ဖြစ်သောကြောင့် ညာလက်က ဆွဲတင်ပြီး ဘယ်ဘက်လက်က ကြိုးကို ခွေပေးသည်။

ချောင်းထဲတွင်ကား ရေအိုးကို ရေစီးထဲနှစ်လျှင် တစ်ခဏချင်း ပြည့်ပါ၏။ ချိုးရေတွင်း၌ ရေငင်ပုံးဖြင့်ငင်ရဦး၊ တစ်လှမ်းသာရှိပါ၏။ သည်ရေတွင်းမှာကား ကြိုးဆယ်လှမ်း ဆယ်ခေါက်ရှိမှ ရေတစ်ပုံးသာ ရသည်။ အနည်းဆုံး ဆယ်တောင်ခန့်နက်မည်ထင်ရသော ရေတွင်းထဲမှ ရေကို သည်းခံပြီး ငင်ရသည်။ နီးရေပုံး ပုံးလုံးဖြင့် ဆယ်ပုံး၊ ပုံးပြားဖြင့် ခြောက်ပုံးငင်ထည့်လျှင် ပြည့်မြဲအိုးသည် ယခု မပြည့်ပေ။ ခုနစ်ပုံးငင်မှ ပြည့်သည်။ နွားတွေသည် နွားစာခေါင်းထဲက ရေကို အကုန်သောက်နှင့် ပြီးပြီ။ မယ်မျှင်ထည့်ပေးလိုက်သော ရေကိုလည်း အကုန်သောက်ပစ်လိုက်ရာ မယ်မျှင်မှာ အားငယ်စိတ် ဝင်လာ၏။ နေပူငြား တွင်းက နက်သည်။ ရေပုံးသုံး လေးခေါက်ကား ခပ်ရမည် ဟု မယ်မျှင် ခန့်မှန်းသော်ငြား ဒုတိယအခေါက်အတွက် တစ်ပုံးငင်အပြီးတွင် ရေပုံးကြိုး ပြုတ်ကျလေ၏။

ကြီးမားကျယ်လောင်သော လိုဏ်သံကြီး ပေါ်လာချိန်တွင် မယ်မျှင်မှာ ခေါင်းနားပန်းကြီးသွားလေ၏။ "အရေးထဲမှ ရေပုံးကြိုး ပြုတ်ရတယ်လို့" ဟု မြည်တမ်းရင်း မယ်မျှင်သည် အလျှားလိုက်ပွဲသော

အုတ်ခဲကျိုးကို လိုက်လံရှာဖွေသည်။ ရေပုံးကြိုးတွင် ချည်သည်။ ကြိုးပြတ်ကျသော ရေပုံးများအနက် သံရေပုံးက လေးလံသည့်အတွက် ရေတွင်းအောက်ခြေအထိ နစ်မြုပ်သည်။ နီးပုံးများကား မမြုပ်။ အချို့တုံးလုံးပေါ်နေကာ အချို့မှ ဖင်ဘူးတောင်းထောင်လျက် ပေါ်နေသည်။

မယ်မှူင်သည် အုတ်ခဲကျိုးချည်ထားသော ရေပုံးကြိုးကို ရေတွင်းထဲသို့ချသည်။ ပုံးနှုတ်ခမ်းကို အုတ်ခဲဖြင့် ချိတ်ပြီး ဆွဲတင်ရန်ဖြစ်ပြီး ကြိုး တိုနေသည်။ ရေပုံးနှင့် အုတ်ခဲ မထိ။ သံချိတ်အချင်းချင်း ထိခတ်သံတချွင်ချွင်ကို ကြားရသည်။

ရေတွင်းတွင် ရေခပ်သူများသည် မကြာခဏ ကြိုးပြတ်ကျလေ့ရှိသည်။ ထိုသူများ၏အခက်အခဲကိုဖြေရှင်းရန်အတွက် ဘုန်းကြီးကျောင်းတွင် သံချိတ် အသင့်ထားသည်။ အရွယ်အမျိုးမျိုး အနေအထား အမျိုးမျိုးရှိသော သံချိတ်တွေ ပါဝင်ဖွဲ့စည်းထားသော 'ချိတ်ပဒေသာ'ကို မည်သူ ယူဆောင်သွားသနည်း။

မယ်မှူင် ဝမ်းသာစွာ လှမ်းကြည့်သည်။ သံချိတ်ပဒေသာကို ပြုံးရွှင်စွာ သယ်ဆောင်လာသူမှာ ဘဝင်း ဖြစ်သည်။

"ဘယ်သူ့ ရေပုံးကြိုး ပြတ်ကျသလဲဟေ့၊ ကျောင်းပေါ်ကတောင် ကြားရတယ်"

မယ်မှူင်မှာ ပြတ်ကျသော ရေပုံးကို အုတ်ခဲဖြင့် ချိတ်သည်။ သို့ရာတွင် ဆွဲမလိုက်ချိန်၌ ရေပုံး တစ်တောင်ခန့်မျှသာ မြောက်တက်ပါလာပြီး လျှောကျသွားသည်။ ထပ်ပြီးချိတ်သည်။ ပြန်ကျသွားပြန်သည်။ ဘဝင်း၏ သံချိတ်ပဒေသာသည် စောင်းနေသော နီးပုံး နှုတ်ခမ်းကို လာချိတ်သည်။ ဆွဲတင်သည်။ ရေကျသံ တရှဲရှဲဖြင့် နီးပုံး မြောက်တက်သွားသည်။



"ရှော့ဗျာ၊ မိန်းမချော ပြတ်ကျသွားတဲ့ ရေပုံး"

ဘဝင်းက ဆယ်ယူရရှိသော ရေပုံးကို လက်နှစ်ဖက်ဖြင့် ကိုင်လျက် ပေး၏။

"အေးဟယ်၊ အရေးထဲမှာ ပြတ်ကျတာဟဲ့"

ရေပုံးကိုယူပြီး ကြိုးတွင် ပြန်တပ်နေသော မယ်မှူင်အား ဘဝင်းသည် စူးစူးဝါးဝါး စိုက်ကြည့်နေသည်။ ထိုအချိန်တွင် ချိုးကူသံမှအပ ထန်းတောတွင်းမှာရော တလင်းတိုက်များပါ တိတ်ဆိတ်နေသည်။

"ငါ ရေငင်ပေးရမလား မယ်မှူင်"

မယ်မှူင်သည် ကြိုးတပ်ပြီးသောရေပုံးကို ကမ်းပေး၏။ ဘဝင်းသည် လူစွမ်း လူစ ပြသောအနေဖြင့် ဘယ် ညာ လက်နှစ်ဖက် လွှဲလျက် ရေငင်၏။ ရေအိုးထဲသို့ တစ်ပုံးပြီးတစ်ပုံး လောင်းထည့်ပေးရာက "မယ်မှူင်နင့်ကို ငါ ကြိုက်တယ်" ဟု ဆိုင်းမဆင့် ဗုံမဆင့် ပြောချလိုက်လေ၏။

မယ်မှူင် တစ်ကိုယ်လုံး တုန်ယင်သွားသည်။

"ဘာပြောတယ်"

တိကျပြတ်သားစွာကြားရပါလျက် တမင် ဟန်လုပ်ပြုံး မာန်ခြင်း ဖြစ်၏။

"နင့်ကို ငါကြိုက်တယ် ပြောတာဟ"

ထိုအချိန်တွင် ဘဝင်း ငင်နေသော ရေပုံးမှာ ခရီးတစ်ဝက်တွင်သာ ရှိသေး၏။ သို့ဖြစ်၍ ဘဝင်းသည် ရေပုံးကို ဆက်မငင်သေးဘဲ တန်းလန်း ထား၏။

"ငါလေ အိပ်လည်း နင့်စိတ်၊ စားလည်း နင့်စိတ်"

ရေတွင်းပေါ်သို့ ရေပုံးရောက်မလာမချင်း ဘဝင်းပြောသမျှ မယ်မှူင် နားထောင်နေရတော့မည်။ သို့သော် သည်အဖြစ်မျိုးကို မယ်မှူင်

အဖြ[...]ရမပြည့်သေးသော အိုးကို ကောက်ယူကာ ခါးစောင်း တင်[...]က်လာလေ၏။

"[...]း မယူတော့ဘူးလား"

[...]င် လှည့်မကြည့်ပါ။

"[...]ထဲမှာ ရေမပြည့်သေးဘူးလေ"

[...]ျှင် အသွားမရပ်သောအခါ ဘဝင်း ပြေးလိုက်လာသည်။

"[...]မျှင် ရေပုံး ရေပုံး"

[...]ျုံးအပြီးတွင် ရေတစ်အိုးရွက်ပြီး ပြန်မည်ဟု ရေအိုးတစ်လုံး ခါး[...] လျက် ထွက်လာသော ဒေါ်ရွှေအိမ်သည် ခရီးတစ်ဝက်မှ ဆီး[...]၏။ ဘဝင်းမှာ ရေတစ်စက်စက်ကျနေသော ရေပုံးကို မြေ[...]စ်ခဲ့နှင့် ကပ်ထောင်ထားခဲ့ပြီး ထွက်ပြေးလေ၏။

ပေကျ[...]ည့်အဖြစ်ကိုမြင်သော မောင်ဆေးရိုးသည် အမော်ကြေးတွေ [...] ကလင်းထဲမှ ထွက်လာ၏။

"[...]ဲ့ ကောင်မလေး ဘာဖြစ်တာတုံး"

ကသု[...]မောင်ဆေးရိုးက တမင်မေးခြင်းဖြစ်၏။ သူ့ယောက်ဖအငယ် လိုက်[...]ယက်ထွက်ပြေးသည်ကိုမြင်ကတည်းက ရည်းစားစကား နမဖြစ်[...]ာင်းသာဖြစ်ရမည်ကို အတပ်တွေးမိသည်။ တွေးမိသော်ငြား သည်[...]နေရုံးအကိုင်ရ မခက်စေရန် မဖြေတတ်မကြားတတ် ဖြစ်နေ[...]ရသာ ခံလိုသဖြင့် တမင်မေးခြင်း ဖြစ်၏။

"[...]ဲ့ကောင်မလေး၊ ဘာဖြစ်တာပုံးမေးနေတာ မကြားဘူးလား"

"[...]ချုပ်ကို လူပျိုစကား ပြောသတော့"

နွားတင်[...]ယ်မျှင်သည် ခြေဆောင့်ပြီး အဖြေပေးရာက ရေအိုးကို [...]ပ်ဘေးတွင် ချပစ်ခဲ့သည်။



သည်နှယ် ပွင့်ပွင့်လင်းလင်း ပြောရဲသောသတ္တိ သူ့နှမတွင် မရှိဟု ထင်ထားမိသော မောင်ဆေးရိုးမှာ တုတ်ထိုးအိုးပေါက် အပြော ခံရသဖြင့် ပါးစပ်အဟောင်းသားဖြစ်ကာ ကျန်ရစ်ခဲ့လေ၏။

"လူပျို ဘာဖြစ်သလဲဟဲ့"

ဒေါ်ရွှေအိမ်က လုံးစေ့ပတ်စေ့ နားမလည်သောကြောင့် သားကို မေး၏။ သားဖြစ်သူ မောင်ဆေးရိုးမှာလည်း သူ့ကိုယ်သူ ခေတ်မီသည်ဟု ထင်မှတ်ခဲ့ငြား ယခုကဲ့သို့ 'နားတော့ပါးတော့' ကြုံရသောအခါ ပါးစပ်မရဲပေ။ ကြီးကြီးငယ်ငယ် ရွယ်ရွယ်လတ်လတ် ကျား မ မဟူ ဟိရိဩတ္တပ္ပ တရားကို အလေးထားကြသည်။ ဇာတ်စင်ပေါ်တွင် မင်းသားမင်းသမီးတို့ နှစ်ပါးသွားကစဉ်တွင် ချစ်စကား ကြိုက်စကား ပြောသည်ကလွဲ၍ ပြင်ပတွင် ရက်စရာကိစ္စဟု သဘောထားကြသည်။ မယ်မျှင် နားမလည်သောကြောင့် မောင်ရှေ့တွင် ပြောထွက်ငြား၊ နားလည်သော ဆေးရိုးမှာ အမေ့ရှေ့မှာ ပြောမထွက်။

"မသိပါဘူး အမေရာ"

မောင်ဆေးရိုးသည် အမေ့ရှေ့တွင်သာ ထိုစကားကို ပြောမထွက်ငြား ကျီးဒန်ရှေ့တွင်ကား ပြောရဲသည်။

"ညည့်မောင်အငယ်က ငါ့နှမကို ရည်းစားစကား ပိုက်ပြောနေပါကလား"

ကျီးဒန်သိထားသည်မှာ မယ်မျှင်ကိုကြိုက်နေသူသည် အကြီးကောင် ဘမင်းဖြစ်၏။ ယခု နားဖြင့် ကြားရသည်က အငယ်ကောင်။

"တော် ဘာပြောတယ်"

"ညည့်မောင် အငယ်ကောင် ဘဝင်း"

"ဘဝင်း ဘာဖြစ်သတုံး"

"ဘာဖြစ်ရမတုံး၊ မယ်မျှင်ကို ရည်းစားစကား လိုက်ပြောတာ အမေနဲ့ ပက်ပင်းတိုးတာပေါ့"

"တော့်အမေက ပါးချမလွှတ်ဘူးလား"

"လောလောဆယ်တော့ ပါးချမလွှတ်ပေမဲ့၊ တော်တော်ကျမှ ဘုန်းကြီးကို သွားလျှောက်ရင် ဒုက္ခပဲဟေ့"

မောင်ဆေးရိုးသည် အမှန်ပင် ယောက်ဖအငယ်အတွက် စိုးရိမ်စိတ်များ ဝင်လာလေသည်။ ယောက်ဖအငယ်သည် ဖအေကို ကြောက်သောကြောင့် ကျောင်းအိပ်ကျောင်းစား ဆက်နေငြား စိတ်က အရွယ်ရောက်နေပြီ။ ယောက်ဖကို လေးစားချစ်ခင်သည်။ ထို့ကြောင့် မောင်ဆေးရိုးက သံယောဇဉ်ရှိသည်။ သို့ရာတွင် မောင်ဆေးရိုးမှာ ချက်ချင်းမသွားနိုင်သေး။ သူသည် ကလေးကို တလင်းထဲသို့ခေါ်ရန် လာခြင်းဖြစ်သည်။ တလင်းထဲတွင် ကောက်ဆွနေချိန်၌ အမှုန်ထသောကြောင့် ကလေးကို ခေါ်ရန် မသင့်ပေ။ ယခုအချိန်သည် ကောက်ပြန့်ပေါ်သို့ နွားတွဲတင်စဖြစ်သဖြင့် အမှုန်မထသေးချေ။ အဖေရော အမေပါ 'သမီးကလေး ချောစိန်၊ မလာတာကြာပြီ' ဟု ယနေ့နံနက်တွင် သုံးကြိမ်လောက် မြည်တမ်းသည်။ သို့အတွက် မောင်ဆေးရိုးသည် သမီးကို ခေါ်ရန် ရောက်လာခြင်းဖြစ်သည်။

"ကလေးကော ကျီးဒန်"

"အမေ့ဆီမှာ ရှိမယ်ထင်တာပဲ"

ကျီးဒန်သည် သပိတ်တစ်လုံးကို ကျောက်ခဲ စားနေသည်။ ကျောက်ခဲမှာ ဖြူဖွေးညက်ညောနေသည်။ ထိုကျောက်ခဲ၏ ညက်ညော ချောမွတ်မှုဖြင့် သပိတ်ကို ပွတ်တိုက်ပေးနေခြင်းဖြစ်၏။

မောင်ဆေးရိုးသည် ယောက္ခမ၏အိမ်ပေါ်သို့ မျှော်ကြည့်သည်။ ပုခက် လှုပ်မနေ။



"အိမ်ပေါ်မှာ ကလေးရော လူကြီးရော မရှိဘူး ကျီးဒန်၊ ဘယ်ဘက်များ သွားမယ် ပြောသွားကြသတုံး"

ကျီးဒန်မှာ အပြောရ ခက်နေသည်။ ရွာထဲတွင် ကလေးမြေးငယ် ရှားပါးသည်။ သည်ကလေးအရွယ် ရွယ်တူမှာ မရှိ။ ကလေးက သန္ဓေလည်း ကောင်းသည့်အတွက် ချီချင်ပိုးချင်သည့်သူ ပေါများ၏။ ကလေးသည် မအေရင်းကျီးဒန်ထံထက် ဘွားတော်ဒေါ်ရွှေအိမ်ထံ အရှိများ၊ အနေများသည်။

ဒေါ်ရွှေအိမ်သည် ကလေးအိပ်နေသခိုက်၌ အိမ်မှုကိစ္စများ ဆောင်ရွက်သည်။ ထမင်းအိုးမွှေလိုက်၊ ပုခက်လွှဲလိုက်။ ကြက်သွန်လှီးလိုက်၊ ပုခက်လွှဲလိုက်ဖြင့်။ သို့ရာတွင် အလုပ်ထဲ၌ ဒေါ်ရွှေအိမ် အာရုံနစ်သွားချိန်ဝယ် ပုခက်ကို မေ့နေပြီ။ ကလေးကလည်း ပုခက်ရပ်သွားသောကြောင့် နိုးလာစေကာမူ မငိုပေ။ တစ်ယောက်ယောက်က အိမ်ပေါ်သို့ ချွတ်နင်းပြီး တက်လာသည်။ ကလေးကို ကောက်ချီသည်။ မျက်နှာ မရွေးသော ကလေးသည် ချွတ်နင်းပြီး တက်လာသူနောက်သို့ ပါသွားလေ၏။

"အမေရေ သမီးလေးကော"

ထိုအခါကျမှ ဒေါ်ရွှေအိမ် မျက်လုံးပြူးကျော့သွားသည်။ ပုခက်ထဲ၌ ကလေး မရှိ။ ဤသို့ဖြင့် ကျီးဒန်မှာ ရှာရိုးကိုးပေါက် လျှောက်ပြီး ကလေးကို ရှာဖွေရသည်။

"နို့တွေသက်နေလို့ ကလေးနဲ့တိုက်တိုက်ပါရစေ။ ကလေးသူခိုးများ ရှိရင် ကလေးကို ထုတ်ပေးကြပါ"

ထိုအခါမျိုးတွင်ကား ကလေးချီသွားသူများ ပင်သို့ ရယ်ရယ် မောမောဖြင့် ကလေးကို ထုတ်ပေးတတ်ကြ၏။ ယခုလည်း ကျီးဒန်မှာ ကလေး အရှာထွက်ရဦးမည်။

"ထားခဲ့ ထားခဲ့၊ သပိတ်တွေ ငါလုပ်လိုက်မယ်"

ကျောက်ခဲစားသည့်အလုပ်ကို မောင်ဆေးရိုးလည်း လုပ်တတ်နေပြီ။ များသောအားဖြင့် အပြင်ပန်းလှစေရန် သပိတ်ကိုယ်ထည် အပြင်ပိုင်းကိုသာ ပြောင်ချောနေအောင် ပွတ်တိုက်ပေးကြ၏။

မောင်ဆေးရိုးမှာ ကျောင်းနေစဉ်က အဖုံးမပါသော သပိတ်ကြမ်းကို ထမ်းခဲ့ရသည်။ အပြင်နှယ် မချောမွေ့သော သပိတ်အတွင်းပိုင်းကို ကြည့်ကြည့်ပြီး မောင်ဆေးရိုး စိတ်မချမ်းသာပေ။ ထိုအနာဆွေး အနာဟောင်းကြောင့် မောင်ဆေးရိုးသည် သပိတ်ကို ကျောက်စားသည့်အခါတိုင်း အတွင်းပါ ချောသည်။ ဤသည်ကို ရည်ညွှန်းလျက် မိကျီးဒန်က သေချာစွာ မှာသွားသည်။

"အတွင်းပါ ချောလို့ဆိုပြီး တော့်ကို ဘယ်သူမှ ပိုက်ဆံပိုပေးမှာ မဟုတ်ဘူး။ ခရီးတွင်အောင် အပြင်မှာပဲ ချော"

"အေးပါ အေးပါ" ဆိုကာ မောင်ဆေးရိုး မိကျီးဒန်၏ ကိုယ်ငွေ့ စွဲနေသောနေရာ၌ ဝင်ထိုင်သည်။ အနေအထား ခဏခဏ မပြောင်းရစေရန် ခြေဆင်းထိုင်သည်။ သပိတ်တစ်လုံးကို ပေါင်ပေါ် ဆွဲတင်သည်။ အတွင်းက အဝတ်ခုကိုင်ကာ အပြင်တွင် ပွတ်ရာချင်းထပ်အောင် ကျောက်စားသည်။

တစ်လုံးပြီးသွားပြီ။ ကျီးဒန် ရောက်မလာသေး။ နောက်တစ်လုံးကို ပေါင်ပေါ်သို့ တင်သည်။ တစ်ဝက်ကျော်အပြီး၌ လူရိပ်မြင်ငြား မော့မကြည့်ဖြစ်။ ဝင်လာသူမှာ မိကျီးဒန် မဟုတ်။ သူ့မောင်ဘမင်းဖြစ်သည်။ ပခုံးတလှုပ်လှုပ် ခေါင်းတလှုပ်လှုပ်ဖြင့် အလုပ် လုပ်နေသူမှာ အစ်မလော ယောက်ဖလော မစစ်ဆေး။ မိကျီးဒန်အမှတ်ဖြင့် "အစ်မရေ၊ မယ်မျှင့်ကို ပြောပြီးပြီလား" ဟု မေးသည်။



မောင်ဆေးရိုးမှာ ကသိကအောက်ဖြစ်သည်။ သမီး၏ ချစ်ရေးကြိုက်ရေးကို ဖအေ မသိရသည့်နည်းတူ နှမ၊ အစ်မ၏ ချစ်မှုရေးရာများကို မောင်များ မသိရ မမြင်ရ။ ဟိုရှေးဦးတွက်ပွတရားကို ရှေ့တန်းတင်ထားချိန်တွင် ဘမင်းသည် မောင်ဆေးရိုး၏နမကိစ္စကို မောင်ဆေးရိုးအား လာရောက်ပြောနေသည်။ သူ့နှမ မယ်မျှင့်အား ဘမင်း၏ညီ ဘဝင်းက လိုက်ပြီးကပ်နေသည်ကို ယမန်နေ့က မောင်ဆေးရိုး မျက်မြင်ဖြစ်ခဲ့ပြီ။ ယခု ဘဝင်း၏အစ်ကို ဘမင်းက မောင်ဆေးရိုးအား ကျီးဒန်အထင်ဖြင့် လာပြောပြန်ပြီ။

"အစ်မရာ၊ ငါ တလင်းထဲက အပြင်မထွက်ပါဘူး။ အလုပ်ကို ကြိုးစားပြီး လုပ်နေပါတယ်"

ဘမင်းသည် သူ့အစ်မ ကျီးဒန်အမှတ်ဖြင့် မောင်ဆေးရိုး၏ ဘေးတွင် လာပြီးထိုင်သည်။ မောင်ဆေးရိုးမှာ ယကန်ပစ်ရ ကောင်းနိုးနိုး၊ ချောင်းဟန့်ရ ကောင်းနိုးနိုး အကြံထုတ်နေမိသည်။ မောင်ဆေးရိုး အကြံမရမီ လမ်းဘက်မှ ချောစိန်သားအမိ၏အသံများကို ကြားရ၏။ ထိုအခါကျမှ သူ စကားပြောနေကျ သူ့အစ်မ မဟုတ်ပါတကားဟု ဘမင်း သတိပြုမိသည်။ ချက်ချင်း [illegible] ထသည်။ [illegible]

"[illegible] လှည့်မှာ သမီး လက်လှမ်း နေတယ်"

မိကျီးဒန် လှမ်းအော်ငြား ဘမင်း လှည့်မကြည့်ပါ။ မွန်ထူပြီး [illegible] နွားကို ဝင်တိုး၊ လှည်းကို ဝင်တိုက်မိသည်။

"ဟဲလေးရေ၊ သမီးရေ၊ ချောစိန်ရေ"

[illegible] လှမ်းပြီး အသံပေးသည်။

ကျည်ပွေ့ နားဆွဲကလေး ဝတ်ဆင်ထားသော ကလေးသည် နားဆွဲ တခါခါဖြင့် 'ချိုမိုင်မိုင်' လုပ်ပြ၏။ ထိုအခါ ဘိုးအေက 'ချဉ်မိုင်မိုင် ချိုးချိုး' ဟု အော်၏။ ကလေးက လက်သီးဆုပ် ဖြန့်ချည် လုပ်ပြ၏။ ဘိုးအေဖြစ်သူ မောပြီး ကျန်ခဲ့တော့မှ ချောစိန်သားအမိ ကနားဖျင်း အောက်သို့ မြူးထူးရွှင်ပျစွာ ရောက်လာ၏။

"သမီးရေ လာဟေ့၊ ဘနဲ့ အမေကြီးတို့ မျှော်နေရော့မယ်"

မောင်ဆေးရိုးက လက်ဝါးချင်း အသံမြည်အောင်ရိုက်ပြီး ကလေးကို ခေါ်၏။

"နေစမ်းပါဦးတော်၊ ကလေးမှာ လင်းကတည်းက နို့ မစို့ရ သေးဘူး"

ကျီးဒန်သည် ခုံတန်းလျားတစ်ခုပေါ်သို့ ဝင်ထိုင်ပြီး ကလေးကို နို့တိုက်ရာက မော့ကြည့်၏။

"တော်နဲ့ တော့်ယောက်ဖ အကြီးကောင်နဲ့ ဘာဖြစ်ကြသတုံး"

"ဘမင်းလား"

"အကြီးကောင်ဆိုမှတော့ ဘမင်းအပြင် ဘယ်သူရှိဦးမှာတုံး"

မောင်ဆေးရိုးသည် အော်ကြီးဟစ်ကျယ် ရယ်မောကာ မိကျီးဒန် [illegible] ဝင်ထိုင်၏။

"[illegible] အိုးတွေကြားထဲထိုင်ပြီး ကျောက်စား နေတဲ့ ငါ့ကို နမော်နမဲ့ [illegible] ငါ့နမအကြောင်း လာပြောတော့တာကိုး"

"အမယ်လေးတော်" ဟု အော်ကာ ကျီးဒန်မှာ ရင်ကို ဖိထားရ၏။ "ထပြီး နားရင်းပါးရင်း ရိုက်ပါတော့လား" အကြံပေး၏။

မောင်ဆေးရိုးမှာ ပါးစပ်ပြောင်းတော့မှ အရယ်ရပ်၏။



"ညည်းတို့သားအမိ အရောက်မြန်ပေလို့။ ညည်းတို့သားအမိ အရောက်နောက်ကျရင် သည်ကောင် ငါ့နမ မယ်မျှင့်အကြောင်း ဘာတွေများ လျှောက်ပြီး ပေါက်ကရပြောမယ်မသိဘူး"

"မောင်နမရင်းချာပဲဥစ္စာ ဘယ်လိုလုပ်ပြီး ပေါက်ကရတွေ ပြောလို့ ရမှာတုံး"

"တော်တော်ခက်တဲ့ကောင်ဟာ။ ငါ့မှာ ဟေ့ကောင်လို့ ထအော်ရ အခက်၊ မြဲနေရ အခက်နဲ့"

ပြောပြောဆိုဆိုဖြင့် မောင်ဆေးရိုး ထပ်မံရယ်မောပြန်ရာက "သမီးရေ၊ သွားကြစို့ဟေ့။ ဘတို့၊ အမေကြီးတို့ မျှော်ရော့မယ်" ပြောရင်း ထရပ်၏။ သူသည် ကလေးကို [illegible] ခေါ်သွားရန် [illegible] ကလေးကား အိပ်နေပြီ။

"အင်း သနားစရာပါကလား"

မောင်ဆေးရိုးသည် ပြောပြောဆိုဆိုဖြင့် ငုံ့နမ်းရာ မိကျီးဒန်က တွန်းဖယ်ပစ်သည်။

"အဲသည်ကလေးမလေးက [illegible] ပြောပြော အိပ်ရေးဝရင် [illegible]"

[illegible] ကလေးကို မောင် ဆေးရိုး [illegible] ချော့နေရသဖြင့် အိမ်မှ ကိစ္စ လက်ဟင်း [illegible] ကြောင့် ကိုယ်ရှိန်သတ်ကာ နောက် ဆုတ်သည်။

"နက်ဖြန်မနက်ကျမှ စောစောလာခေါ်တော့မယ်"

ချူသံတလွင်လွင်ဖြင့် အိမ်ဝိုင်းထဲသို့ ခြောက်စထောင် လှည်း [illegible] ဝင်လာ၏။ မိမိတို့အိမ်သို့လာသော ဧည့်သည်မဟုတ်။ လှည်းပေါ်မှ

ဆင်းလာသူများကို မောင်ဆေးရိုး မသိငြား၊ တစ်စုံတစ်ရာ ကူညီဆောင်ရွက်ပေးရန် မောင်ဆေးရိုး ရပ်နေသည်။

ဦးကြွက်နီသည် လှေကားထိပ်သို့ လာရပ်ငြား ဧည့်သည်များကို သူလည်း မမှတ်မိ။ သို့မဟုတ် သိပုံမရ။ "ကြွပါ ကြွပါ" ပြောသံမှာ ဝတ်ကျေ ဝတ်ကုန်မျှသာ။ သည်အိမ်တွင် လူငယ် မရှိ။ အိမ်ရှင်မ ဒေါ်ရွှေအိမ်မှာလည်း မြေးပျောက်ကို ရှာဖွေရန် ထွက်ခွာသွားရာက ပြန်မရောက်သေး။ သည်အတွက် မောင်ဆေးရိုးမှာ သင်ဖျူး ဝင်ခင်းပေးရသည်။ မိကျီးဒန်မှာလည်း ကိုယ်တိုင်မလုပ်နိုင်သော်ငြား အိမ်ပေါ်သို့ ကလေးပွေ့လျက် လိုက်လာရ၏။

"ကြောင်အိမ်ပေါ်က လင်ပန်းနဲ့ ရေနွေးကရားကို ဆေး"

မည်သည့်နေရာတွင် မည်သည့်ပစ္စည်းရှိသည်ကို မိကျီးဒန်သာ သိသည်။ သို့ကြောင့် သူက မောင်ဆေးရိုးကို ခိုင်းစေနေသည်။ ရေနွေးကရားအပြင် ခိုင်းသော်လည်း ရေနွေးအသင့်မရှိသဖြင့် ကျိုရဦးမည်။

"မတွေ့တာကြာလို့ မမှတ်မိတာ စိတ်မရှိပါနဲ့နော်"

ဦးကြွက်နီသည် သင်ဖျူးပေါ်တွင် ဝင်ထိုင်သော ဧည့်သည်သုံးယောက်အား အားနာသံဖြင့် ပြောသည်။

"ကိစ္စမရှိပါဘူး။ ကျွန်တော်တို့လည်း မှတ်မိတာမှ မဟုတ်ပါဘူး။ ဦးကြွက်နီ ဒေါ်ရွှေအိမ်ဆိုပြီး မေးမြန်းလာရတာပါ"

ဧည့်သည်သုံးယောက်အနက် အသွေးအမွေး ထူးခြားသော လူငယ်က သွက်လက်စွာ ပြောအပြီး၌ သူတို့ကိုယ်ကို ပြန်လည်ပြီး အိမ်ရှင်နှင့် မိတ်ဆက်ပေး၏။

"ကျွန်တော်တို့က တောတွင်က ဦးသာအေးနဲ့ ဒေါ်မြယဉ်တို့ ဖြစ်ပါတယ်။ ကျွန်တော်ကတော့ သူတို့ရဲ့တူ မောင်ကြည်စင် ဖြစ်ပါတယ်။



ကျွန်တော်တို့ အခုလာတဲ့ကိစ္စကတော့ လူကြီးမင်းတို့ထံမှာ လွန်ခဲ့တဲ့ အနှစ် နှစ်ဆယ်တုန်းက ဦးသာအေးနဲ့ ဒေါ်မြယဉ်တို့ ပေါင်နှံထားတဲ့ 'စလောင်းဖုံး' လယ်ပွဲကို ပြန်လည်ရွေးနုတ်ချင်လို့ပါပဲ"

ဦးကြွက်နီ၏ ငယ်ထိပ်ကို မိုးကြိုးပစ်သော စကားဖြစ်သည်။

တစ်စဏမျှ ဦးကြွက်နီ ငိုင်သွားပြီးမှ သမီးနှင့် သမက်အား လှည့်ကြည့်ပြီး ပြောသည်။

"ဟဲ့ သွားကြစမ်း၊ နင်တို့အမေ လိုက်ရှာကြစမ်း"

ထိုသို့လှမ်းပြောအပြီး၌ ဧည့်သည်များဘက်သို့ လှည့်၏။ မချိပြုံးဖြင့် လောကဝတ်စကား ဆို၏။

"ကွမ်း ဆေး လက်ဖက် ရေနွေးကြမ်း သုံးဆောင်ကြပါဦး။ အိမ်ရှင်မ မပါတော့ စကား အထမမြောက်မှာစိုးလို့ပါ"

မောင်ဆေးရိုးသည် ဤဧည့်သည်များကား လာခြင်းမကောင်းသော ဧည့်သည်များဟု သိသည်။ သိရခြင်းမှာလည်း 'စလောင်းဖုံးလယ်ပွဲ ရွေးမလို့' ပြောလိုက်သည်နှင့်တစ်ပြိုင်နက်တည်း ဦးကြွက်နီ မျက်နှာ ပျက်သွားသည့်အတွက် ဖြစ်ရပေသည်။ ထို့နောက် မောင်ဆေးရိုးမှာ မေးမေး မလျှောက်ရပါ။ လေးငါးအိမ်မျှ လျှောက်ဝင်ရှာသည်။ပြီးတွင် အိမ်တစ်အိမ်မှ ဆင်းလာသော ဒေါ်ရွှေအိမ်ကို လှမ်းမြင်ရသည်။

"တို့အိမ်ယဲဝင်သွားတာမြင်လို့ ထမလို့ဟော့။ နေပါဦး၊ ဘယ်က ဧည့်သည်များလဲဟယ်"

"တောတွင်ကတဲ့ အရီးရေ့"

ထိုခဏတွင် ဒေါ်ရွှေအိမ် မျက်နှာပျက်သွားသည်။

"ဦးသာအေး ဒေါ်မြယဉ်တဲ့၊ စလောင်းဖုံးလယ်ကို ပေါင်နှံထားရာက၊ ရွေးချယ်ဖို့ လာတာတဲ့ဗျား"

"အေးလေ လယ်တွေ ကောက်ခြေပြတ်တဲ့အချိန်ပဲ"

လယ်သမားများတွင် မောင်ဆေးရိုး၏မိဘများကဲ့သို့ တောတိုးပြီး လယ်တီလုပ်သူများ ရှိသည့်နည်းတူ ရောင်းချသော လယ်ကို ဝယ်ယူလုပ်ကိုင်သူများ၊ သီးစားခံ ယူလုပ်ကိုင်သူများ၊ တစ်ဖန် နှစ်အကန့်အသတ်ဖြင့် အပေါင်ခံပြီး လုပ်ကိုင်သူများလည်း ရှိပေ၏။ ရမ်းဘိုကုန်းတစ်ဝိုက်တွင် သာဒွန်းဝမြောင်း၊ လင်းဖင်းမြောင်း၊ ခိုင်မြောင်းဟူ၍ လယ်များသို့ ရေသွင်းပေးသော မြောင်းတွေရှိ၏။ သည်မြောင်းတွေမှာ ရေမမှန်ပေ။ မမှန်ရခြင်းမှာ ကိုယ့်အားကိုယ်ကိုး ဆင်းရဲသား ဆည် (သစ်ခက်ဆည်)များ ဖြစ်သောကြောင့် ဖြစ်ပေသည်။

စလင်းချောင်း၏ဝဲယာတွင် သစ်ခက်ဆည်တွေ သီးပွတ်နေပြား မည်သည့်ဆည် မည်သည့်မြောင်းမျှ စိတ်မချရ။ ကောက်ပင်များ စိုက်ရန်အတွက် အပြင်းအထန် ထွန်ယက်၍ကောင်းဆဲတွင် မြောင်းကျိုး၊ ဆည်ပျက်ပြီး ရေပြတ်သွားသော မြောင်းတွေဖြစ်သည်။ စလင်းချောင်းကို အမှီပြုပြီး တည်ထားရသော သည် သစ်ခက်ဆည်တွေမှာ ချောင်းရေများလျှင် လယ်သမားတွေ ရင် မ နေကြရ၏။ ဆည်ဦးကို ချောင်းရေကဖျက်ဆီးသွားတတ်သောကြောင့်တည်း။ ချောင်းရေ သင့်ရုံသာ လာမှမြောင်းထဲသို့ ချောင်းရေ ကောင်းမွန်စွာ စီးဝင်သည်။ ရံဖန်ရံခါ မြောင်း၏ခါးလယ်ကို ချောင်းက ဝင်ရောက်ဖျက်ဆီးသွားသဖြင့် မြောင်းသောက်လယ်သမားတွေ မြောင်းဖောက်ရန် လာကြရသည်။ မြောင်းတူးပြီး၍ အိမ်သို့ပြန်လာသော လယ်သားတွေ အိမ်ပြန်ရောက်၍မျှ ဖင်မနွေးမီ မြောင်းခေါင်း၏အသံ ပေါ်လာသည်။

"ဆည်ဦးတက်ကြရမယ်ဟေ့၊ ဆန်တစ်ပြည်နဲ့ ထွန်ကပ်ကိုယ်စီ"



သို့အတွက် လယ်မြေများမှာ အရောင်းအဝယ် မဖြစ်ထွန်းပေ။ ရေမိုးစိတ်ချရသောကြောင့် အရောင်း အပေါင်ခံလျှင်လည်း ဈေးမရှိလှပါ။ သို့ရာတွင် မဲဇလီဆည်အမည်ရှိသော 'မှန်းမြောင်း' ဖောက်လုပ်လာသည်။ လေလာပျက် မိုးလာပျက် မြောင်းမဟုတ်။ ရေမှန်သည်။ လယ်မြေ အရောင်းအဝယ်များ ဖြစ်ထွန်းလာသည်။ မြေဈေးများလည်း မြင့်တက်လာသည်။ ထိုမြေများကို တခုတ်တရ ဝယ်သော၊ အပေါင်ခံသော ချစ်တီးတွေ ပေါ်ပေါက်လာသည်။

ဦးကြွက်နီ ဒေါ်ရွှေအိမ်တို့မှာ မိဘလက်ငုတ် လယ် ဆယ်ဧက ရှိသည်။ ဤလယ်ကို လုပ်ကိုင်နေသူက 'ကန်သင်းတင်'စလောင်းဖုံးလယ်ပွဲ အရောင်းအဝယ်လုပ်သဖြင့် အပေါင်ခံလိုက်ခြင်းဖြစ်သည်။ သို့ရာတွင် မိမိလုပ်ကိုင်သော လယ်မြေများကို သူတစ်ပါးသို့ လွှဲအပ်ရမည် ရှိသောအခါ ဒေါ်ရွှေအိမ် မျက်ရည်စို့သည်။ ဧည့်သည်များအား အသံအက်ဖြင့် နှုတ်ဆက်သည်။ ထိုအခါ မောင်ကြည်စင်က ဦးဆောင်ပြီး စကားပြော၏။

"ဦးတို့ ဒေါ်ဒေါ်တို့ဆီမှာ ဆယ်နှစ် လုပ်စားပြီးရင် ပြန်လည်အရွေးခံရမယ်ဆိုတဲ့ ကတိနဲ့၊ လေးဧက ဒသမကိုးတစ်ရှိတဲ့ စလောင်းဖုံးလယ်ပွဲကို တစ်ရာနဲ့ ပေါင်နှံထားခဲ့တာ အနှစ် နှစ်ဆယ်ကျော်ခဲ့ပါပြီ"

"ဟုတ်ပါတယ် မှန်ပါတယ်"

ဦးကြွက်နီ အသံမထွက်ပြီး ဒေါ်ရွှေအိမ်က စကားထောက်ပေး၏။

"ဒါကြောင့် လောလောဆယ် အပေါင်စာချုပ်ပါ ငွေတစ်ရာကျပ်ပေးပြီး ကျွန်တော်တို့ ပြန်လည်ရွေးဆယ်ပါရစေ"

မောင်ကြည်စင်က စာချုပ်တစ်ခုနှင့် ငွေဒင်္ဂါးများကို ဦးကြွက်နီရှေ့သို့ ချပြသည်။ ဦးကြွက်နီသည် ဒေါ်ရွှေအိမ်အား လှမ်းကြည့်၏။ ယခု လယ်ရွေးရန် လာသော ဦးသာအေးနှင့် ဒေါ်မြယဉ်တို့၏ပုံပန်းမှာ

လုပ်ငန်းကိုင်ငန်း အဆင်ပြေသောကြောင့် လယ်ယာချောင်းမြောင်းများ ပြန်လည်ဖော်ထုတ် ရွေးဆယ်ခြင်း ဟုတ်ပုံမရ။ သည်ကလယ်ကို ဟိုပြောင်း၊ ဟိုကယာကို သည်ရွှေ့ လုပ်ပြီး ငွေထွက်အောင် လုပ်နေပုံပေါ်၏။ သို့ကြောင့် ဒေါ်ရွှေအိမ်က နားခံသာသော စကားကို သုံး၏။

"ကတိစကားရှိခဲ့တာလည်း ဟုတ်ပါတယ်။ ကျွန်မတို့ လုပ်စားလာတာ ဆယ်နှစ်ကျော် အနှစ် နှစ်ဆယ် ရှိလာတာလည်း မှန်ပါတယ်။ သည်စာချုပ်ကို အဖေတို့ အမေတို့က လက်ဖွဲ့လိုက်တာဆိုပေမဲ့ အနှစ်နှစ်ဆယ်ဆိုတော့လည်း သံယောဇဉ် ဖြစ်နေပါပြီ။ ဖြစ်နိုင်ရင်တော့ မရွေးဘဲ သင့်တင့်လျောက်ပတ်တဲ့ 'ထပ်ငွေ' ယူစေချင်ပါတယ်"

ဦးသာအေး ဒေါ်မြယဉ်တို့သည် မောင်ကြည်စင်အား လှမ်းကြည့်၏။ ထိုအခါ မောင်ကြည်စင်က ဒေါ်ရွှေအိမ်အား မေး၏။

"အစ်မကြီးတို့က ထပ်ငွေ ဘယ်နှရာများ ဆောင်းချင်ပါလိမ့်"

"မောင်ရယ်၊ ကျုပ်တို့မှာ လက်လုပ်လက်စားပါ။ ဘယ်လိုလုပ်ပြီး ရာဂဏန်း 'ထပ်' နိုင်ပါမလဲ"

မောင်ကြည်စင်က ခေါင်းခါ၏။

"ရေမှန်မိုးမှန်၊ ပထမတန်း မြေအမျိုးအစားဗျာ။ ချစ်တီးဆီသွားရောင်းရင် အချိန်မရွေး ထပ်ငွေ နှစ်ရာ ရနိုင်တယ် သိလား"

မောင်ဆေးရိုး ဆက်လက်ပြီး နားထောင်နိုင်စွမ်း မရှိ။ လှေကားထိပ်တွင် ထိုင်နေရာက ထသည်။

"ဟဲ့ ဘယ်ယသွားဦးမလို့လဲ"

ဒေါ်ရွှေအိမ်က လှမ်းပြီးအော်သည်။

"ချစ်တီးဆိုတဲ့အသံကြားချင်တာမဟုတ်ဘူး အရီး၊ နားခါးတယ်။ ဒါကြောင့် ခိုင်းစရာရှိ လှမ်းခေါ်လိုက်ပါ။ ကျုပ် ရှိမှာပါ"



ပြောပြောဆိုဆို မောင်ဆေးရိုး ဆင်းလာသည်။

"ဘယ့်နှယ်ဗျာ၊ ဖအေကျော်ပြီး ပထွေးလွမ်းနေတဲ့ ချစ်တီးဒလန်တွေ ရွာထဲဝင်လာတာတော့ မကောင်းဘူး။ ရွာထဲကို ဂျိဝင်မှ ရွာနာတာမဟုတ်ဘူး။ ရွာထဲကို ချစ်တီးဝင်ရင်လည်း ရွာနာတာပဲဗျ" ဟု မောင်ကြည်စင် ကြားစေရန် ဟောင်ဖွာဟောင်ဖွာလည်း ပြောလိုက်သေးသည်။

ရပ်ခလေ့ရွာခလေ့အရ အိမ်တစ်အိမ်သို့ ဧည့်သည် ရောက်နေလျှင် နီးရာအိမ်မှ မိန်းမဖြစ်စေ ယောကျ်ားဖြစ်စေ ဖျတ်ခနဲ ရောက်လာသည်။ လိုအပ်သည့်ကိစ္စများ ကူညီဆောင်ရွက်ပေးရင်း နားစွင့်သည်။ မျက်နှာတွေကို အကဲခတ်သည်။ ဆွေမျိုးသားချင်း အလည်အပတ်လာသည်ဆိုလျှင် မုန့်ပဲသရေစာများ ရောက်လာသည်။ ငွေကြေးကိစ္စအငြင်းပွားဖွယ်အကြောင်းအရာများကို အကြိတ်အနယ် ပြောဆိုနေကြလျှင် အိမ်ရှေ့က သစ်တုံးပေါ်သို့ လူတစ်ယောက် လာထိုင်၏။ ခဏကြာလျှင် ပုဆိုးစုတ်ကို ပခုံးပေါ်တင်ထားသူတစ်ယောက် အိမ်ရှေ့တွင် လာရပ်၏။

မောင်ဆေးရိုး ဖွာလောင်ဖွာလောင်လုပ်ချိန်ဝယ် ဦးကြွက်နီ ဒေါ်ရွှေအိမ်တို့အိမ်ရှေ့သို့ ရမ်းဘိုကုန်းသား ငါးယောက် ရောက်နေပြီ။ ထိုလူများကို လှမ်းကြည့်ပြီး မောင်ကြည်စင် မျက်နှာပျက်သွားသည်ကို ဒေါ်ရွှေအိမ် သတိထားမိကြောင်း လေချိုအသွေး မပျက်ပါ။

"မောင်ရယ်၊ လူငယ်ဆိုတာ မလိမ်မိုးမလိမ်မာပါနော်။ ဗွေမယူပါနဲ့။ အစ်မ တောင်းပန်ပါတယ်။ အဲသည်တော့ ငါ့မောင်ကြီး၊ အစ်မကြီးတို့လာမိမှတော့ လက်ချည်းမပြန်ရအောင် 'ထပ်ငွေ' ငါးဆယ် စာချုပ်မှာပဲရေးပြီး ယူသွားကြပါနော်"

သည်အခါကွင် ဒေါ်မြယဉ်တို့က ကြည့်လှည့်မဟုတ်။ မောင်ကြည်စင်ကသာ ဦးသာအေး၊ ဒေါ်မြယဉ်တို့ကို လှမ်းကြည့်ပြီး "တစ်ရာ ပေးပါ" ဆိုသည်။

"မောင်ရယ်၊ ပိုးမွှားမကျ ရေမိုးမှန်ပါမှ လွန်ရော ကျုံရော စပါး တစ်ရာပဲ ရပါတယ် ငါ့မောင်ရယ်။ စပါးတစ်ရာ ငွေတစ်ရာ၊ ကောက်စိုက်ခ ပျိုးနုတ်ခ၊ ဒါတောင် ထွန်ခယက်ခ မပါသေးဘူး"

"အစ်မကြီးပြောသလိုသာဆိုရင် လယ်ပိုင်ရှင်တွေ ခွက်ဆွဲကြရတော့မှာပေါ့။ မဟုတ်သေးပါဘူးဗျာ"

"ကိုယ့်မောင်အရင်းလို သဘောထားလို့ မခြွင်းမချန် အမှန်အတိုင်း ပြောတာပါ ငါ့မောင်"

"ရှင်းရှင်းပြောမယ်ဗျာ"

မောင်ကြည်စင်သည် အိမ်ဝိုင်းထဲသို့ ဝင်ရောက်လာပြီး နားတစွင့်စွင့် လုပ်နေသူများအား တစ်ချက်လှမ်းကြည့်သည်။

"ခင်ဗျားတို့လုပ်နေတဲ့ စလောင်းဖုံးလယ်ပွဲကို လိုချင်သူရှိတယ်။ ဒါကြောင့် ကျွန်တော်တို့ လာတာပါ"

"သူတို့လည်း ပုထုဇဉ်ဆိုတော့ လိုချင်ကြမှာပေါ့လေ။ သို့သော်လည်း သူတို့က အပြီးအပိုင်ဝယ်တာ။ အစ်မတို့က ပြန်ပြီး ရွေးခွင့်မျှော်လင့်ချက် ရှိသေးတဲ့ 'ထပ်ငွေ၊ လယ်ပေါင်' မဟုတ်လား"

"မောင်ကြီးလေ တင်ငွေ တစ်ရာမပေးနိုင်လဲ ကိုးဆယ်ထားပေါ့"

ငါးဆယ်နှင့် ကိုးဆယ်သည် ကွာဆက်ကွာမျှ ဖြစ်နေလေရာ ဒေါ်ရွှေအိမ်မှာ ဤမျှ သတ္တိမကောင်းပေ။

ထိုအချိန်အခါက လယ်သမားများမှာ ရိုးရာ နွားချေးချခြင်းကလွဲ၍ အသိပညာပေးသူ မရှိပါ။ စပါးအထွက်တိုးသော သိပ္ပံနည်းကျ



စိုက်ပျိုးရေးကို လယ်သမားများ မကြားဖူးပေ။ ထို့ကြောင့် မိုးနည်းရပ်ဝန်းရှိ ဆည်ရေသောက်လယ်များ၏ စပါးအထွက်မှာ တစ်ဧကလျှင် တင်း ၂၀ ဝန်းကျင်သာရှိသည်။ မျိုးကောင်းမျိုးသန့်ကို ရွေးချယ်စိုက်ပျိုးရန်လည်း စိတ်ကူးသူ ရှိဟန်မတူပေ။ ပိုးသတ်ဆေး သုံးစွဲသင့်သည်လည်း မဉပါဒ်ကြချေ။ သို့အတွက် လယ်မြေဈေးများမှာ အောက်အရပ်ဒေသနှင့် နှိုင်းယှဉ်ပါက နိမ့်ကျပေသည်။ ဦးသာအေး ဒေါ်မြယဉ်တို့အား ခေါင်းဆောင်လာသော မောင်ကြည်စင်သည် အားလုံးထက် ခေါင်းတစ်လုံး သာသည်။ ကမ္ဘာ့ဗဟုသုတရှိသော မြေကိုင်းစာရေး ဖြစ်သည်။

မည်သို့ဖြစ်စေ သူသည် သင်ပုန်းကြီးကုန်ရုံသာ စာတတ်သော ဒေါ်ရွှေအိမ်ကို နိုင်အောင် မပြောနိုင်ပေ။ သူက ကိုးဆယ်၊ ဒေါ်ရွှေအိမ်က ငါးဆယ်ဖြင့် တစ်နာရီခန့် လွန်ဆွဲအပြီး၌ ဦးကြွက်နီ ဝင်ရောက်ဖျန်ဖြေသော ခြောက်ဆယ်တွင် စကားပြတ်သွားကြလေ၏။

ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်တို့သည် 'ထပ်ငွေ' ခြောက်ဆယ်ပေးပြီး လယ်ပေါင်စာချုပ်ကို အသစ်ပြင်ရန်ဖြစ်ငြား ငွေမရှိပေ။ ငွေက တလင်းထဲမှာ ကောက်လှိုင်းအဖြစ်သာ ရှိသေးသည်။

"မိန်းကလေး၊ အမေ့မှာ ငွေ ၅၀ ကျပ်ပဲ ရှိတယ်။ သည်းအိုးလုပ်တဲ့အထဲက အမေ့ကို ငါးဆယ် လှူပါလား"

မိကျိုးဒန် အိုးလုပ်ရာမှရသော ငွေသည် မည်မျှရှိပြီဟု စာရင်းမှတ်မထားပေ။ ရေတွက်ပြီးလဲ မကြည့်ဖူးပေ။ မဇာညွန့်၊ မအေးညွန့်တို့ကို ပေးစရာရှိလျှင် ဖျာအောက်က ယူပြီး ပေးလိုက်သည်။ မောင်ဆေးရိုး လယ်ထဲမှ မထွက်နိုင်သောကြောင့် အိုးဖုတ်ရန် ထင်းဝယ်ရသည်က သုံးကြိမ်။ တစ်ဆယ်ကျော်သည် ထင်၏။

အဖေတို့ အမေတို့တွင် ငွေလိုပြီ။ သူ့အိမ်ဝိုင်းထဲဝင်ပြီး နေပါလျက်က မရှိဟု 'ဘူး' ခံရန် မသင့်။ မိကြီးဒန်မှာ ကလေးကို မောင်ဆေးရီးထံ ထိုးထားခဲ့ပြီး အိပ်ရာအောက်က ဖျာကို လှန်ရသည်။ ဒင်္ဂါးတွေရော ငါးမူးစေ့၊ မတ်စေ့၊ ပဲစေ့၊ ကြေးပြားပါမကျန် ရေတွက်မှ ၆၀ သာ ရှိသည်။

"အမေတောင်းသည့်အတိုင်း ပေးသင့် မပေးသင့်"

အိမ်ထောင်တစ်ခုဖြစ်သောကြောင့် လက်စောင့်ခြေစောင့် ရှိနေသင့်သည်။ သို့ဖြစ်၍ ကျီးဒန်သည် အမေ့ထံသို့ ငွေ လေးဆယ်ကျပ်ဖိုးရှိသော အနတ်များကို သယ်ဆောင်လာတော့သည်။ သည်အနတ်တွေကို သည်အတိုင်း ပေးလိုက်ရန် မသင့်။ ငါးမူးစေ့ ကျပ်စေ့ လုပ်မှ သင့်မည်။ သို့ဆိုက ထမင်းစားချိန်သို့ တိုင်တော့မည်။ ထိုအခါ ကျီးဒန်မှာ ကလေးကို မောင်ဆေးရီးလက်ထဲမှ ပြန်မယူဘဲ အမေ့မီးဖိုထဲသို့ ဝင်ရတော့သည်။

မယ်ကြွယ်စိုး သားအမိသည်လည်း ဒေါ်ရွှေအိမ်၏အိမ်တွင် ဧည့်သည်ကို ထမင်းကျွေးရမည်ဟု သိလျှင်သိချင်း တလင်းထဲမှ ပြေးလာကြသည်။ တူတူတန်တန် စားပွဲခုံ ရှိပါစ၊ ဖွန်း ပန်းကန် စားပွဲတို့ ရှိပါစ။

ဧည့်သည်လည်း ရောက်နေသည်။ ကျီးဒန်လည်း အမေ့မီးဖိုထဲ ရောက်နေသည်ကြားလျှင်ကြားချင်း ဦးစွာ ငွေသော့ ရောက်လာသည်။ ထို့နောက် မိဖော့နှင့် ရွှေသစ်၊ မယ်သုန်တို့ ရောက်လာကြသည်။ ကူညီပြီး ချက်ရန်ပြုတ်ရန်အတွက် လိုအပ်သော ပစ္စည်းများကို အိမ်ရှင့်ကိုယ်စား လှည့်လည်ချေးငှားပေးရန် ဖြစ်ပေသည်။

ဦးကြွက်နီသည် စကားကို များများပြောတတ်သူမဟုတ်ပေ။ စကားမရှိ စကားရှာပြီး ဧည့်ခံစကားပြောရန်မှာလည်း ဦးကြွက်နီအတွက် လွယ်ကူသော ကိစ္စမဟုတ်ပေ။ 'ရမ်းဘိုကုန်းသားတွေ ပါးစပ် မပါပါဘူးကွာ' ဟု အပြောခံရကာမှ ခံရရော့။ ဦးကြွက်နီကား အကြောင်းမဟုတ်သည်ကို အကြောင်းလုပ်ပြီး ပြောနေမည့်သူ မဟုတ်ပေ။ ထိုအခါ ဦးစံအေးနှင့် ဦးကံမောင်၊ ဦးသောင်းတို့သည် မအားလပ်သည့်ကြားက ရောက်လာကြရလေ၏။

"ကျွန်တော်တို့ ရမ်းဘိုကုန်းက ခေတ်ရွာမဟုတ်ဘူးခင်ဗျာ။ မြန်မာဘုရင် ရွှေလက်ထက်တော်တုန်းက တပ်မတော်ကြီးက သေနတ်အမှုထမ်းတွေ အသုံးပြုဖို့ ယမ်းမှုန့်တွေကို ဆက်သရတဲ့ ရွာခင်ဗျာ့"

ဦးစံအေးမှာ ဤမျှအထိကား မှင်ဖြင့် မောင်းဖြင့် ကောင်းမွန်ဖြောင့်တန်းစွာ ပြောနိုင်သူဖြစ်သည်။ သို့လျှင်ဖြစ်စေကာမူ ကုလားတက်လာပြီးနောက် ရမ်းဘိုကုန်းတစ်ရွာလုံး နယ်နှင်ခံရသည်အထိသာ ပြောတတ်သူ ဖြစ်၏။ သို့သော် စိုးရိမ်ဖွယ်မရှိပါ။ ဦးကံမောင်နှင့် ဦးသောင်းတို့ကလည်း အဆိပ် 'ပြီး' သည့် စန္ဒကုတ်မင်းအကြောင်း၊ မဟာဗန္ဓုလစစ်သူကြီးတို့အကြောင်းဖြင့် ဖြည့်စွက်လိုက်လျှင် ထမင်းစားချိန်နှင့် အခန့်သင့်ဖွယ် ရှိပါသည်။

*

လယ်ပွဲအတွင်းရှိ ထန်းပင်အားလုံးကို ချိုင်ပါလျက်နှင့် သည်တစ်ပင်ကို မေ့ကျန်ခဲ့သည်။ ထန်းပင်များမှ အသီးအရွက် ရနိုင်သည်ဖြစ်စေ၊ မရနိုင်သည်ဖြစ်စေ လှည်းလမ်းမပိတ်မီ ချိုင်ပစ်ရမည်။ စပါးပင်များပေါ်သို့ ထန်းရွက်တွေ ကြွေကျမည် စိုးရိမ်သောကြောင့်ဖြစ်၏။ ဤအကြောင်းကြောင့် ထန်းပင်တွေကို ချိုင်ပစ်ပါလျက် သည်တစ်ပင်ကွက်ပြီး ကျန်ခဲ့သည်။ ကျန်ခဲ့သောကြောင့် ယခု ထန်းရွက်တစ်ရွက် တန်းလန်းဆွဲနေပြီ။ လေပြင်းလာလျှင် ထန်းရွက်ခြောက်သည် လေတွင် ဆန့်တန်းလျက် အဆက်မပြတ် မြည်တော့သည်။

ယခုကား လေပြင်းမကျ။ လေပြည်သာ လာနေသည်။ ထို 'ဆွဲချ' ထန်းလက်သည် ပင်စည်နှင့် ကွာသွားချေ ပင်စည်ကို ရိုက်ပုတ်ချေ ဖြစ်နေသည်။ ထိုဆွဲချ ထန်းလက်လှုပ်ရှားတိုင်း ဗျင်းခနဲ ဗျင်းခနဲ အသံသည် တိတ်ဆိတ်အေးချမ်းမှုကို ဖျက်ဆီးသည်။

မောင်ဆေးရိုးသည် အိမ်ထောင်ကျပြီးနောက် ယောက္ခမအိမ်သို့ ရောက်သွားရငြား မိဘလယ်ကို လုပ်ပေးနေရသည်။ ယခု ရေယူရင်း နွားစာ မြက်ရိတ်နေစဉ် ဆွဲချ ထန်းလက်ကို နားကြားပြင်းကတ်နေခြင်း ဖြစ်၏။

ရာသီတစ်ပတ် လည်ပြီးပြီ။ နောက်တစ်ကြိမ်ပင် ထွန်တုံးပိတ်ပြန်ပြီ။

မောင်ဆေးရိုး ရေယူနေခြင်းမှာ ပျိုးခင်းကျွတ်ကို ထွန်ရေး လုပ်ပြီး စိုက်ရန်ဖြစ်သည်။ လယ်ကွက်တိုင်းကို ကန်သင်းဆွဲသောကြောင့် မြက်အသစ်များမှာ ရိတ်၍ ရရုံသာ ရှိသေးသည်။ ထန်းပင် ပင်စည်ကို ဆွဲချထန်းလက်က စည်းချက်မှန်မှန် ရိုက်ပေးသည့်ကြားသို့ ငှက်ခါး တစ်ကောင်က စည်းမကျ ဝါးမကျ ဝင်နှောက်နေ၏။ ငှက်ခါးသည် သွပ်ပြားပေါ်သို့ အုတ်ခဲတွေ ပြုတ်ကျသံဖြင့် ထိုးဆင်းလာပြီး ပျံတက်သွား၏။ သစ်ပင်ထိပ်ဖျားသို့ ပြန်ရောက်သွားသောအခါ တစ်ချက်ချင်း အော်နေပြန်၏။ ဤသည်ကိုလည်း မောင်ဆေးရိုး မနှစ်မြို့။

"ငှက်သရော နဲ့ကောမိ ဆိုတာ နင်ပဲ"

မောင်ဆေးရိုးသည် ငှက်ခါးကို မော့ကြည့်၏။ တိမ်ဖြူထသော ကောင်းကင်တွင် လင်းတတွေ ပျံဝဲနေသည်။ လင်းတပင်ဖြစ်စေကာမူ သာမန် အမြင်အားဖြင့်မူ စွန်သာဖြစ်၏။ ဝါမကျွတ်သေးသောကြောင့် သာလျှင် လင်းတ ဟု ပြောရခြင်းဖြစ်၏။

"ကိုရင် ဘာမှာဦးမလဲ"



မယ်မျှင် ဖြစ်သည်။ မောင်ဆေးရိုး ရိတ်ထားသော မြက်တွေ သယ်ယူရန်နှင့် ထမင်းပို့ရန် လာခြင်းဖြစ်သည်။

"ဘာမှ မှာစရာမရှိဘူး။ ဣန္ဒြေရရ ပြန်၊ ကောင်းကောင်းပြန်"

အမှာခံရသူ၏ စိတ်ထဲတွင် မည်သို့ဖြစ်သွားမည်နည်း။ မောင်ဆေးရိုး မစဉ်းစားပါ။ သူ့နှမကို သူ့ယောက်ဖနှစ်ယောက်က ရစ်သမ်းနေတာကြောင့် သတိပေးခြင်းသာဖြစ်သည်။

မောင်ဆေးရိုးသည် သူ့နှမကို မျက်စိတစ်ဆုံး လိုက်ကြည့် မိသည်။ မြောင်းပေါင်ကွယ်သွားမှသာ "ဆင်းရဲသား သားသမီးပဲ။ အိမ်တွင်းပုန်း အလုပ်ခိုင်းမထားနိုင်ပါဘူး" ဟု တီးတိုးရေရွတ်မိသည်။ ရေရွတ်ရင်း ရေသွင်းလယ်ကို လှမ်းကြည့်သည်။ မူလနေရာ၌ ပြန်ပြီး ထိုင်သည်။

သူ့မောင်ကြီး ပြောလိုက်သောစကားတွင် မည်သည့်ရည်ရွယ် ချက်တွေ ပါဝင်ကြောင်း မယ်မျှင် နားလည်သည်။ ဘမင်း ဘဝင်း ညီအစ်ကိုသည် သူ့နောက်သို့ အသည်းအသန် လိုက်နေသည်။ အချိန် မရွေး စည်းလွတ်ဝါးလွတ် ဖြစ်သွားနိုင်သည့် အန္တရာယ်ရှိသည်။

နောက်ကျလယ်အမျိုးသာ ယှန်းသလောက်သာ နှုတ်သယ်ဖိုက်ဆဲ ဖြစ်ငြား မြလယ်တောကြီးမှာ မျိုးကျသံအောက်တွင် ငြိမ်သက်နေသည်။ လယ်ပွဲ အများစု ထွန်တုံးပိတ်သွားပြီမို့ မြောင်းထဲတွင် ရေပြည့်နေ၏။ ရေစပ်စပ်မျှသာ ရှိမြဲဖြစ်သော ထန်းသားရေကျော်တွင် ယခု ရေတွေ ပေါင်းလန်နေ၏။ မယ်မျှင်သည် ထမင်းထုပ်ကို ဆွဲ၊ မြက်တုံးကို ရွက်လျက် ထန်းသားခြမ်းထဲ ဆင်းပြီး ညင်သာစွာ လျှောက်သည်။ ထန်းသားခြမ်း၏ နှုတ်ခမ်း နှစ်ဖက်ကို နင်းလျှင် မြက်ထုံး လိမ့်ကျနိုင်သည်။

"မယ်မျှင် နေပါဦးဟ"

ထန်းသားရေကျော်တွင် ဥန္နပင်ရိပ်မှ ထွက်လာသော ဘဝင်း ဖြစ်သည်။

မယ်မျှင့်ရင်ထဲ ထိတ်ခနဲဖြစ်သွားငြား မျက်နှာပိုးသတ်ထား၏။

"ဘာကိစ္စနေရမှာလဲဟ၊ နေမြင့်ရတဲ့အထဲမှာ"

ဘဝင်းသည် လမ်းကို မပိတ်ဆို့ပါ။ မယ်မျှင် သွားလိုက သွား၍ ရသည်။ သို့သော် ဆွေမတော် မျိုးမစပ်သော ယောကျာ်းတစ်ယောက်၏ ဘေးမှ ပွတ်သပ်ပြီး မယ်မျှင် မသွားနိုင်ပါ။ ထို့ကြောင့် တုံ့ရပ် တုံ့ပြန်ရခြင်း ဖြစ်ပါသည်။

"တမြန်နေ့က ငါ စာပေးထားတာလေ"

"အလှူဖိတ်စာမှတ်လို့ အမေ့ပေးလိုက်ပြီ"

ဘဝင်းမှာ များစွာစိတ်ညစ်သည်။

"သေလိုက်ပါတော့ မယ်မျှင်ရာ၊ ရည်းစားစာဟ"

ရှုံ့မဲ့ပြီး ညည်းတွားရာက ဘဝင်းသည် ရှေ့သို့ တိုးလာ၏။

"ရည်းစားစာဟ မယ်မျှင်ရ၊ နင့်ကို ငါ ဘယ်လောက်ချစ်တဲ့ အကြောင်း ဘယ်လောက်ကြိုက်တဲ့အကြောင်းတွေ ရေးထားတာဟ။ ငါ့ကို ပြန်ပြီးချစ်ပါလို့ တောင်းပန်ထားတယ်။ အဲဒါ ဘယ်လိုတုံး"

"ဖယ်စမ်းဟာ၊ ငါ သွားတော့မယ်"

ဘေးမှ ကွေ့သွားလိုဟန် မယ်မျှင်က ခြေလှမ်းတစ်လှမ်း လှမ်းရန် ဟန်ပြင်သော်လည်း ဘဝင်းက လမ်းမပေးပါ။

"ငါမေးတာ ဖြေမှသာ လမ်းဖယ်ပေးမယ်"

"နင်နော် ဖယ်နော်"

"ဖယ်စေချင်ရင် ငါမေးတာ ဖြေလေ"

"ဟော့ကောင် မင်း ဘာလုပ်တာတုံး"



ထန်းသားရေကျော်ထိပ်မှ ထွက်ပေါ်လာသော ဘမင်း၏အသံ ဖြစ်သည်။ သူသည် ထမ်းလာသော မြက်ထုံးမှ ထမ်းပိုးကို ဆွဲချွတ်သည်။ ဥန္နပင်ရိပ်သို့ လျင်မြန်စွာ ချဉ်းကပ်လာသည်။

"ဟေ့ အစ်ကို မင်း ဝင်မရှုပ်နဲ့ကွာ"

"ဘာကွ ငါက ဝင်ရှုပ်တယ်ဟုတ်လား"

ဘမင်း ဟန်လုပ်ပြီး ရှေ့တိုးနောက်ငင် ရယ်မောနေစဉ် မယ်မျှင် သည် လုစ်ခနဲ ပြေးထွက်ခဲ့သည်။ ညီအစ်ကိုနှစ်ယောက် သတ်ပုတ်ကြ လိမ့်မည် ထင်သည်။ ဘမင်း မြက်ထမ်း ထမ်းပိုးကို မြှောက်လိုက်သည် ဟု ထင်သည်။ ကျော်မကောင်း ကြားမကောင်း ဖြစ်ရှာမည်။ မယ်မျှင်သည် မည်သူ့ကိုမှ မေတ္တာမရှိငြား၊ မြက်ထုံးကို 'နန်းတိုင်' ဘေးတွင် ပစ်ချခဲ့ ပြီးနောက် အမေ့ထံသို့ ပြေးခဲ့သည်။

"အမေ့ကို မနှစ်ကတည်းက ကျုပ်တိုင်ခဲ့တာ၊ အမေ အရေး မလုပ်လို့ အခု အခု အခု"

မယ်ကြွယ်စိုး မျက်လုံးပြူးဖြင့် သမီးကို အထိတ်တလန့် ကြည့်သည်။ သမီး၏ပခုံးကို ကိုင်လှုပ်သည်။

"အခု ဘာဖြစ်သတုံး သမီး"

"သတ်ကုန်ကြပြီ။ သတ်ကုန်လို့ သူတို့ သေတာက အရေး မကြီးဘူး။ ကြားထဲက သမီး နာမည်ပျက်တော့မယ်"

အထိတ်တလန့် မဖြစ်လောက်သော အကြောင်းဖြစ်သည်။ သို့သော် မည်သူတွေ သတ်ကုန်ကြသနည်း။ မယ်ကြွယ်စိုး မရှင်း။

"နေပါဦး သမီးရဲ့၊ ဘယ်သူတွေ သတ်ကုန်ကြတာတုံး"

မယ်မျှင်သည် လယ်ထဲမှအပြန် ထန်းသားရေကျော်ထိပ်တွင် ဘဝင်း စောင့်ဆိုင်းနေပုံက စတင်ပြောပြရတော့သည်။

"သမီးနဲ့ သူတို့နဲ့ ဘာမှအဆက်အသွယ်ရှိတာမဟုတ်ဘူး အမေ။ သူတို့ဘာသာသူတို့ဖြစ်တာကို သမီး ခလောက်ဆန်လို့၊ သမီး မျက်နှာများလို့ ဆိုပြီး မတရားပြောကြမှာ၊ သမီး မခံနိုင်ဘူး အမေရဲ့"

ဤစကားသို့အရောက်တွင်ကား မယ်မှုံသည် မအေကို ဖက်ပြီး ငို၏။ မယ်ကြွယ်စိုးသည် သမီးကို ကြင်နာစွာ ဖက်ထား၏။

"အမေရှိတယ် သမီး၊ မငိုနဲ့။ ငါ့သမီးကို မတရားပြောသူရှိရင် ငါနဲ့ တွေ့မယ်။ မယ်ကြွယ်စိုးတဲ့ဟေ့။ တစ်စိုးတည်း ရှိတယ်"

ပြောရင်းပြောရင်းဖြင့် မယ်ကြွယ်စိုး၏အသံသည် ကျယ်လောင်လာ၏။

"အမေ ဟိုဘက်သွားလိုက်ဦးမယ်"

မယ်ကြွယ်စိုးသည် ဒေါ်ရွှေအိမ်ထံသို့ မလာ၍မဖြစ်ပေ။

ရပ်ထုံးစံရွာထုံးစံတွင် 'သားသမီးမကောင်း မိဘခေါင်း' ဖြစ်သည်။ လက်လွှတ်စပယ် ဆဲရေးပုတ်ခတ် မလွှတ်။ မိဘကို တိုင်ကြားကြသည်။ ယခုကိစ္စကား ရိုးရိုးမဟုတ်။ ညီအစ်ကိုချင်း ငြိုးသူရန်ဘက် ဖြစ်သွားနိုင်သည်။ ရပ်ကျော်ရွာကျော်လည်း ဖြစ်နိုင်သည်။

ခမည်းခမက် ဒေါ်ရွှေအိမ်ထံသို့ ရောက်လာခြင်းသည် သမီးမိကျိုးဒန်နှင့် မြေးမ ချောစိန်ထံသို့ အလည်လာခြင်းလည်း မည်ပေ၏။ ရမ်းဘိုကုန်းရွာတွင် ယမန်နှစ်က အိုးလုပ်သူ ငါးဦးသာ ရှိခဲ့ငြား ယခုနှစ်တွင် ခုနစ်ဦး ရှိလာပြီ။ ဖို မတည်နိုင် သူများရှိသောကြောင့် ခုနစ်ဦးဆိုရငြား အိုးလုပ်တတ်သူများ တိုးပွားနေပြီ။ ဖို မတည်နိုင်သူများသည် အိုးထိန်းစက် တည်နိုင်သည်။ အိုးပုတ်သည့် လက်ခတ်အစုံရှိသည်။ ထို့ကြောင့် ထင်းအပြည့်အစုံ စုဆောင်းပြီးလျှင် သူတစ်ပါး၏ဖိုကို ငှားကာ ကိုယ့်အိုးကို ဖုတ်သည်။ အခြားသူတွင် လုပ်အားလိုပါက အခစားဖြင့်



အငှားဖုတ်ပေးသည်။ ဤသို့ဖြင့် ကျိုးဒန်မှာ လူငှားများဖြင့် တစ်ဖိုပြီး တစ်ဖိုသွင်း၊ တစ်ဖိုပြီး တစ်ဖို ဖော်နေ၏။ ကလေးမှာ မအေ့အိမ်ထက် ဘိုးအေ ဘွားအေ၏အိမ်တွင်သာ အနေများရတော့၏။ အိမ်ရှေ့သို့ မယ်ကြွယ်စိုးအရောက်တွင် မြေးမ၏အသံကို ကြားရ၏။

"သမီးရေ ချောစိန်ရေ"

မယ်ကြွယ်စိုးသည် လမ်းမှာကတည်းက လက်ဝါး တဖျပ်ဖျပ် ရိုက်လျက် အသံပေးလာ၏။ ချောစိန်သည် နောက်ပိုင်းထုံးထားသော 'ရှင်မီး' အင်္ကျီကလေးဖြင့် မလျှောက်တတ် လျှောက်တတ် လမ်းလျှောက်နေ၏။ သူလမ်းလျှောက်သည့်နောက်မှ ကပ်ပြီးပါနေသူမှာ ဦးကြွက်နီ။

စင်စစ်အားဖြင့် ကလေးသည် ကောင်းစွာ လမ်းမလျှောက်တတ်သေး။ အဘိုးနှင့် အဘွားသည် မြေးအလိုအလျောက် လျှောက်တတ်သည်အထိ မစောင့်နိုင်။ သို့အတွက် 'ချားတိုင်' စိုက်ပေးကြ၏။ ချားတိုင်မှာ ကလေး၏ပခုံးမျှသာမြင့်သော တိုင်ကို လက်ကိုင်ပါသော ဝါးဖြင့် စွပ်ထားခြင်းဖြစ်၏။

ကလေးသည် လက်ကိုင်ကို ကိုင်ပြီး ချားတိုင်ကို ပတ်ချာ လှည့်ခြင်းဖြင့် လမ်းလျှောက်သည့်အလေ့ ကျင့်ပြီးဖြစ်၏။ ဘိုးအေမှာ ချားတိုင်လှည့်သည့်နောက်သို့ လိုက်၍ အနောက်ပိုင်းက ပါသွား ပြီးလျှင် ခြေထောက်က မလှမ်းဘဲ တန်းလန်းကျန်နေတတ်သဖြင့် ဘိုးအေ ကပ်လိုက်နေရခြင်းဖြစ်၏။

"သမီးရေ ချောစိန်ရေ"

ကလေးသည် ချားတိုင်ကို လွှတ်ပြီး ထိုင်ချသည့် ဘွားအေ ထံသို့ လေးဖက်ထောက်လျက် ပြေးသည်။

"သမီးက ဘွားအေမှန်း သိတယ်နော်"

မယ်ကြွယ်စိုးသည် မြေးမကို ကောက်ချီပြီး အိမ်ပေါ်သို့ တက်ခဲ့၏။ သူ့အသံကို ကြားသောကြောင့် ဒေါ်ရွှေအိမ်လည်း မီးဖိုထဲမှ ထွက်လာ၏။ "ကောင်မ၊ ကျက်ခဲ့ပြီလား" ဟု နှုတ်ဆက်၏။

"မကျက်တကျက်ပဲဟေ့၊ ချက်ချင်းမလာရင် မဖြစ်လို့ ပြေးလာရတာ"

"အလိုလေးတော်၊ မထိတ်သာ မလန့်သာ"

ကွမ်းအစ်နှင့် ရေနွေးဇန်း၊ မီးခွက် စသည်များထားသော အလယ်ကောင် တိုင်အနီးတွင် ထိုင်မိကြလျှင် မယ်ကြွယ်စိုးက ယနေ့ နံနက် သူ့သမီး ကြုံခဲ့ရသည့် အခင်းကို ရှင်းလင်းပြသည်။

"ငါ့သမီးမကြိုက်တာတော့ သူတို့ဘာသာသူတို့ တစ်ဖက်သတ် 'တစ်ဘီးလိမ့်' တွေ ဖြစ်နေတာပဲ့။ ဘယ်သူ့ကိုမှ စကားမပြန်ဖူးဘူးတဲ့"

"မိန်းမပျိုကလေးတစ်ယောက်ကို မအေချင်းမစာ၊ နမချင်း မစာ၊ ဣန္ဒြေမဲ့ သိက္ခာမဲ့ဖြစ်အောင် လိုက်လုပ်တာ ငါ တောင်းပန်ပါ တယ်အေ။ သည်ကောင်တွေကို ပါးရိုက်ပြီး ဆုံးမပါ့မယ်"

ဒေါ်ရွှေအိမ်က အားနာသံဖြင့် ပြောသည်။ မယ်ကြွယ်စိုးက ကလေးကို ဦးကျန်ကြီး တွေ့ မတွေ့ လှမ်းကြည့်ပြီးမှ တုံ့ပြန်သည်။

"ညဉ့်သားတွေကို ရိုက်စေချင်လို့ လာပြီးတိုင်တာမဟုတ်ဘူးနော် ဟဲ့။ တိုင်ပင်စရာရှိလို့ ထလာတာ"

"ဘာများပါလိမ့်"

"ညည့်သားအကြီးနဲ့ ငါ့သမီးနဲ့ ကြိုက်ရင် အတွင်းသိ အစင်းသိ တွေမို့ ငါ ဘာမျှပြောမှာမဟုတ်ဘူး။ အဲသလိုပဲ ညည့်သားအငယ်နဲ့ ငါ့သမီးနဲ့ ကြိုက်လဲ ပေးစားလိုက်ရုံပဲ။ အခုတော့"

အခုတော့တွင် မယ်ကြွယ်စိုး ထစ်ထားသည်။ ထိုအခါတွင်မှ စကား၏အလေးအနက်ကို ဒေါ်ရွှေအိမ် ခန့်မှန်းမိသည်။



"အခုတော့ မိန်းမတစ်ယောက်ကို ယောကျ်ားနှစ်ယောက်က ပြိုင်တူကြိုက်ရာမှာ ညီအစ်ကိုတွေ ဖြစ်နေတယ်။ အစ်ကိုနဲ့ယူရင် မတ်ရဲ့ မျက်နှာကို တစ်သက်လုံး မကြည့်ရဲတော့ဘူး။ ဒါမှမဟုတ်လို့ ညီနဲ့ ယူရင်လဲ ခဲအိုရဲ့မျက်နှာကို ဘယ်လိုလုပ်ပြီး ကြည့်ဦးမလဲ"

ဒေါ်ရွှေအိမ်သည် သက်ပြင်းချရန် သဘောပေါက်၏။ သို့ကြောင့် "အေးဟဲ့၊ ဟုတ်တယ် ကောင်မရဲ့" ဟု ထောက်ခံ၏။

"ဒါတွင်ဘယ်ကဦးမလဲအေ၊ ညီကိုယူရင် အစ်ကိုက ညီကို မုန်းတော့မယ်။ ကံမကောင်းရင် ကမ္ဘာရန်ငြိုး။ အဲ အစ်ကိုကို ယူပြန် တော့ကော၊ ညီက အစ်ကိုကို မုန်းတော့မယ်"

"ဟုတ်ပါကော၊ ငါ သေချင်တယ်"

ညည်းချင်းလက်သံနှင့်အတူ ဒေါ်ရွှေအိမ်သည် ခေါင်းကို တဖြင်းဖြင်း ကုတ်သည်။

"အဲသည်တော့ ညီအစ်ကိုတွေ အချစ်မပျက်ရအောင် ငါ့သမီးကို ကိုင်းသမားနဲ့ပဲ ပေးစားတော့မယ်"

"ကောင်းတော့ကောင်းပါရဲ့၊ ဒါပေမဲ့ မလောကသုံးဆယ် တော့ မလုပ်နဲ့နော်။ ငါ့သားတွေ [illegible]"

ဒေါ်ရွှေအိမ်က ပြန်စကား ဆိုသည်။

"မလောကသုံးဆယ်တော့ ဘယ်လုပ်မလဲအေ့၊ တလောကပဲ ဖိုးလယ်မျိုး ညည်းတို့အိမ်ရှေ့ ငါတို့အိမ်ကိုပါ ဝင်သွားတဲ့ ရှင်သဲညွန့်တို့ ကိုမြစ်မကို လှည်းမောင်းပို့တဲ့ သူငယ်ဟာ ကျောင်းဆရာ ဆိုပါကလား"

"အေး အေး ဟုတ်တယ်။ ငါ အခုမှ သတိရတယ်"

"ရှင်သဲညွန့်က ငါ့သမီးကို ချွေးမတော်ရရင် ကောင်းမှာပဲ [illegible] ငါ့ကလေးကောင် ဝေါက်ပစ်ရသေးတယ်"

ဒေသစကားအားဖြင့် ကိုင်းသမားဟု ခေါ်သူများမှာ အမှန်အားဖြင့် ယာသမားများသာဖြစ်သည်။ သို့သော် ဤယာသမားများမှာ ရေမငတ်ပါ။ သူတို့၏လုပ်ကွက်မှာ မြစ်ကမ်းနားတွင် ရှိသည်။ မြစ်ရေလွှမ်းသည့်အောက်၌ တစ်မိုးတွင်းလုံး ရောက်နေခဲ့သော မြေများ၊ သီတင်းကျွတ်တန်ဆောင်မုန်း ရေကျမှ ပေါ်လာတော့မှ စိုက်ပျိုးရသူများ ဖြစ်သည်။

မြစ်နှင့်ဝေးသော ရမ်းဘိုကုန်းက သိသည်မှာ ကိုင်းထဲကရွာများတွင် ရေလွှတ်စေရန် ခြေတံရှည်အိမ်ကြီးတွေ ဆောက်ကြသည်။ နွားချေး မချ၊ တက်မြေသြဇာ မကျဘဲ မြေဆီမြေသြဇာကောင်းသောကြောင့် လုပ်ငန်းဆောင်တာများ အောင်မြင့်ဖြစ်ထွန်းသည်။ ထို့ကြောင့် လောဘဇောတိုက်သည်။ လောဘဇောကပ်လာသောအခါ ဒေါသလည်း လွှမ်းမိုးလာသဖြင့် ရာဇဝတ်မှု ထူပြောသည်။ ထိုအခါ ထိုအရပ်မှ လူများကို ဒုစရိုက်သမားတွေ၊ လူမိုက်တွေဟု အခြားအရပ်သားများက မြင်လာကြသည်။ သို့သော် ဓားတစ်ပြက် တုတ်တစ်ပြက်သမားတွေကြားမှ ကျောင်းဆရာတစ်ယောက် ထွန်းပေါက်လာသည်။ မောင်မောင်အေးဟူ၏။

မယ်ကြွယ်စိုးက သူ့သမီး မယ်မျှင်အား မောင်မောင်အေးနှင့် ပေးစားရန် စိတ်ကူးခြင်းသည် ဘမင်း၊ ဘဝင်းတို့ သင့်မြတ်ညီညွတ်ရေး ဖြစ်သည်။ သို့သော် လက်တွေ့ အကျိုးခံစားရသူမှာ ကျီးဒန်ဖြစ်သည်။ မောင်မောင်အေးတို့ ပန်းဆွဲရွာမှ ပွဲစားသည် ကျီးဒန်၏အိုးများကို အလုံးအရင်းဖြင့် ဝယ်ယူကြသောကြောင့် ဖြစ်၏။

ရမ်းဘိုကုန်းရွာသည် လယ်သမား၊ ယာသမားရွာ။ ကျီးဒန်၏ ကောင်းမှုကြောင့် အိုးသမားပါ ဖြစ်လာသည်။ မြစ်နားကမ်းနားနေကိုင်းသမားများအတွက် နေရာထူး နေရာဆန်းဖြစ်သည်။ ထိုနည်းတူပင်



ကိုင်းသမားရွာတစ်ရွာဖြစ်သော ပန်းဆွဲရွာသည်လည်း ရမ်းဘိုကုန်းအတွက် စိတ်ဝင်စားစရာ နေရာဆန်း နေရာထူးဖြစ်နေ၏။ ကာလသားကြေးခေါ် မင်္ဂလာကြေး ခေါ် ခဲဖိုးသည် ကိုင်းရွာများမှ စတင်ခြင်းဖြစ်သည်။ သို့ရာတွင် ထိုအချိန်က ခဲဖိုးသည် ကြမ်းကြမ်းတမ်းတမ်း ရမ်းရမ်းကားကား မဟုတ်သေးသဖြင့် မယ်မျှင်၏မင်္ဂလာကိစ္စမှာ အဖုအထစ် မရှိပေ။

မယ်မျှင်၏မင်္ဂလာဆောင်ကို သည်မျှကြီးကျယ်လိမ့်မည်ဟု မည်သူမျှ မျှော်လင့်မထားပေ။ မင်္ဂလာဆောင်သို့ လှည်းယဉ်ပေါင်း ရာချီပြီး ရောက်လာတော့မှ ရမ်းဘိုကုန်းသား ကာလသားတွေ ခေါင်းချင်း ရိုက်ကုန်ကြသည်။ လှည်းပေါ်ပါ ပစ္စည်းတွေ မပျောက်ရှရေး၊ နွားတွေ အစာနှင့် ရေ ရရှိရေးမှာ ကာလသားတို့၏ တာဝန်ချည်း ဖြစ်သည်။

လှည်းအချို့ကို လေးထပ်ကျောင်းဝင်းအကွင်း၌ နေရာချထားပေးနိုင်သဖြင့် နေရာအခက်အခဲ ပြေလည်သွားငြား၊ ကျွေးမွေးရန်နှင့် ချက်ပြုတ်ရေးတို့မှာ 'မဆန့်ရင်ကန်' ဖြစ်ကြရလေ၏။ အကြောင်းသော်ကား သူတို့သည် လွန်ရောကျူးရော ရာမျှသာ ခန့်မှန်းထားခဲ့မိကြသောကြောင့်တည်း။

ကာလသားလည်း မနေရ၊ ကာလသမီးလည်း မနေရသည့်အပြင် ထိုသူတို့အား အဘိုးအို အဘွားအိုများကပါ ဝင်ရောက်ကူညီရတော့သည်။ အဝင်အထွက် အသွားအလာ မရှိခဲ့ဖူးသော ရပ်စိမ်းရွာစိမ်း၏ အထင်သေးမှုကို မခံလို၍ဖြစ်ပေသည်။

ညနေ မိုးချုပ်၍ သင်ဖြူးလိပ် ဖျာသိမ်း၊ အိုးခွက်ပန်းကန် ပြား ကန့်လန့်ကာသိမ်း၊ စားပွဲသိမ်းသူများမှာ ငုတ်တုတ်ထိုင်ပြီး နေကြရ၏။ သူတို့သည် ဆောင်ရွက်ရမည့် တာဝန်များကို ဘာတစ်ခုမျှ မလုပ်ကိုင်နိုင်ကြ။ ခြေကုန်လက်ပန်း ကျနေကြပြီ။

"အကျိုးနည်း ပရိသတ်ကွာ"

စလိုက်သူက ကိုပိတ်စ ဖြစ်သည်။

"ငါ့တစ်သက် မင်္ဂလာဆောင် အတော်များများ ကြုံဖူးပါတယ်ကွယ်။ သူကောင်းမင်္ဂလာဆောင်၊ ပုလိပ်မင်္ဂလာဆောင်၊ တိုက်ပိုင်မင်္ဂလာဆောင်၊ သူကြီးမင်္ဂလာဆောင်၊ ပွဲစားမင်္ဂလာဆောင်၊ ကောက်စိုက်စည်းခေါင်းမင်္ဂလာဆောင်၊ ဆယ်အိမ်ခေါင်းမင်္ဂလာဆောင်၊ ငါကြုံဖူးသမျှ မင်္ဂလာဆောင်တကာ့ မင်္ဂလာဆောင်ထဲမှာ မိမယ်မျှင်ရဲ့ မင်္ဂလာဆောင်လောက် စည်တာကို ကြုံဖူးပေါင်ကွာ"

"ဟုတ်ပါရဲ့တော်"

ရေဆေးပြီးသွားသော ယွန်းပန်းကန်များကို အဝတ်ဖြင့် သုတ်နေသော ချောင်မှ အပျိုခေါင်း မမုန်းချစ်၏ ထောက်ခံစကား။

"ဒါလောက် လူများနေမှတော့ အသက်တောင် ရှူလို့မဝတော့ဘူး။ မိန်းမတွေကလည်း လူရိုက်ပြီး ရွှေကို ယူထားချင်စရာတွေ။ တစ်ယောက်မှ ရွှေနဲ့မလိုက်ဖက်ဘူး"

"ဟုတ်ပါရဲ့တော်၊ ဝတ်ရင်လည်း ယဉ်ယဉ်ကျေးကျေး လှလှပပ ဝတ်ပါတော့လား။ အခုတော့ ဟုတ်ပေါင်။ အတုံးလိုက် အခဲလိုက်ကြီး"

သူတို့၏စကားထဲသို့ ကိုအောင်မြတ်၏စကားက အရင်းမရှိ အဖျားမရှိ ပင်လာကြ[illegible]၏။

"မင်္ဂလာဆောင်အဖွဲ့ [illegible] လို့ ရွာထဲခါးမှာ အစောင့်ချထားတဲ့လူကလှမ်းအော်တော့ ငါက ခပ်ပေါ့ပေါ့ပဲ။ လာလှ နှစ်ဆယ် အစိတ်ပေါ့။ လူညီးတွေက လေးထပ်ကျောင်းထဲမှာ ချတ်ထားတော့ ဒါလောက်များမှန်း မသိဘူးလေ။ တကယ်လာတော့မှ ကွမ်းအစ်ပိုက်သူ တစ်ကျိပ်၊ လက်ဖက်အုပ် ပိုက်သူ တစ်ကျိပ်ကို မြင်တော့မှ မျက်လုံး ပြူးရတာကလား"



"မင်းတို့က မင်းတို့အဖြစ်ကိုသာ ပြောတာကိုး။ ငါတို့ချက်တဲ့ ပြုတ်တဲ့လူတွေရဲ့ဒုက္ခကို မြင်စေချင်တယ်။ ဝက် တစ်ဆယ်၊ ကြက် တစ်ပိဿာ လုပ်ထားတာကို များလှပြီထင်နေတာ"

ဤသို့လျှင် တစ်ရွာလုံး ကျေနပ်မဆုံး မိမယ်မျှင်အား တို့ရွာသူအဖြစ် ဂုဏ်ယူမဆုံးရှိနေကြစဉ် နွားရိုင်းသွင်းချိန်အရောက်၌ ခဲတစ်လုံး ကျလာ၏။

"စံမြင့် စံမြင့်"

သည်ကိစ္စမျိုးတွင် ယောကျ်ားတွေ မပါစေချင်သောကြောင့် မယ်ကြွယ်စိုးက သွက်လက်စွာ ထ၏။ "မင်္ဂလာကြေးကိစ္စ ပြောပြီးဆိုပြီး ကျေကျေနပ်နပ် ဖြစ်ပြီးသားဆိုဟဲ့"ဟု အော်ကြီးဟစ်ကျယ် မေး၏။

"အဲသည်ကျေနပ်တဲ့လူတွေ ကသိကအောက်ဖြစ်အောင် တမင်လုပ်ကြတာဖြစ်မှာပါ"

"မင်း အဲသည်လို မင်းဟိုင်းကြေ မပြောနဲ့"

ကာလသားအများအပြားမှာ ပစ္စည်းပစ္စယ သိမ်းဆည်းနေကြဆဲ ဖြစ်ရင်းစတ်ဆေးနေကြဆဲ ရှိနေသေး၏။ မင်္ဂလာဆောင်ကျွင် [illegible] [illegible] [illegible] ပုံးကြီး [illegible] သွားသဲဟွင် လက်ပူးလက်ကြပ် [illegible] ဖြစ်သောအမှု။ သို့ပါလျက်နှင့်

"တစ်ရွာလုံးက ကျေနပ်ပေမဲ့ ဘမင်းနဲ့ ဘဝင်းကတော့ ကျေနပ်မှာ မဟုတ်ဘူး။ သူတို့လက်ချက်ပဲဖြစ်ရမယ်"

ကိုသာဒွန်းနှင့် ကိုဘသောင်းတို့၏ ထင်မြင်ချက်စကားဖြစ်သည်။

[illegible] ကို အတည်ယူသူက ကိုစံမြင့်။

"ငါတို့ကို ခွေးလုပ်လို့ ဘယ်ရမလဲကွာ၊ စံမြင့်တဲ့ဟေ့"

ကိုစံမြင့်သည် ထန်းရည်ကလေးလည်း ဝင်ထား၊ တရားခံလည်း ရှာချင်သဖြင့် ဦးကြွက်နီ၊ ဒေါ်ရွှေအိမ်တို့အိမ်ဘက်သို့ လာသည်။

"ဘမင်း၊ ဘမင်း၊ ဟေ့ ဘဝင်း၊ ဟေ့ ဘဝင်း။ ဘမင်းတို့ ဘဝင်းကို ဘယ်သွားကြသလဲဟေ့"

ဦးကြွက်နီသည် ဒေါ်ရွှေအိမ်ကို လှမ်းကြည့်၏။ ဒေါ်ရွှေအိမ်က သမက် မောင်ဆေးရိုး ရှိလောက်သည့် ကနားဖျင်းအောက်သို့ လှမ်းကြည့်၏။ သို့စဉ်တွင် စံမြင့်က လှေကားထိပ်မှာ လာရပ်၏။

"ဘမင်းတို့ ဘဝင်းတို့ကော အရီး"

"ဟိုမှာ သူ့ယောက်ဖကို သွားမေးချေ"

ဒေါ်ရွှေအိမ်က မောင်ဆေးရိုးတို့၏ အဖီဘေးရှိ ကနားဖျင်းကို မေးငေါ့ပြ၏။

သူ့ဇနီး၏ အိုးလုပ်ငန်းကို တောပြောတောင်ပြော ပြောကတည်းက ကိုစံမြင့်အား မျက်နှာကြောမတည့်သော မောင်ဆေးရိုးသည် အိမ်ဝိုင်းထဲသို့ ကိုစံမြင့် ဝင်လာကတည်းက မြင်၏။ မြင်သော်လည်း အသံမပေးဘဲ ကြည့်နေခဲ့၏။ ယခုလည်း ကနားဖျင်းဘက်သို့ ဝင်လာ၏။ နှုတ်လည်း မဆက်၊ အသံ မပေး၊ ခရီးဦး မကြို။

မောင်ဆေးရိုးတို့ သမီးယောက်ဖ သုံးယောက်သည် ရေနွေးအိုးတစ်လုံး အလယ်မှာထူထူပျက် ဂဲလော့ကြော်သုပ်နှင့် မြည်းနေကြရင်း ကိုစံမြင့်အား ကြောင်တောင်ကြည့်နေကြသည်။ ကိုယ့်အိမ်ထဲသို့ လာနေကျ မဟုတ်သူတစ်ဦး ဝင်လာပါက နေရာထိုင်ခင်း ပေးလေ့ရှိသည်။ ခရီးဦးကြိုပြုသည်။ ဤသို့မဟုတ်လျှင် အနည်းဆုံး နှုတ်ဆက်မှုကား ပြုကြသေး၏။ ယခုသော်ကား ပကတိ သစ်ငုတ် လုပ်နေသောအခါ ကိုစံမြင့်



ကသိကအောက် ဖြစ်နေသည်။ ကသိကအောက်ဖြစ်ရာက 'ငါ့ကို နှုတ်မဆက်ရအောင် ဒင်းတို့က ဘာကောင်တွေလဲ' ဆိုသည့်စိတ် ဝင်လာသောအခါ မချေမငံစကားတွေ ထွက်ပေါ်လာ၏။

"စောစောက မင်္ဂလာဆောင်အိမ်ကို ခဲနဲ့ပစ်တာ မင်းတို့မဟုတ်လား"

ဘမင်းနှင့် ဘဝင်းတို့ ပြိုင်တူ ထရပ်၏။

"ကောင်လေးတွေ ထိုင်နေကြစမ်း"

ပြောပြောဆိုဆို မောင်ဆေးရိုး ထရပ်၏။

"စကားပြောတာ ကြည့်ပြောဗျ။ သည်ကောင်တွေ သည်ကနားဖျင်းထဲ ရောက်နေတာ လေးနာရီထက် မနည်း ကြာပြီ"

မောင်ဆေးရိုးက [illegible] ပြောသည်။ ကိုစံမြင့် မကျေနပ်။ မကျေနပ်ခြင်းမှာ [illegible] သော်မှ ခေါ်ဖော်မရသဖြင့် [illegible]။

"မင်းတို့ ခဲနဲ့ပေါက်ပြီးမှ သည်မှာ လာနေကြတာမဟုတ်လား"

ဘမင်းနှင့် ဘဝင်းတို့ ပြိုင်တူ ထကြပြန်ပြီ။

*

"ခင်ဗျားဗျာ၊ ဘာသက်သေ [illegible] ရှိသလဲ။ ကျုပ်တို့ သည်မှာ ရောက်နေ [illegible]"

ကိုစံမြင့်မှာ [illegible] ဖြစ်ပြေန်သည်။ မောင်ဆေးရိုး [illegible] သူ့နှမ၏မင်္ဂလာဆောင်ကို ခဲဖြင့်ပစ်ရန် သည် ယောက်ဖနှစ်ယောက်အား မြှောက်ပင့်ပေးသည်ဟု စွပ်စွဲရန် မသင့်။ မသင့်မှန်းသိပါလျက်နှင့် မျက်စိ မှိတ်ပြီး စွပ်စွဲခဲ့သော်။

သည်အကျပ်အတည်းမှ လွတ်ရန်အတွက် "သက်သေပဲ၊ ဆင်ရင်ရတာပေါ့" ဟု ပြောမိသည်။

"သည်စကားက ကိုယ့်လည်ပင်းကို ကိုယ် ကြိုးကွင်းစွပ်တဲ့ စကားပဲ။ တော်ပြီ သွားသွား"

မောင်ဆေးရိုးက ကနားဖျင်းအပြင်ဘက်သို့ လက်ညှိုးထိုးပြ၏။ ကိုစံမြင့် ထွက်မသွားလျှင် အထိုးအကြိတ်ခံရလျှင် ခံရ၊ မခံရလျှင် ပိုင်နက်ကျူးလွန်မှုဖြင့် တရားစွဲခံရတော့မည်။

မောင်ဆေးရိုးသည် သည်အရည်ကို ကြိုတင်ပြီး မြင်သောကြောင့် ယောက်ဖနှစ်ယောက်ကို ကြိုတင်ခေါ်ထားခဲ့ခြင်းဖြစ်သည်။ ခဲဖြင့်ပေါက်သော အလုပ်ကို ဆယ်နှစ်သားကလေးပင်လျှင် လုပ်နိုင်သည်။ ဘမင်းနှင့် ဘဝင်းအား အထင်လွဲစေလိုသူတစ်ယောက်က လောက်စာလုံး သာသာ ကျောက်ခဲတစ်လုံးဖြင့် ထပေါက်ဦး၊ ဘမင်း ဘဝင်းကို စွပ်စွဲကြမည်သာ။ ဤသို့လျှင် ရိုးစင်းသော လမ်းကြောင်းထဲသို့ ကိုစံမြင့် မိုက်မဲစွာ ဝင်လာ၏။ မောင်ဆေးရိုးက အချိန်မီ မောင်းနှင်လွှတ်ပါလျက် ရှောရှော ရှူရှူ ထွက်မသွား။ ပေကတ်ကတ်လုပ်နေသည်။

"ငါ့မောင်တွေကို အိုးစွပ်မစား ချက်စွပ်စား ဟုပြီးစွပ်စွဲရအောင် သက်သေရှိသလား"

အိုးပုံကြားထဲက ဘွားခနဲထရပ်သူမှာ ဆယ်အိမ်ခေါင်း ကိုစံမြင့်အလွန်ကြောက်သူ ကျီးဒန်ဖြစ်သည်။

သည်မှ နေဝင်ခါနီးကျင် လယ်ကောကြီးဘက်သို့ထွက်ပြီး တစ်ယောက်တည်း မြေကြီးပုံနေမှ မီးကျီးဒန်အား ကိုစံမြင့်သည် 'ပရောပရည်' လုပ်ဖူး၏။ 'မှုးနေလို့ပါ' ဟု ထင်ကြေးပေးခါမှ ပေးရော ထိုအချိန်ကမှ ကျီးဒန်သည် ကိုစံမြင့်ကို မြေကြီးခဲဖြင့် ထုလွှတ်ဖူးသည်။ သည်အကြောင်းကို မောင်ဆေးရိုး သိငြား မပြောခဲ့။ သို့သော် မိကျီးဒန်ကမူ အချိန်မရွေး ပြောခြင်းဖြင့် အရှက်ခွဲမည့်သူဖြစ်သည်။ ကိုစံမြင့်



တစ်ခွန်းမျှ ပြန်ပြီး မပြောနိုင်ဘဲ ထွက်ခွာသွားရလေတော့၏။ စင်စစ်သော်ကား ဘမင်းနှင့် ဘဝင်းမှာ မောင်မောင်အေးအား မုန်းထားခွင့်မသာပါ။ ရန်ငြိုးသိုရန်လည်း အချိန်မရပါ။ မယ်မျှင်၏ မိဘများထံ မောင်မောင်အေးတို့ အကြောင်းအလမ်း လာမည့်နေ့မှာပင် ဦးကြွက်နီသည် သားနှစ်ယောက်အား သတိပေးပြီးဖြစ်သည်။

"မယ်မျှင်ဟာ မင်းတို့အစ်မရဲ့ယောက်မ၊ မင်းတို့ယောက်ဖရဲ့နှမအရင်း၊ ဆွေထဲမျိုးထဲမှာ မျက်နှာပျက်စရာ မဖြစ်စေနဲ့"

ပြီးပြီ။ သည်မျှဖြင့် ပြီးသွားပြီ။

အဖေ၏ဆိုလိုရပ်ကို ဘမင်းတို့ညီအစ်ကို သဘောပေါက်သည်။ သူတို့ ဆွေထဲမျိုးထဲသို့ ဒေသသစ်မှ လူတစ်ယောက် ရောက်လာသည်ဟု သဘောထားကြ၏။ မောင်မောင်အေးမှာ သူတို့ရွာတွင်သာ မွေး မြတင် မဟုတ်။ ရမ်းဘိုကုန်းတွင်လည်း ကျောင်းဆရာဆိုသည်မှာ မြော ရခဲ ဖြစ်တောင့်ဖြစ်ခဲမို့ အရေးတယူရှိသည်။ ထိုအချိန်အခါက ရွာများတွင် ကျန်းမာရေးမှူး၊ စိုက်ကြပ်၊ ဝမ်းဆွဲ မရှိသေးပေ။ ကျောင်းဆရာနှင့် မြေတိုင်းစာရေးသည်ပင် တိုရေရှားရေ ရှိလှသည်။ ထိုအချိန်အခါက ကျေးရွာ၏ဦးစီးခေါင်းဆောင်နေရာကို သူကြီးနှင့် ဆယ်အိမ်ခေါင်းများမရပါ။ ဘုန်းတော်ကြီးများနှင့် ကျောင်းဆရာများ ရရှိကြသည်။ ဘုန်းတော်ကြီးမှာ ကလေးတွေကို စာသင်ပေးနေရာက ကျေးရွာတိုးတက်မှုဖြစ်မည်ဟု သိမြင်ခဲ့ယူထား၏။ အမြော်အမြင်ကြီးမားသော ဘုန်းတော်ကြီးများသည် သူ့ကျောင်းဝင်းအတွင်း၌ အတန်းကျောင်းခေါ် လောကဓာတ်ကျောင်း ရှိစေချင်၏။ ရန်သူမျက်နှာဖြူ၏ကုလားစာကို တတ်ကျွမ်းသော တမ္ဗာ ဗဟုသုတကို ဆည်းပူးနိုင်မည်ဟု သဘောပေါက်ပြသည်။ သို့ကြောင့် အတန်းကျောင်း ပေါ်ပေါက်လာရေးကို အားပေးကြ၏။ သို့အတွက်

ကျေးရွာတစ်ရွာတွင် ရပ်ကျိုးရွာကျိုးကို အလိုလားဆုံးပုဂ္ဂိုလ်မှာ ဘုန်းတော်ကြီးများဖြစ်သည်။ အမြော်အမြင် ကြီးမားရာတွင်လည်း ဘုန်းတော်ကြီးများသာ ရပ်ရွာ၏ စံဖြစ်ရသည်။ ထို့နောက် ရှားရှားပါးပါး ဖွင့်လှစ်နိုင်သော အတန်းကျောင်းသို့ ဆရာအဖြစ်ရောက်လာသော ကျောင်းဆရာများဖြစ်သည်။ သူတို့လည်း ရပ်ကျိုးဆောင် ရွာကျိုးဆောင်၊ အမြော်အမြင်ရှိသော ကျေးရွာခေါင်းဆောင်များ ဖြစ်ကြသည်။

မောင်မောင်အေးကား ရမ်းဘိုကုန်းရွာသို့ ကျောင်းဆရာအဖြစ် ရောက်လာသူမဟုတ်။ သို့ရာတွင် ကျောင်းဆရာ၌ ရှိမြဲဖြစ်သော ပရဟိတစိတ်ကို ဖုံးကွယ်မထားနိုင်။ သူသည် ရွာနီးချုပ်စပ်ကို ဘုန်းတော်ကြီးကျောင်းပါမကျန် လှည့်လာအပြီးတွင် ကိုသာဒွန်း၊ ကိုဘသောင်းနှင့် ကိုပိတ်စ၊ ကိုအောင်မြတို့ထံသို့ ချဉ်းကပ်၏။

"ရပ်သူရွာသားတွေ၊ အထူးသဖြင့်လူငယ်တွေ ပညာဗဟုသုတ ရရေး စာကြည့်တိုက်ထောင်ကြရင် မကောင်းဘူးလား"

မောင်[illegible]အေး ချဉ်းကပ်မိသူ လေးငါးဦးမှာ 'စာကြည့်တိုက်' ဟူသော အမ[illegible]ဖူးသူများ မဟုတ်ပေ။ 'စာကြည့်တိုက်ဆိုတာ ဘာတုံး' ဟုလ[illegible]မေးရဲရကား မကြားယောင် ပြုနေကြ၏။ သို့သော် မောင်မောင်အေး [illegible]မလျှော့ပါ။ ဘုန်းတော်ကြီးကျောင်းသို့ ကျောင်း[illegible]ချိန်၌ သွားသည်။

"[illegible]ရွာသားတွေ အထူးသဖြင့် လူငယ်လူရွယ်တွေပေါ့ဘုရား၊ သူတို့တစ်တွေ လောက[illegible] ဗဟုသုတ၊ လောကီဗဟုသုတ တိုးပွားဖို့အတွက် စာကြည့်တိုက်တစ်ခု တည်ထောင်ချင်ပါတယ်ဘုရား"

"ကောင်းပါတယ် ဒါယကာ"



တစ်လျှောက်လုံး စိတ်ပျက်ခဲ့ရသမျှ သည်စကားတစ်ခွန်းဖြင့် မောင်မောင်အေးမှာ ခွန်အားဖြစ်ရသည်။

"ကောင်းပါတယ် ဒါယကာ။ ရမ်းဘိုကုန်းရွာသားတွေသာ မဟုတ်ဘူး၊ တခြားရွာက လူတွေလည်း ကျောင်းထွက်ကတည်းက စာပေနဲ့ ဝေးတာပဲ။ အလိမ္မာဟာ စာမှာသာရှိတာ ဒကာရဲ့။ တစ်လလုံး နေလို့ စာတစ်လုံး မဖတ်၊ ကစ်နှစ်လုံးနေလို့ စာတစ်အင်္ဂါ မဖတ်မှတော့ လူမိုက်တွေ ဖြစ်ကုန်တာပေါ့"

"မှန်ပါဘုရား၊ အရှင်ဘုရားအမိန့်ရှိတာ အလွန်မှန်ပါတယ် ဘုရား"

မောင်မောင်အေးသည် ဘုန်းတော်ကြီး၏စကားတော်ကို ထပ်မံဖြည့်စွက်မပေးပေ။ စိတ်ကူးကို အကောင်အထည်ဖော်ရန်က အရေးကြီးသည်။

"အရှင်ဘုရား၊ ရွာလယ်မှာ အဆောက်အအုံ ဆောက်ရရင် ကောင်းမလား ဘုရား"

"ငါ့ရွာအကြောင်း ငါသိတယ် ဒါယကာ။ အဆောက်အအုံ တစ်ခု ဆောက်ဖို့အတွက် တတ်နိုင်ကြမှာမဟုတ်ဘူး။ ဒါကြောင့် ရွာလယ်ဝတ်ကျောင်းမှာပဲ လုပ်ပေါ့။ ဘုန်းကြီးက ပေစာဆယ်ထုပ်နဲ့၊ စာတိုက် တစ်လုံး လှူမယ်"

မောင်မောင်အေး လက်ဝါးကာရန်အတွက် လက်ကို ကြွမိသော်ငြား လက်ဝါးကာပြီး မတားဆီးမိ။ တားဆီးလိုခြင်းမှာ ဘုန်းကြီး၏ ပေစာဆယ်ထုပ်ကို ဘုန်းကြီးကျောင်းထွက်များ[illegible] တော့သဖြင့် ဖြစ်၏။ မကိုင်ကတ်[illegible]မရအောင် ဖြစ်ကုန်နိုင်သောကြောင့် ဖြစ်ချေ၏။ သို့[illegible] အကြောင်းရှိပါလျက် လက်ဝါး မကာခြင်းမှာ ပေစာထုပ်ကို ဖြေသူများ၏ကြမ်းတမ်းမှုကြောင့်

ပေရွက်တွေ ပဲ့ကုန်ကော၊ ကျိုးကုန်ကော၊ ကိုင်တွယ်သူ မရှိတော့သည့် အခြေအနေသို့ ရောက်မည်ကို တွေးမိသဖြင့် ဖြစ်သည်။

"မှန်ပါဘုရား၊ နေ့စဉ်ထုတ် သတင်းစာတစ်စောင်နဲ့ လစဉ်ထုတ် မဂ္ဂဇင်း သုံးစောင်၊ အပတ်စဉ်ထုတ် ဂျာနယ် တစ်စောင် နှစ်စောင်နဲ့ တခြား ဗဟုသုတဖြစ်စရာ ပုံနှိပ်စာအုပ် အနည်းအကျဉ်းပေါ့ဘုရား။ အဲဒါ ထည့်ဖို့ ဗီရိုနဲ့ အဲဒါတွေကိုတင်ဖို့ ခုံတန်းလျားဖြစ်စေ လိုတယ် ဘုရား"

"အေး ကောင်းတယ် ဒါယကာ"

"အဲဒီ စာကြည့်တိုက်ဖြစ်မြောက်ရေးအတွက် ရွာလယ် ဝတ်ကျောင်းမှာ အစည်းအဝေးခေါ်တဲ့အခါ အရှင်ဘုရားပဲ ကြီးမှူးတော်မူပါဘုရား။ တပည့်တော်က မျက်နှာစိမ်းနေတော့"

"ဟော ဟုတ်လား"

ကျောင်းထိုင်ဆရာတော်ဘုရားကြီးမှာ ထိုအခါကျမှ မောင်မောင်အေးအား စေ့စေ့ကြည့်ဖြစ်သည်။

"အနို့ နေပါဦး၊ ဒကာက ဘယ်သူ့သားသမီးမို့လဲ"

စေ့စေ့ကြည့်သောအခါ မိမိကျောင်းထွက် မိမိ၏တပည့်များထဲမှ တစ်ယောက်ယောက်၏မျက်နှာနှင့်မျှမတူသောကြောင့် မေးရတော့သည်။

"တပည့်တော်က ပန်းဆွဲရွာက ဦးပေ၊ ဒေါ်မြအုန်းတို့ရဲ့သား မောင်မောင်အေးပါဘုရား၊ ကျွဲကုန်းရွာ မူလတန်းကျောင်းက ကျောင်းအုပ်ပါ ဘုရား"

"သြော် အေးအေး၊ ကျွန်းထဲ ကိုင်းထဲကကိုးကွယ့်"

"မှန်ပါဘုရား၊ တလောကမှ သည်ရွာက ဦးကျန်ကြီး မယ်ကြွယ်စိုးတို့သမီး မယ်မျှင်နဲ့ အကြောင်းပါတာပါဘုရား"

"သြော် အေးအေး၊ အင်း"



ဤသို့ဖြင့် ရမ်းဘိုကုန်းရွာလယ်ရှိ ဝတ်ကျောင်းပေါ်တွင် အစည်းအဝေးပွဲတစ်ခု ဖြစ်ပေါ်လာသည်။ ဆရာတော် ကြီးမှူးသောကြောင့် ရွာလုံးကျွတ် လာကြပြီး တစ်ရွာသား မောင်မောင်အေးကို သဘောမကျ။ တစ်ရွာသားက စွာရကောင်းလားဟု မလိုတမာ ရှိကြပြီး ဘုန်းကြီးကို ကြောက်သောကြောင့် မပြောရဲ။

"စံမြင့်၊ ပိတ်စ၊ အောင်မြတို့က ခြေရှည်စားပွဲတစ်လုံးနဲ့ နောက်မှီ ပါတဲ့ ခုံတန်းလျားနှစ်လုံး လုပ်ကြရမယ်"

"တင်ပါဘုရား"

"ဘယ်လိုလုပ်ကြမှာတုံး"

"မစဉ်းစားရသေးပါဘူးဘုရား"

"စဉ်းစားမနေနဲ့၊ တစ်အိမ် တစ်ကြား အလှူခံ။ တန်းလျားနဲ့ စားပွဲဖိုး မပြည့်မချင်း ဥပုသ်နေ့တိုင်း စာရင်းအင်းနဲ့ အလှူခံရမယ်။ စားပွဲနဲ့ တန်းလျားတွေ ပြီးတဲ့အခါ စာရင်းနဲ့တကွ ငါ့ဆီအပ်ရမယ်"

"မှန်ပါဘုရား"

"အေး၊ ဘာရီနဲ့ သာဌွန်းအောင်၊ ဘာလေးဆောင်းတို့က စာကြည့်တိုက်ကို အုပ်ချုပ်ရမယ်ကွ"

"မှန်ပါဘုရား"

ဤသို့ဖြင့် ရမ်းဘိုကုန်းရွာလယ် စာကြည့်တိုက်တစ်ခု ဖြစ်ပေါ်လာခဲ့သည်။ စားပွဲတစ်လုံးနဲ့ ခုံတန်းလျား နှစ်ခုလည်း ဖြစ်ပေါ်လာခဲ့သည်။ ဆရာတော်ဘုရား၏ စာတိုက်သေတ္တာကြီးလည်း ပေစာထုပ်တွေနှင့်အတူ ရောက်လာပြီး ပေစာထုပ်များမှာ နှစ်လပါကြာမှ အမှုန့်ဖြစ်ကုန်လေ၏။ အကြောင်းသော်ကား စာတိုက်သေတ္တာထဲသို့ ကလေးတွေ ...ပြီး ကူတူပုန်းကြသောကြောင့်တည်း။ စားပွဲပေါ်တွင်တင်သော

သတင်းစာနှင့် ပဂ္ဂဇင်းများကား သက်တမ်းရှည်သည်။ မိုင်းကိုင်စက္ကူထက် ပိုမိုကောင်းမွန်သော ကုလားစက္ကူဖြင့် ပုံနှိပ်ထားသော အရုပ်များ၊ စာများမှာ ပီသသည်။ ထင်ရှားသည်။ ရွာခေါင်း ဦးဘရီကအစ သတင်းစာ လာပြီးဖတ်သည်။ ရွာဦးကျောင်းဆရာတော်သည် စာကြည့်တိုက်အဖွဲ့ ထဲသို့ မောင်ဆေးရိုးကို ဆွဲသည့်၏။ မောင်ဆေးရိုးမှာ မှောင်ကြီးမှောင်မှ အိမ်ပြန်ရောက်သဖြင့် စာကြည့်တိုက်သို့ မလာနိုင်။ ကနဦး မ တည် ခဲ့သော မောင်မောင်အေးလည်း ကျွဲကုန်းထက် ပိုမိုဝေးသော အခြား ရွာသို့ ပြောင်းရွှေ့ရသဖြင့် ရမ်းဘိုကုန်းသို့ပင် တစ်လ တစ်ခါသာ ရောက်သည်။

မောင်မောင်အေးတို့ကျေးရွာက အတန်ကျောင်းများတွင် စနေ၊ တနင်္ဂနွေ မရှိပါ။ အဖိတ်၊ ဥပုသ်သာ ရှိသည်။ ဤရက်များတွင် ရွာသို့ ပြန်လာသော မောင်မောင်အေးမှာ စာကြည့်တိုက်သို့ ခဏတစ်ဖြုတ် အပြေးအလွှား ရောက်လာသည်။ ထို့နောက် မလာတော့ပေ။ ဦးဘရီ၊ စံမြင့်၊ သာဒွန်းနှင့် ဘသောင်း၊ ပိတ်စ၊ အောင်မြ၊ အောင်လှတို့မှာလည်း လယ်အလုပ်တွေ ပိလာသောကြောင့် စာကြည့်တိုက်တည်ရာ ရွာလယ် ဝတ်ကျောင်းသို့ ရောက်မလာကြပေ။

စာကြည့်တိုက်သို့ မှန်မှန်လာသူမှာ ဆရာတော်ဘုရားဖြစ်သည်။ ထိုအခါတွင် မောင်ဆေးရိုးမှာ ဆရာတော်တစ်ပါးတည်း ထားရသည်ကို အားနာသောကြောင့် စာကြည့်တိုက်သို့ ပြန်ရောက်ပြီး လာသည်။ ထိုင်သည်။ ထိုအခါ စာအုပ်များ သိမ်းဆည်းရေး၊ ခင်းကျင်းရေးကို မောင်ဆေးရိုးသို့ တာဝန်ချထား၏။

မောင်ဆေးရိုးခေါင်းညိတ်သော်ငြား 'တုံးကြီးခေါက်' တွင် ထသွားရသည်။ ဆွမ်းခံဝင်ချိန်ကျမှ ဖွင့်မြဲဖြစ်သော စာကြည့်တိုက်ကို



မိကျီးဒန်က အဖွင့်အပိတ်လုပ်သည်။ သို့သော် ကျီးဒန်မေ့လျော့နေပါက လုံးဝမဖွင့်ဖြစ်။ မည်သူကမျှလည်း 'စာကြည့်တိုက် ဘာပြုလို့ မဖွင့်တာတုံး' လာမမေးပေ။ မည်သို့ပင်ဖြစ်စေ ရမ်းဘိုကုန်း စာကြည့်တိုက်ကား ဆရာတော်ဘုရား ကြွလာသောနေ့တွင် ဖွင့်သည်။ မောင်မောင်အေး ပြန်လာသောရက်များတွင်လည်း ဖွင့်သည်။ မိကျီးဒန် သတိရသော အခါတွင်လည်း စာအုပ် စီခင်းလျက် ဖွင့်ဖြစ်သည်။

*

အင်းသားအိုးစည်ထုသံနှင့်တူသော အသံများသည် ရမ်းဘိုကုန်းရွာထဲသို့ မှန်မှန်ထွက်ပေါ်နေ၏။ ကောင်းစွာမိုးမလင်းမီကတည်းက ထပြီး အိုးပုတ်ကြခြင်းဖြစ်၏။

မိကြီးဒေါ်ကြောကို နှာကြည့်သည်းသဖြင့် အိုးထလုပ်သော ကျီးဒန် လင်မယားမှာ ရွှေတွဲလွဲငွေတွဲလွဲဖြစ်သည်ကို မြင်သောအခါ တစေ့ တစောင်း လာကြည့်ပြီး အိုးထလုပ်ကြ၏။ အိုးဖိုတည်ကြ၏။

"ငါ မပြောလား၊ မဟာပထဝီမြေကြီးကို ရိုက်ဟယ်ပုတ်ဟယ် မီးဖုတ်ဟယ်လုပ်ရင် မကြီးပွားပါဘူးလို့"

ရွာခေါင်း ဦးဘရီကို၊ ဆယ်အိမ်ခေါင်း စံပြုံ့တို့ အရွယ်ကျော်ကြီးများ စကား ရတော့သည်။ နောက်ထလုပ်သူများ၏ အိုးတွေကို မဖောက်သည်က မဝယ်။ လုပ်ကိုင်ရာတွင်လည်း ကွက်မြောက်သား မကိုက်။ အိုး လေးဖိုထက်ပိုပြီး ရပ်တည်နိုင်သူ မရှိချေ။ ထိုအခါတွင် ရမ်းဘိုကုန်း ရွာတွင် အစဦးစွာ အိုးလုပ်သော ကျီးဒန်လင်မယားသာ ခေါင်းမာမာနှင့် ကျန်ခဲ့သည်။ သူတို့မှာ မဇာညွန့်၊ မအေးညွန့်တို့ကဲ့သို့သော လူခံရှိသည်။ မဇာညွန့်တို့က လနှင့်ချီပြီး လက်ထပ်သင်ပေးခဲ့သဖြင့် အိုးလုပ်ငန်းကို စနစ်တကျ တတ်မြောက်သည်။ စနစ်တကျ တတ်မြောက်သူက မပျင်း

18A

မရှိပေ။ မြေကြီးကို 'စေး' ပြီးသားပါဆိုကာ ပေါ့ပေါ့တန်တန်မလုပ်။ ကျကျနန နင်းသည်။ သို့အတွက် မိကျီးဒန်၏လက်ထွက်အိုးများမှာ ဆီအိုး၊ ထမင်းအိုး၊ ဟင်းအိုး၊ ရေအိုး၊ သပိတ်ဖြစ်စေ ကုန်သည်များထံ၌ ငွေကြိုတင်ယူ၍ရသည်။ ကျီးဒန်ကို အားကျပြီး ထလုပ်သူများအား ငွေကြိုတင်ပြီး ထုတ်ပေးသူမရှိ။ လူကိုမယုံ၊ လက်ရာကို မကြိုက်သဖြင့်။

ချိုးကူသံနှင့် အိုးပုတ်သံတို့ ပြိုင်ဆိုင်နေကျဖြစ်သည်။ ဥသြသံနှင့် အိုးပုတ်သံတို့ ပြိုင်ဆိုင်သောအခါ ချိုးကူသံများ တစ်လကိုးသီတင်း ပျောက်သွားတတ်သည်။ စင်စစ်သော်ကား မပျောက်ပါ။ ခဏတစ်ဖြုတ် မှေးမှိန်သွားခြင်းမျှသာဖြစ်ပါသည်။ ဥသြသံလောကတွင် ကျီးဒန်၏အိုးဖိုမှာ မနားရပေ။ တစ်လလျှင် သုံးလေးဖို တိုက်သွင်းရသည်။ ထိုအချိန်တွင် မောင်ဆေးရိုး၏တလင်းထဲမှ စပါးများ ကျီဝင်ခဲ့ပြီ။ အပြည့်အဝ ကူညီနိုင်ပြီ။ မောင်ဆေးရိုးသည် မိကျီးဒန်နှယ် မကျွမ်းကျင်ငြား အကုန်တတ်သည်။ မိကျီးဒန်မူ ကျွမ်းကားကျွမ်းကျင်၏။ ကလေးတစ်ဖက်နှင့်မို့ အလုပ်မတွင်ပေ။ ကလေးကလည်း ဖူးဖူးမှုတ်ထားသော ဘိုးအေ ဘွားအေကို ပစ်ပြီး မအေထံ ကပ်၏။

"မအေချစ်ကြီး၊ နင့်အမေနား ကပ်နေပေတော့ဟေ့"

ဒေါ်ရွှေအိမ်သည် တစ်ခါတစ်ရံ မြေးနှင့်ဖက်ပြီး စိတ်ကောက်သည်။ မြေးကို သမီးထံသို့ ထားခဲ့ပြီး ရေချိုးရန်၊ ထမင်းစားရန်၊ အိပ်ရန် လာမခေါ်တော့ပေ။

"အမေကလဲလေ၊ ကလေးနဲ့ဖက်ပြီး"

ကျီးဒန် လေချိုသွေးရငြား ကလေးကို လာထားပစ်ခဲ့သည်ကို သဘောကျသယောင် ရှိ၏။ ကလေးကလည်း အိုးကြိုအိုးကြားတွင် လျှောက်ပြီး ပြေးခွင့်၊ ဆော့ကစားခွင့်ရသဖြင့် ပျော်၏။ ကျီးဒန်



လက်ခတ်ကိုင်၏။ ချောစိန်လည်း လက်ခတ်ကိုင်၏။ သို့ရာတွင် ကျီးဒန်ပုတ်ခတ်သော အိုးတွေမှာ ဖင်မပိတ်သေးသော အိုးဟောင်းလောင်းပေါက်တွေ၊ အထူအပါး အနေတော်မကျသေးသော အိုးတွေ ဖြစ်သည်။ ချောစိန်ပုတ်သော အိုးတွေကား တိုက်သွင်းရန် အသင့်ဖြစ်သော အိုးချောတွေ။ ကျက်ပြီးသား အိုးတွေ။

နှစ်ခါလည်သမီး၏ပုတ်ခတ်အားကလည်း မသေးပါ။ အိုးနှုတ်ခမ်း ပွဲ့သည်။ မီးမဖုတ်ရသေးသောအိုး ထက်ခြမ်းကွဲသည်။

"သမီးရေ"

ကျီးဒန်သည် ပုတ်အံ့ဆဲဆဲ လက်ခတ်ကို ကိုင်ထားလျက် အသံပေး၏။

"သမီးကလေး မချောစိန်"

"ရူး ရူး"

အသံလာရာသို့ မိကျီးဒန် 'ကဲ' ပြီး ကြည့်သည်။ သမီးကို မြင်ရသော်ငြား မပီသပါ။

"သမီးလာ၊ အမေ့ဆီလာ"

ကျီးဒန် လက်ပါးချင်းရိုက်ပြီး [illegible] ချောစိန်ထွက်လာသည်။ [illegible]

"ပေကျံနေကာပါကလား။ ဘာတွေလုပ်နေတာတုံး"

မိကျီးဒန်သည် ကလေး၏ 'ရှင်မီးအင်္ကျီ' ရှေ့ပိုင်းအောက်စဖြင့် ကလေး၏မျက်နှာကို သုတ်ပေးသည်။

"အိုးတွေ ခြောက်ကုန်တော့မယ် သမီးရဲ့၊ လာ"

စိတ်ကြိုက်မပုတ်ခတ်မိ ခြောက်သွေ့သွားသော အိုးကြမ်းများကို ရေဆွတ်ပေး၍လဲ မရပါ။ ရွှံ့ပုံးထဲသို့ ပစ်ထည့်လိုက်ရုံသာရှိသဖြင့်

မိကျီးဒန်သည် ကလေးကို ရင်ခွင်ထဲသို့ ဆွဲသွင်းပြီး အတင်းနို့တိုက်သည်။ ကသိကအောက်ဖြစ်သော်ငြား ထူးဆန်းသော အနေအထားဖြစ်သဖြင့် ကလေးက သဘောကျသည်။ မျက်လုံးကိုမေးလျက် နို့စို့သည်။ မိကျီးဒန်မှာ လက်ခတ် မကိုင်မိသာ ကလေး၏မျက်နှာကို လက်ဝါးဖြင့် ပွတ်ရ၊ နှာခေါင်းကို ကိုင်ရ၊ နားရွက်ကို စစ်ဆေးရ လုပ်သော်ငြား လက်ခတ်ကို ကိုင်မိသောအခါ ရင်ခွင်ထဲက ကလေးကိုမေ့သည်။ အဝတ်ဖြင့် ခုပြီး ကိုင်ထားသော အိုးသား၏အထူအပါးသည် လက်ခတ်နှင့်ရိုက်လိုက်သော အထိအတွေ့ပေါ်တွင် တည်ရှိ၏။ အိုးသားထူလွန်းလျှင် ဖုတ်၍ မကျက်။ အိုးသား ပါးလွန်းလျှင် အသုံးမခံ။ သို့ဖြစ်၍ အိုးအတွင်းက ခံပေးသော လက်ခတ်နှင့် လက်ခတ်ကိုင်သော လက်တို့သာသိသော အိုး အထူ အပါးသည် သားကို မေ့သောအကြောင်းဖြစ်သည်။ ကလေးသည် မျက်တောင်စင်းပြီး နို့စို့သောကြောင့် မိကျီးဒန် သေချာပေါက်တွက်သည်။ ကလေးအိပ်ပြီ။

အမှန်တကယ် ကလေး အိပ် မအိပ်ကို မျက်လုံးအနေအထား တစ်ချက်ပြောင်းရုံဖြင့် သိနိုင်ပါလျက် မိကျီးဒန်သည် ကလေးကို မကြည့်အား။ လုပ်လုပ်ကလေးဖြစ်အောင် ပုတ်နေသော ဟင်းအိုးပေါ်မှ မျက်လုံး မခွာနိုင်။ ရင်ခွင်ထဲမှ ကလေး လျှောဆင်းသွားပြီ။ မိကျီးဒန် ခသိရပြ။ ဓရိုအခြောက်မှာ သည့်အနေအထားသည် ပုတ်၍အကောင်းဆုံး။ ပန်းဖော် ပန်းသွင်း၍ အကောင်းဆုံးဖြစ်သည်။ အကြာကြီး ပုတ်ခတ်နေရန်လဲ မလိုအပ်ပေ။ ပန်းဖော်ရင်း လုပ်လုပ်ကလေးဖြစ်အောင် ပုတ်ပေးခြင်း ဖြစ်သည်။ စိတ်ဝင်စားသောကြောင့် တစ်လုံးအတွက် ပုတ်ခတ်ချိန်လည်း ကြာမြင့်သည်ဟု မိကျီးဒန် မထင်။ ပျဉ်ပြားတစ်ပြားစာ ငါးလုံး နှစ်ကြိမ် ကုန်သွားသောအခါ ကျီးဒန်မှာ လှမ်းယူ၍မရ။ ထရပြီ။ ထရတော့မှ



ရင်ခွင်ထဲက ကလေး မည်သည့်အချိန်က ထသွားသနည်း၊ မည်သည့် နေရာသို့ ရောက်နေသနည်း။

"သမီးရေ၊ ချောစိန် မိန်းကလေးရေ"

ကလေး၏ထူးသံ မကြားရ။

"သမီးရေ၊ တွေ့ကရာတွေ လျှောက်လုပ်မနေနဲ့နော်"

ကလေး၏တုံ့ပြန်သံကို ကျီးဒန် စောင့်မနေနိုင်ပါ။ ရေခွက်နှင့် လက်ခတ်အိုးရှိသောနေရာတွင် ထိုင်သည်။ အိုးတစ်လုံးကို အဝတ် ခုလျက် ကိုင်သည်။ လက်ခတ်ကို ရေဆွတ်သည်။ 'သမီးကလေး ဘယ် ရောက်နေပါလိမ့်' ကြောင့်ကြစိတ်သည် ကျီးဒန်ကိုယ်မှ ခွာလေ၏။

လက်ခတ်တစ်ချက်တိုင်း ပန်းလှကောက်တစ်ကော ပေါ်လာသည်။ ပန်းများဆက်ကာဆက်ကာ ပွင့်သည်။ ပက်ရုံးသည်။

တွင်းထဲသို့ တစ်စုံတစ်ရာကျသံ ကြားရသည်။

"အမယ်လေး လာကြပါဦး၊ ကလေး ရွံ့တွင်းထဲကျပါပြီ။ ကိုယ်ကျိုး နည်းပါပြီ၊ အမယ်လေး"

ကုန်းပြီးသာ အော်သည်။ ကျီးဒန် မထနိုင်။ ခြေနှင့်ခါးက ထပါသော်လည်း လက်ထဲက အိုးကို ချထားရာနေရာ မှာပင်ပေါက်သဖြင့် ကုန်းကုန်းကြီးဖြစ်နေသည်။ အမှန်ပင် ကလေး သည် လျှောက်သွားရာက အိုးထိန်းစက်ဘေးသို့ ရောက်သွားသည်။ အိုးထိန်းစက်ကို သူ့အဖေ အမေ လှည့်သည့်နည်းဟု လှည့်သည်။ ရွံ့အပျော့တွင် တင်ရမည့်အစား မြေကြီးခဲတွေ ထည့်သဖြင့် အိုးထိန်းပျဉ်သည် ငုတ်ပေါ်မှ ချော်ကျလေ၏။

အိုးထိန်းစက် လှည့်၍ မလည်သောအခါ ကလေးသည် စိတ်မပါ တော့ပါ။ ဆော့စရာအသစ်ကို မျှော်ကြည့်သည်။ သူ့အဖေ မြေနင်းသည့် သားရေချပ်ကြီး မြင်သည်။ မြေအချို့လည်း ရှိနေသည်။

အမေကြီးဒေါ်ရွှေအိမ်သည် မြေး၏အသံကို မကြားရသဖြင့် ကနားဖျင်းဘက်သို့ မျှော်ကြည့်၏။ တလှုပ်လှုပ်ဖြင့် ဆော့နေသော မြေးမကို မြင်ရငြား သေချာစေရန် စိုက်ကြည့်သည်။ ရှေ့သို့ တိုးလာသည်။

ကလေးသည် သူ့အဖေ အမေ မြေနင်းသကဲ့သို့ နွားခွံပေါ်ရှိ မြေကြီးအခြောက်ကို နင်းသည်။ လက်သီးဆုပ်ရွယ် မြေကြီးခဲကို တင် အနင်းဟွင် လိမ့်ပြီး တွင်းထဲသို့ လိမ့်ကျသွားတော့သည်။ တွင်းမှာ မြေကြီး တွေကို ရေစိမ်ထားသော တွင်းဖြစ်သည်။ သို့သော် တစ်တောင်မျှသာ နက်သည်။

'ဗွမ်း' ခနဲ ချောစိန်ကျသွားသံကို မိကျီးဒန် ကြားချိန်ဝယ်၊ ဒေါ်ရွှေအိမ် ပြေးဆင်းလာသည်။

"ကြည့်စမ်း ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ မငိုဘူးမဟုတ်လား။ ဟင် မျောက်"

ဒေါ်ရွှေအိမ်သည် ရွှံ့အနည်းငယ်နှင့် ရေများရှိသော ရွှံ့တွင်း ထဲမှ မြေးမကို တွင်းနှုတ်ခမ်းသို့ ဆွဲတင်ပေးသည်။

"ကြောင်ချေးရုပ်"

ပြောပြောဆိုဆို ရေချိုးပေးရန် ကလေးကို အိမ်ခေါင်းရင်းဘက်သို့ ဆွဲခေါ်သွားလေ၏။ အိမ်ခေါင်းရင်းတွင် ငါးဆယ်ဝင် အစိတ်ဝင် စဉ့်အိုး တွေဖြင့် ရေထည့်ထား၏။ စဉ့်အိုးတွေမှာ သဘော်ပင်အောက်၊ စပယ်ရုံ အောက်၊ ဆိတ်ဖလူးပင်အောက်သို့ ရောက်နေသဖြင့် ရုတ်တရက် မမြင်ရ။ သေသေချာချာကြည့်မှသာ တွေ့မြင်နိုင်ပေသည်။ သို့အတွက် မိကျီးဒန် ပြေးလာချိန်ဝယ် ချောစိန် မရှိတော့ပေ။ အိမ်ပေါ်နှင့် အိမ် ခေါင်းရင်းသို့ လှမ်းကြည့်၏။ ကလေး မရှိ။

"ဘာလုပ်နေတာတုံး"



မောင်ဆေးရိုးဖြစ်သည်။ သူ့နမ မယ်မျှင် အိမ်ထောင်ကျသွားပြီ ဖြစ်သော်ငြား မိဘအတွက် အထောက်အကူမရပါ။ မောင်ဆေးရိုး သာလျှင် မိဘ၏လယ်ကို ထွန်ဦးစီးအဖြစ် ဆက်လက်လုပ်ကိုင်နေ ရသည်။ သို့အတွက် ကိုယ့်အိမ်မှာထက် မိဘအိမ်မှာ အနေများသည်။ ယခုလည်း ထွန်သွားအချွန် 'အဲ' ရာက ထလာခြင်းဖြစ်၏။

"တော့်သမီးကို ရှာနေတာ"

မောင်ဆေးရိုးမှာ သူ့သမီးပျောက်သွားပြီအထင်ဖြင့် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်သွားလေ၏။

"သမီးပျောက်သွားရအောင် ညည်းက ဘာလုပ်နေသတုံး"

"အိုးသမားပဲ တော်ရဲ့၊ အိုးတွေ အချိန်မီအောင် ပုတ်နေရတာပေါ့"

"ခက်တာပဲ"

"မခက်ပါဘူး"

မိကျီးဒန်က ရွှံ့တွင်းကို ပြောပြောဆိုဆို လက်ညှိုးထိုးပြ၏။ ရွှံ့တွေ ပေကျံနေဆဲ ရေစိုရွှဲနေဆဲ ဖြစ်သည်။ ရွှံ့တွင်းထဲသို့ ကလေး ချော်အကျတွင် တစ်ယောက်ယောက်က ခေါ်သွားသည့်လက္ခဏာဖြစ်သည်။ သို့ကြောင့် မိကျီးဒန်သည် အိမ်ပေါ်သို့ လှမ်းကြည့်၏။ တစ်ဖန် အိမ်ခေါင်းရင်းသို့ လှမ်းကြည့်၏။ မြေးအဘွား ကိုက်ကိုက်ချက်ချက်သားကောင်းနေ၏။

"တော်က ဘာလာလုပ်တာတုံး"

"ငါ့မယားနဲ့ ငါ့သမီးကို လွမ်းလို့ ငါ့အိမ်ပြန်လာတာလေ"

"ရွတ်နောက်မနေစမ်းပါနဲ့တော်၊ အကောင်းပြောစမ်းပါ"

"အမေ နေမကောင်းဘူးဟ"

မိကျီးဒန် မျက်လုံးပြူးသွားပြီးမှ အကျိုးအကြောင်း အခြေအနေ များကို အသက်မရှူဘဲ မေးသည်။

"အဲသေးစိတ်သိချင်ရင် ညည့်ယောက္ခမကို ညည်းဘာသာသွားမေး။ အခု 'ထန်းရည်ချိုမုန့်' လုပ်တဲ့နည်း အရိုးဆီမှာ အမေးခိုင်းလို့လာတာ"

ကျီးဒန် ခေါင်းစောင်းသည်။ ထို့နောက် မော့သည်။

"ထရည်ချိုမုန့်များ အမေ့မေးစရာမလိုပါဘူး။ ကျုပ် သိပါတယ်"

"သိရင် ညည့်ယောက္ခမကို ညည်းသွားပြော"

မောင်ဆေးရိုးသည် ဇနီးသည်ကို ခြံပြင်ဘက်သို့ တွန်းလွှတ်သည်။ သူကမူ ယောက္ခမ အိမ်ဘက်သို့လာသည်။

လှေကားရင်းသို့ သူ မရောက်မီ အိမ်ခေါင်းရင်းမှ မြေးအဘွားထွက်လာသည်။

"အဖေ"

ချောစိန်သည် ပီပီသသ အော်ခေါ်ပြီး ဖအေ့ထံ ပြေးလာ၏။

"သွားသွား အကျီ်ဝတ်ချေ။ 'ကိုယ်ချည်းတုံး' မနေရဘူး"

မောင်ဆေးရိုးက သမီးကို ကောက်ယူပြီး အိမ်ပေါ်သို့ တင်ပေးလိုက်ရာက ယောက္ခမကို လှမ်းပြော၏။

"အမေ ကောင်းကောင်းနေမကောင်းဘူး၊ အရိုး"

"တော်တော်မကောင်းတာလား"

[illegible]ဖြစ်ငြား ဒေါ်ရွှေအိမ်လည်း ပျာပျာသလဲဖြစ်သွား၏။

"ထိုင်တော့ ထိုင်လျက်ပဲ အရိုးရ။ နေမကောင်းဘူးဟယ် တဲ့၊ ထန်းရည်ချိုမုန့် ဘယ်လိုလုပ်ရသတုံး ရွှေအိမ့်ဆီ သွားမေးပေးစမ်းဆိုလို့ ထွန်သွားအချွန် 'အဲ' နေရာက ပြေးလာရတာ"

"ရေလျှော်ပြီး ထန်းရည်ချိုနဲ့ နှဲတာပဲ ကွာတာပါဟယ်"



ဒေါ်ရွှေအိမ်မှာ သည်မျှသာပြောနိုင်သည်။ မြေးနောက်သို့လိုက်သွားပြီး သနပ်ခါးလိမ်းပေးရ၊ ကြက်တောင်စည်းပေးရဖြင့် သမက်ထံသို့ အတန်ကြာအောင် စကားလှည့်ပြီး မဆက်နိုင်ဘဲ ရှိလေ၏။

ချောစိန်မှာ လူကသာ နှစ်နှစ်သားမျှသာရှိသေးငြား ကြေး အလွန်များ၏။ ခြေထောက်ကို သနပ်ခါးလိမ်းရကောင်းလားဆိုကာ ငို၏။

"ကျီးဒန်ရဲ့လက်ဝါးကြိုက်သလား၊ ငါ့လက်ဝါးကြိုက်သလား"

"ဘယ်သူမှ မကြိုက်ဘူး"

စိတ်ဆိုးဟန်ဆောင်ထားသော ဒေါ်ရွှေအိမ်မှာ ထိုအပြောကြောင့် သဘောတွေ့သွားလေ၏။

"ခွေးမ၊ တော်တော်တတ်"

မြေးကို ပွေ့ပြီး နမ်း၏။ မနာအောင် ရိုက်၏။

"အမီးဝတ်မယ်"

"ဟုတ်ပါရဲ့ဟယ်၊ ကလေးက ထဘီပူဆာနေတဲ့ကြားက ငါကိုကမေ့တာပါဟယ်"

ဒေါ်ရွှေအိမ်သည် သူ့ကိုယ်သူအပြစ်တင်ပြီးမှ မြေးကို တောင်းပန်၏။

"အမကြီးလေ မိန်းကလေးဖို့ ထဘီလှလှတလေး မျိုးကိုမှာပေးမယ်နော်"

"အရဘူး အဒုဝတ်ပေး"

ထိုအခါ ဘွားအေဖြစ်သူမှာ အနှစ်နှစ်အလလက စုဆောင်းထားခဲ့သော ပိတ်စအတိုအစများကို မြေးမ မငိုရေးအတွက် ထုတ်ပြရသည်။

"အဲဒါတွေကိုလည်း 'စပ်ထဘီ' ကလေး အမကြီး ချုပ်ပေးမယ်နော်"

"ဒါချင့် ဒုချုပ်ပေး"

"သရက်တောကို သွားချုပ်ပေးမယ်နော်။ လောလောဆယ်တော့"

အမေကြီးဒေါ်ရွှေအိမ်သည် ကလေးကျေနပ်စေရန် နှစ်သိမ့်သော အားဖြင့် ယောက်ျားဝတ် ပုဆိုးစုတ်တစ်ထည်ကို ဆုတ်ဖြဲပြီး ပတ်ပေး၏။ ချောစိန်သည် အမေကြီးဝတ်ပေးသော ထဘီကို သေချာစွာ ငုံ့ကြည့်နေ၏။

"ထန်းရည်ချိုမှန့်လုပ်တာ အလွယ်လေးပါဟယ်"

ကလေးကျေနပ်အောင် လုပ်ပေးပြီးမှ မောင်ဆေးရိုးထံသို့ လျှောက်လာပြီး စကားကိုဆက်သည်။ စကားဆက်ရင်းက ချောစိန်ကို လှမ်းကြည့်သည်။ ကလေးသည် ရှုံ့မဲ့ပြီး ထဘီကို ဆွဲချွတ်ပစ်နေသည်။

ဒေါ်ရွှေအိမ်သည် သမက်နှင့် ပြောနေသောစကားကို ဖြတ်ပစ်ခဲ့သည်။ မြေးထံသို့ ပြေးလာပြီး ဒူးထောက်သည်။

"ဘာပြုလို့ ဆွဲချွတ်နေတာတုံး။ ပေါင်တွင်းကြော ဆွဲအလိမ်ခံချင်လို့လား"

"အဆင် အဆင်"

ကလေးသည် ဆွဲအချွတ်ကို မရပ်ပေ။ မြေး၏စကားကို ဘွားအေ နားမလည်။ သမက်ကို လှမ်းမေးရ၏။

"မင့်သမီး ဘာပြောတာတုံး"

"အရီးရဲ့ခါးကို သူ ထောက်ပြနေတယ်လေ။ သူ့ကို အခု ဝတ်ပေးထားတဲ့ ထဘီမှာ 'အထက်ဆင့်' မပါလို့ မဝတ်ချင်ဘူးတဲ့"

"ဖြစ်မှ ဖြစ်ရလေတယ်အေ"

ဒေါ်ရွှေအိမ်သည် ကိုယ့်ရင်ဘတ်ကို ကိုယ့်လက်ဝါး ဖိလိုက်ပြီး ချော့မော့စကားကို ဆို၏။

"သမီးရယ်၊ အခုတော့ ဒါလေးပဲ အဆာပြေ ဆင်လိုက်ပါကွယ်။ နက်ဖြန်ကျရင်လေ လက်ဝါးသောက်ရှိတဲ့ အထက်ဆင့်ကြီး ငါ့မြေးကို ချုပ်ပေးမယ်"



ဒေါ်ရွှေအိမ်သည် မြေးဖြစ်သူ၏ သဘောကျသွားဟန်ကို အရသာခံကာ ကြည့်နေပြီးမှ ထပ်မေး၏။

"သမီး ဘာရောင်ကြိုက်လဲ"

"အနီ"

ထိုအချိန်အခါက အမျိုးသမီးဝတ် လုံချည်များတွင် 'အထက်ဆင့်' ဟူ၍ အစိတ်အပိုင်း အပိုတစ်ခု ပါဝင်လေ့ရှိသည်။ အမျိုးသမီးများ လုံချည်ဝတ်သောအခါ အထက်ဆင့်ပါ လုံးပြီးပတ်လေ့ရှိသည်။ ဖြက် တစ်ထွာခန့်ရှိပြီး လုံချည်၏အထက်ပိုင်းတွင် ထပ်ဆင့် တပ်ထားသောကြောင့် 'အထက်ဆင့်' ခေါ်သည်။ အနီရောင်နှင့် အနက်ရောင်သာ အသုံးများသည်။ သို့ဖြစ်သောကြောင့် ချောစိန်ကလေးက 'အနီရောင်' ကြိုက်သည်ဟု ပြောခြင်းဖြစ်ပေ၏။

"ထန်းရည်ချိုမှန့်ကို မင့်အမေ ဘာလုပ်မှာတုံး"

"ဓာတ်စာကျသလားဘာလားတော့ မသိဘူး အရီး၊ မင့်ယောက္ခမကို သွားမေးစမ်းဆိုလို့"

"အေး အေး၊ ငါ အခုပဲ သွားလိုက်မယ်"

ဒေါ်ရွှေအိမ်သည် ကလေးကို ကောက်ချီပြီးမှ သမက်ကို လှည့်မေး၏။

"အခု ဘယ်လဲ၊ ဘာလုပ်မလို့တုံး"

"ဘုန်းကြီးကျောင်းကို သွားရဦးမယ်။ ဘုရားကိုးဆူကျောင်းဆောင် ရှိသေးသလား၊ ရဟန္တာရှစ်ပါးကော အစုံအစေ့ရှိသေးလား၊ ကြည့်ချေစမ်း ပြောလို့ သွားရဦးမယ်"

မောင်ဆေးရိုးသည် ပြောပြောဆိုဆို အိမ်ပေါ်မှ ဆင်းလာသည်။ အလျှင်အမြန် အလယ်တံခါးသို့ ရောက်လာပြီး ရွာပြင်သို့ ထွက်လာခဲ့သည်။

မောင်ဆေးရိုးသည် စာကြည့်တိုက်တည်ရှိရာ မြှောရုံသို့ တစ်ချက် လှမ်းကြည့်စဉ် ထွန်းသွားချွန်သည့်နေရာမှ အဲသံများကိုလည်း သဲ့သဲ့ကြားနေရသည်။

"အပျိုသယ် လယ်ထဲက နီမွဲတဲ့ ရွှေလိပ်ညို ဖမ်းတွေ့သကို၊ ခြေလက်ကယ်တို ရွှေလိပ်ညို မောင်မငြင်းနဲ့ မီးဖိုထဲဆင်း"

ထွန်းသွားသသည့်နေရာသို့ မိန်းကလေးတွေ ရောက်နေလောက်ပြီဟု မောင်ဆေးရိုး ခန့်မှန်းသည်။ တေးဆိုသံမှာ မိန်းမသံနှင့်တူသည်။ တေးသံအဆုံးတွင်လည်း ဝေါခနဲ ရယ်မောသံကြီး ကြားရသည်။

သို့သော် အမေမှာသောကိစ္စ မပြီးပြတ်သေး။ ထန်းတောထဲဝင်ခဲ့သည်။ ချိုးကူသံ၊ ခါတွန်သံများကို နားခံလျက် ထန်းတက်နေသူများ၊ မြူအိုးကောက်သူများ အပြေးအလွှားလုပ်နေကြသည်။ မောင်ဆေးရိုးမှ အိမ်သို့ အမြန်ပြန်ရောက်ချင်သဖြင့် အသော့နင်သည်။

အုတ်လှေကားဘေးတွင် ဆွမ်းခံထွက်ရန် တာစူနေသော ကလေးများကို မြင်ရသည်။ သူတို့အား ရှေ့ဆောင်မည့် ရှေ့ဆောင် သပိတ်ကို စောင့်နေကြခြင်းဖြစ်ဖွယ်ရှိသည်။

"ကလေးတွေ၊ ဘုန်းကြီးရှိလား"

"ရှိတယ်၊ တောင်ဘက်ဆောင်မှာ"

"ဟို အရှေ့ဘက်လှေကားက တက်နော်"

အုတ်လှေကားတပ်ဆင်ထားသော ကျောင်းဆောင်၏ အရှေ့ဘက်တွင် သစ်သားပွတ်လုံးလှေကားတပ် ကျောင်းတစ်ဆောင်ရှိသေးသည်။ အရှေ့ဘက်ဆောင်ဟု ခေါ်၏။ ထိုကျောင်းပေါ်တွင် ကြမ်းပြင်အကျယ်နှင့် တိုင်းပြီး တိုင်တွေပါ ငုံလျက် ရက်လုပ်ထားသော 'ခန်းလုံးပြည့်' ထန်းကြောဖျာရှိသည်။



မောင်ဆေးရိုးသည် ထိုဖျာကြီးကို ခင်မင်ယုယစွာ ငုံ့ကြည့်၏။ ငယ်ပေါင်းသူငယ်ချင်းပေကိုး။

ခန်းလုံးပြည့် ထန်းကြောဖျာကြီးကို ဖြတ်ကျော်လာပြီးနောက် 'ကဲလား' များ အပြည့်တပ်ထားသော တောင်ဘက်နံရံသို့ ရောက်သည်။ သို့သော် 'ကဲလား' မှ တစ်ပေါက်တည်းသာ ဖွင့်ထား၏။ တစ်ပေါက်တည်းမှာလည်း အပြည့်မဖွင့်။ ကဲလား တောက်လျှိုလျက် ဟရုံသာ ဟထား၏။ ကဲလားပေါက်အောက်မှ ငုံ့ထွက်လိုက်သောအခါ မောင်ဆေးရိုး၏မျက်လုံး ရွှေရောင်ဝင်း၏။ ကျောင်းသား ညွှန်လိုက်သော တောင်ဆောင်မှ ရွှေရောင်များ ဟပ်ခြင်းဖြစ်သည်။ ရွှေရေးဆောင်သည် ရွှေရောင် သစ်လွင်ဝင်းပနေသည့်နည်းတူ ပတ်ရံထားသည့် ရုပ်စုံတွေမှာလည်း သစ်လွင်နေဆဲရှိသေး၏။

"ဟဲ့ နင်ဘယ်သူတုံး"

"ဆေးရိုးပါ ဘုရား"

ဝတ်ချ၍မပြီးမီ ထွက်ပေါ်လာသောအသံကြောင့် ရှေ့သို့လေးဖက်ထောက် တိုးသွားရင်း ဖြေရသည်။

"ကျွန်ကြီး မယ်ကြွယ်စိုးရဲ့ သားထင်ပါရဲ့"

"မှန်ပါဘုရား"

"အနို့၊ ထွန်းကား မိန်းမကော ထောင်ကလွတ်ပြီလား"

"ပုလိပ်နဲ့ ပေါင်းထားတဲ့အတွက် ထောင်မကျပါဘုရား။ အဖမ်းခံရတော့မယ့်အချိန်ကျရင် ထွက်ပြေးပါတယ်ဘုရား"

ဆရာတော် မေးသော ထွန်းကား၏မိန်းမမှာ မောင်ဆေးရိုး၏ မရီး မယ်ငြိမ်းစည်ဖြစ်သည်။ မယ်ငြိမ်းစည်သည် တောဟွင်ရွာနှင့် မြင်းခေါင်းရွာကြားရှိ 'ရွှေတစ်ဆုပ်' ရွာသူဖြစ်သည်။ ထွန်းကား၊ ဆေးရိုး၊ မိမယ်မျှင်မောင်နှမသုံးယောက် ရိုးသားအေးဆေးသည်နှင့်အမျှ မယ်ငြိမ်းစည်

ဆန်းပြားသည်။ ယောက္ခမအရိပ်တွင် ခိုလှုံနေရစဉ် မလွတ်လပ်သဖြင့် လင်ကို ဖြားယောင်းသည်။ ရွာတောင်ပိုင်းသို့ ပြောင်းရွှေ့နေထိုင်သော အခါ အရက်ချက်သည်။ ထွန်းကား၏အိမ်တွင် အရက်သောက်သူများ တရုန်းရုန်းရှိသည်။ ထိုရုန်းရုန်းထဲတွင် ပုလိပ်ပါသည်။ မယ်ငြိမ်းစည်သည် ပုလိပ်တစ်ယောက်နှင့် မရှင်းလင်း။ ရွာထဲက ဦးဘမှန်၏အိမ် ဓားပြ တိုက်ရာတွင် လက်ထောက်ချသူ။ တစ်ရွာလုံးသာမက တစ်နယ်လုံး ဥက္ကောဋ္ဌမေယျ ဖြစ်ရသော မယ်ငြိမ်းစည်ပါပေ။ ထိုမျှထင်ရှားသောကြောင့် ဘုန်းတော်ကြီးက မေးခြင်းဖြစ်သည်။

"လယ်တွေ သည်နှစ် ဘယ်လိုနေသတုံးဟဲ့"

"ကောင်းပါတယ်ဘုရား"

"အေး အေး၊ ဒါထက် နင် အခုလာတာ ဘာကိစ္စလဲ"

"အမေက ဘုရားကိုးဆူ ကျောင်းဆောင်ကောင်းသေးလား၊ ရဟန္တာတွေ အစုံအစေ့ရှိသေးလား အကြည့်ခိုင်းလို့ ဘုရား"

"ဘာလုပ်ဖို့တုံး"

"ဘုရားကိုးဆူ ကပ်ချင်လို့များလား မသိပါဘူးဘုရာ့။ သူ ခိုင်းတာကို ဘာလုပ်မလို့လဲ မမေးရဲဘူးဘုရား။ တစ်ခါတစ်ခါ စိတ်က လက်တစ်ဆစ် ဘုရာ့"

ဆရာတော်သည် ပြုံး၏။ ခေါင်းညိတ်၏။ တစ်အောင့်မျှ ငြိမ်နေပြီးမှ လည်ပင်းရှည်ပြီး ခေါ်၏။

"ဟဲ့ ကပ္ပိယ"

ကပ္ပိယကြီး ရောက်မလာပါ။

"ကပ္ပိယကြီး ရွာထဲသွားပါတယ်ဘုရား"

ဖြေသံနှင့်အတူ ဖိုးသူတော်အငယ် ရောက်လာသည်။



"ဟဲ့ သူတော်၊ သူတော်အကြီး ဘယ်သွားသတုံး"

"ထမင်းစုမသွင်းသေးလို့ သတိပေးချေဦးမယ်၊ ပြောသွားပါတယ် ဘုရား"

"ဟဲ့ နင် ဘုရားကိုးဆူသိရဲ့လား"

"သံ၊ ဂုံ၊ ပ၊ မ ၊ ယျ၊ ငါးဆူပဲ ရှိပါတယ်။ ဘယ်က လေးဆူ တိုးပြီး ကိုးဆူဖြစ်ရတာလဲဘုရား"

ဘုန်းတော်ကြီးက နံရံတွင်ထောင်ထားသော ကြိမ်နီကြီးဖြင့် ကြမ်းပြင်ကိုရိုက်ပြီး ဟန့်တားသည်။

"ဟောသည်ဒကာနဲ့ လိုက်သွား။ ကျက်သရေခန်း အဝင်ဝမှာ ဘုရားကိုးဆူခုံ ရှိတယ်။ သည်ကိုထုတ်ခဲ့"

ဇေတဝန်ဆောင်မှာ သဲနှင့်ရှပ်ရှပ်ဖြစ်၏။ ဇေတဝန်ဆောင်ထဲ မှာပင်ရှိသော ကိုးဆူကျောင်းဆောင်မှာလည်း ဖုန်အလိမ်းလိမ်းပင်။ မြတ်စွာ ဘုရား ဆင်းတုတော်ကြီးနှင့် ရဟန္တာရုပ်တုတော်များမှာ နေရာတကျ မရှိချေ။ မောင်ဆေးရိုးသည် သက်န်းစုတ်ဖြင့် ဖုန်များကို သုတ်သင်ပြီးမှ ဆရာတော်၏ မှန်စီရွှေချ ဘုရားရှေ့သို့ သယ်ယူလာ၏။ [illegible] ဘုရားကိုးဆူကျောင်းဆောင်မှာ [illegible] အလယ်တည့်တည့်တွင် [illegible]

မောင်ဆေးရိုးသည် မြတ်စွာဘုရားကို ပလ္လင်ပေါ် ပင့်သည်။ သူသည် ဤမျှသာသိ၏။ သည့်ထက်ပို၍ မသိ။ မည်သည့်ရဟန္တာ၊ မည်သည့်မျက်နှာ၊ မည်သည့်ထောင့် စသည်များ။

"မြတ်စွာဘုရားနဲ့ ပလ္လင်တံကကို အရှေ့ဘက် မျက်နှာပြုထား"

မောင်ဆေးရိုးသည် ဆရာတော် အမိန့်ရှိသည့်အတိုင်း ဆောင်ရွက်သည်။

"ရဟန္တာရုပ်တွေမှာ စာပါတယ်ကွ ဖတ်စမ်း"

"သာရိပုတ္တရာ၊ မဟာမောဂ္ဂလန်၊ အာနန္ဒာ၊ အရှင်ကောဏ္ဍည၊ ဂဝမ္ပတိ၊ ဥပါလိ၊ အရှင်ရေဝတ၊ အရှင်ရာဟုလာပါတဲ့ဘုရား"

"အေး ကျောင်းဆောင်ပေါ်မှာလည်း စာတွေ ရေးထားလေရဲ့။ သူ့စာနဲ့သူ နေရာထားပေတော့"

မောင်ဆေးရိုးသည် ကျောင်းဆောင်ကြမ်းပြင်ကို ကြည့်ချေ၊ ရုပ်တုတော်များ၏ဖင်ကို ကြည့်ချေဖြင့် တိုက်ဆိုင်ကာ နေရာချသည်။ ဆရာတော်၏စိတ်တွင် ကြာညောင်းလွန်းသည်ထင်၏။

"အခု မင်းလက်ထဲ ကိုင်ထားတာ ဘယ်ကိုယ်တော်တုံး"

"အရှင်ရာဟုလာပါ ဘုရား"

"ရာဟုလာဆိုရင် အရှေ့မြောက်ထောင့်မှာကြည့်"

"တွေ့ပါပြီဘုရား"

"နောက်တစ်ရုပ်ကကော"

"အရှင်မဟာမောဂ္ဂလန်ပါဘုရား"

"မြတ်စွာဘုရားရဲ့ လက်ဝဲဘက်မှာ ရှင်မောဂ္ဂလန်၊ ညာဘက်မှာ ရှင်သာရိပုတ္တရာတို့ကိုထားဖို့ စာရေးထားပါတယ်ကွာ"

"မှန်ပါ၊ တွေ့ပါပြီဘုရား"

မောင်ဆေးရိုးသည် ဤသို့ဖြင့် ကြမ်းပြင်ကို ကြည့်ချေ၊ အရုပ်၏အောက်ဘက်မျက်နှာပြင်ကို ကြည့်ချေဖြင့် တိုက်ဆိုင်ကာ နေရာချထားသည်။ များမကြာမီ ရဟန္တာရုပ်တုတော်များကို နေရာချထားပြီး ဖြစ်သွားသည်။

"ဟော့ ပြီးပြီလား မှန်ရဲ့လား"

ခဏတစ်ဖြုတ်ထသွားသော ဆရာတော် ပြန်ရောက်လာသည်။

"ပြီးပါပြီဘုရား။ မှန် မမှန်ကတော့ သူ့စာအတိုင်းပဲဘုရား"



"လုပ်စမ်းကွာ။ ရဟန္တာကိုယ်တော်မြတ်ကြီးရဲ့ ဘွဲ့တော်နဲ့ နေရာကို တွဲပြီးတော့ပေါ့"

"မြတ်စွာဘုရားက အရှေ့ဘက်ကို မျက်နှာပြုပါတယ်ဘုရား"

"အေး၊ ဝဲယာက ရှင်မောဂ္ဂလန်နဲ့ ရှင်သာရိပုတ္တရာ။ ရှေ့နဲ့နောက်ကကောကွာ"

"မြတ်စွာဘုရားရဲ့ ရှေ့တော်တည့်တည့်မှာ အရှင်ကောဏ္ဍည၊ နောက်တည့်တည့်မှာ အရှင်အာနန္ဒာပါဘုရား"

"ဟုတ်သကွ၊ ဆက်ပါဦး"

"အနောက်မြောက်ထောင့်မှာ အရှင်ဂဝမ္ပတိ၊ အနောက်တောင်ထောင့်မှာ အရှင်ဥပါလိပါဘုရား"

"ပြီးတော့ ဘာတွေကျန်သေးသတုံး"

"အရှင်ရေဝတနဲ့ အရှင်ရာဟုလာ ကျန်သေးဘုရား။ အရှင်ရာဟုလာက အရှေ့မြောက်ထောင့်"

"အေး ဘုရားကိုးဆူ ကပ်လှူပူဇော်တဲ့အခါ အဲသည်အတိုင်း နေရာမှန်အောင် ချထားရမယ်။ ကိုးဆူဆရာတွေကို အားမကိုးနဲ့နော်၊ သူတို့လည်း သိချင်မှသိတာ"

ထိုနေ့က မောင်ဆေးရိုးနှင့် ဖိုးသူတော် အငယ်တို့သည် ဘုရားကိုးဆူခုံကို ဇေတဝန်ကျောင်းဆောင်သို့ ပြန်ပို့ရသည်။ သို့ရာတွင် မောင်ဆေးရိုး၏အမေသည် 'ဘုရားကိုးဆူ ပြည့်စုံကောင်းမွန်ကြောင်း' သိကတည်းက ဘုရားကိုးဆူဆွမ်းကပ်သော ကိုးဆူဆရာကို စတင်စုံစမ်းသည်။ မည်သည့်ကိုးဆူဆရာ တော်သနည်း။

ကိုးဆူဆရာမှာ စာရရုံဖြင့် မပြီးသေးပေ။ အသံကောင်းရသည်။ အသားနားကြီး အရည်မွန်ကြီး မဟုတ်သည့်တိုင်အောင် သင့်တင့်မှုရှိရမည်။

ထို့ပြင် ကိုးဆူဆရာသည် ထီးနှင့် တံခွန် ကုက္ကား မုလေးပွား ကြက်လျှာတိုင်တို့ကို သပ်ရပ်လှပစွာ ညှပ်တတ်ရသည်။ အလှူ့ရှင်၏ကိုယ်စား ဆောင်ရွက်ရမည့် အစီအရင်များကို ခန့်ခွဲတတ်ရမည်။ အာဝဇ္ဇန်းလည်း ကောင်းရမည်။

"ကျောက်ခဲကုန်းက ကိုးဆူဆရာ တော်သတဲ့"

မောင်ဆေးရိုး ကျောက်ခဲကုန်းက ပြန်ရောက်၍မှ ဖင်မနွေးတတ်သေး။ ခါပြည့်ရွာသို့ ပြေးရပြန်သည်။

နောင်သော်အခါ မောင်ဆေးရိုးတစ်ယောက်တည်းဖြင့် မပြီးတော့။ ယောက်ဖဖြစ်သူ မောင်မောင်အေးပါ ဝင်ကုရသည်။ မောင်မောင်အေး ချောင်းကောက်သို့ပြေးစဉ် ပန်းထိမ်ကုန်းသို့ မောင်ဆေးရိုး လာရ၏။ သုံးလမျှကြာမြင့်သောအခါ မောင်ဆေးရိုး ငြီးငွေ့လာသည်။

"မိုးသံလေသံကြားပြီ အမေရေ့။ မလုပ်ရှင်းရှင်း၊ လုပ်ရှင်းရှင်း လုပ်။ တကတည်း ခတ်ကွင်းကြီး ပြင်နေတာနဲ့ ရွာသစ်ကြီး လွန်သွားပြီ"

စင်စစ်သော်ကား မယ်ကြွယ်စိုးသည် ငွေနမြောသဖြင့် ချီတုံချတုံ လုပ်နေခြင်းဖြစ်၏။ သို့ရာတွင် သမက်ပါ သိသွားပြီဖြစ်သည့်အတွက် ကျောက်ခဲကုန်းမှ ကိုးဆူဆရာကို ရက်သတ်ကာ စရန်ပေးလိုက်လေ၏။ မိကျီးဒန်သည် အိမ်တံခါးကို ပိတ်ပြီး ယောက္ခမအိမ်သို့ ပြောင်းလာခဲ့၏။ သူ့ယောက်မမှာ ကိုင်းထဲမှ ရောက်မလာသေးချေ။ ဘုရားကိုးဆူ ဆွမ်းကပ်ဟု ဆိုသော်ငြား နေ့ကျင်ဝတ်ချာ ဆယ်ရွာခန့်ကို ဖိတ်ထားသည်။ လက်ဖက်၊ ချင်းသုပ်၊ ရေနွေးကြမ်း၊ ဆေးလိပ်ဖြင့် ဧည့်ခံမည် ဆိုစေကာမူ မယ်ကြွယ်စိုး တစ်ယောက်တည်း ဖင်မနိုင်ခေါင်းမနိုင် ဖြစ်မည်။

အလှူအိမ်သို့ မိကျီးဒန်ပြောင်းသွားသဖြင့် ဒေါ်ရွှေအိမ်လည်း မြေးကိုပွေ့လျက် လိုက်ပါလာရသည်။ မြေးမ မိချောစိန်သည် နှစ်နှစ်ခွဲမျှ ရှိပြီဖြစ်ငြား မအေနှင့် မခွဲနိုင်။ ဘွားအေကိုလည်း မျက်စိအောက်က



အပျောက်မခံ။ ခြောက်သွေ့ဟိတ်ဆိတ်နေသော ဦးကျန်ကြီး၊ မယ်ကြွယ်စိုးတို့၏အိမ်မှာ ချောစိန်ရောက်လာသည်နှင့်တစ်ပြိုင်နက်တည်း အသံဗလံများဖြင့် စိုပြည်လာလေတော့၏။

မောင်ဆေးရိုးမှာ လယ်ပြင်သို့လည်း မသွားဘဲနေ၍ မရပေ။ တစ်ဖန် လယ်ပြင်မှာချည်း နေကုန်နေခန်း နေ၍လည်း မဖြစ်ပေ။ ကိုးဆူဆရာ ညွှန်ကြားသော ထင်းအမျိုးအစား ရှာဖွေခြင်း၊ အဆောင်အယောင်များ ပြင်ဆင်ခြင်း၊ ငှက်ပျောတုံး ရှာဖွေခြင်းတို့ဖြစ်သည်။

ဆွမ်းကပ် အကြိုနေ့ဖြစ်သည်။

ကိုးဆူဆရာသည် မွန်းတိမ်းချိန်လောက်ကတည်းက နတ်ကြီးငါးပါးနှင့် ကြေးစည်ထုပ်ကို ကျော့ပိုးလျက် ရောက်နေပြီ။ သူ့သာသူ ဆွမ်းချက်မည့်နေရာကို မြင်မြင်ထင်ထင်စစ်ဆေးသည်။ ရိုင်တာတားမြင်း ရှိ မရှိ ဗိုတာန် ကြက်ထား မထား၊ ဆွမ်းချက်မည့်အိုးနှင့် ဆွမ်းချက်မည့်ဖိုခုံလောက်။

ချူသံတချွင်ချွင်ဖြင့် လှည်းယဉ်တစ်စီး ရောက်လာသည်။ လှည်းယဉ်ပေါ်မှ ဆင်းလာသူမှာ ဒေါ်မယ်ကြော့။ အလှူ့ရှင် ဦးကျန်ကြီး၊ မယ်ကြွယ်စိုးနှင့် မရင်းနှီးသော်ငြား ခမည်းခမက် မယ်ရွှေအိမ်၏ အစ်မအရင်းခေါက်ခေါက်။ သူ့အား ဖိတ်ကြားသူမှာ ကျိုးနှံဖြစ်သည်။ တမင်ဖိတ်ကြားခြင်းဖြစ်သည်။ မိကျီးဒန်သည် ပျော်ရွှင်ပြုံးပြီး လက်ကောက်တွေ ထုတ်ဝတ်သည်။ ဆွဲကြိုး၊ လက်စွပ်တွေ ထုတ်ဆင်သည်။ လက်ဖက်ပွဲနှင့် ချင်းသုပ်ပွဲကို သူကိုယ်တိုင် သယ်ယူလာသည်။

"မိကြီး သုံးဆောင်ပါဦး"

မယ်ရွှေအိမ်သည်လည်း အစ်မထံသို့ ထသာလာငြား မမယ်ကြော့ကို စိတ်မဝင်စား။ သူသည် မိကျီးဒန်ကိုသာ မျက်တောင်မခတ်ဘဲ ကြည့်နေ၏။

ချွေးသံအရွဲသားဖြင့် အိမ်ပေါ်သို့ မောင်ဆေးရိုး တက်လာ၏။ မိကြီးဒန်က သွားဆွဲ၏။ မောင်ဆေးရိုးခမျာမှာ ပြုံးတုံပြုံးကြောင်ဖြင့် ပါလာ၏။

"မိကြီး မိကြီး၊ အဲဒါ ကျုပ်အိမ်သားလေ"

"ကျွန်မသားပါရှင်"

အလှူဒါယိကာမ မယ်ကြွယ်စိုးက ဝင်ပြီးထောက်သည်။

"အိပ်မက်ရာမက် မကောင်းလို့ ဂြိုဟ်ပြေနံပြေ ဘုရားကိုးဆူ ကပ်ပါတယ်။ ကလေးတွေက သူတို့ဖိတ်ချင်ရာ လျှောက်ဖိတ်တာကိုး။ မြေးရှင်ပြုအလှူလောက်တော့ သွားပြီထင်တာပဲ"

"လုပ်ပြီးခါမှ ညည်းမနေနဲ့။ လာလာသမျှလူတွေကို အလှူ ပေးတယ်၊ ဒါနပြုတယ် သဘောထားပါဗျာ။ စိတ်ထားတတ်ရင် မြတ်သတဲ့ ကျောင်းအစ်မရဲ့"

ငှက်ပျောဖတ်များကို မောင်းချစားတစ်လက်ဖြင့် အသက်သွင်း နေသော ကိုးဆူဆရာက လှမ်းပြီး တရားဟောသည်။ သူသည် သူ အာဝဇ္ဇန်းရွှင်ကြောင်း ကြော်ငြာလိုသော်ငြား မိကြီးဒန်၏မျက်စောင်း လက်ခနဲကို မြင်လိုက်ရသဖြင့် ပါးစပ်ပိတ်သွား၏။

မမယ်ကြော့နည်းတူ၊ လှည်းဖြင့်လာကြသူများတွင် မောင်မောင် အေး၏မိတ်များလည်း ပါဝင်၏။ သူ့ကျောင်းသားများ၏မိဘများ မှာလည်း ကိုင်းသမားများပင်ဖြစ်ကြ၏။ သူတို့သည် ရှင်ပြုအလှူများတွင် တရားပွဲ လှူသကဲ့သို့ ယခုလည်း ဂဲတွေ၊ ငရုတ်သီးတွေ ယူလာကြ၏။

"ဟဲ့ မောင်မောင်အေး လာစမ်း။ ဒါဟာ ရဟန်းခံ ရှင်ပြု မဟုတ်ဘူးဟဲ့။ သည်အကူပစ္စည်းတွေ ပြန်ပေးလိုက်ပါ"

မယ်ကြွယ်စိုးသည် သမက်အား ကွယ်ရာထောင့်ရာသို့ခေါ်ပြီး ပြော၏။ မောင်မောင်အေးအဖြေကား ထိုင်ပြီး ရှိခိုးခြင်းပေတည်း။



"ကျွန်တော် ရှက်ရှက်နဲ့ဝန်ခံရရင် ဘုရားကိုးဆူဆွမ်းကပ်တာကို ရဟန်းခံရှင်ပြုလို့ အလှူမျိုး ထင်နေတာ အရီးရဲ့"

မယ်ကြွယ်စိုး အသက်ရှူမဝဟန်ဖြင့် ညည်းတွားရှာ၏။

"ငါပြောတာက သည်ပစ္စည်းတွေ ပြန်ပေးဖို့"

မောင်မောင်အေး ထိုင်ပြီးရှိခိုးရာက "အဲဒါတော့ တောင်းပန် ပါရစေ ဒေါ်ဒေါ်ရယ်" ဟု ဆိုသည်။ ထို့နောက် ထပ်မံပြီးရှင်းပြပြန်သည်။

"သူတို့ယူလာတဲ့ အလှူပစ္စည်းတွေ ပြန်ပေးရင် မျက်နှာပျက် တာပဲ အဖတ်တင်မယ်။ လက်ခံမှာမဟုတ်လို့ပါ ဒေါ်ဒေါ်ရယ်"

ကိုင်းထဲသားတွေ ယူဆောင်လာသော ပစ္စည်းတွေကြောင့် မယ်ကြွယ်စိုး ကသိကအောက်ဖြစ်ငြား ကျီးဒန်မူ ရွှင်ပျနေ၏။

"မိကြီး ထမင်းစားသွားနော်"

"မစားအားပါဘူးအေ"

မမယ်ကြော့မှာ မယ်ကြွယ်စိုးထက်ပိုပြီး ကသိကအောက် ဖြစ်နေ၏။ ကျီးဒန် လက်ကောက်ချင်း ထိအောင် အသံထွက်အောင် တမင်လုပ်၏။ ဝတ်ထားသော လက်စွပ် ကျော်ကျော်အောင် လုပ်ပြနေ၏။

"ဒါဟာ ငါ့ကို တမင်ချိုးတာပဲ"

သူ့တူမ၏အပြုအမူများသည် သူ့ကို ရည်ရွယ်နေကြောင်း မမယ်ကြော့သာ သိသည်။ ဒေါ်ရွှေအိမ်မှာ သူ့အစ်မနှင့် သူ့သမီးတို့ လူပုံအလယ်တွင် ပညာပြိုင်နေကြောင်း မရိပ်မိ။ မယ်ကြွယ်စိုးနှင့် မရင်းနှီးသော ဧည့်သည်များကို ဧည့်ခံနေရသောကြောင့်ဖြစ်သည်။

"အစ်မရေ၊ ဟောသည်မှာ ထမင်းဆာတယ်တဲ့ဗျို့"

ဘမင်းနှင့် ဘဝင်းသည် တူမ ချောစိန်ကို တစ်ဖက်တစ်ချက်စီ လက်ဆွဲလျက် ရောက်လာကြ၏။

"သမီး ဟုတ်လား"

ကလေးသည် ခေါင်းညိတ်မပြပေ။ ဒေါ်ကြော့ရှေ့ရှိ လက်ဖက်နှင့် ချင်းသုပ်ပန်းကန်များကို မြင်သောကြောင့်ဖြစ်သည်။ ကလေးက ခေါင်းညိတ် မပြပါဘဲလျက် ကျီးဒန်သည် ထမင်းတစ်ပန်းကန် ထည့်လာ၏။ ကလေးကို ကြွေရည်သုတ် သံပန်းကန်ဖြင့်သာ ထမင်းကျွေးနေကျ ဖြစ်ပါလျက် 'တိုက်ပန်းကန်ပြား' ကြီးဖြင့် ထည့်လာသည်။ ထမင်းက ပါလေကာ။ ဟင်းတွေ ဗုံးပေါလအောဖြင့်။ သည်မျှ ဟင်းတွေအများကြီးဖြင့် မစားဖူးသော ချောစိန်သည် အထူးအဆန်းအဖြစ် ကြည့်နေ၏။ ကြက်သားဆိုလည်း ကြက်သားဟင်းတစ်ဖတ်၊ အမဲသားဆိုလျှင် အမဲသားတစ်ဖတ်သာ ပါနေကျ။ ယခုသော်ကား ဝက်သား၊ ကြက်သား၊ အမဲသား အကုန်ထည့်ထား၏။

သူ့တူမ သူ့ကို လုပ်နေပြီဟု ဒေါ်ကြော့ ရိပ်မိသည်။

"ပြန်ဦးမှပဲအေ့" ဆိုကာ ထသည်။

"ထမင်းရော ဟင်းရော ကျက်နေပြီ မိကြီးရဲ့"

ကျီးဒန်က လက်ကို ဆွဲသည်။

"အချိန်မရလို့ပါအေ။ အခုတောင် ညည်းယောက္ခမကို အားနာလို့ လာတာ"

ဒေါ်ကြော့ ထရပ်သည်။ ကျီးဒန်လည်း အသင့်ထုတ်ထားသော ချင်းသုပ်နှင့် လက်ဖက်ထုပ်များကို လှည်းပေါ်လိုက်ပို့သည်။

"စောပါသေးတယ် မိကြီးရဲ့"

"ညည်းကသာ စောတယ်ထင်နေတာ။ ဟိုမယ်မြင်လား၊ ကျီးကန်း တွေတောင် အိပ်တန်းပြန်ကြပြီ"

ဒေါ်ကြော့ပြောနေဆဲတွင် လှည်းဘီးများ လိမ့်သည်။ ကျီးဒန် သည် ပြုံးရွှင်စွာကြည့်လျက် ကျန်ခဲ့သည်။ ဝိုင်းထဲမှ ထွက်သွားသော



မိကြီး၏လှည်းသည် ရုတ်ခြည်း နှစ်စီးဖြစ်လာသည်။ အိမ်ဘက်သို့ လှည့်ရာ တွင်လည်း မြင်မြင်သမျှသည် ကျီးဒန်အတွက် နှစ်ခုချည်း မြင်ကုန်၏။ ခြံစည်းရိုးကို ကျီးဒန် လှမ်းကိုင်၏။ ခြံစည်းရိုးအဆွေးသည် ကျီးဒန်ကို ကူညီထိန်းမ မပေးနိုင်။

"အစ်မ အစ်မ"

ဘဝင်းသည် ပြေးလာပြီး ကျီးဒန်၏လက်မောင်းကို ကိုင်၏။ အိမ်ပေါ်သို့လည်း လှမ်းပြီးအော်၏။

"လာကြပါဦးဗျို့၊ အစ်မ မူးနေလို့"

မယ်သုန်နှင့် မလှငွေတို့ ပြေးဆင်းလာကြ၏။ သူတို့နောက်တွင် ဒေါ်ရွှေအိမ် ပါလာသည်။ ကျီးဒန်မှာ နဖူးကို လက်ခွဖြင့် ထောက်လျက် ဆောင့်ကြောင့်ထိုင်ကာ လေတက်နေသည်။ မယ်သုန်မှာ အပျိုမို့ မမေး တတ်ငြား ကလေးတစ်ယောက်အမေဖြစ်သော မလှငွေက တီးတိုးမေးသည်။ ဒေါ်ရွှေအိမ်အလာတွင် "ကလေးရှိတာထင်တယ် အရီးရဲ့" ဟု ဆီးပြောသည်။ ကျီးဒန်သည် ကသိကအောက် ခံစားနေရာက ရှက်နေသည်။

"မသိပါဘူးဟယ်။ တချို့လည်း ကလေး တစ်ခါရှိ၊ တစ်ခါ နေမကောင်း။ တချို့ကျပြော့လည်း သားဦးရဲ့ မောပဲဟာ အနှံဟာ"

ဒေါ်ရွှေအိမ်က သူကြုံဖူးသော ကိုယ်ဝန်ဆောင်များအကြောင်းကို ဇာတ်စုံခင်းနေသည်။ သို့စဉ်တွင် မီးဖိုထဲမှထွက်လာသော မယ်မျှင်သည် စောင်ရန်းတန်း အဆွေးကိုကိုင်လျက် ထိုင်နေသော ယောင်းမကို လှမ်းမြင် သဖြင့် အပြေးဆင်းလာသည်။ မလှငွေထံ စုံစမ်းသည်။

"ညည်းတို့မှာ အမျိုးတစ်ယောက် တိုးဦးမှာပေါ့အေ"

မိမယ်မျှင် ဝမ်းသာသွားသည်။ "ယောက်မ ဟုတ်လား" မေးရင်း ပြေးဖက်ရာ ကျီးဒန်က ဟွန်းပစ်သည်။ သို့ကြောင့် မိမယ်မျှင်သည်

အိမ်ပေါ်သို့ ပြေးတက်လာသည်။ မောင်မောင်အေးထံ သတင်းပေးရန် ဖြစ်သည်။ သို့သော် မောင်မောင်အေးက ကိုးဆူဆရာနှင့် စကားကောင်းနေ၏။

ကိုးဆူဆရာ၏ကျောဘက်တွင် ဘုရားကိုးဆူကျောင်းဆောင်သည် မီးတထိန်ထိန်၊ ပန်းတဝေဝေ၊ တံခွန် ကြက်လျှာ တလွှားလွှားဖြင့် တင့်တယ်၏။ သည်ဘက်ဘေးတွင် ငှက်ပျောဖတ် ဂြိုဟ်ခွင်က ငှက်ပျောဖတ်မှန်းသိပါလျက် ဝင့်ကြွားမာန်မူနေပြီး၊ သူလည်း ကိုးဆူကျောင်းဆောင်ကို တုပနေ၏။ သည်ဘက်တွင် နတ်ကြီးငါးပါး။ သူရဿတီ၊ စန္ဒီ၊ ပရမီသွာ၊ မဟာပိန္နဲ၊ ဂေါရဝိန္ဒ။ ပန်းတွေ၊ သစ်သီးတွေ မြိုင်ဆိုင်၏။ ဆီမီးနှင့် တံခွန်ကုက္ကား မှလေးပွားတို့ ဝေဆာ၏။

"ကျွန်တော်လည်း ဆရာစဉ်သမားဆက် ကြားဖူးတဲ့အတိုင်း ပြောရတာပဲ ဆရာလေးရေ့။ ဘုရားကိုးဆူ ကပ်တာဟာ အာယုဝဍ္ဍန သတို့သားက စတာတဲ့ဗျား"

ကိုးဆူဆရာသည် သူ့အနားသို့ မောင်မောင်အေး လာထိုင်ကတည်းက စိတ်မဖြောင့်။ ရောင်ခြည်တော် ဘုရားကိုးဆူကို ရှုတ်ဆိုနေရပြီး စိတ်က တထင့်ထင့်။ အလှူ့ဒါယကာ၊ ဒါယိကာမတို့၏သမက်သည် ကျောင်းဆရာဖြစ်၏ ဟူ၍ သိသည်နှင့် စိတ်ထင့်နေခဲ့၏။ သို့သော် မောင်မောင်အေးသည် လူတစ်ဖက်သား အနေခက်အောင် မလုပ်ပါ။ သူကြားဖူးသည့် ဘုရားကိုးဆူဓလေ့သည် ဟရိဘုဉ္ဇ (ခင်းမယ်) ဘက်မှ လာသည်။ ဂြိုဟ်ကိုးလုံးကို ပူဇော်ပသသော ဓလေ့သည် ဗုဒ္ဓဘာသာ မြန်မာတို့ထံအရောက်တွင် ပင်မအလုပ်က မှိန်သွားသည်။ မှိုင်မြမ်းသော ကိုးဆူဓလေ့က ထွန်းကားကြီးကျယ်လာသည်။ ထိုဓလေ့အကြောင်းကို ဆွေးနွေးချင်သော်ငြား မဆွေးနွေးဖြစ်ပါ။



ကိုးဆူဆရာသည် "လက်ယာရံ လက်ဝဲရံ ကိုယ်တော်ကြီး နှစ်ပါး လောက်တော့ ပင့်ထားဦးမှဗျို့" ဟု ဆိုကာ စကားဖြတ်ပြီး ကြေးစည်ကို ကောက်တီး၊ ပေါက်ပေါက်တွေ ကြဲသည်။ မောင်မောင်အေးလည်း ထိုအခါကျမှ ဘေးဆီသို့ သတိပြုမိသည်။ တစ်စုံတစ်ရာ ပြောလိုဟန်ရှိသော ဇနီး။

မိမယ်မျှင် ပြောလိုသော တစ်စုံတစ်ရာမှာ ကျီးဒန်၏ သတင်း ဖြစ်သည်။ ထိုသတင်းအတွက် မောင်မောင်အေးလည်း ဝမ်းသာသည်။ သို့အတွက် ယောက်ဖတော် မောင်ဆေးရိုးအား လိုက်လံရှာဖွေသည်။

အချို့သောသူများသည် အိမ်ပေါ်သို့ တက်ပြီး ဘုရားဖူးကြသည်။ လက်ဖက်မစား၊ ချင်းသုပ်မစားဘဲ ဆင်းလာကြသည်။ ပြန်သွားလျှင် အကောင်းသား။ ပြန်မသွားဘဲ နွားတင်းကုပ်ထဲသို့ လာရောက်ထိုင်နေကြသောအခါ မောင်ဆေးရိုး အလိုက်သိရသည်။ ထန်းရွက်အစို ဖုံးထားသော မြူအိုးတွေကို တင်းကုပ်ထဲသို့ သွင်းရသည်။

"ဟဲ့ကောင်တွေ၊ ကြေးစည်သံကို နားထောင်ပြီး သောက်ရတဲ့ ထန်းရည်ဟာ အဆိပ်သင့်လိမ့်မယ်၊ တော်ကြတော့"

မောင်ဆေးရိုး မည်သို့ပင်ပြောစေကာမူ အသောက်သမားများကား ခံတွင်းတွေ့ကြဲဟန်ရှိ၏။ သို့ဖြင့် မောင်ဆေးရိုးမှာ အထဲဝင် အပြင်ထွက် ဖြစ်နေစဉ် ကျီးဒန်၏သတင်းက မောင်ဆေးရိုးထံ ရောက်လာ၏။ ထိုင်ရမည်သို့၊ ကရမည်သို့၊ ကရမည်သို့၊ ခုန်ရမည်သို့ ဖြစ်နေသော မောင်ဆေးရိုးထံ မောင်မောင်အေး ရောက်လာ၏။ မောင်မောင်အေးသည် ဘာမပြော ညာမပြော မောင်ဆေးရိုးကို လက်ဆွဲနှုတ်ဆက်သည်။

"ဝမ်းသာတယ် အစ်ကို"

သို့သော် မောင်ဆေးရိုးမှာ ခံစားချက် မပါ၊ တောင့်တောင့်ကြီး ဖြစ်နေ၏။ သို့အတွက် မောင်မောင်အေးမှာ ဖွင့်ပြောရ၏။

"အစ်မကြီးဒန်မှာ နောက်ထပ် သားသမီးရှိနေပြီလို့ မယ်မျှင်ဆီက ကြားရလို့ပါ အစ်ကို"

ထိုသို့ ရှင်းလင်းပြသော်ငြား မောင်ဆေးရိုးသည် "ဩော် ဟုတ်သားပဲ" ဟူသည့် စကားရောဖွဲ့ရော အမူသော်မျှ မလုပ်နိုင်ပေ။ တောင့်တောင့်ကြီး ရပ်ကာ မကြာခင်က ကြောင်ကြောင်ကြီးရပ်နေသော အနေအထားမှ မပြောင်းချေ။

*

မည်သည့်သတင်းတွေ မည်သို့ပင် ထွက်နေစေကာမူ မောင်ဆေးရိုးတို့၊ ကျီးဒန်တို့၏ ကနားဖျင်းတဲမှ လက်ခတ်သံများကား တိတ်ဆိတ်မသွားပါ။ ကျီးဒန်သည် ရေးမူမပျက် သွက်လက်စွာ လှုပ်ရှားနေ၏။

"နင် ဒါလောက် သွက်လက်ပေါ့ပါးနေရင်တော့ ယောက်ျားလေး မွေးမှာပဲ"

ယောက်ျားလေးဟုဆိုသောကြောင့် မောင်ဆေးရိုး၏ ရင်ထဲ၌ နွေးခနဲ ခံစားရ၏။ သားယောက်ျားကလေးဆိုလျှင် သာသနာ့အမွေ ခံရတော့မည်၊ ခံထိုက်ပြီဟု ဝမ်းသာရ၏။ ကျီးဒန်ကမူ ဤသို့မဟုတ်။

"သမီးပဲဖြစ်ဖြစ် သားပဲဖြစ်ဖြစ် ထူးပြီး ဝမ်းသာတာတို့၊ ဝမ်းမသာတာတို့ မရှိပါဘူးတော်။ ကိုယ့်သားသမီးပဲဟာ"

မောင်ဆေးရိုးမှာ အိုးဖုတ်ရန် လှည်းတစ်စီးစာ ထင်းကို အမြဲတမ်း အပိုဆောင်ထားရသည်။ သို့သော် မီးနေထင်းမှာမူ အိုးထင်းနှယ် ခုတ်၍ မရ။ လူမီးလှုံမည့် ထင်းဖြစ်သည်။ မီးလှုံမည့်သူမှာလည်း သာမန်မဟုတ်။ မီးမဖွားမီ သုံးလကတည်းက သွေးသားနုလာခဲ့သော မီးနေသည်။ သို့အတွက် ဆေးဖက်ဝင်မည့်ထင်းကို အိုးထင်း ခုတ်ရင်း ညှပ်ပြီး ခုတ်ရသည်။



မောင်ဆေးရိုးသည် တစ်ချောင်းစ နှစ်ချောင်းစ ခုတ်ယူရရှိသော ဆေးဖက်ဝင် မီးနေထင်းများကို တစ်တောင်အရွယ် ဖြတ်သည်။ သီးခြားထားသည်။ ထိုထင်းပုံ တစ်တောင်ခန့် မြင့်လာချိန်ဝယ် ဦးကျန်ကြီး မယ်ကြွယ်စိုးတို့၏ လယ်ပွဲများ စိုက်ချေပြီ။

မောင်မောင်အေးသည် အဖိတ်နေ့ သို့မဟုတ် ဥပုသ်နေ့များတွင် စာကြည့်တိုက်ကို လာရောက်စောင့်ရှောက်သည်။ ထိုသို့စောင့်ရှောက်ရင်းက မောင်ဆေးရိုးရှိရာ လယ်ထဲသို့ လိုက်လာသည်။ လိုက်လာစဉ်က စာကြည့်တိုက်အကြောင်း ပြောရန်ဖြစ်ငြား၊ လူချင်းအတွေ့တွင် မပြောဖြစ်။ ညည်းတွားသည်။

"ဒါလောက်အဝေးကြီးကို လာပြီး လုပ်ရသလား အစ်ကိုရာ"

မြောင်းမကြီးတစ်လျှောက် ကိုင်းတောယံ စီးလာခဲ့ပြီး လယ်ကြားသို့ ဝင်မှ ဆင်းပြီး တွန်းရသူက ညည်းတွား၏။ မောင်ဆေးရိုး သဘောမကျပါ။ နေ့စဉ် ခြေကျင်သွားနေရသူက မဝေးဘဲ ဘိုင်စကယ်ဖြင့် လာရသူက ဝေးကွာလွန်းလှချည့် ညည်းတွားသည်ကို သဘောမတွေ့။ သဘောမတွေ့သော်ငြား မလာနဲ့ကွာဟု မောင်ဆေးရိုး မပြောအား။ သူ့အတွက် ခက်ခဲသော သည့်ခရီးကို အဝင်ဝန်းခံပြီး လာနေခြင်းမှာ ခင်မင်သောကြောင့်ဟု တွေးမိသည့် အတွက်ဖြစ်သည်။ မောင်မောင်အေး လယ်ထဲသို့ လိုက်လာသည့်အတွက် မောင်ဆေးရိုးမှာ စာမဖတ်ဘဲ ဗဟုသုတ ရသည်။ သူ့ကောက်ဖသည် မြေဩဇာ ဟု ပြောသည်။ ကမ္ဘာ့ကောက်ပဲသီးနှံဈေးဟု ပြောသည်။ စက်မှုလယ်ယာဟု ပြောသည်။ မောင်ဆေးရိုး နားမလည်သော်ငြား နှစ်သက်သည်။ သို့ရာတွင် မကိုးတက်သေးသော လယ်ယာဘဝကို မောင်မောင်အေးလည်း မည်သို့မျှ မလုပ်တတ်ချေ။ ဟိုဟိုသည်သည် ဖတ်ဖူးသော စာအုပ်စာတမ်းများမှ ရသော

ဗဟုသုတကို ဖြန့်ဖြူးခြင်းသာ ဖြစ်သည်။ လယ်ထဲတွင် အလုပ်ပူလာချိန်ဝယ် နွားနှစ်ကောင်ရော၊ မောင်ဆေးရိုးပါ အိမ်မပြန်တော့ပေ။ အိမ်သို့ပြန်နေမည့်အချိန်၊ အိမ်မှလာနေမည့် အချိန်များသည် လယ်ကွက် 'ထောင့်' လေးခု တူးချ၍ ပြီးနိုင်သည်။ ကန်သင်းခုံရှိ ကိုင်းတောများကို ခုတ်ပစ်နိုင်သည်။ မောင်ဆေးရိုးအတွက် အဖေတစ်လှည့် အမေတစ်လှည့် ထမင်းပို့နေရာက အမေ မလာတော့ပေ။

"မင့်မိန်းမ ဗိုက်နာနေပြီဟေ့။ မင့်အမေ မလာနိုင်ဘူးဟ"

အဖေ့ထံမှ သည်မျှသာ သတင်းရသော်လည်း မောင်ဆေးရိုး ဝမ်းသာနေသည်။

"ရှင်ဒါယကာဖြစ်ရအောင် ယောက်ျားကလေး မွေးပါစေဗျာ"

ထိုဆုတောင်းသည် သားဦးတွင် မပြည့်။ မပြည့်သော်ငြား မောင်ဆေးရိုး ထပ်မံဆုတောင်းပြန်ပြီ။

ပျိုးနုတ်သမားတွေ ရောက်လာကြပြီ။ ထိုသူများနှင့်အတူ ကျီးဒန်၏သတင်း ပါလာမည်လားဟု မောင်ဆေးရိုး မျှော်စောင့်သည်။ တွေ့ရာ နှုတ်ဆက်၊ တွေလာကေလာတွေသာ လျှောက်အော်ကြ ပြောကြသည်။ ကျီးဒန်သတင်း မပါပေ။ အဖေ့ထံတွင် မေးမြန်းမည် ကြံရွယ်ငြား အဖေ လာသွားသည်ကို မသိ။ ညောင်ကိုင်းတွင် ချိတ်ဆွဲထားသော ထမင်းထုပ်ကို မြင်ရတော့မှ "အဖေ ဘယ်အချိန်က လာသွားပါလိမ့်" ဟု တစ်ယောက်တည်း မေးရသည်။

လယ်ကွက်တွေထဲတွင် ပျိုးဆုပ်တွေ ရောက်နေပြီ။ သို့သော် ကောက်စိုက်မများကား ရောက်မလာသေး။ ဘမင်း၊ ဘဝင်းတို့လည်း သူတို့လယ် စိုက်ရက်နှင့် ဆုံနေသောကြောင့် ယောက်ဖထံသို့ လာရောက်မကူညီနိုင်ကြ။ မောင်ဆေးရိုးသည် ဤသို့ ကသီလင်တာဖြစ်မည်ကို



စိုးရိမ်သောကြောင့် ကောက်စိုက်စည်းကို သုံးရက်ခွာပြီး ရက်ယူသည်။ သို့ကြောင့် စွတ်ဖားကို အေးအေးလူလူ ဆွဲနိုင်သည်။ စွတ်ဖား မဝင်နိုင်သောနေရာကို 'အထမ်း' ဖြင့် ဝင်သည်။ သည့်ရက်တွင် လူငှားလည်း ငှား၍မရ။ အချင်းချင်းလည်း မကူညီနိုင်။ သို့တစေ အားလုံး အသင့်ဖြစ်ပါပြီ။

ကောက်စိုက်မတို့၏ မောင်းကလေးသံ ပေါ်လာကတည်းက မောင်ဆေးရိုး နိုးထလာသည်။ မြောင်းထိပ် ကတွတ်ပေါက်သို့ လာရောက်စစ်ဆေးသည်။ ကောက်စိုက်မည့် လယ်များတွင် ရေရှိနေရမည်။

မောင်းကလေးသံ ထွက်ပေါ်လာရာဘက်သို့ မျှော်ကြည့်သည်။ ကောက်စိုက်မတွေအား ကောက်ညှင်းပေါင်း ချရမည်။ ကောက်ညှင်းပေါင်း ရောက်မလာသေးပေ။ ကောက်စိုက်မတို့အား လက်ဖက် ချရမည်။ ဆေးလိပ် ချရမည်။ ယင်းတို့မှာလည်း ကောက်ညှင်းပေါင်းနှင့်မှ အတူပါမည်။ ပါမှဖြစ်မည်။ ကောက်ညှင်းပေါင်းနှင့် ဆေးလိပ်၊ လက်ဖက်သည် ကြေးထိုက်လှသည်မဟုတ်ငြား ကောက်စိုက်မ၏ပါးစပ်မှာ ဆိုးသည်။

"လက်ဖက်ကလေး တစ်မျက်ချေး ဆားဖျော်လို့ ကျွေး၊ လယ်ကြီးရှင် သူ မရှက်တယ်၊ တို့ ရှက်လှသေး" ဟူသည်မှာ ကောက်စိုက်မတို့၏ ပါးစပ်မှ ထွက်သော တေးဖြစ်သည်။ သူဟို့အတွက် ချသော လက်ဖက်ကို နည်းလျှင် နည်းသည်ဟု မပြော။ လက်ဖက်ကလေး တစ်မျက်ချေးဟူ၏။ ဆားငန်သည်ကို ငန်သည်ဟု မပြော။ 'ဆားဖျော်လို့ ကျွေး' ဟု ပြောလိုက်ပုံမှာ လွန်သည်။

"ဟဲ့ ဆေးရိုး၊ ငါလင်"

မသင်းအုံ၏ အော်သံအဆုံးတွင် အုန်းခနဲ ရယ်မောသံကြီး ပါလာ၏။ မောင်ဆေးရိုးမှာ ထွက်ပြေးချင်ငြား မျက်နှာပိုးသတ်ပြီးနေရသည်။

"ကျီးဒန် ဗိုက်နာနေလို့ ငါတို့ စားမယ့်ဟာကို ငါတို့ဘာသာ ရှက်လာရတယ်ဟေ့"

ကောက်စိုက်စည်းခေါင်း၏လက်ထောက်လည်း ဖြစ်၊ ကောက်စိုက်မတို့၏ ခေါင်းလည်းဖြစ်သော မသင်းအုံသည် ခွဲတောင်းကြီးကို မောင်ဆေးရိုးရှေ့၌ ချသည်။ ဆေးလိပ်စည်းနှင့် လက်ဖက်ပန်းကန်ကို ထုတ်ပေးသည်။

"တင်စရာ မြှောက်စရာကို တင်မြှောက်ပြီးရင် စားကြလေ"

"နင်တို့လယ်အတွက် ငါက ဝင်ပြီး တင်မြှောက်ရအောင် ငါက နင့်မယားမို့လား။ ကိုယ့်ဘာသာကိုယ် မြှောက်ပေါ့"

ကောက်စိုက်မများသည် ကောက်ညှင်းပေါင်း တစ်ယောက်တစ်ဆုပ် ယူပြီး ဆီနှင့် တို့၊ နှမ်းထောင်း ဖြူးရာက အော်ကြီးဟစ်ကျယ် ရယ်မောကြ၏။ ပေါက်ကရတွေ အခွန်းတစ်ရာမက ပြောနေကြပြီး ကျီးဒန်သတင်း လုံးဝမေ့ပါ။ အလကား ဟာမတွေဟု ကျိတ်ပြီး ရေရွတ်သည်။ သို့လျှင် မကျေမချမ်းဖြင့် လက်ဖက်ပန်းကန် ကွမ်းယာများကို ယူပြီး ညောင်ပင်ခွကြားတွင် ခဏတစ်ဖြုတ်ထားပေးပြီးနောက် ကန်သင်းဆုံသို့ ယူလာပြီး ချထား၏။

"လက်ဖက် ရပြီနော်၊ လက်ဖက်"

မောင်ဆေးရိုးမှာ ကောက်ညှင်းပေါင်း မဆိုစလောက် ဆုပ်ယူစားမိသဖြင့် ဆာရလောင်ရမှန်း မသိပေ။ ကောက်စိုက်မများကြားတွင် ယောကျ်ားတစ်ယောက်တည်း ညပ်နေသည်။

ပျော်တစ်လှည့်၊ စိတ်ညစ်တစ်လှည့်ဖြင့်ပင် လယ်ကွက်များ တစ်ကွက်ပြီးတစ်ကွက် ပိတ်သွားသည်။

"အစ်ကိုရေ ထမင်းဗျို့ ထမင်း"



ဘမင်း၏အသံကို ကြားမိသော်ငြား 'ဆွမ်းစားခေါင်းလောင်း ထိုးပါပြီကော' ဟူသည့် မောင်ဆေးရိုး၏အတွေးကို မချိုးဖောက်နိုင်ပေ။

"အစ်ကိုရေ အစ်မ မွေးပြီဗျ"

နောက်ဆက်တွဲ ဘဝင်း၏အသံကြောင့် မောင်ဆေးရိုး ချာခနဲ လှည့်မေး၏။

"ဘာလေးတဲ့လဲကွ"

"ယောကျ်ားလေးတဲ့ဗျ"

"ဟေး ပွတာပဲကွ။ ဟား ပွပြီ ပွပြီ"

မောင်ဆေးရိုး အော်ဟစ်ရယ်မောသည်။ ကျေနပ်သောစိတ်သည် ထမင်းဆာသော ဝေဒနာကို အတန်ကြာအောင် လွှမ်းအုပ်ထား၏။

"ငါးကလေးတွေ့ရင်လည်း နှစ်ဆယ်သားလောက် ပယ်ထားပါတဲ့။ အမေက မှာလိုက်သေးသဗျား"

ဘမင်းက လှည့်ပြောပြန်သည်။

"ကြံကြံဖန်ဖန် လယ်ကြားငါး ဘာလုပ်ဖို့ပါလိမ့်"

"ရှင်ကြီးတင်ဖို့၊ ကလေး ကင်ပွန်းတပ်ဖို့တဲ့ဗျား"

အရှည် လက်လေးသစ်ရွယ် လယ်ကြားငါးလေးများသည် အမေတို့ မိန်းမသားတွေ သဘောကျစရာဖြစ်၏။ ဆားနှင့် နယ်၊ အကြေးဖောက်ပြီး နေလှန်းထားသည်ကို မြင်ဖူး၏။ သို့သော် ရှင်ကြီးတင်နှင့် ကလေးကင်ပွန်းတပ်မှာ မောင်ဆေးရိုး၏အာရုံမှ တစ်ခဏအတွင်း လွင့်၏။ ကောက်စိုက်မတွေထံ ပြေးရသည်။ လိုသော ပျိုးကို ဝါးလုံးလျှိုပြီး ထမ်းပိုးရသည်။

"မယ်မင်းကြီးမတွေ ပျိုးလိုလို့ကတော့ အားမနာနဲ့၊ ပြောသာပြော"

ကောက်စိုက်မတွေ ပြန်သွားလျှင် မှန်းတိမ်းပြီ။

မောင်ဆေးရိုးမှာ ယခုမှ အပြေးအလွှား ထမင်းစားရသည်။ လက်စလက်နများကို ယောက်ဖနှစ်ယောက်ကို ခိုင်းစေရမည်။

လယ်ထဲတွင် ထွန်းတုံးပိတ်ပြီ ဆိုနိုင်ပေမဲ့ အိမ်သို့ မောင်ဆေးရိုး မပြန်နိုင်သေး။ ပျိုးခင်းကျွတ်ကို စိုက်ရသေးသည်။ ကတွတ်ပေါက်တွေကို ရေကျော်လုပ်ရသေး၊ ကန်သင်းများတွင် ပဲထိုးရသေးသည်။ အလုပ် လုပ်နေသူအတွက် တစ်နေ့တာသည် ပြောပလောက်အောင် မရှည်လျား။ မောင်ဆေးရိုးမှာ လုပ်စရာ အများကြီး။ အချိန်က နည်းပါးနေသည်။ သို့ဖြင့် အိမ်သို့ ၆ ရက်ကြာမှ ရောက်သည်။ နံနက်စောစောထပြီး ထွန်တုံး ထွန်သန်များ ဆေးကြောသည်။ ထို့နောက် လူရောနွားပါ ရေချိုးပြီးနောက် အဝတ်အစား အိပ်ရာများကို လွယ်လျက် အိမ်သို့ ပြန်လာခဲ့လေသည်။

"အကြဲခက်ပါသနော်၊ သန်လျက်တော် ယူသည့် သူခိုးကိုလ"

မောင်ဆေးရိုး ပြန်သည့်လမ်းမှာ ခဲတစ်ပစ်ကျော်ဝေးသည့် နေရာမှ ဖြစ်သည်။ မြက်ရိတ်သူ ဖြစ်ဟန်တူသည်။

"ဟော့ကောင် စောစောစီးစီး မင်္ဂလာမရှိဘူးကွ"

မောင်ဆေးရိုး လှမ်းအော်သည်။

"သည်နေ့ ငါ့သား ကင်ပွန်းတပ်တဲ့နေ့ကွ။ မင်္ဂလာရှိတဲ့နေ့ကွ"

တစ်ဆက်တည်း အော်ရာက 'သည်ကောင် ဘာနေ့သားပါလိမ့်' ဟု စဉ်းစားသည်။ လယ်စိုက်သည့်နေ့က ဟု အဖြေပေါ်လာသည်။ သို့သော် မိုးမလင်းမီကလော၊ မိုးလင်းမှလော၊ မည်သည့်အချိန် မည်သည့်နေ့။

မောင်ဆေးရိုးသည် သားကို နာမည်ပေးလိုသောကြောင့် နေ့ကို စဉ်းစားသည်။ နေ့ကို စဉ်းစား၍မရသောအခါ လက်လျှော့လိုက်ရပြား တစ်ယောက်တည်း ပြုံးမိရပြန်သည်။



"သည်ကောင် ဖြူသလား၊ မည်းသလား"

အတွေးဖြင့်ပင် မောင်ဆေးရိုး ကြည်နူးသည်။

"သည်ကောင် ရှည်မှာလား၊ ပုမှာလား"

မောင်ဆေးရိုး၏အဖေ ဦးကျန်ကြီး ထွားကျိုင်းသော်ငြားငထွန်းကားတစ်ယောက်သာ ဖအေတူပြီး ထွားကျိုင်းသည်။ မယ်မျှင်နှင့် မောင်ဆေးရိုးမှာမူ မအေတူသဖြင့် သာမန်မျှသာ။

တိတ်ဆိတ်နေသော နေ့သစ်သည် ငှက်သံများ ဝင်လာ၏။ အရှေ့အရပ်မှ အလင်းရောင်များ ဖြာကျလာ၏။ နေ့သစ်သည် လှပဆဲ အားမာန်သစ်ဆဲအချိန်တွင် မောင်ဆေးရိုးသည် ကနားဖျင်းရှေ့၌ ရပ်၏။

"ကျီးဒန်ရေ နေကောင်းလားဟေ့"

"ကိုရင် ပြန်လာပြီလား။ ကောင်းပါ့တော်"

ကျီးဒန်သည် ပြောပြောဆိုဆို အဖီထဲမှ ထွက်လာသည်။ လက်တစ်ဖက်တွင် အနီးဖွေးဖွေးနှင့် သားငယ်။ လက်တစ်ဖက်တွင် ကင်ပွန်းတပ် အလှူပစ္စည်း။

မောင်ဆေးရိုးသည် သူ တစ်ကြိမ်မျှ မကြည့်ရသေးသော သားကို ငုံ့ကြည့်သည်။ ကလေးက ပါးစပ်ဖြင့် ဟိုဟိုသည်သည် လိုက်လံဟပ်သည်။ ဟပ်၍မရသောအခါ အသံသြကြီးဖြင့် ငိုသည်။

"ကဲ မမြင်ဖူးလို့ ကြည့်ချင်ရင် ခေါ်ထားလိုက်။ ကင်ပွန်းတပ်အလှူကို လိုက်ဝေလိုက်ဦးမယ်"

ကျီးဒန်က ကောက်ညှင်းပေါင်းနှင့် ကွမ်းယာထည့်ထားသော လင်ပန်းကို မြှောက်ပြသည်။

"ပေးပါဗျာ၊ ပေးပါ။ ငါပဲ လိုက်ပေးလိုက်ပါ့မယ်"

မောင်ဆေးရိုးသည် ကင်ပွန်းတပ် အလျှုပစ္စည်းများ၊ ပန်းကန်များ ထည့်ထားသော လင်ပန်းကို ယူလျက် ကလေးကို ကျောခိုင်းလိုက်ရပြီး ရင်ထဲတွင် အေးချမ်းသည်။ မျက်နှာက ပြုံးနေသည်။

ဆင်ဖြူကျွန်းအောင်သိန်း

## ပုဂံစာအုပ်တိုက်မှ မှာယူရရှိနိုင်သော စာအုပ်များ

၁။ တောင်တစ်သက်အတွေ့အကြုံ (အတွဲ ၂) [ရန်အောင်မောင်မောင်]
၂။ ဒုက္ခကို မြိန်ရေရှက်ရေခံစားနေသော... [မောင်ဝဏ္ဏ]
၃။ ကျွန်တော် အူကြောင်ကြား [မောင်ဝဏ္ဏ]
၄။ ကိုဆေးရိုး (၉) [ဆင်ဖြူကျွန်းအောင်သိန်း]
၅။ မွေးရပ်မြေအလွမ်း လက်ဆင့်ကမ်းအမွေ [မောင်ခင်မင် (ဓနုဖြူ)]
၆။ ဂျက်လန်ဒန် ဝတ္ထုတိုနှင့် အက်ဆေးများ [နတ်နွယ်]
၇။ ခရမ်းရင့်ရင့်ဆင်ဖိုနီ [ဆူးငှက်]
၈။ တောအကြောင်း တောင်အကြောင်း ၃ [နတ်နွယ်]
၉။ လှပါတယ် မသီတာ [မောင်ဝဏ္ဏ]
၁၀။ ပျို့အညွန်း [မလိခ]
၁၁။ မုန်တိုင်းထန်ကမ်းခြေ [တင်မောင်မြင့်]
၁၂။ ကန်တော်ကြီး၏ အတ္ထုကထာ [ပါရဂူ]
၁၃။ မည်သည့်လူမျှ မျောက်မဟုတ် [မောင်ဝဏ္ဏ]
၁၄။ အာဟာရဓာတ်ပေါကြွယ်သော မြန်မာ့အစားအစာများ [မောင်ခိုင်ဇော်]
၁၅။ ဇက်သမယံ ၃ [ပါရဂူ]
၁၆။ သံယောဇဉ်ကမ်းခြေ [တင်မောင်မြင့်]
၁၇။ ရင်ထဲမှာခွေနေတဲ့ မြွေပွေး [မောင်ဝဏ္ဏ]
၁၈။ နှစ်နိုင်ငံတစ်ရွာနှင့် အခြားဂျာနယ်ဆောင်းပါးများ [ပြေ (ဆေး ၂)]
၁၉။ ပြဇာတ်အညွှန်း [မလိခ]